
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# လမင်းမိုမို

## အလှည့်ကျ မန္တရ

စာမူခွင့်ပြုချက်အမှတ် - ၂၇/ ၂၀၀၄ (၁)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၈၃/ ၂၀၀၄ (၁)

၂၀၀၄ ခုနှစ်၊ ဇူလိုင်လ၊

ပထမအကြိမ်

တန်ဖိုး - ၃၀/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ ... ဒေါ်ခင်ခင်စိန်(ချစ်မင်းလျှံစာပေ-၁၈၁၉)
အမှတ်-၄၃/က၊ မလိခလမ်း၊ ၇-မိုင်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

ပုံနှိပ်သူ ... ဦးကျော်လှိုင်(၅၇၇၃) စေတနာ OFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။



### ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး


### လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com





# လမင်းဖိုဖို




အလှည့်ကျ ...

မနွဲ့ရ

စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com





# ၁

"မမမွန် ... မမမွန်ရေ"

အိမ်ရှေ့က ခေါ်သံဟာ ဘယ်သူဆိုတာ သိလိုက်သည်ဖြစ်၍ မေရည်မွန်က ထမင်းစားပွဲမှာ ညနေစာ ထမင်းပွဲပြင်ဖို့ ဒေါ်အုံးနှင့် အတူတူ ကူညီနေရာချနေရာမှ အိမ်ရှေ့ ထွက်လာခဲ့ပါသည်။ မှန်တံခါးချပ်ကြီးကို အထဲက လော့ဂ်ဖြုတ်၍ ဝင်ဖို့ဖွင့်ပေးလိုက်ကာ ...

"လာ ... ခရာ၊ ဘာလဲ ... အိမ်မှာ ထမင်းစားလို့ မကောင်းဘူးလား"

"အင်းပေါ့၊ မိမှ မီပါဦးမလားလို့"



www.burmeseclassic.com

www.burmeseclassic.com



အက္ခရာက အိမ်ထဲဝင်လာကာ ယောက်မဖြစ်သူ မေရည်မွန်၏ လက်မောင်းတစ်ဖက်ကို ဖက်ပိုက်ရင်း ကိုယ်ကိုလှုပ်ယမ်းကာ ကလေးတစ်ယောက်နှယ် ဆိုသည်။

"မီတယ် မီတယ်၊ ကွက်တိပဲ၊ ကိုကိုက ခုမှ ရေချိုးတုန်း"

"ဝူး ... တော်ပါသေးရဲ့၊ ဘာဟင်းလဲဟင် မမမွန်"

"ခရု အကြိုက်ပဲ၊ ဝက်သားနဲ့ မှုစ်ချဉ်ရှိတယ်"

"ဟေး ..."

အက္ခရာက ကိုယ်လေးတွန့်၍ တစ်ချက် နှစ်ချက် ခုန်လိုက်သည်။

"မေမေကလည်းလေ၊ အလကားနေ ကြက်ပြုတ်ကြော်၊ ငါးကြော်၊ ငါးဖယ်ကြော်၊ ဒါတွေပဲ လုပ်နေတာပဲ၊ ဝက်ဆိုလည်း ဖေဖေနဲ့ မတည့်လို့၊ ခရာ ဗိုက်မှာ အဆီထွက်မှာစိုးလို့နဲ့၊ တစ်လ တစ်ခါတောင် မချက်ဘူး၊ ငရုတ်သီးဆိုလည်း ဖေဖေနဲ့ မတည့်ပြန်ဘူး၊ ဟင်း ..."

အက္ခရာက သက်ပြင်းကို ခပ်ရှည်ရှည်ကြီး ဆွဲကာချသည်။ မေရည်မွန်သည် ကလေးသဖွယ် ချစ်စရာကောင်းသောယောက်မကို ကြည့်၍ ရယ်နေရပါသည်။ ဤယောက်မလေးသည်





သဘောဖြူအစ္စင်း၊ ကလေးလည်း ဆန်လှကာ မေရည်မွန်၏ အပေါ် အစ်မရင်းသဖွယ် နာနာခံခံလေး တစ်ဆင့်နိမ့်၍ ဆက်ဆံသည်။

အဲဒီအပြင် ဖျတ်ခနဲ တစ်ချက်ကြည့်လိုက်သည်နှင့် အလွန် ချစ်စရာကောင်းလှတဲ့ သူ့ရုပ်သွင်ရည် လှလှကလေးကလည်း ရှင်းရှင်းသန့်သန့်ကလေး ပေါ်လွင်နေကာ တစိမ့်စိမ့် ငေးစိုက်ကြည့်နေချင်စရာ ကောင်းလှပါသည်။

ဘဝပေး ကုသိုလ် ဆုတောင်းကောင်းလှတဲ့ အက္ခရာဟာ အသားအရည်လေးကစပြီး မျက်ခုံး မျက်လုံး နှာတံ နှုတ်ခမ်းလေးတွေ အားလုံး ပုံစံကျကျ လှပလွန်းကာ အရပ်ခပ်မြင့်မြင့်နှင့် အဆီရယ်လို့ လုံးဝမရှိသည့် ခန္ဓာကိုယ် သွယ်သွယ်နှောင်းနှောင်းလေးကလည်း ဘယ်ဘက်ကလှည့်ကြည့်ကြည့် ငေးကြည့်ရအောင်ကြည့်ကောင်းလှပါသည်။

ဘဝမှာ စိတ်ညစ်စရာမရှိ ပူပင်သောက ကင်းကင်းနေရသူလေးမို့လည်း သူ့မျက်နှာကလေးကို မြင်ရသည်မှာ အေးလှပါ စိတ်ချမ်းသာဖို့ ကောင်းလှသည်။ သူ့ဘက်ကိုက သဘောဖြူအစ္စင်း ဖြောင့်ဖြောင့်ရှင်းရှင်းလေး ဖြစ်၍ မေရည်မွန်မှာလည်း ယောက်မပေမဲ့ ညီမငယ်တစ်ယောက်လို ချစ်နေရပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေါ့ ခရာရယ်၊ ဖေဖေက အသည်းရောင်ထားမှုတယ် ဆိုတော့ အစားအသောက် ဂရုစိုက်ရမှာပေါ့၊ ခရာကတော့ ဒီအိမ်ကို နေ့တိုင်းကူးလာပြီးစားလည်း ရတာပဲဟာ"

"ဒီမှာ စားရလို့ကတော့ ခရာက ဘာနဲ့စားစား ကောင်းနေတာပဲ မမမွန်ရယ်၊ ဟိုတစ်နေ့က နေ့လယ်ဘက်ကြီး ညနေဟင်း မကျက်သေးတဲ့အချိန် ရောက်လာလိုက်တော့လည်း၊ မမမွန် လုပ်ထားတဲ့ ငါးပိရည်နဲ့ နယ်စားပစ်လိုက်တာ တအားစားလို့ ကောင်းတာပဲ သိလား"

"အမယ်လေး ... ခရာရယ်၊ အဲဒီလိုတွေတော့ သိပ်မစားပါနဲ့၊ တော်ကြာ မေမေက မမကို ဆူနေပါဦးမယ်၊ ခရာ အသားအရေလေးက ဖြူနုစ်ဝင်းစက်ပြီး ဘာဖု ဘာအစက်မှ မရှိဘဲ ကြွေလိုချောနေတာ၊ တော်ကြာ ဒီမှာ စားချင်ရာတွေ စားပြီး ဖုတွေထွက်လာပါဦးမယ်"

"တစ်ခါတလေလေးပါ မမမွန်ရယ်"

စကားပြောရင်း ထမင်းပွဲလည်း ပြည့်စုံစွာ ပြင်ဆင်ပြီးသွားချိန်မှာ မေရှည်မွန်ရဲ့ ခင်ပွန်းသည် ဖေဦးလည်း ရေချိုးပြီး အိပ်ခန်းထဲက ထွက်လာပြီ ဖြစ်ပါသည်။





"ဟဲ့ ... ခရာ၊ ဘာလာလုပ်တာလဲ"

"ထမင်းလာစားတာ ကိုကို"

"ဒီချိန်ကြီ အိမ်မှာ ထမင်းမစားရသေးဘူးလား"

"ဟင်းမှ မကောင်းတာကို၊ ကြက်သားပြုတ်ကြော်ကြီး"

"လာစားတာက အရေးမကြီးဘူး၊ ခြောက်နာရီ ခွဲပြီး နေပြီ၊ အပြင်မှာ မှောင်မည်းနေပြီ၊ ဒီလိုပဲ ထွက်လာရလား"

"ကိုကိုကလည်း ... ကြားထဲမှာ ငါးခြံလေးပဲ ခြားတဲ့ဟာကိုများ"

"ငါးခြံလည်းပဲ ပေလေးရာလောက်တော့ လျှောက်ရတာပဲ၊ နောက်ဆိုရင် မမှောင်ခင် ထွက်ခဲ့၊ မှောင်မှဆိုရင် အဖော်မပါဘဲ ထွက်မလာနဲ့၊ ကောင်မလေး တစ်ယောက်ယောက် ခေါ်လာပါလား"

ဖေဦးသည် ဒီညီမငယ် အချောအလှ တစ်ယောက်ကို အတော်ပဲ စည်းကမ်းတင်းကျပ်၍ အုတိုစွာ ချုပ်ချယ်ပါသည်။ အသက်ချင်း ဆယ်နှစ်ကွာသည်ဖြစ်တဲ့အပြင် ကြားက ညီမတစ်ယောက်ဟာ ငါးနှစ်သမီး အရွယ်ကတည်းက နာဖျားမကျန်းဘဲ



www.burmeseclassic.com

www.burmeseclassic.com



ဆုံးပါးကွယ်လွန်ခဲ့ရသည်ဖြစ်၍ သူ့ ဆယ်နှစ်သားအရွယ် အကွရာကို စ,မွေးလိုက်ကတည်းက မျက်စိအောက်က အပျောက်မခံ အင်မတန် အရိပ်တကြည့်ကြည့် ချစ်ခဲ့တာ ဖြစ်သည်။

"ကဲ ... လာလေ ... စားကြစို့"

ထမင်းစားပွဲမှာ သုံးယောက်လုံး ဝင်ထိုင်ချိန်တွင် ဧည့်ခန်းမှ တယ်လီဖုန်းသံက မြည်လာသည်ဖြစ်၍ အကွရာက ပင် သွက်သွက်ထကာ ...

"ခရာ ကိုင်လိုက်မယ်"

ဖုန်းကို အပြေးသွားကိုင်လိုက်ပါသည်။

"ဟယ်လို ... အမိန့်ရှိပါရှင်၊ ဪ ... အန်တီလား၊ ဟုတ်ကဲ့ မမမွန် ရှိပါတယ်၊ အဟီး ... ခရာ ထမင်းလာစားတာ အန်တီ၊ အိမ်မှာ ဟင်းမကောင်းလို့၊ ဟီး ဟီး ဟီး မေမေတို့ နေကောင်းပါတယ်၊ အန်တီရော ... ဟုတ်ကဲ့ ... ဟုတ်ကဲ့ ... မမမွန်ကို ခေါ်လိုက်မယ်နော် အန်တီ"

အကွရာက ဖုန်းကို နံ့ဘေးချခဲ့ကာ ...

"မမမွန်ရေ ... မမမွန်မေမေ"

မေရည်မွန်က နေရာက ထရင်း ...





"ကိုကိုစားနှင့်နော်"

"မြန်မြန် ပြောကွာ"

မေရည်မွန်က သူမ ပြန်မလာမချင်း ထမင်းမစားသေးပဲ စောင့်နေမည့် ခင်ပွန်းသည်အကြောင်း သိပါသည်။ ညစာဆိုရင် အတူလက်ဆုံ စားရမှ။ ဧဒီးဟာ ညီမကို အလွန်သည်းတတ်သလို ဇနီးသည်ကိုလည်း အလွန်ချစ်တတ်သူ ဖြစ်လေသည်။ အိမ်ထောင်သက် နှစ်နှစ်အတွင်း ခိုက်ရန်ဖြစ်ပွားခြင်း မကြုံခဲ့ရဖူးသလို အသေးအဖွဲ ကတောက်ကဆ စကားများရတာလေးတွေ ရှိလျှင်လည်း ဒါတွေဟာ ဧဒီးရဲ့ အချစ်လွန် အသည်းလွန် အတိုလွန်တာတွေကြောင့်သာ ဖြစ်ပါသည်။

သူ အိမ်မှာရှိခိုက် ဆိုရင် သူ့နားက ဘယ်မှခွာတာ မကြိုက်။ ရေချိုးချိန် အိမ်သာတက်ချိန်ကလွဲလျှင် သူ့နားကပ်နေမှပဲ သဘောကျသည်။ မေရည်မွန် တစ်ခုခု စိတ်အနှောင့်အယှက်နှင့် မျက်နှာညိုနေလျှင်လည်း သူ မကြိုက်ပေ။ မေရည်မွန် အမြဲရွှင်လန်းပြုံးပျော်နေမှ သူ ကျေနပ်ပါသည်။

ဖုန်းပြောပြီး ပြန်ဝင်လာသော မေရည်မွန်သည် ထင်တဲ့အတိုင်း ယောကျ်ားက ထမင်းခုထိမစားသေးပဲ စောင့်နေ



www.burmeseclassic.com

www.burmeseclassic.com



ကာ အက္ခရာသာလျှင် အားရပါးရ တစ်ပန်းကန်တောင် ကုန်နေပြီကို တွေ့လျှင် ...

"ကိုကိုကလည်း ... စားနိုင်ပါဆိုကွယ်"

"ဟင်းတစ်မယ် လိုနေတယ် မမမွန်ရဲ့ ... ဟီ ဟိ ..."

အက္ခရာက နောက်သည်။ မေရည်မွန် ဝင်ထိုင်မှ ဖေဦးကလည်း ဟင်းစတင်ခပ်ထည့်ပြီး စ,စားတော့ကာ ...

"မေမေက ဘာတဲ့လဲ အမွန်"

"ဪ ... လူလူ ပြန်လာတော့မယ်တဲ့ ကိုကိုရဲ့ ... သိလား"

"ဟုတ်လား"

မေရည်မွန်က ဝမ်းသာအားရလေး ပြောလိုက်၍ အက္ခရာက ခေါင်းထောင်ကာ ...

"လူလူ ဆိုတာ ဘယ်သူလဲ မမမွန်"

"မမမွန် မောင်လေးလေ ... လူရည်ချွန်"

"ဪ ..."

ဖေဦးက မေရည်မွန် ဝမ်းသာနေ၍ သူပါ ရောယောင်ပြုံးရွှင်ကာ ...





"အေးကွ ... လူရည်ချွန်က ကြာပြီနော်၊ ဘယ်လောက်တောင် ရှိပြီလဲ"

"သုံးနှစ်ခွဲတောင် ရှိပြီလေ ကိုကို၊ ကိုကိုတောင် အမွန်တို့ကြိုက်ခါစက နှစ်ခါလား သုံးခါလားပဲ ဆုံဖူးတာ မဟုတ်လား"

"အင်းလေ ... မင်္ဂလာဆောင်တုန်းကလည်း မရှိဘူးလေ"

မမမွန်ရဲ့ မောင်တစ်ယောက်ရှိကာ သူဟာ သင်္ဘောသားဆိုတာတော့ အက္ခရာက သိပါသည်။ တစ်ခါမှ မဆုံဖူးမမြင်ဖူးပါ။ ဒီတော့ သူ့အတွက် သိပ်စိတ်ဝင်စားစရာ မရှိတဲ့သတင်းလို အက္ခရာအတွက် မထူးခြားလှပါ။ မေရည်မွန်သာ ပြုံးပျော်နေပါသည်။

သူတို့မှာလည်း ဖေဦးတို့လိုပဲ မောင်နှမနှစ်ယောက်ရှိတာ။ လူရည်ချွန်က မေရည်မွန့်ထက် သုံးနှစ်ငယ်ပါသည်။ ခုဆို အသက်နှစ်ဆယ့်ငါးထဲ ရှိပြီ။ သင်္ဘောမှာ ဒုတိယအင်ဂျင်နီယာ အဖြစ် ငယ်ငယ်ရွယ်ရွယ်နှင့် လခကောင်းနေတဲ့သူပါ။

ဆယ်တန်းအောင်ပြီးကတည်းက အစေးသင်နှင့်သာ သင်္ဘောနှင့် သက်ဆိုင်ရာသင်တန်းတို့ကို လိုက်တက်နေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆယ့်ရှစ်နှစ်ပြည့်ပြီး သင်္ဘောတက်လို့ရကတည်းက တက်သွားတော့တာ။ သုံးနှစ်နေတော့ ပြန်လာပြီး ဒီမှာ စာမေးပွဲ ဖြေသည်။ လှတော်ကလေးမို့ စာမေးပွဲအောင်ကာ သူ့လိုင်းက ရက်ပ်ကလည်း ဖေဖေ့မိတ်ဆွေမို့ သင်္ဘောကောင်းပေါ် အရာရှိအဖြစ် တက်သွားတော့တာ။ ဒီတစ်ကြိမ်က သုံးနှစ်ခွဲလောက်ရှိပြီ။

"ရှေ့အပတ်ထဲ ဗုဒ္ဓဟူးနေ့ ရောက်မယ်တဲ့ ကိုကို"

"လေယာဉ်ဘယ်အချိန်ဝင်မှာလဲ"

"ညနေဘက် ကိုကိုရဲ့"

"ဒါဖြင့် ကိုယ်လည်း လိုက်ကြိုနိုင်ပါလိမ့်မယ်၊ မေမေ့ကိုပါ ကိုယ်တို့နဲ့ တူတူလိုက်ရင် လိုက်ပစေလေ"

"အပြန်ကျ လူလူရော လပ်ဂေ့ဂျ်တွေရော ပါလာမှာ၊ ကားဆန့်ပါ့မလား ကိုကို၊ မေမေ့ကို ဒရိုင်ဘာနဲ့ပဲ သတ်သတ် ကြိုနိုင်းတာ ကောင်းမယ်ထင်တယ်"ဂ

"အင်း ... အဲဒါလည်း ရတာပဲ"

"ဝမ်းသာစရာကြီး၊ အမွှန်တို့ရဲ့ Anniversary ကို မှီသွားတာပေါ့နော် ကိုကို"





"အင်း ... ဟုတ်သားပဲ၊ ပွဲက နောက်တနင်္ဂနွေဆိုတော့ မီတာပေါ့"

နောက်တနင်္ဂနွေမှာ မေရည်မွှန်နှင့် ဇေဦးတို့ရဲ့ နှစ်နှစ်မြောက် မင်္ဂလာနှစ်ပတ်လည် အထိမ်းအမှတ်အဖြစ် ခင်မင်ရာ မိတ်ဆွေသူငယ်ချင်း တချို့ကလည်း ကျေးဇူးနိုင်းနေတာမို့ မထူးဘူးဆိုကာ ခြံထဲမှာ ညစာခံပွဲလေး ကျင်းပလိုက်ဖို့ စီစဉ်ထားပါသည်။

ဒီ့ပေါက် အအေး ရေခဲမုန့် အချိုမုန့်တို့ဖြင့် ယမကာမပါသော ရိုးရိုးညစာခံပွဲကလေးလုပ်ဖို့ ရည်ရွယ်ထားသည်။ ခုကိုပဲ မိတ်ဆွေများ နှစ်ဖက်ဆွေမျိုးများ၊ စာရင်းချ တွက်ထားတာ လူခြောက်ဆယ် ခုနစ်ဆယ်စာလောက်တော့ ရှိမည်ဖြစ်ပါသည်။

မေရည်မွှန်တို့ရဲ့ အဖေဟာလည်း နိုင်ငံရပ်ခြားမှာ တာဝန်ထမ်းဆောင်နေတဲ့သူ။ မေမေက ဒီမှာပဲနေကာ တစ်နှစ်တစ်ကြိမ်လောက် တစ်လလောက် လိုက်သွားနေကျ။ ဖေဖေကလည်း နှစ်နှစ်ကိုတစ်ကြိမ်လောက် ခွင့်ရက်တွေစုပေါင်းကာ ပြန်လာလည်တတ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်မကျခင်က မေရည်မွန်တို့ လူရည်ချွန်တို့လည်း ဖေဖေ့ထံ လိုက်လည်ကြဖူးပါသည်။ ခုနောက်တော့ ဖေဖေကလည်း နိုင်ငံခြားမှာ၊ မောင်လေးကလည်း သင်္ဘောတက်သွား၊ မေရည်မွန်ကလည်း အိမ်ထောင်ကျတာနှင့် မိသားစု စုံစုံဆုံစည်းရသည်ရယ်လို့ မရှိတော့ပါ။

ဖေဦးတို့ဘက်က လက်ဖွဲ့သော ခြံနှင့်တိုက်ကလေးမှာပဲ သမီးဖြစ်သူကို သီးသန့်လိုက်နေစေကာ မေမေက သူ့ရဲ့နှစ်ဝမ်းကွဲလောက် တော်စပ်သော ညီမအပျိုကြီး အန်တီလှနှင့်အတူ နေပါသည်။ အန်တီလှကပဲ မေမေ့ကို ချက်ပြုတ်ကျွေး၊ အဝတ်လျှော် မီးပူတိုက် အိမ်ရှင်းတာကို ကုလားမတစ်ယောက် နေ့စဉ်လာလုပ်ပေးကာ အေးအေးဆေးဆေး နေကြတဲ့ မေမေတို့လည်း လူရည်ချွန် ပြန်လာမည်ကို ဝမ်းသာပျော်ရွှင်နေကြပါသည်။

"မေမေကတော့ တော်တော် ဝမ်းသာနေမယ်"

"ပျော်နေတာပေါ့ ကိုကိုရဲ့၊ မေမေက နှစ်ကုန်လောက်လည်း ဖေဖေ့ဆီ ထွက်ဦးမှာလေ၊ လူလူ လာတဲ့အချိန်ပိုင်း သူရှိနေတာ တော်သေးတာပေါ့၊ လူလူက အချိန်ကာလ အတိအကျမှ မဟုတ်တာ၊ သူ လာချင်လာလိုက်မယ်၊ ပြန်ချင်လည်း သူက သင်္ဘောကောက် တက်သွားမှာ"





"ခုတစ်ခေါက်ကော ဘယ်လောက်ကြာကြာ နေမလဲ"

"မသိဘူး၊ စာမေးပွဲတော့ ထပ်ဖြေဦးမယ် ထင်တယ်၊ ချိဖ်ဖြေချင်မှာပေါ့"

"သူက စာကျက်နိုင်တယ် မဟုတ်လား"

"သိပ်ကျက်နိုင်တာ၊ လူလူက တအားဉာဏ်ကောင်းတာ၊ စာကို မကျက်သလိုလိုနဲ့ သိပ်ရလွယ်တာပဲ၊ အမွန့် စိတ်ထင် ဒီတစ်ခါ အနည်းဆုံး ခြောက်လလောက်တော့ ဒီမှာ ရှိလိမ့်မယ် ထင်တယ်"

"ကောင်းတာပေါ့၊ မေမေ အပျင်းပြေနေမှာ"

"ဟုတ်တယ်၊ လူလူ ရှိရင် မေမေ ပျော်တပြုံးပြုံး နေမှာပေါ့၊ လူလူက ငယ်ငယ်ကတည်းက အိမ်မှာညည်းရွှတ်လေ၊ သူနဲ့ဆို စိတ်မညစ်ရဘူး၊ အိမ်မှာ သူရှိရင် ပျော်ပဲနေရယ်နေရတာ ကိုကိုရဲ့"

အကွာရာက ထမင်းပန်းကန်မ,သွားကာ ဘေစင်မှာ လက်သွားဆေး ပလုပ်ကျင်းနေရင်း ...

"မမွန်မောင်က မမွန်လိုပဲ ချောလား"

"လူလူက မမွန်ထက် ချောတာ ခရာရဲ့၊ အရပ်ကြီးက ကိုကို့ထက်တောင် ရှည်သေးတာ"



www.burmeseclassic.com

www.burmeseclassic.com



ပခုံးတွန့်လိုက်သော အက္ခရာကို ဒေါ်ဘိုးက လှမ်းကြည့်ကာ ...

"ဟဲ့ ... ခရာ၊ ရေကို ဒီလောက်ကြီး တအားဖွင့်ထားရလား၊ ရေစက်တွေလည်း စင်တယ်၊ ရေလည်းကုန်တယ်၊ နည်းနည်းလျှော့စမ်း"

အက္ခရာက အစ်ကို့ကို နှာခေါင်းရှုံ့ပြရင်း ဘုံပိုင်ရေကို အရှိန်လျှော့လိုက်ရသည်။

≈❋≈

ရှေ့က မေမေ့ကားထဲတွင် လှုရည်ချွန် ပါသွားပြီး နောက်မှ မရည်မွန်တို့ ဒပ်ဘယ်လ်ကက်ဘ်ကားပေါ်တွင် အထုပ်အပိုး ဝန်စည်စလယ်တို့ကို တင်ဆောင်လာကာ ရှေ့ဆင့်နောက်ဆင့် မေမေတို့အိမ်သို့ သွားကြသည်။

လမ်းတွင် မရည်မွန်သည် မတွေ့တာကြာ၍ မျက်စိထဲ ပိုပြီးထွားကျိုင်း စိုပြည်ကာ သန့်ပြန့်ခန့်ညားလာသည် ထင်မိသော တစ်ဦးတည်းသော မောင်ကလေး အကြောင်း တဖွဖွ ပါးစပ်မပိတ်နိုင် မြည်တမ်းချီးမွမ်းခန်း ဖွင့်လာပါသည်။





"ဟုတ်တယ် ... ကိုယ် အရင်က တွေ့ဖူးတုန်းက လှုရည်ချွန်က နည်းနည်းလေး ပိန်သွယ်ချင်တယ်၊ အခု ပိုပြီးအဆစ်အပေါက် ထွားကျိုင်းလာတယ်"

"မတွေ့တာ ကြာတော့ လူလူ့ အသားတွေက ပိုပြီးဖွေးဖြူနည့်လာသလိုပဲ"

"ဟုတ်ပါတယ် ... အမွန့်မောင်က လူချောပဲ၊ တစ်ခုပဲ ... ဆံပင်လေး နည်းနည်းရှည်နေတာ တစ်ခုပဲ"

"ဒါတော့ သဘောပေါ့ဆိုတော့ လွတ်လွတ်လပ်လပ် ထားတာ ဖြစ်မှာပေါ့လေ၊ အို ... ဘာပဲဖြစ်ဖြစ် ကြည့်တော့ကောင်းတာပါပဲ၊ ဒီတိုင်း ဆက်ထားလည်း လှတာပါပဲ၊ ကိုကိုကလည်း အခု တချို့ကောင်လေးတွေများ ဆံပင်စည်းထားတာမျိုးတွေတောင် ရှိတာပဲ"

"ဟုတ်ပါတယ် ဒေါ်အမွန်ရယ်၊ ကန့်ကွက်တဲ့ သဘောမဟုတ်ရပါဘူးဗျာ၊ ခုပုံကတော့လည်း နဖူးတဲ့ အသွင်ပေါ့။ သပ်သပ်ရပ်ရပ် ညှပ်လိုက်ရင်လည်း လှုရည်ချွန်က လူကြီးလူကောင်းဆန်ဆန် လှပြီးကြည့်ကောင်းနေမှာပဲလို့"



www.burmeseclassic.com

www.burmeseclassic.com



မေမေ့အိမ် ရောက်ကြလျှင် အားလုံး အသီးသီးဟာ စကားတွေ သွက်ကာ မေးကာ ဖြေကာ ဆူညံ ပျော်ရွှင်နေကြပါသည်။

"ယောက်ဖက နည်းနည်းဝလာတယ်နော်၊ ခန့်လာတာပေါ့၊ ဟဲ ဟဲ"

"ဟုတ်တယ်ကွာ၊ ဗိုက်က ထွက်ချင်နေပြီ၊ ဟိုးအရင်ထက် ပိုစားတာလည်း မဟုတ်ပါဘူး၊ အလိုလိုကို နှစ်နှစ်အတွင်း ဝ,တက်လာတာပဲ"

"မမက အပြုအစု ကောင်းတာဖြစ်မယ်၊ ဟုတ်ဖူးလား ... ဟား ဟား"

ဟိုးအရင် တွေ့ဖူးစဉ်က သိပ်တရင်းတနှီး စကားမပြောမဆိုဖူးသော်လည်း ခုလို ယောက်ဖတစ်ယောက်အဖြစ် ပတ်သက်ကာ ပြန်တွေ့တဲ့အခါ လူရည်ချွန်က ငယ်က ပေါင်းခဲ့ဖူးသလို ရင်းရင်းနှီးနှီး ဟက်ဟက်ပက်ပက်ကြီး ဆက်ဆံလေရာ မိနစ်ပိုင်းအတွင်းမှာပင် ပြောရဲဆိုရဲနှင့် အချင်းချင်း အစပ်အဟပ် တည့်သွားပါသည်။





"ကိုဇေတို့ အိမ်ထောင်သက်တောင် နှစ်နှစ်ပြည့်တော့မှာ ထင်တယ်"

"အင်းလေ၊ လာမဲ့ တနင်္ဂနွေ နှစ်နှစ်ပြည့်တဲ့နေ့ အနေနဲ့ ဧည့်သည်နည်းနည်းဖိတ်ပြီး ကျွေးဖို့တောင် စီစဉ်ထားတာ၊ နင်ရောက်လာတာ အတော်ပဲ လူလူရဲ့"

"ဟုတ်လား ... အမိပြန်လာသလို ဖြစ်သွားတာပေါ့၊ အတော်ပဲ၊ ယောက်ဖက သောက်လား"

ဇေဦးမှာ ဖြေရခက်ကာ မချိုမချဉ် ဖြစ်သွားလျက် မေရည်မွန်ကသာ ...

"အမယ်လေး ... သောက်ရရင် ပျော်တာပေါ့၊ ဘယ်သူ ဘာပွဲလုပ်မလဲ နားစွင့်နေတဲ့ သဘောရှိတယ်၊ ဒါပေမဲ့ ငါတို့ပွဲမှာတော့ အယ်လ်ကိုဟောလ် ဖရီးနော်"

"ရတယ်လေ၊ ကြုံတဲ့နေ့ တူတူချမှာပေါ့၊ နော် ကိုဇေရော၊ ဒီမှာလေ ကိုဇေ ရော၊ ဂလိန်ဖစ်ဒစ်ချ်က တစ်လုံး၊ ချီးဗတ်စ်က တစ်လုံး ကိုဇေ ယူသွားလိုက်"

"ဟာ ... မင်းသူငယ်ချင်းတွေ ဘာတွေ တိုက်ဖို့ထားလိုက်ပါ လူရည်ချွန်ရာ"



www.burmeseclassic.com

www.burmeseclassic.com



"ကျန်သေးပါတယ် ကိုဇေရဲ့၊ နောက်နှစ်လုံး ရှိသေးတယ်"

"ဒါဖြင်လည်း တစ်လုံးပဲ ပေးလိုက်ပါ"

"တစ်လုံးက ကိုဇေ တခြားမှာ သူများနဲ့ ပြန်နွှဲပေါ့၊ နောက်တစ်လုံးက ကျွန်တော်နဲ့ ချမယ်၊ ယူပါ နှစ်ခုလုံး"

ဇေဦးဟာ အမြဲတမ်း သောက်တတ်သူ မဟုတ်သော်လည်း တစ်ခါတစ်ရံ တပျော်တပါး သောက်ဖြစ်တဲ့အခါ အရက်ကောင်းကို ကြိုက်တတ်လှတဲ့သူဖြစ်၍ မျက်နှာက ကျေတွေနပ်ကာ ပြုံးဖြီးဖြီး ဖြစ်နေပါသည်။

"ဟွန်း၊ ကိုကို့ရုပ်က ဖြစ်နေလိုက်တာ၊ လှုလှုရယ် နင့်ယောက်ဖ စိတ်မကောင်းဖြစ်အောင်တော့ ခရီးရောက်မဆိုက် မလုပ်သင့်ပါဘူးဟယ်"

"ယောက်ဖက နေကာမျက်မှန်တွေ ဘာတွေကော တပ်ဖြစ်လား"

"နေပါစေကွာ"

"အို တပ်သပေါ့၊ မတပ်ပဲ နေပါ့မလား၊ ပေးမလို့လား၊ ပေး … ပေး၊ ဒီမှာ လေးငါးသောင်း ပေးဝယ်ရတာ၊ လက်ဆောင်ရ နည်းလား"





ဒီလိုနှင့် တစ်ခုထုတ်လိုက် ယောက်ဖဖို့ ယောက်ဖဖို့ ဖြစ်လိုက်။ ဇေဦး ရှေ့ ပစ္စည်းတွေ ပုံနေသည်။

"ဟာ … များနေပါပြီကွာ၊ မင်းသူငယ်ချင်း မိတ်ဆွေတွေ ပေးဖို့ရှိဦးမှာပေါ့၊ ဒါတွေ ထားလိုက်ပါ"

"ကျွန်တော့်မှာ သူငယ်ချင်းအရင်းက နှစ်ယောက်ပဲရှိတာ ကိုဇေရေ၊ တစ်ယောက်က တခြားလိုင်းသင်္ဘောပေါ်မှာ၊ ဒီမှာ တစ်ယောက်တည်းရှိတာ၊ သူ့ဖို့လည်း ပါပါတယ်၊ အများကြီးပါပဲ၊ သိပ်မရင်းနှီးပေမဲ့ ဒီလိုပဲ ကြုံကြိုက်ရင် ပေးဖို့ဆိုတာ ဟိုဘက်အိတ်မှာ ရှပ်လက်ရှည်တွေချည်း နှစ်ဒါဇင်လောက် ပါတယ်၊ မီးခြစ်တွေလည်း အလုံးနှစ်ဆယ်လောက်၊ လည်သာပိုက်ဆံအိတ်အပြားတွေ၊ ခါးပတ်တွေ၊ နက်ကတိုင်တွေ၊ အများကြီးပဲ၊ ကိုဇေ လိုချင်ရင် အဲဒီ ကြုံသလိုပေးဖို့ အိတ်ထဲက နှိုက်ဦး ရတယ်၊ မာဘိုရို တွေလည်း ဘယ်နှတောင့်လဲ မသိဘူး"

"ကိုယ်က ဆေးလိပ်တော့ မသောက်ဘူး"

"ကောင်းတယ် … ကျွန်တော်လည်း သင်္ဘောပေါ်တုန်းက ပျင်းရင် ဖွာဖြစ်တယ်၊ အခု ဖြတ်ထားတယ်၊ ရော …



www.burmeseclassic.com

www.burmeseclassic.com



ကိုဧ အာဖ်တာရှေ့ဖ် (After shave Lotion) လိုးရှင်းတစ်မျိုး ပါလာတယ်၊ ကျွန်တော်ကြိုက်လို့ အတော်များများ ဝယ်လာတာ၊ Cerruti 188၊ ဆိုတာ၊ ကောင်းတယ်၊ Made in U.K လေ"

"လူလူ ကြိုက်လို့ ဝယ်လာတာ မင်းပဲ သုံးပါ"

"ပါတယ်၊ အတော်ပါတယ် ကိုဧရေ၊ ရော့ပါ ယူပါ"

မေရည်မွန်က ဘူးစိမ်းနုလေးကို အဖုံးဖွင့်ရှူရင်း ...

"ဒါဆို ဒါမှ ကြိုက်ပြီး ကုန်တဲ့အခါ ငါ့ကို ပူဆာနေရင် နှင့် Made in U.K ကို ငါ ဒီမှာ ကျပ်နဲ့ဝယ်ပေးနေရရင် မလွယ်ဘူးနော် လူလူ"

"ဝယ်ပေးလိုက်ပေါ့ဗျာ၊ ကိုယ့်ယောက်ျားမှ ကိုယ်ဝယ်မပေးရင် ဘယ်သူ ဝယ်ပေးမှာလဲ"

ဧဦးကတော့ လူရည်ချွန့် အပြောအဆိုတွေကို သဘောကျကာ ပြုံးတုံးတုံး ဖြစ်နေပါသည်။

"နင် ဘယ်လိုဖြစ်တာလဲ လူလူ၊ ကိုကို့ ရှေ့မှာချည်းပဲ အပုံလိုက် များနေပြီ၊ ခုမှ စ,တော်ရမဲ့ ယောက်ဖကို အရောတ်ချစ်ပြီး တစ်ခုပြီးတစ်ခု ပေးနေတာ၊ ငါလည်း





ဘာမှမရသေးပါလား၊ ငါ့ဖို့ကျ ခုမှ ရေမွှေးတစ်ပုလင်းပဲ တွေ့ရသေးတယ်"

မေရည်မွန်က နှုတ်ခမ်းကိုစူကာ စိတ်ကောက်ချင်သလိုပင် ဖြစ်လာပါသည်။ မေမေက သားနှင့်သမီးကိုကြည့်ကာ ကြည်နူးရယ်မောလို့ချည်း နေသည်။ ကိုယ်တိုင် ဘာမဆို ဝယ်သုံးနိုင်သည်သာ ဖြစ်သော်လည်း အရေးတယူ တခုတ်တရ ယူလာပေးသော လက်ဆောင်ပစ္စည်းကို တန်ဖိုးထားကာ ရလျှင် ပျော်ရွှင်တဲ့သူချည်းပင်။

လူရည်ချွန်က မျက်ခုံးကိုပင့်ကာ ...

"ဟင် ... မမက ယောက်ျားရသွားပြီဆိုတော့ ကျွန်တော်က ငါ့အစ်မ လှဖို့ပဖို့ ရှိုးပေးဖို့ မလိုတော့ဘူးလေ ဆိုပြီး ..."

"ဘာပြောတယ်၊ မရဘူး မရဘူး၊ နင် အဲလိုဝယ်မလာရင် ငါ့ကို ငါကြိုက်တာတွေ တစ်ပုံကြီး နက်ဖြန်လိုက်ဝယ်ပေးရမှာပဲ"

တကယ် စိတ်ကောက်ကာ လူရည်ချွန့် လက်မောင်းကို မေရည်မွန်က ထုရိုက်၍ တီရှပ်ကို ဆွဲဆောင့်နေရာ တီရှပ် လက်မောင်းသားပင် ရှည်ထွက်နေပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



"အား ... တော်ပါတော့ဗျာ၊ အလကား စ,တာပါ မမရာ"

"စ,တာဆို ဘယ်မှာလဲ"

"လိုချင်မျက်စိ ရှိတာ သိသာလိုက်တာ၊ ဟားဟား၊ ဟော ဟိုမှာ သေတ္တာအပြာရောင်ကြီးတစ်လုံး မဖွင့်ရသေးတာ မမ မတွေ့ဘူးလား"

"ဘယ်မှာ ... ဩော် ... အင်း ... တွေ့ပြီ"

"အဲဒီသေတ္တာတစ်လုံးလုံးက အမျိုးသမီး အသုံးအဆောင် အလှအပတွေချည်းပဲ အပြည့်ပါဗျာ၊ မမရယ် ... မေမေ ရယ် ... အန်တီလှရယ်၊ အဲဒီအပြင် မေမေတို့ မမတို့ ပေး ချင်တဲ့သူပေး၊ ဘာတွေမှန်းတော့ မသိဘူး၊ ကောင်းနိုးရာ ရာတွေပဲ၊ သူများဝယ်တာ လိုက်ကြည့်ဝယ်တာ၊ နှုတ်ခမ်းနီ ဆိုရင် အတောင့်ငါးဆယ်လောက်၊ ကရင်ပတ်ဖ်တွေ ဘူးသုံးဆယ်လောက်၊ ရေမွှေးတွေ၊ အိတ်တွေ၊ ပိုက်စတွေ၊ အင်္ကျီတွေ၊ ပုတီးလက်ကောက်တွေ၊ အား ... အများကြီး ပဲ"

"တကယ်နော် ... မေမေနဲ့ အန်တီလှ ပြီးရင် ကျန်တာ ငါ အကုန်နော်"





"အင်းပေါ့ ... ယူပေါ့"

"နင့်ဖို့ရော"

"ကျွန်တော်က ဘာလုပ်ဖို့လဲ"

"နင့် ကောင်မလေး ပေးဖို့ပေါ့"

"ဟာ ... မလိုပါဘူး၊ အဲဒါတွေလည်း မရှိတော့ဘူး၊ ဒီလောက် အဆက်ပြတ်နေတဲ့ဟာ ပျင်းပြီး မေ့ကုန်ပြီပေါ့၊ ခုမှ အသစ်ပြန်စရှာရမဲ့သဘောရှိတာ၊ ဘာမှမလိုဘူး၊ မမပဲ အကုန်ယူ၊ ဟိုလေ ... မမယောက်ျားမတို့ ဘာတို့ ရှိသေး တယ် မို့လား၊ အဲဒီအတွက်လည်း ရွေးဦးလေ"

မေရည်မွန်သည် ကျေနပ်ပြုံးကြီးနှင့် သေတ္တာအပြာ ကြီးသော့ကို အပိုင်ကိုင်ကာ သဘောကျသွားပါသည်။ ကိုယ်က အစ်မဖြစ်ပေမဲ့လည်း အသက်တွေ ကြီးလာကြတဲ့အခါ သုံးနှစ် ကွာသည် ဆိုတာက သိပ်မကွာဟလှတော့သလို ဖြစ်ကာ သူငယ် ချင်းနှယ်ပင်မက ကိုယ်ကပင် ညီမလို ပြန်ပြီး နွဲ့ဆိုးစိတ်ကောက် ချင်လာတာတွေ ရှိပါသေးသည်။

ထမင်းဝိုင်းပင် ကူမပြင်နိုင်ဘဲ သေတ္တာပြာကြီးကို ဖွင့်ကာ ဒါက မေမေ့ဖို့၊ ဒါက အန်တီလှဖို့၊ ဒါက ယောကျ်ားဖို့၊



www.burmeseclassic.com

www.burmeseclassic.com



ဒါက အက္ခရာဖို့နှင့် စီမံခန့်ခွဲ ဝေခြမ်းလို့ မပြီးဘဲ ရှိသည်။ ပစ္စည်းတွေက အဟုတ်ပင် များလွန်း၍ ဘာယူချင်ရမှန်းကို မသိတော့ပါ။

ရောက်စက လူရည်ချွန်ခေါ်ရာမှ ပြောရင်းဆိုရင်း လူလူပဲ ခေါ်ဖြစ်တော့ကာ ဖေဦးနှင့် လူရည်ချွန်လည်း စကားလက်ဆုံတွေ့ အဖွဲ့ကျနေပါပြီ။ ယောက်ျားချင်းဖြစ်၍ ဘောလုံးအကြောင်း တင်းနစ်စ်အကြောင်း စကားစ,လိုက်မိလျှင် လက်ဆုံပြောမကုန်အောင် ဖြစ်ရမြဲပင်။

အိမ်မှာ အမျိုးသမီး လူကြီးနှစ်ဦးသာ ရှိတာမို့ စလောင်းမတာပ်ထားလေရာ အားကစားပွဲတွေ ဝါသနာပါသော လူရည်ချွန်က စလောင်းတပ်ဖို့ စုံစမ်းရင်း ဖေဦးကသူပဲ တာဝန်ယူကာ လူခေါ်လာ တပ်ဆင်ပေးဖို့ အာမခံလိုက်ပါသည်။

ညစာထမင်းကို ငါးယောက် တပျော်တပါး လက်ဆုံစားကြကာ စကားသံ ရယ်သံတွေဟာ ထမင်းဝိုင်းမှာ သောသောညံနေသည်။ လူရည်ချွန်ရဲ့ သင်္ဘောအတွေ့အကြုံ၊ နိုင်ငံရပ်ခြားဆိပ်ကမ်းအတွေ့အကြုံတွေ၊ သဲထိတ်ရင်ဖိုတွေ၊ ထူးထူးဆန်းဆန်း အဖြစ်အပျက်တွေ၊ အမှတ်တမဲ့ ဟာသတွေကို တမေ့တမောကြီး





ဝိုင်းဝန်းနားထောင်ကြပြီး ထိုညက ညဆယ့်နှစ်နာရီထိုးမှပဲ လူစုခွဲဖြစ်လိုက်ပါသည်။

ဒါတောင် နောက်နေ့ ဖေဦးက ကိုယ့်အလုပ်ခွင် ကိုယ်ဝင်ရမည်မို့ စကားဝိုင်းကို အရှိန်သတ်ပစ်လိုက်ရလို့ပင်။ အပြန်ခရီးမှာ မေရည်မွန်က ပစ္စည်းတချို့ ခွဲထုတ်ချန်ရစ်ခဲ့ပြီးသော သေတ္တာအပြာကြီးကို တစ်လုံးလုံး သယ်ချလာခဲ့ပါသည်။

"လူရည်ချွန်က အတော်ခင်ဖို့ ကောင်းတာပဲ၊ အရင်က မရင်းနှီးတော့ သူ့ကို သေသေချာချာ မသိဘူးလေ၊ ခုမှပဲ တရင်းတနှီး အကဲခတ်ရတော့တယ်၊ အပေါင်းအသင်းဆန့်ပြီး လူချစ်လူခင်များမဲ့ Type မျိုးပဲနော်"

"ဟုတ်တယ် ကိုကိုရဲ့၊ လူလူက လူချစ်လူခင် ပေါပါတယ်၊ စိတ်ရင်း သဘောရင်းလည်း ကောင်းတာကိုး"

"ဟုတ်တယ် ... အဲဒါကတော့ သိသိသာသာ ထင်ရှားနေတာပဲ၊ ကိုယ့်ကို ပေးလိုက်တာတွေကလည်းကွာ မနည်းမနောနဲ့ အားနာတယ်၊ အရက်ပုလင်းလောက် ရရင်ပဲ တော်ပါပြီ၊ ကြည့်ပါဦးကွာ တစ်ပုံကြီး၊ အမွန်ကလည်း သေတ္တာကြီးတစ်လုံးလုံးပါ သယ်ချလာတော့တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အို ... သူလည်း တခြားပေးစရာမှ မရှိတဲ့ဟာ၊ အက္ခရာကိုလည်း ခွဲပေးလိုက်ဦးမှာပေါ့။ မိန်းမပစ္စည်းတွေ အမွန်မယူလို့ သူ ဘာသွားလုပ်မှာလဲ"

"ပေးစရာ မိန်းကလေး သူ့မှာ မရှိတာ သေချာလို့လား"

"အို ... သိပ်သေချာတာပေါ့"





# ၂

"ဘာမှ ကူလုပ်ပေးစရာ မရှိဘူး၊ ကိုကိုနဲ့ သူ့အဖေကုမ္ပဏီကလူတွေ အားလုံး ဝိုင်းကူလုပ်ပေးမှာ၊ နှင် ကြော့ကြော့လေးသာ ပြင်ဆင်ပြီး ထောင်း ငါ့မောင် လှပျိုချောကို ပွဲထုတ်ရဦးမှာဟဲ့"

မေရည်မွန် စကားတွေကြောင့် လှရည်ချွန်က အေးအေးဆေး စီးစီးသွားဖို့ စိတ်မကူးတော့ပါ။ မေမွန်နှင့် အနီးဆုံးလူကို ရှေ့လာယ် နှစ်နာရီလောက်မှာ မမတို့အိမ် ဝင်ပို့ပြီး သူကတော့ သူ့သူငယ်ချင်း မင်းဟန် ဆီကို သွားလိုက်ပါသေးသည်။

ညစာကျွေးတဲ့ သဘောမို့ ပွဲက ငါးနာရီမှာ စမည်ဖြစ်ရာ မင်းဟန်နှင့် စကားပြော ကောင်းနေတာမို့ ငါးခွဲရှိ



www.burmeseclassic.com

www.burmeseclassic.com



လောက်မှပင် နာရီကြည့်မိကာ ကမန်းကတန်း လှုချင်းခွဲလိုက်ရပါသည်။

မြို့ထဲကနေ ကားပြန်မောင်းလာကာ သူ မသွားခင် ကထက် များပြားရှုပ်ထွေး ကျပ်သိပ်လာသော ကားတွေကြောင့် ခုနစ်မိုင်ဘက်ကို ခြောက်နာရီထိုးလောက်မှပဲ ရောက်လာနိုင်ပါသည်။ နေ့လယ်က မေမေတို့ကို တစ်ခေါက်ပို့သွားပြီးပြီမို့ မမတို့အိမ်ဆီ တန်းတန်းမတ်မတ် ရောက်လာနိုင်ပါသည်။

ခြံထဲထိ ကားဝင်ဖို့ မဖြစ်နိုင်တော့။ ခြံပြင်လမ်းတစ်လျှောက်မှာတောင် ကားတန်းက နည်းနည်း ရှည်နေပြီ။ လှုရည်ချွန်က ကားကို ရပ်လို့အဆင်ပြေတဲ့ တစ်နေရာ ရပ်ပစ်ခဲ့ပြီး လမ်းလျှောက်၍ ခြံထဲဝင်လာသည်။ မေမေတို့ကို ချစဉ်က အိမ်ပေါ်တောင် မတက်ဖြစ်ခဲ့။ အခု ဝင်လာမှပင် ဟိုဟိုဒီဒီ အရိပ်အခြည်ကြည့်ကာ တစ်ထပ်တိုက်ကလေးဘက်ဆီသာ ဦးတည်လျှောက်လာခဲ့သည်။

ဒေါးကစားပွဲနှင့် ကုလားထိုင်တွေမှာ ဧည့်သည်တွေ အတော်များများ ရှိနေကာ စကားသံတွေ ရယ်မောသံတွေနှင့် စည်ကားနေသည်။ လှုရည်ချွန် စေ့စေ့ကြည့်လာခဲ့သလောက် မေမေ





နှင့် အန်တီလှကိုလည်း မတွေ့၊ ကိုဇေဦးနှင့် မမကိုလည်း မမြင်ရ။

တစ်နေရာရာမှာတော့ ရှိမှာ သေချာသော်လည်း သူ မျက်စိရှမ်းနေပုံရကာ ဘယ်သူ့ကိုမှ မတွေ့ဘဲ ဖြစ်နေရာ စားပွဲတစ်ခုခုမှာ တစ်ယောက်တည်း ဝင်ထိုင်နေဖို့ကလည်း ကြောင်တက်တက် ဖြစ်နေပါသည်။ လှုရည်ချွန်သည် စားပွဲတစ်ခုမှာ ဝင်ထိုင်ဖို့ စိတ်မကူးတော့ဘဲ တိုက်အိမ်ကလေးတွင်းကိုသာ ဝင်ချလာခဲ့သည်။

မေမေတို့များ အိမ်ပေါ်မှာ ရှိနေမလားလို့ပင်။ မမတို့လင်မယားတော့ အိမ်ပေါ်မှာ မရှိလောက်တာ သိသည်။ ဧည့်ခံနေကြလိမ့်မည်။ ဘယ်လိုပဲဖြစ်ဖြစ် အိမ်ပေါ်မှာ ရင်းနှီးပတ်သက်သူတစ်ဦးဦးတော့ ရှိမှာပဲရယ်လို့ တက်လာခဲ့သော်လည်း ဧည့်ခန်းထဲရောက်တဲ့တိုင် လှုရိပ်လှုခြည် မတွေ့ရဘဲ ရှိသည်။

ခြံထဲပြန်ဆင်းပြီးပဲ ရှာရကောင်းမလား၊ ဗိုက်လည်းဆာလှသေး၍ ဧည့်ခန်းထဲပဲ အေးအေးလူလူ ခဏထိုင်နေရကောင်းမလား စဉ်းစားကာ အိမ်ပေါ်မှာပဲ ခဏတော့ ထိုင်ဦးဖို့ စိတ်ကူးလိုက်ပါသည်။ ဧည့်ခန်းနံရံရှိ မမတို့ မင်္ဂလာဆောင်တုန်း



www.burmeseclassic.com

www.burmeseclassic.com



က စုံတွဲဓာတ်ပုံကို လှုရည်ချွန် မတ်တတ်ရပ်ကာ မော့ကြည့်နေဆဲ ထမင်းစားခန်းမှန်း သိသာသော အခန်းဘက်ဆီက တချွတ်ချွတ် အသံတစ်မျိုး ကြားလိုက်ရတာ။

သတ္တုချင်း ထိခတ်တဲ့ အသံလိုလို။ နှစ်ကြိမ်လောက် ဆက်ကြားရလျှင် ထမင်းစားခန်းဘက်၌ လူရှိမည်ကို သေချာသွားရပါသည်။ ထမင်းစားခန်းတွင်းသို့ ချော့ခန်းမှကြည့်လျှင် တစ်ဝက်တစ်ပျက်သာ မြင်ရပြီး တစ်ဝက်လောက်က အုတ်နံရံနှင့် ကွယ်နေသည်။

လှုရည်ချွန်က ထမင်းစားခန်းဝသို့ လျှောက်သွားလိုက်ကာ ကွယ်နေတဲ့ နေရာဘက်သို့ ခေါင်းငုံ့ကြည့်ရှုလိုက်ပါသည်။

လှုရည်ချွန်ရဲ့ မြင်ကွင်းတွင် ထမင်းစားခန်းထောင့်၌ ရေခဲမုန့်ထည့်သည့် သတ္တုချိုင့် ဆလင်ဒါပုံ ထုလုံးရှည်ကြီး နှစ်ခုလောက် ရှိနေကာ ထိုရှေ့မှာ ဒူးထောက်လျက် ရှိနေသည့် မိန်းကလေးတစ်ဦး။ ကျောဘက်ကမို့ မျက်နှာမမြင်ရသော်လည်း သူ ဘာလုပ်နေသလဲတော့ တွေ့နေသည်။

ထိုမိန်းကလေးဟာ ကြမ်းပေါ် ဒူးထောက်၍ လက်က ရေခဲမုန့်ခပ်သည့် ဇွန်းခမ်လုံးလုံးကို ကိုင်ကာ ချိုင့်ရှည်ကြီး





ကိုဖက်ပြီး အားရပါးရ ရေခဲမုန့် ခပ်နေတာပင်။ အထဲက ရေခဲမုန့်တွေဟာ အေးခဲလွန်းနေတုန်း ဖြစ်ပုံရပြီး ခပ်ရခက်နေသည်။

နည်းနည်းခပ်လိုက် ဘေးက ပန်းကန်ထဲ ထည့်လိုက်။ ပန်းကန်ကို ကြည့်လိုက်လျှင် လှုရည်ချွန် မျက်ခုံးပင့်၍ ရယ်ချင်သွားရပါသည်။ ထမင်းဝိုင်းမှာ ဟင်းရည်ထည့်ဖို့သုံးသည့် မယ်လမင်းပန်းကန်ဇောက်ဟာ ရေဖလားတစ်လုံးနီးပါး အရွယ်ရှိတာ။

အဲဒီထဲကို ခပ်ခပ်ထည့်ထားသည့် ရေခဲမုန့်တွေက တစ်ဝက်ကျော် ကျော်ပြီ။ ထိုပန်းကန်လုံးကြီး ပြည့်လုနီးပြီ။ ဒါကို မရပ်သေး အားမရသေးဘဲ အတင်းခြစ်ကာ ခပ်ကာ ထပ်ထည့်နေတုန်းပင်။

"အား … လက်အံသေလိုက်တာကွာ"

ရုတ်တရက် ကောင်မလေးက စိတ်ရှိလက်ရှိ ရေရွတ်မြည်တမ်းလိုက်၍ ကိုယ့်များ စကားလှမ်းပြောလိုက်လားလို့ပင် အလန့်တကြား ဖြစ်သွားမိပါသေးသည်။ နောက်မှ သူ့ဟာသူ ပြောနေတာကို သဘောပေါက်ရလျက် မိန်းကလေးက သူ့ရဲ့ ညာဘက်လက်ကို နှစ်ချက်လောက် ဆန့်တန်း၍ ဆောင့်ခါပြီး အညောင်းဖြေလိုက်ပါသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



လူရည်ချွန်သည် ကျီစယ်လိုစိတ်ကို မအောင့်နိုင်ပဲ ...

"ဟိတ်"

ပါးစပ်နား လက်ဝါးနှစ်ဖက်ကာကာ အကျယ်ကြီး ဆောင့်အော်လိုက်၍ ကောင်မလေးခမျာ လန့်တုန်ကာ "အား"ခနဲ တစ်ချက်အော်ဟစ်လျက် လက်ထဲက ဖွန်းလုံးလုံးပါ ကြမ်းပေါ် ဂလောက်ဂလက် မြည်အောင် ပြုတ်ကျသွားရပါသည်။

ဆတ်ခနဲ လူရည်ချွန်ဘက် လှည့်ကြည့် ထရပ်လိုက်ကာ ...

"ဘာလဲ ... ရှင် ... ရှင် ဘယ်သူလဲ"

"မင်းကော ဘယ်သူလဲ"

"ဘယ်သူဖြစ်ဖြစ်ပေါ့"

"ဟာ ... မရဘူးလေ၊ အလှူရှင် အိမ်ထဲဝင်ပြီး ရေခဲမုန့်တွေ ခိုးစားနေတာ၊ မင်းဘယ်သူလဲ သိရဖို့ အရေးကြီးတယ်"

"အောင်မယ် ... ခိုးစားတယ်တဲ့၊ လူကိုကြည့်ပြီး ပြောနော်၊ ခိုးစားပါ့မလား ဆိုတာ"

လူရည်ချွန်က မျက်ခုံးကိုပင့်၍ ကောင်မလေးကို ကြည့်လိုက်ပါသည်။ ဆံပင်တိုကလေးကို ဂျပန်မလေးလို ပါးပါး





ဖြောင့်ဖြောင့် စတက်ပ်ဆန်ဆန်ကလေး ညှပ်ထား၍ မျက်နှာကလေးက နုစင်ပြီး ပေါ်လွင်နေသည်။

မျက်ခုံး မျက်လုံး နှာတံ နှုတ်ခမ်းလေးတွေ အားလုံးသည် နေရာတကျ အချိုးကျ လှပလွန်း၍ စိတ်ကြိုက်ပန်းချီဆွဲထားသည့် မျက်နှာလှလှကလေးနှယ်။ ကိုယ်ဟန်ကလေးကလည်း သွယ်လျကြော့ရှင်းသေး။ အနက်ရောင် ကိုယ်တိ ဒရက်စ်အရှည်ကလေးဝတ်ထား၍ ကြည့်မဝချင်စရာ လှရက်နိုင်အားတဲ့ သူလေးဖြစ်နေပါသည်။

"ခိုးစားမဲ့ပုံတော့ မပေါက်ဘူးဗျ"

လူရည်ချွန်က ပြုံးစိစိ ပြောလိုက်ပါသည်။

"ဟင်း၊ ကျွန်မက ဒီအိမ်ရှင်၊ ကိုယ့်ဟာကိုယ် ရေခဲမုန့် လာခပ်စားတဲ့ ကိစ္စကို၊ ရှင်က ဘယ်သူလဲ"

"ခင်ဗျား ... ဒီအိမ်က မဖြစ်နိုင်ပါဘူး"

"ဘြော် ... ဟုတ်ပါတယ် ဆိုနေမှ"

"ဒီအိမ်ရှင်တွေက လင်မယားနှစ်ယောက်တည်းပဲဟာ"

အကွရာသည် စကားများလှတဲ့ လူချောချောကို စိတ်မရှည်စွာ မျက်စောင်းရွယ်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ရှင်ကကော ... ဒီထမင်းစားခန်းထဲထိ ကျူးကျူးကျော်ကျော် ရောက်လာရအောင် ရှင်ကျတော့ ဘာနိုးစားမလို့လဲ"

လှရည်ချွန်သည် အားရပါးရ ရယ်ပစ်မိကာ ...

"ဗိုက်မဆာသေးလို့ အပြင်မှာ တမင်ဝင်မစားသေးတာ၊ ခိုးစားဖို့တော့ လုံးဝရည်ရွယ်ချက် မရှိပါဘူးဗျာ"

"ရှင် ဝေ့လည်ချောင်ပတ် လုပ်မနေပါနဲ့၊ ရှင် ဘယ်သူလဲ၊ ပြော"

"ကျွန်တော်က ဒီအိမ်ရှင်ရဲ့ မောင်"

"ဟင် ... လှရည်ချွန်ပေါ့"

အကွာရာ မျက်နှာလေးက ရယ်မြူးဝင်းပသွားပါသည်။ လည်ပင်းမှ ကျောက်နှင့် ပုတီးစေ့မည်းမည်းရော၍ သီစတ်ထားသော လည်ကပ်ကလေးကိုကိုင်၍ ခပ်ရှက်ရှက်လေး ရယ်ကာ ...

"ဒါဖြင့် ဒါလေးက ရှင်ပေးတာ၊ အဟီး၊ ရှက်စရာကြီး"

"ခင်ဗျားက ! ..."

"ခရာက ကိုကိုညီမ"

"သြော် ... ကိုဇေဦး ညီမလား"





"ဟုတ်ကဲ့ရှင့်၊ အဟိဟိ ခရာတို့က မြင်မှမမြင်ဖူးကြသေးပဲနော်၊ သြော် ... ဟိုတစ်နေ့ကပေးတဲ့ လက်ဆောင်တွေ ကျေးဇူးပဲ သိလား၊ မမွန် ပေးတာ အများကြီးပဲ၊ ဒီဟာလေးကိုတော့ ကြိုက်လွန်းလို့ ဒီနေ့ ဆွဲလာတာ၊ လှတယ်နော်"

လှရည်ချွန်က မျက်ခုံးပင့်ကာ ...

"လှပ ဘယ်ဗျာ"

ရုတ်တရက် သူတို့နောက်ဘက်ဆီမှ ဝင်လာသော လှသံ သူ့သံတွေကြောင့် လှရည်ချွန်က လှည့်ကြည့်လိုက်ပါသည်။ ရှေ့ဆုံးက မေရည်မွန်၊ နောက်က ကိုဇေဦးနှင့် နောက်ထပ် လူနှစ်ယောက်။

"ဟဲ့ ... လှလှ ဘယ်တုန်းက ရောက်နေတာလဲ"

"ခုနကပဲ၊ မမတို့ကို မမြင်လို့ အိမ်ပေါ်တက်လာတာ၊ အဲဒါ သူ ..."

ပန်းကန်လုံးကြီးထဲက ရေခဲမုန့်တို့ကို အားရပါးရ ခပ်စားနေပြီဖြစ်သော အကွာရာက ...

www.burmeseclassic.com



"မမမွန်ရယ် ... သူကလေ ခရာကို ရေခဲမုန့် လာခိုးစားနေတဲ့ ချော့သည်မှတ်လို့ ဟား ဟား၊ ခုမှ အချင်းချင်း သိကြတယ်"

ဖေဦးသည် ညီမနှင့် ယောက်ဖတော်ကို တစ်လှည့်စီ တစ်လှည့်စီကြည့်ကာ ပြုံးစိစိ မျက်နှာတွေကို အကဲလိမ့်၍ ခတ်နေသည်။

"ဖြစ်ရမယ် ... ဟင်း ဟင်း ... ကဲ ... ကိုလှဝင်းတို့ ရေခဲမုန့်စည် တစ်စည် သယ်သွားလိုက်တော့နော်၊ ဟိုနှစ်စည်ထဲက တစ်စည်စည်သာ သယ်လိုက်"

ပါလာသော လူနှစ်ယောက်က ရေခဲမုန့်တစ်စည်ကို သယ်မ,၍ ထွက်သွားကြပါသည်။

"ကဲ ... အဲဒီတော့ မိတ်ဆက်ပေးဖို့ မလိုတော့ဘူး၊ ခရာတို့နှစ်ယောက် မိတ်ဆက်ပြီးသွားကြပြီပေါ့"

"အဟင်း၊ ဟုတ်ကဲ့"

"နင်ကလည်း ... ရေခဲမုန့် ခိုးစားတယ်ပဲ ထင်ရသေးတယ်"





"သိဘူးလေ ... သူက ကုန်းပြီး သံကြိုးမကြီးကို ခပ်နေတာ၊ ပြီးတော့ ထည့်ထားတဲ့ ပန်းကန်လုံးလည်း ကြည့်ဦးလေ"

"အို ... ဟိုကလပ်ကလေးတွေနဲ့ စားနေရတာ အားကိုမရဘူး၊ ခရာက အများကြီး စားချင်တာ"

အကွရာသည် ခေါင်းလေးစောင်းရင်း နှာခေါင်းလေးရှုံ့၍ ...

"ခရာက ဒါလေးကြိုက်လို့ ဆွဲလာတာ၊ သူမြင်သွားပြီ မမမွန်၊ ရှက်စရာကြီးနော်၊ အဟီးဟီး"

"အို ... ဘာလို့ ရှက်ရမှာလဲ၊ သူက လက်ဆောင်ပေးပြီးသွားပဲဟာ"

တကယ်တမ်းဖြင့် လှရည်ချွန်သည် မိန်းကလေးနှင့် သက်ဆိုင်သော ပစ္စည်းတို့ကို ဘာဝယ်ရမည် မသိတိုင်း မိန်းမရှိတဲ့ ရည်းစားရှိတဲ့ မိတ်ဆွေသငယ်ချင်းတွေ ဝယ်သမျှ အတုခိုးပြီး ဆင်တူ ဆင်တူ ကောက်ထည့် ဝယ်လာတာသာ။

ကိုယ့်ဟာကိုယ် ဘာတွေဝယ်လာလို့ ဝယ်လာမှန်းပင် မမှတ်မိပဲ၊ ဒီလည်ဆွဲလေးကို ခုလို မြင်နေရ ပြောပြတာ ကြားနေရတဲ့တိုင်အောင် သူဝယ်လာတဲ့အထဲ ပါမှန်း မှတ်ခင်မမှတ်



www.burmeseclassic.com

www.burmeseclassic.com



မိတော့ပါ။ သို့ပေမဲ့ ရတဲ့သူက ဤမျှ ကြိုက်နှစ်သက်ကြောင်း ပြောနေတော့ ဝယ်လာရကျိုးနပ်ကာ ကျေနပ်မိပါသည်။

အဲဒီလည်ဆွဲလေးဟာ ဒီအကွာရာဆိုတဲ့ ကောင်မလေး ဆွဲထားတာမို့လည်း ဒီလောက် လှနေတာပါ။ မမ ဆွဲထားလျှင်ပင် ဒီလောက်လှမှာမဟုတ်။ ကောင်မလေးရဲ့ ပုံသဏ္ဍာန် အဝတ်အစားလေးနှင့် လိုက်ဖက်နေလို့ တင့်တယ်တာ။

"ဟုတ်ပါတယ်၊ ကျွန်တော်က လက်ဆောင်ပေးလိုက်ပေမဲ့ ရတဲ့သူက ကြိုက်နှစ်သက်မှလည်း ပေးရကျိုးနပ်တာလေ၊ အခု အကွာရာက ကြိုက်တယ်ဆိုတော့ ဝမ်းတောင်သာရမှာ၊ အကွာရာနဲ့ အရမ်းလိုက်ပါတယ်"

"အဟင်း ဟင်း ဟင်း"

သုံးယောက်သား အပြုံးတွေကိုယ်စီ ရွှန်းရွှန်းဝေကာ တရင်းတနှီး ပျော်စရာ ဖြစ်နေခိုက် ဒေဦး တစ်ယောက်သာ မျက်နှာကြီး မအီမလည်နှင့် မပြုံးနိုင်ဘဲ ရှိပါသည်။ ယောက်ဖ ဖြစ်သူ လှရည်ချွန်ဟာ နဂိုကိုက မျက်နှာချိုလှပါသည်ဆိုမှ အခု တော့ မျက်နှာပေါ် သကြားစက်ကြီးတစ်လုံး တည်ထောင် ကုန် ကြမ်း ပိုလျှံနေပါလိမ့်ဦးမည်။





ညီမ ဖြစ်သူကတော့ ဘာထူးလဲ။ အလကားနေရင်း တဟီးဟီး ရယ်နေတဲ့ ညီမကို တခြားသူစိမ်းယောကျ်ားလေး တစ်ယောက်နှင့်သာဆိုလျှင် ... "ဟဲ့ ... ဟိုဘက်သွားစမ်း၊ နင် ဘယ်လိုဖြစ်နေလဲ ဣန္ဒြေရရ နေစမ်း"လို့ လူရှေ့ သူရှေ့ မရှောင် ရှက်ချင်ရှက် ပြောချမိလိမ့်မှာ။

ခုတော့ ညီမချောက တဟီးဟီး လုပ်နေတာဟာ မယားသည်ရဲ့မောင်ယေ် အချစ်တုံး ဖြစ်နေ၍ မျက်နှာမပူစတမ်း ပြောထွက်ဖို့ ခက်နေရပါသည်။ လှရည်ချွန်က အကွာရာကို ကြည့်သော ရွှန်းတောက်စိုရီနေတဲ့ အကြည့်တွေ၊ အကွာရာက လှရည်ချွန်ကိုကြည့်သော မြူးသစ်ဆန်းကြယ်တဲ့ အကြည့်တွေ။ အပြန်အလှန်တွေ။

မျက်စိထဲ ခရော်စ် ဖြစ်လှပါဘိတော့။ ဘဝင်ကို အလုံးကြီး လာလာဆို့သလို နင်တင်တင်နှင့် သဝန်တိုလှပါဘိ တော့။ ညီမငယ်ကို ဘယ်သကောင့်သားမှ မျက်မွေးထော်မော်ပြီး ငေးတာကို မကြိုက်နိုင်သည့် ဒေဦးမှာ အပြောခက် အဆိုခက် မျက်နှာတင်းဖို့ပင် ခက်လျက် မချိမဆန့် အမူလုံးကြွနေကာ အားလုံးတန်းတူ မပြုံးမရယ်နိုင် မျက်လုံးကြီးသာပြူးပြီး ဝေဒနာ ဆိုးကြီးနှင့် တစ်ကိုယ်လုံး ထုပ္ပယားယံလာသလို ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီအတိုင်းကြီး ရပ်ပြီး ရင်းနှီးမှုတွေ ပိုမိုလွန်ကဲစွာ တစ်ရစ်ချင်း မြင့်တက်တိုးပွားလာမှာ ဘယ်လိုမှ မကြည်ဖြူ လက်မခံနိုင်သည်၏ အဆုံးတွင် တပြုံးပြုံး စကားကောင်းနေကြသော လူသုံးဦး အလယ်ကောင်သို့ အဆောတလျင် တိုးဝင်ရပ်လိုက်ကာ အထူးသဖြင့် လူရည်ချွန်နှင့် အကွရာ နှစ်ယောက်ကြား ကွယ်သွားအောင် မသိမသာ နေရာယူရင်း ...

"ကဲ ... ကဲ ... ကဲလေ ... အောက်မှာလည်း ဧည့်သည်တွေနဲ့၊ ခြံထဲဆင်းကြပါစို့ လာ၊ လူလူလည်း လာကွာ၊ စားရအောင်လေ"

"ကျွန်တော် ဗိုက်တောင် သိပ်မဆာသေးဘူး ကိုဇေ၊ လက်ဖက်ရည်ဆိုင်က ထ,လာလို့"

"မဆာလည်း ခြံထဲတော့ ဆင်းနေလိုက်ပေါ့၊ မင်းတို့ ဆွေမျိုးတွေ တချို့တောင် မင်းကို မတွေ့ရသေးဘူးမို့လား၊ ကိုယ်တို့ဘက်နဲ့လည်း မိတ်ဆက်ပေးထားရအောင်"

"ဟုတ်တယ် လူလူ၊ ကိုကို့ မိဘတွေနဲ့ အရင်မိတ်ဆက်ပေးရဦးမယ် ... လာ ... လာ"





လူရည်ချွန်သည် လိုက်ခဲ့မှာလား နေရစ်မှာလား မသေချာသည့် အကွရာ အနားက မခွာလိုသေးသော်လည်း မမပါ ထပ်ပြောလိုက်တဲ့ စကားထဲမှာ ကိုဇေဦးတို့ မိဘတွေနှင့်ပါ မိတ်ဆက်ပေးမှာ ပါလာ၍ ငြင်းရမကောင်းဘဲ ဖြစ်ကာ နောက်ဆံတငင်ငင်နှင့်ပင် မမ လက်ဆွဲခေါ်ရာ ခြံထဲဘက်ဆီ ဆင်းလာခဲ့ရပါတော့သည်။

လက်တွဲသွားသော မေရည်မွန်နှင့် လူရည်ချွန် နောက်မှ ရေခဲမုန့်ပန်းကန်လုံးကြီး ကိုင်လျက်သား ရောယောင်ကပ်လိုက်သွားသော အကွရာကို ဇေဦးက နောက်မှ ဖျတ်ခနဲ ခေါင်းတို့ကာ အချက်ပေးလိုက်၍ အကွရာက လှည့်ကြည့်လာပါသည်။

"ကိုကို ... ဘာလဲ"

"ဘာ ... ဘာလဲလည်း၊ နင်က ဘယ်လဲ"

"ခြံထဲလေ"

"ဘာလုပ်ဖို့လဲ"

"ဒီလိုပဲ ဆင်းမလို့ပေါ့"

"ဟိုမှာ ... သူတို့ဟာ သူတို့ သွားတဲ့ကိစ္စ၊ နင်က နောက်က တကပ်ကပ် ဘာပါစရာလိုလဲ၊ နင် အစက အိမ်ပေါ်



www.burmeseclassic.com

www.burmeseclassic.com



မှာပဲ ရေခဲမုန့် တက်ခပ်စားဖို့ မဟုတ်လား၊ အခု ထမင်း စားပွဲမှာ ကိုယ့်ဟာကိုယ် ထိုင်စားပါလား"

"ဟင် ... ခြံထဲမှာစားလည်း ရတာပဲ"

"မရဘူး"

"ဘာလို့ မရတာလဲ"

တစ်ခါတစ်ခါ အစ်ကို,ကို ကြောက်ရပေမဲ့လည်း အမြဲတမ်း အခါခပ်သိမ်းတော့လည်း အကူရာက ခေဦးကို မကြောက်ပေ။ အရေးမကြီးလှတဲ့ ကိစ္စမျိုးဆိုလျှင် ဆိုးနွဲ့ဂျီတိုက်ပြီး လုပ်ချင်တာ လုပ်ရဖို့ လုပ်ယူတာပင်။

"ကျွတ် ... နှင့် ပန်းကန်ကြီးက ..."

"ဘာဖြစ်လဲ ... ဒါကြီးနဲ့ ထည့်စားတာ ဘာမှရှက်စရာ မရှိပါဘူး ကိုကိုကလည်း၊ ကိုယ့်ဘာသာ အများကြီး စားချင်လို့ ပန်းကန်အကြီးကြီးနဲ့ ထည့်တာပဲ၊ ဘာဖြစ်လဲ ... ရှက်ဘူး"

အကူရာက ပြောပြောဆိုဆို အပြေးလစ်မည် ပြင်သည်။ ခေဦးသည် ကမန်းကတန်း အကူရာရဲ့ လက်မောင်းကို ဆွဲကိုင်ဖမ်းချုပ်ထားလိုက်ကာ အကူရာကို ခပ်တင်းတင်းကြီး ကြည့်လျက် ...





"ခရာ ... ပြောတာ နားထောင်စမ်း"

အံကြိတ်နေကာ သွားကြား လေထွက်သံကြီးနှင့် တိုးတိတ်ကျိတ်ကျိတ် ပြောပုံမို့ အကူရာက တအံ့တသြ မျက်လုံးလေး ပင့်ကြည့်နေပါသည်။

"လူရည်ချွန်ဟာ အမွှန့်မောင် ဆိုပေမဲ့ သူစိမ်းယောကျ်ားလေးဟာ သူစိမ်းယောကျ်ားလေးပဲ ကြားလား၊ တခြား သူစိမ်းယောကျ်ားတွေနဲ့ ဘာမှမထူးဘူး၊ ကိုယ့်ဣန္ဒြေနဲ့ကိုယ် နေစမ်း၊ အရောမဝင်နဲ့၊ ငါ မကြိုက်ဘူး၊ မြဲမြဲမှတ်ထား"

"ဟာ ... ကိုကိုကလည်း"

"ဘာမှ ကိုကိုကလည်းတွေ ဘာတွေ ဆင်ခြေတက်မနေနဲ့၊ နင့်ကို ဘယ်ယောကျ်ားလေးနဲ့မှ အရောဝင်တာ မကြိုက်ဘူးလို့ ပြောထားတယ် မဟုတ်လား၊ ဟိုကောင်ကလည်း နင့်ကို ကြည့်နေတာ ဖြူးရှို ... ..."

"ကိုကို ... ဘာဖြစ်လို့လဲ"

ရုတ်တရက် သူတို့အနား ရည်မွန် ရောက်လာကာ ခေဦး မျက်နှာနှင့် အကူရာ မျက်နှာကို ကြည့်လျက် အံ့အားတသင့် မေးလေသည်။

www.burmeseclassic.com



"တိုးတိုး ... တိုးတိုးနဲ့ ဘာဖြစ်လို့လဲဟင် ကိုကို"

"အလကား ... ဒီကောင်မလေး၊ ဘာမှ ကူညီညှော်ခံဖော် မရဘူး၊ ကလေးကြီးလို လုပ်နေလို့၊ အဲဒါ ဆူနေတာ"

ဇေဦးက ပါးစပ်ထဲ တွေ့ကရာတစ်ခု ဆွဲအကြောင်း ပြလိုက်ပါသည်။

"ဩော် ... ကိုကိုကလည်း၊ ညှော်ခံတဲ့သူတွေ ရှိပါတယ်၊ ပြီးတော့ လူရင်းတွေချည်းဥစ္စာ၊ ခရာကို မဆူပါနဲ့၊ လာ ... ခရာ ... လာ"

မေရည်မွန်က အက္ခရာ လက်ကိုဆွဲကာ ခြံထဲခေါ် ချသွား၍ ဇေဦးမှာ ရှုံ့မဲ့မဲ့နှင့် ကျန်ရစ်ခဲ့ပါသည်။





## ၇

"မေမေ ... ကိုဇေဦး ညီမ အက္ခရာ ဆိုတာလေ"

"အင်း"

"သူက အသက်ဘယ်လောက် ရှိပြီလဲ"

"နှစ်ဆယ် ဆိုလားပဲ သားရဲ့၊ အင်းပေါ့ ... အဲဒီလောက် ရှိမှာပေါ့"

လှရည်ချွန်က ပေါင်မုန့်ထောပတ်သုတ်ကို ခပ်ကြီးကြီး တစ်ကိုက် ကိုက်လိုက်ပြီး ငြိမ်သွားပါသည်။ မနေ့ညက မေမေရော အန်တီလှရော သူပါ ညဆယ်နာရီထိုးမှ ပြန်လာကြပါသည်။

www.burmeseclassic.com



ဆွေမျိုးရင်းတွေ နောက်ကျတဲ့ထိ နေကြပေမဲ့ အားလုံးထဲမှာ သူတို့ နောက်ဆုံးပြန်တာပင်။ အကွရာတို့ သားအမိသားအဖ သုံးယောက်ကတော့ ချွင်းချက်ပေါ့။ သူတို့ကတော့ ခြံချင်းနီးနီးပဲမို့ လူရည်ချွန်တို့ ပြန်တဲ့အထိ မပြန်သေးပါ။

အကွရာတို့ မပြန်သေး၍ လူရည်ချွန်ကလည်း မပြန်ချင်သေး။ သို့ပေမဲ့ ယောက်ဖဖြစ်သူကို ကိုဖေဦးက သိသိသာသာ ပေါ်တင်ကြီး သန်းဝေပြနေကာ ...

"ပင်ပန်းလိုက်တာကွာ၊ ဒီညတော့ အိပ်ကောင်းမယ်မှော၊ ညနေမှ ပွဲစ,တယ် ဆိုပေမဲ့ နေ့လယ်ကတည်းက စားပွဲတွေခင်း ဘာခင်း တလှုပ်လှုပ်နဲ့ ဘာတွေမှန်းမသိ ဟိုပါဒီပါ ရှုပ်နေတာ လူလူရ၊ ဟား ... ဟား၊ အိပ်လိုက်ရင် တုံးခနဲ နေမှာပဲ"

အိပ်ချင် နားချင်နေတဲ့ အကြောင်းကိုပဲ ထပ်ထပ်ခါခါ လုံ့ည့်ပတ်ပြောနေတော့တာမို့ မပြန်ဘဲ ဖွတ်ပေထိုင်နေဖို့ မကောင်းတတ်တော့ပါ။

လူရည်ချွန့် မျက်စိထဲတွင် အကွရာလေးဟာ လူလားပင် ကောင်းကောင်း မမြောက်ချင်သေးသလို ကလေးဆန်





အပြစ်ကင်းစင်လွန်းနေကာ ချစ်ရာ ကောင်းလွန်းနေသည်။ အိမ်ပေါ်မှာ နှစ်ယောက်ချင်း ဦးစွာတွေ့စဉ်က တဟိဟိနှင့် ပြုံးရွှင်သွက်လက်လှတဲ့ အကွရာဟာ အိမ်ပေါ်က ဆင်းလာတော့ ရှုတုတု မှုချိတ်ချိတ်နှင့် တစ်ခုခုကိုပဲ စိတ်ကောက်လာသလိုလို တစ်မျိုး ဖြစ်လာသည်။

လူရည်ချွန်ကို မသိမသာ ခိုးခိုးကြည့်တတ်ကာ လူရည်ချွန်က ပြန်ကြည့်လိုက်တာနှင့် ဆုံလျှင် မမြင်ချင်ယောင်ဆောင်ဖို့ အခွင့်သာပါက ဖျတ်ခနဲ မျက်လုံးလွှဲလိုက်တတ်ကာ လွှဲရှောင်ဖို့ အခွင့်မသာတော့လျှင်သာ ပြုံးတုံ့တုံ့လုပ်ပြတတ်လေသည်။

နီးနီးနားနားမှာ မနေဘဲ ဟိုးခပ်လှမ်းလှမ်းမှာ ချောင်ကုပ်ကုပ်ကလေး သွားနေကာ မရဲတရဲလို ပုံစံဖြစ်သွားတာဟာ အကွရာရဲ့ နဂို နေရင်း စိတ်ရင်း မဖြစ်နိုင်ပါ။ တမင်တကာ ဆင်ဆင်ခြင်ခြင်လေး နေလိုက်သလို စိတ်ကထင်မိသည်။

ကိုယ်က ထင်မိတဲ့ အထင်သာဖြစ်လျက် ဟုတ်ချင်မှတော့လည်း ဟုတ်မှာပေါ့လေ။ ဟုတ်ခဲ့ရင်တော့ ဒါဟာ ကိုဖေဦး ကြောင့်ချက်ပင်။ အိမ်ပေါ်မှာ အကွရာကို ဟန့်လိုက်နိုင်တဲ့ တခြား

www.burmeseclassic.com



လူမှ မရှိတာ။ ဟုတ်တယ် ထင်ဖို့ရာကလည်း ခက်တော့ခက်သည်။ ကိုဇော်ဦးဟာ လူရည်ချွန် အပေါ် အတော်ပင် ဟက်ဟက်ပက်ပက် ခင်ခင်မင်မင် ရင်းရင်းနှီးနှီး ဆက်ဆံသည်။ ဒီတော့ စဉ်းစားရ ခက်သည်။

"မေမေ"

"ဟော"

မေမေနှင့် အန်တီလှက မီးဖိုချောင်ထဲမှာ အတူတကွ ရှိနေကြပါသည်။ မီးဖိုထဲဝင်သွားလိုက် ထမင်းစားပွဲမှာ ပန်းကန် တစ်ခုခု လာချလိုက်၊ ဝင်ကာ ထွက်ကာ လုပ်နေသော မေမေက လူရည်ချွန် ခေါ်သံကြောင့် မီးဖိုဘက်မှ ခေါင်းပြူလာသည်။

"အဲဒီ အကျွရာက ကျောင်းတက်တုန်း နေမှာပေါ့နော်"

"အင် ... ဟုတ်မှာပေါ့သား၊ မေမေ သေချာတောင် မသိဘူး၊ မွန်မွန်တို့ အိမ်ထောင်ပြုကာစကတော့ ဒီကလေးမလေး က တက္ကသိုလ် တက်နေတာပဲ၊ အခုတော့ တက်တုန်းလား၊ ကျောင်းပြီးပြီလား မပြောတတ်ပါဘူး"

"အလုပ်တွေ ဘာတွေကော လုပ်လား"

"အလုပ် လုပ်တယ်လည်း ပြောသံမကြားဖူးပါဘူး"





"သင်တန်းတွေ ဘာတွေ တစ်ခုခု တက်နေတာမျိုးရော"

မေမေက တဟားဟား ရယ်ချလိုက်တော့ကာ ...

"မေမေ ဘယ်သိနိုင်ပါ့မတုန်း သားရဲ့၊ ဒီကလေးမလေးနဲ့ မေမေနဲ့က သိပ်မတွေ့ဖြစ်ဘူး သားရဲ့၊ တစ်ခါတလေ အကြောင်းကိစ္စရှိမှသာ ဆုံကြတာလေ၊ တစ်ခါတစ်ရံ သူ့ အမေဆီ ပြောစရာလေး ဘာလေး ဖုန်းဆက်လိုက်မှ သူ ကိုင်တာနဲ့တိုးပြီး နည်းနည်းပါးပါး စကားပြောဖြစ်တာ"

မေမေက ရှည်ရှည်လျားလျား ရှင်းပြနေပါသည်။ ရှင်းပြနေတဲ့ မျက်နှာက ပြုံးတုံ့တုံ့။ မေမေ့ ပြုံးတုံ့တုံ့ကြောင့် လူရည်ချွန်က နှာခေါင်းကို ရှုံ့ပြကာ ...

"ဒါဖြင့် ကျွန်တော် သိချင်ရင် မမကိုပဲ လှမ်းမေးရမှာ ပေါ့"

"ဟုတ်ပ၊ မေးတော်မူပါ"

"ဟဲ ဟဲ ... မေမေ့ လေသံက ဟဲ ဟဲ၊ မေမေက နပ်တယ် ဗျာ၊ ပြေးတယ်ဗျာ"

"သားလူပျို ရှိမှတော့ ဒီလောက်တော့ ပြေးရမှာပေါ့ လူလူရယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီ အက္ခရာက ချစ်စရာလေးနော် ... မေမေနော်"

"ချစ်စရာ ကောင်းပါတယ်၊ ဒါပေမဲ့ မင်း ဇရုတ်ဇရက်တော့ သဘောမထားနဲ့နော် သား။ ရောတောတော လုပ်ရုံလေးနဲ့ ဖာတ်သိမ်းလိုက်လို့ ရတာမဟုတ်ဘူး၊ သူ့အစ်ကိုက မင်းအစ်မရဲ့ ယောက်ျား၊ မျက်နှာပျက်လို့ မရတဲ့ လူချင်းတွေ"

"မေမေကလည်း ... ဒါလောက်တော့ ကျွန်တော် အသိဉာဏ်မရှိဘဲ နေပါ့မလား၊ မမရဲ့ ယောက်မ တော်နေတဲ့ဟာ၊ ကျွန်တော်က မဟုတ်တရုတ် လုပ်ပါ့မလား မေမေရဲ့၊ ပြီးတော့ ကျွန်တော်ကကော ဘယ်တုန်းက အဲလို ဇရုတ်လုပ်ဖူးလို့လဲ"

"ဟုတ်ပါတယ်၊ မေမေ့သားက လူရှုပ်မှ မဟုတ်တာ၊ ဒါပေမဲ့ တစ်ခါတလေကျ မင်းတို့ဟာတွေက ဖုန်းလေးဆက်၊ ဟိုလိုလို ဒီလိုလိုပြော၊ ပြီးရင် ဘာမှလဲ ဟုတ်တာမဟုတ်၊ မတွေ့တာကြာရင် မေ့သွားကြပြန်ရော၊ အဲသလို ပေါ့ပေါ့တန်တန်မျိုးလေး သွားမပတ်သက်နဲ့လို့ ပြောတာ"

"ဟုတ်ကဲ့ပါ မေမေရဲ့၊ စိတ်ချပါ"





မနေ့ညက ပြန်လာပြီးကတည်းက ညအိပ်မပျော်ခင်အထိ။ ပြီးတော့ ဒီမနက် အိပ်ရာမှ နိုးပြီးကတည်းက အခုထိ။ လှရည်ချွန့် မျက်စိထဲ အက္ခရာရဲ့ မျက်နှာလေးဟာ တဝဲလည်လည်နှင့် ရစ်ဝဲပုံရိပ်ထင်နေပါသည်။

လှွန်လှွန်းအား ကြီးတယ်လို့ ထင်ချင်တဲ့သူ ထင်ပေမည်။ သို့ပေမဲ့ သူ့ရင်ထဲ သူ့ဦးနှောက်ထဲ သူ့အတွေးထဲ သူ့အာရုံထဲ အက္ခရာဟာ တကယ်ပဲ စွဲစွဲလမ်းလမ်း ကပ်ငြိပြီး ပါလာတာပါ။

သဘောမတက်ခင် ဆယ့်ခုနစ် ဆယ့်ရှစ် အရွယ်ကရော၊ တစ်ခေါက်ပြန်လာတဲ့ နှစ်ဆယ့်တစ်နှစ် အရွယ်ကရော၊ လှရည်ချွန့်မှာ ဖုန်းပြောဖော် ဟိုလိုလို ဒီလိုလို ကောင်မလေးတချို့ ရှိခဲ့ဖူးပါသည်။ ဒါပေမဲ့ ဘယ်သူ့ကိုမှ လေးလေးနက်နက် စွဲစွဲလမ်းလမ်း မရှိခဲ့တာပါ။

သူက စ,ဆက်သွယ်ဖူးတာလည်းရှိ၊ သူ့ထံလှမ်းဆက်သွယ် မိတ်ဆက်လိုက်တာလည်းရှိ။ ဒါပေမဲ့ ကြည်နူးသလိုလို သာယာသလိုလို ပျော်သလိုလိုလေး ခံစားရတာကလွဲပြီး မပိုခဲ့။ ခုတော့ ဘယ်လိုခံစားနေရလို့လဲ ဆိုရင် ...။



www.burmeseclassic.com

www.burmeseclassic.com



အင်း ... သူ ပြည့်ပြည့်စုံစုံတော့ ပြောမပြတတ်။ သို့သော် ... အက္ခရာဆိုတဲ့ ကောင်မလေးကို သူ အတော်ပဲ စွဲလမ်းငြိတွယ်မိနေပါပြီ။ ချစ်စနိုးလေးနှင့် တောင့်တောင့်တတ ဖြစ်နေမိပါပြီ။ လူရည်ချွန်သည် ပေါင်မုန့်ထောပတ်သုတ်ကို ပါးစပ်ထဲ အားလုံးထိုးကြိတ်ထည့်လိုက်ကာ တယ်လီဖုန်းရှိရာ ထ,လာလျက် မေရည်မွန့်ဆီ ဖုန်းဆက်လိုက်ပါသည်။

"ဟယ်လို"

"မမ ... ကျွန်တော်ပါ"

"လူလူ ... ဘာလဲ ပြောလေ"

"မမရဲ့ ဘိုးတော် အလုပ်သွားပြီလား"

"သွားပြီ ... နင် ဘာပြောချင်လို့လဲ၊ သူ့ရုံးကို ဆက်လို့ရတယ်၊ ဟဲန်းဒ်ဖုန်းကို ဆက်ရင်လည်း ရတယ်"

"အာ ... သူ့ကို ဘာမှပြောစရာ မရှိဘူး၊ မမကိုပဲ မေးမလို့"

"ဩော် ... မေးလေ ... ဘာလဲ"

"အက္ခရာ အကြောင်း"

မေရည်မွန်က တခဏ အသံတိတ်သွားပြီး ...





"ဘာအကြောင်းလဲ"

"သူ့အကြောင်း အားလုံးပဲပေါ့၊ သူနဲ့ ပတ်သက်တာတွေ အားလုံးပြောပြ"

"ဘာလုပ်ဖို့လဲ"

"ကျွန်တော် ကြိုက်လို့"

"ဟဲ့ ..."

မေရည်မွန့်ထံက ရယ်သံတလွင်လွင်က အဆက်ပြတ် ထွက်လာပြီးလျှင် ...

"နင့်ဟာကလည်း မြန်လှချည်လားဟယ်၊ ဟုတ်ကော ဟုတ်ရဲ့လားဟယ်၊ နင် မဟုတ်တရုတ်တော့ မလုပ်နဲ့နော် လူလူ"

"ဟား ... မေမေကလည်း ဒီစကားပဲ ပြောတယ်၊ ကျွန်တော်က မမနဲ့ တော်စပ်ပတ်သက်နေရတဲ့ အသိုင်းအဝိုင်းကို မဟုတ်တရုတ် လုပ်ပါ့မလား မမရဲ့၊ တကယ် ပြောတာပါ၊ သူက ချစ်ဖို့ကောင်းတယ်"

"နင်ကလည်းဟယ် ... မနေ့က တစ်ရက်တည်း တွေ့ဖူးသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"တစ်ရက်တွေ နှစ်ရက်တွေနဲ့ မဆိုင်ပါဘူး"

"အေးလေ ... သူ့အကြောင်းတော့ ပြောပြဖို့တော့ ဘာမှ ဝန်မလေးဘူး၊ ဒါပေမဲ့ နင် ရတတ်တရက်တော့ ထ,မလှုပ်ရှားနဲ့ဦး၊ ယုံနိုင်စရာ မရှိဘူး၊ တစ်ခါတည်းမှပဲ၊ သူ့အကြောင်း ဘာပြောရမလဲ၊ ကောင်မလေးမှာ ရည်းစားမရှိဘူး၊ ဒါလိုရင်းပဲ မဟုတ်လား"

"အင်း ... ကောင်းလေစွ၊ ကျွန်တော်က လှုပ်ရှားချင်ရင် ဘယ်ကိုလိုက် လှုပ်ရှားရမှာလဲ၊ ဥပမာ ... သူ ကျောင်းတက်နေလား"

"ကျောင်းပြီးပြီ ဆိုပါတော့၊ အင်္ဂလိပ်စာဖိုင်နယ် ဖြေပြီးသွားပြီ၊ အောင်မှာပဲ ဆိုတော့ ကျောင်းပြီးပြီပေါ့၊ အပြင်မှာ အင်္ဂလိပ်စကားပြော တစ်ခုတော့ တက်နေတယ်၊ ဘယ်မှာမှန်းတော့ သေချာ မပြောတတ်ဘူး၊ ဝင်ဒါမီယာထဲမှာ ထင်တယ်ဟဲ့၊ သေချာ ပြန်မေးကြည့်မှ ရမယ်"

"သူ အပြင်လေး ဘာလေး ထွက်နေရမှ ကျွန်တော် သွားလို့လာလို့ ရမှာပေါ့၊ နို့မို့ရင် သူက အိမ်မှာပဲဆိုရင် မချောင်ဘူး"





"သူတို့ အဖေရော အမေရော သဘောကောင်းတယ် လူလူရဲ့"

"အင်း ... သဘောပုပ်မှာက ကိုဖေ တစ်ယောက်ပဲ ထင်တယ်"

"ဟင် ... ဘာဖြစ်လို့လဲ"

"မမ ယောက်ျား ကြည့်ရတာ မနေ့က ကျွန်တော်တို့ ထမင်းစားခန်းမှာ တွေ့ပြီး နည်းနည်း အကျွမ်းတဝင် ဖြစ်သွားတာ မကြိုက်လှဘူး ထင်တယ်"

"ဟုတ်လို့လား ... မဟုတ်ဘူး ထင်ပါတယ်၊ သူ ဘာမှ မပြောပါဘူး"

"ဘာမှ မပြောပေမဲ့ အဲဒီတုန်းက ကျွန်တော့်ကို ကြည့်တာ ပြူးပြူးပြဲပြဲကြီးနဲ့၊ သိပ်မကြည်ဘူး ထင်တယ်"

"ဘယ်က ဟုတ်ရမှာလဲ၊ ကိုကိုက နင့်ကို ကြည့်ပါတယ်၊ နင့်ကိုဆို အရမ်းအကောင်းပြောတာ၊ ချီးမွမ်းနေတာ၊ နင့်ကို သဘောကျပါတယ်ဟ"

"သဘောကျတာက ကျတာသတ်သတ်ပေါ့၊ ဒါပေမဲ့ မမ သူ့ကို ဘာမှသွားပြောမနေနဲ့ဦးနော်"



www.burmeseclassic.com

www.burmeseclassic.com



"ပြောလည်း ရပါတယ်၊ ခရော့ကို လူလူက ကြိုက်လို့တဲ့၊ ဟီးဟီးဟားဟားလို့ ရူးသလို ပေါသလို ပြောမှာပေါ့"

"အာ ... မပြောပါနဲ့ဦးဆို၊ လုံးဝမပြောနဲ့ဦးနော်၊ ကြားလား မမ၊ ကိုယ့်ဟာကိုယ်ပဲ ဝင်မယ်၊ မမ မပါနဲ့"

"အေးပါ ... မပြောနဲ့ဆို မပြောပါဘူး"

"ညီမကို တိုပုံရတယ်ဗျ"

"ဟုတ်တယ် ... အဲဒါတော့ ဟုတ်တယ်၊ တိုတယ်၊ ဒါပေမဲ့ လည်းဟယ် သူများနဲ့ တိုတယ်ဆိုတာက တစ်သဘော သတ်သတ်ပေါ့၊ နင်ကတော့ သူများမှ မဟုတ်ဘဲဟာ၊ ခရော့ကို သူ့အဖေအမေကတောင် ဘာမှ သိပ်မချုပ်ချယ်ဘူးဟ၊ ကိုကိုပဲ ချုပ်ချယ်နေတာ၊ ဟိုဟိုဒီဒီ လျှောက်သွားလည်း မကြိုက်၊ အိမ်မှာပဲနေတဲ့၊ အပေါင်းအသင်းကအစ ကြည့်တာ၊ ယောက်ျားလေးတွေနဲ့လည်း မပေါင်းရဘူး၊ သူကလည်း လုတော့ဟယ် တစ်နေရာရာ သွားလိုက်မိရင် ဟိုက ဒီက နောက်က ကားနဲ့လိုက်လာတဲ့သူနဲ့ ဘာညာ ပေါ့ဟယ် ...





ဖြစ်နိုင်ရင် ကိုကိုက သူ့ညီမကို သူပဲအားမှ အပြင်လိုက်ပို့ချင်တာ၊ ဖေဖေ မေမေတို့က လွတ်ပါတယ်၊ ခရာကလည်း ကားမောင်းတတ်နေတာပဲဟာ၊ အဲဒါ အစ်ကိုမသိအောင် ခိုးခိုးသွားရတယ်တော့၊ သူ့လည်း ငယ်ငယ်လေး ရှိသေးတာ၊ သူ့ငယ်ချင်းတွေနဲ့ ဈေးလေး ဆိုင်လေး သွားချင်တာပေါ့၊ အဲလိုကိစ္စကြီးငယ် မရှိဘဲ အပြင်အပျော်ထွက်ရင်လည်း သဘောမကျ၊ ဟိုဟာမလုပ်ရ ဒီဟာမလုပ်ရက ကိုကိုပဲ လုပ်နေတာ"

အဲဒီပုံစံ ရှိတာကို လူရည်ချွန် အကဲခတ်မိပြီးသားပင်။ ပြီးတော့ မမကသာ သူ့ယောက်ျားမို့ သူ့မောင်အပေါ် ကြည်ဖြူလိမ့်မယ် ထင်နေပေမဲ့ ကိုဇေဦးဟာ သူ့ကို ဒီလောက်ကြီး အလွယ်တကူ မကြည်ဖြူမှာကို ယောက်ျားချင်းမို့ အကဲခတ်သိပါသည်။

"သူ့အိမ် တိုက်ရိုက်ကြီး ဝင်လည်ဖို့က နည်းနည်း ကြောင်တောင်တောင်နိုင်တယ်မို့လား၊ သူ့သင်တန်း ဆိုတာ မမ စုံစမ်းပေးဦးနော်"

**"အေးပါ၊ ငါ မေးကြည့်လိုက်မယ်"**



www.burmeseclassic.com

www.burmeseclassic.com



"မမ ကြားထဲမှာ ဘာမှဝင်မပါနဲ့နော်၊ သဘောပေါက်တယ်နော်"

"အမယ်လေးဟယ်၊ အေးပါ မပါပါဘူး၊ တကတဲမှပဲ၊ ငါပါရင်ပဲ ပြဿနာရှုပ်တော့မလိုလိုနဲ့"

"လိုအပ်လာရင်တော့ မမ အကူအညီ အထောက်အပံ့ကိုလည်း ယူရမှာပေါ့၊ ခုချိန်ကတော့ မမ ပါဖို့ စောသေးတယ်လေ၊ အဓိက,က သူ့အစ်ကို,ကို ဘာမှမပြောမိစေနဲ့၊ တော်ကြာ ကျွန်တော် လှုပ်ရှားမဲ့ လမ်းကြောင်းတွေ လိုက်ပိတ်ဆို့နေဦးမယ်"

မေရည်မွန် ကတော့ လူရည်ချွန် အစိုးရိမ်ကိုပိုတာဟုသာ ယူဆလေသည်။





# ၄

အက္ခရာ တက်နေသည့် အင်္ဂလိပ်စကားပြော သင်တန်းက ဝင်ဒါမီယာထဲက ခြံတစ်ခြံမှာ ဖြစ်ပါသည်။ ကားဂိုဒေါင်ရဲ့ အပေါ်ထပ်ခန်းကို ပြုပြင်ကာ မှန်ညိုညိုများ ကာရံ၊ အဲကွန်း တပ်လျက် စာသင်ခန်း လုပ်ထားကာ တစ်ချိန်မှာ သင်တန်းသားဆယ့်နှစ်ယောက်ခန့် ရှိပါသည်။

ဝှိုက်ဘုတ်က ခြံဝဘက်ကို ကျောပေးထောင်ထားသည်ဖြစ်၍ ဆရာစာသင်စဉ် ဝှိုက်ဘုတ်ဘက် ကြည့်နေကြသည့် သင်တန်းသားများမှာ မှန်ချပ်အညိုရောင်ကို ဖောက်ထွင်းကာ ခြံဝကို ရှင်းရှင်းမြင်နေနိုင်တာ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့က စာသင်နေစဉ် ဖွင့်ထားသော ခြံတံခါးဝမှ ဝင်လာသော မှာ်တူးကားဖြူဖြူကို မြင်လျှင် အက္ခရာက ဖေဖေ့ဝါကလေး ဖြစ်မိပေသည်။ ဤကားမျိုးဟာ မမမွန်ရဲ့ အမေအိမ်မှာ ရှိသည့်ကားမျိုးပင်။ ကားနံပါတ်ကိုသာ အမှတ်တမဲ့မို့ အက္ခရာ မမှတ်မိ။

ခြံဝင်းကျယ်ထဲမှာ အက္ခရာရဲ့ကား အပါအဝင် သင်တန်းလာတက်သော ကားသုံးစီး ဆိုက်ရပ်ထားတာ ရှိသည်။ အခြား အကြိုကားတို့သည် သင်တန်းဆင်းချိန် နီးကပ်မှ ရောက်လာတတ်ကာ ခြံစည်းရိုးရဲ့ အပြင်ဘက်တစ်လျှောက်မှာ ကပ်၍ ရပ်ထားကြလေ့ ရှိပါသည်။

အက္ခရာရဲ့ မျက်လုံးလေးက ခြံဝင်းထဲ တစ်နေရာမှာ ဝင်ထိုးရပ်လိုက်သော မှာ်တူးကားဆီ လှမ်းကြည့်နေမိစဉ် ကားတံခါးဖွင့်လျက် ဆင်းလာသူကို မြင်လိုက်ရလေသည်။

"ဟယ်"

တီးတိုးလေးပင် နှုတ်ကထုတ် ရေရွတ်လိုက်မိပါသည်။





ကားပေါ်က ဆင်းလာတဲ့ လူရည်ချွန်ဟာ စပို့ရှပ်လက်တို အဖြူဆွတ်ဆွတ်၊ မီးခိုးမှိုင်းရောင် ဂျင်းဘောင်းဘီ ထူပွပွနှင့် သန့်ပြန့်ကြော့မော့နေပါသည်။ သူ့ ကားထဲက အဆင်း ကားနံဘေးတစ်ဝိုက်ဟာ ဝင်းခနဲ လင်းခနဲ ဖြစ်သွားရသလိုပင်။

စာသင်ခန်းထဲက ကောင်မလေး တချို့ဟာလည်း မှန်ချပ်ညိုကို ဖောက်ထွင်းလျက် မျက်လုံးအကြည့်တွေ အပြင်ဘက် ဝဲခနဲ ရောက်သွားကြတာကို အက္ခရာ သတိထားမိလိုက်ပါသည်။ အတန်းထဲက နာမည်ကြီး အလှပဂေးနှစ်ယောက်ဖြစ်သည့် ချွေနှင့် ပပတို့ ခေါင်းချင်းနီးကပ်သွားကာ တီးတိုးတိုးနှင့် တစ်စုံတစ်ရာ ပြောဆိုလိုက်ကြတာကိုပင် အက္ခရာ မြင်လိုက်ရပါသည်။

တစ်ယောက်ကို တစ်ယောက် ခြံထဲက လူသန့်သန့်ကို လှမ်းပြတာပင် ဖြစ်မို့သေချာသည်။ သူ ဘာလာလုပ်ပါလိမ့်။ သူဟာ ဒီကားဂိုဒေါင် အပေါ်ထပ်မှာ သင်တန်းတစ်ခုရှိတာ သိတဲ့ပုံစံ မပြပါ။ သူ ဦးတည်နေရာဟာ ပန်းစင်ကလေးတွေဆီသို့သာ။

အက္ခရာတို့ ဆရာရဲ့ အဖေနှင့် အမေသည် အငြိမ်းစား အန်ကယ်ကြီး အန်တီကြီးတွေ ဖြစ်ကာ ဝါသနာအရ ပန်းစိုက်ကြပါသည်။ သစ်ခွ၊ ပိန်း၊ သဇင်၊ အင်ဒိုးပန်းပင်လေးများ၊



www.burmeseclassic.com

www.burmeseclassic.com



နွယ်ပင်ကျောက်ခက်ပင်လေးများ၊ ဘွန်ဇိုင်းခေါ်သည့် သက်ကြီးပု ဖြစ်အောင် ပြုပြင်ထားသည့် အပင်များ။ စသဖြင့် အပင်အတော်များများ စိုက်ပျိုးထားသည်မှာ ပန်းခြံတော်တော်ကြီးကြီးတစ်ခု ဖြစ်နေပါသည်။

သစ်ခွ၊ သဇင်၊ ပိန်းပန်းတို့ကို ပန်းအဖြစ်နှင့်ရောင်းသလို အိုးလိုက်လည်း ရောင်းပါသည်။ ကျန်အပင်မျိုးစုံကို ပျိုးပင်အဆင့်မှ အပင်ကြီးအဆင့်အထိ အမျိုးမျိုး အစားစား ရောင်းချပါသည်။

လူရည်ချွန်ကို ကြည့်ရသည်မှာ အပင်ကလေးတွေ ဝယ်ဖို့ - ဖြစ်ပုံရပါသည်။

ခြံထဲမှာ ရှိနေသော အန်ကယ်ကြီးနှင့် ခြံလုပ်သား ကလေးတို့နှင့် စကားစမြည် ပြောနေကာ အပင်ကလေးများ လိုက်ကြည့်နေတာကို အက္ခရာကလည်း အပေါ်မှ တောက်လျှောက် လှမ်းကြည့်နေမိပါသည်။

စာသင်ခန်းဟာ ရှေ့မျက်နှာစာနှင့် ဘေးမျက်နှာ တစ်ဖက် မှန်တွေကာရံထားတာဖြစ်လျက် ဘေးတစ်ဖက်က အိမ်မကြီးနှင့် တွဲနေတာ။ ပန်းခြံဟာလည်း မှန်ချပ်ကာရံထားတဲ့ဘက် မှာမို့ တကူးတက လိုက်ကြည့်နေလျှင် လှမ်းမြင်နေရပါသည်။





အက္ခရာသည် စာသင်နေတာကို မကြားတစ်ချက် ကြားတစ်ချက် ဖြစ်နေကာ လူရည်ချွန်ထံပဲ စိတ်ဝင်စားကာ နေသည်။ လူရည်ချွန်သာ ပန်းအိုးသေးသေးလေးတွေကို လိုက်ကြည့်၊ ဘေးက အန်ကယ်ကြီးကို ဘာတွေမှန်းမသိမေး၊ အန်ကယ်ကြီးက ဖြေ၊ တချို့ ပန်းအိုးကလေးတွေကို လူရည်ချွန်က ညွှန်ပြ၍ ခြံလုပ်သားကလေးက သယ်မ,ကာ အပြင်ကို သတ်သတ်ခွဲဖွေ့ဖယ် ထားလိုက်တတ်သည်။

ပန်းအိုး လာဝယ်တာ ထင်ရဲ့။

“ခရာ ... ခရာ ...”

ဘေးက မီမီက တံတောင်နှင့် နှစ်ချက် သုံးချက် ခေါက်လိုက်လျှင် အက္ခရာသည် အလန့်တကြား သတိဝင်ကာ မီမီကို လှည့်ကြည့်လိုက်ပါသည်။ မီမီက ဆရာ့ဘက် မေးဆတ်ပြလိုက်၍ အက္ခရာက ဆရာ့ကို ကြည့်လိုက်သည်။

“What's eating you ?”

ဆရာက ခပ်ပြုံးပြုံး မေးလိုက်လျှင် အက္ခရာသည် ရှက်သွားပြီး မျက်နှာရဲရဲနှင့် ဆရာ့ကို ခေါင်းခါပြလိုက်ပါသည်။ မင်းကို ဘာက စားသောက်နေသလဲ၊ မင်း ဘာတွေ အတွေးရှုပ်



www.burmeseclassic.com

www.burmeseclassic.com



နေသလဲလို့ မေးလိုက်တဲ့ ဆရာ့စကားကို ရုတ်တရက် ရေရေရာရာ စီကာစဉ်ကာလည်း ပြန်မဖြေဖြစ်ဘဲ ...

"No, Nothing"

တုံးတိတိ ဖြေလိုက်မိပါသည်။

"No! You said No? So, why don't you hear me?"

ဆရာက ပြုံးစိစိ မေးနေတာပင်။ ဆူကြိမ်းခဲ့ ဆရာဟာ သဘောကောင်းလွန်းတာမို့ တပည့်တွေအပေါ် စိတ်လည်းဆိုးလေ့ မရှိပါ။ ခုလည်းပဲ ရယ်ချင်သလိုသာ ရှိနေကာ စိတ်ဆိုးပုံတော့ မရှိပေမဲ့ အက္ခရာမှာ ရှက်လည်းရှက် အားလည်းနာနှင့် ...

"I'm sorry sir"

တိုတိုတိသာ ခေါင်းငုံ့ ဖြေလိုက်ရပါသည်။

"Your eyes open wide and ... stairing like this"

ဆရာက မျက်လုံးကြီး ပြူးပြကာ မေးစေ့ကြီးပါ ရှေ့ထိုးထုတ်၍ တစ်နေရာကို စိုက်စိုက်ကြီး ကြည့်ပြနေတာမို့ တစ်ခန်းလုံး တဟိဟိ တခိခိ ရယ်လေရာ အက္ခရာလည်း ရှက်





...နှင့် ရယ်ရပါသည်။ မလှမ်းမကမ်းက ဇွဲတို့ ပပတို့သည်လည်း ...တို့ပါ လူရည်ချွန်ဆီ လှမ်းကြည့်နေကြတာ ဆရာ မတွေ့လို့ ... လွတ်သွားတာမို့ အက္ခရာရဲ့ အဖြစ်ကိုလည်း ရိပ်မိစွာ လှည့်ကြည့် နှာခေါင်းရှုံ့ နောက်ပြောင်ကြပါသည်။

အားလုံးရဲ့ အရယ်ခံ အလှောင်ခံကြီး ဖြစ်လာလောက်အောင် တကယ်ပဲ အက္ခရာကလည်း သူ့ကို ဆရာ လုပ်ပြသလောက် ...: ပြူးပြူးကြီး လှမ်းငေးကြည့်နေမိခဲ့တာကိုး။

အက္ခရာသည် စာသင်ချိန်ကို အမြန်ကုန်စေလိုနေမိ ... ဘာကြောင့်ရယ်ပါနည်း။ အတန်းမလွှတ်ခင် ပန်းအိုးတွေ ...ပြီးသွားပြီး လူရည်ချွန် ပြန်သွားမှာကို စိုးရိမ်နေပါသည်။ ...ဖြင့် သူမက အတန်းကဆင်းကာ သူ့ကို တွေ့လိုက် နှုတ်ဆက် ...ချင်စိတ် ပေါက်နေလို့ပေါ့။

ဒါမှမဟုတ် ကိုယ်က မနှုတ်ဆက်တောင် သူ ...ယ့်ကို မြင်သွားပြီး သူ အံ့သြသွားမလား၊ ဘာဖြစ်သွားမလဲ ...ချင်နေမိတာ။ အမှတ်မရှိသေးဘဲ ပြန်သွားမှာ စိုးရိမ်စိတ်နှင့် ...ည်ချွန့်ဆီ တစ်ချက် တစ်ချက် လှမ်းကြည့်နေမိဆဲ ရှိပါသေး ...ည်။



www.burmeseclassic.com

www.burmeseclassic.com



တော်ပါသေးရဲ့၊ သူကလည်း အတော်နှင့် ပြီးဦ
မည့်ပုံ မရပေ။ နောက်ထပ် ခဏအကြာမှာတော့ အက္ခရာတို့ရဲ
စာသင်ကြားချိန်က အချိန်စေ့သွားပြီဖြစ်ကာ ဆရာက အတန်းက
လွှတ်ပေးလိုက်ပါသည်။

ကိုယ့်စာအုပ်စာတမ်းတွေ ကိုယ်ပွေ့ပိုက် သိမ်းဆည်
ထွက်လာရင်း ဧွေက မျက်လုံးကြီးပြူး မေးစေ့ရှေ့ထုတ်ကာ
ဆရာလုပ်ပြတဲ့ ပုံအတိုင်း အက္ခရာကို စ,လိုက်တာမို့ ...

"အောင်မယ် ... ဆရာ မျက်စိရှုန်းလို့ လွတ်သွားရတဲ့
တွေကများ၊ မသိဘူးကျလို့ ... ဟင်း"

"ဒါတော့ ... ကျုပ်တို့က ရှင့်လောက် အဖြစ်မဆိုး
ဆရာ မရိပ်မိတာပေါ့"

ရယ်ကာ မောကာ ချေပကြပြီးလျှင် သူတို့
လှတပတ ဟန်မူကြော့ရှင်းလေးတွေနှင့် အောက်ကို ခပ်သွက်သွ
ဆင်းသွားကာ ပန်းခြံဘက် ကွေ့ချိုးသွားကြလေသည်။ အပြ
အဆင် အခြယ်အသတွေ၊ ပါတီတက်မလို အကယ်ဒမီပေး
သွားမလို ဝတ်စုံတွေ၊ ပုတီးလက်ကောက် ဒွာရရာတွေနှင့် သူ





ကိုယ်သူတို့ လူကြိုက်များသည့် လှပဂေးတွေ ဖြစ်မှန်းလည်း ယုံကြည်ပိုင်နိုင်စွာ ပန်းခြံထဲ တစ်နေရာက အန်တီကြီးနား ကပ်ကာ ...

"အန်တီကြီး ... ဟိုနားက မွှင့်နေတဲ့ ခရမ်းရောင်ပန်းလေး
က ဘာပန်းလဲဟင်၊ အရမ်းလှတာပဲနော် အန်တီကြီး"

ပေနှစ်ဆယ်လောက် အကွာက လူရည်ချွန်ပါ ကြားနိုင်အောင် အသံစာစာလေးတွေပေးလျက် ညိုမြလုပ်နေကြလျက် ရှိလေသည်။ အန်တီကြီးမှာလည်း ဟိုအရင်က ပန်းတွေ ဘာတွေ စိတ်မဝင်စားလှတဲ့သူတွေ၊ ဘာဖြစ်လို့ ကောက်ကာငင်ကာ စိတ်ဝင်စားလာပါသလဲ တွေးဖို့သတိမရ။ ပန်းအကြောင်းဆို စကားလက်ဆုံကျချင်သူ ဝါသနာရှင်ပီပီ စိတ်ရှည်လက်ရှည် ရှင်းပြလို့ နေချေသည်။

အက္ခရာသည် ဂိုဒေါင်ရှေ့ ရောက်လာပြီးမှ ဘာလုပ်ရင် ကောင်းမလဲ စဉ်းစားမရဘဲ ငူငူလေးရပ်ကာ နေမိသည်။ မမြင်ချင်ဟန်ဆောင်ပြီး ပြန်သွားရမှာလား။ ဟိုနှစ်ယောက်နှယ်တော့ အသံစာစာ ပေးလည်းမပေးတတ်၊ လုပ်လည်း မလုပ်ချင်။



www.burmeseclassic.com

www.burmeseclassic.com



ကိုဒေါင်ရဲ့ ခေါက်တံခါးရွက်ဟာ ပွင့်ဟနေ၍ ချိုး ခေါက်နေသော အကွယ်တစ်ချပ်နောက်မှာ လုံလုံရပ်ရင်း ခေါက်ချိုး ပတ္တာကြား အပေါက်မြှောင်း ရှည်ရှည်လေးထဲမှ ချောင်းကြည့်မိ သည်။

အသံစာတွေကြောင့် ထင်ပါ့။ လူရည်ချွန်က ကျောင်း ဆင်းလာပုံရသော လူစုစုဘက် ဝေ့ကာဝဲကာ ကြည့်နေပါသည်။ နှုတ်ဆက်လိုက်ရင်ကော ဘာဖြစ်သေးလဲ။ ကိုယ်တို့ချင်း သိကြ တာပဲဟု အက္ခရာက အားတင်းသည်။ သို့ပေမဲ့ ဘာကိုမှန်းမသိ ရှက်ကာနေလေသည်။

ရိုးရိုးသားသား ဆိုရင်ဖြင့် ဘာမှ ရှက်စရာမရှိတာ အမှန်ပေ။ သူမြင်ရင် သူနှုတ်ဆက်၊ ကိုယ်မြင်ရင် ကိုယ်နှုတ်ဆက် ပေါ့။ ဒါဘာဖြစ်လဲ။ သို့သော် ကိုကိုဓေဦးရဲ့ မျက်လုံးပြူးကြီးကို လည်း မြင်ယောင်လာပေသေးရာ အက္ခရာမှာ ရွံ့တွန့်တွန့်နှင့် မဝံ့တဝံ့ ရှိလှပါသည်။

“ဟဲ့ ...”

“ဩော် ... လန့်လိုက်တာ မိမိရာ”





“နင်ကလည်း ခုထိကိုပဲ လိုက်ချောင်းနေရလား၊ ဟိုမှာ ဟိုနှစ်ယောက်လည်းပဲ အသံဝင်တော့မယ်၊ ပန်းပင်တွေကို လည်း ကောက်ကာငင်ကာ အလေးတကြီး စိတ်ဝင်စား နေလိုက်တာ၊ ငါဖြင့် ရှင်းပြနေတဲ့ အန်တီကြီးကို သနားပါ ဘိတော့”

“နင် မပြန်သေးဘူးလား”

“ငါ့ကား ထွက်ကြည့်တာ လာမကြိုသေးလို့၊ နင်ကပဲ မေးရသေးတယ်၊ နင်ကျတော့ရော၊ ကိုယ့်ကားပေါ် ကိုယ် တက်မောင်းပြန်ရမှာကို ဒီလောက်တောင် နောက်ဆံငင်နေ ရသလား၊ အင်း ... အဲဒီလူရဲ့ ဆွဲဆောင်မှုကလည်း အား ကောင်းလိုက်တာနော်”

“ဟဲ့ ... ငါက ငါနဲ့သိလို့ ကြည့်နေတာဟဲ့”

“သိရင် ခေါ်ပေါ့”

“မခေါ်လည်း မခေါ်ချင်လို့ပေါ့”

“မဖြစ်နိုင်ပါဘူး၊ နင့်အစ်ကို နင့်ကို ဒီလောက်တိုတာ၊ ဒီလောက်ချောတဲ့ လူတစ်ယောက်နဲ့ အသိအဖြစ်ခံမှာ မဟုတ်ပါဘူး”



www.burmeseclassic.com

www.burmeseclassic.com



"အောင်မာ ... ငါကပဲ ညာပြောနေတဲ့အတိုင်းပဲ၊ သူ့နာမည် လူရည်ချွန် တဲ့၊ တကယ်သိတာ"

"လူရည်ချွန် တဲ့လား၊ နာမည်ကလည်း လုပ်ကြံထားတဲ့ နာမည်လိုပဲ၊ မယုံပါဘူး၊ နင့်ပါးစပ်ထဲ တွေ့တာလျှောက် ပြောနေတာ မဟုတ်ဘူးလား"

"အောင်မာ ... မယုံရင် နင် သွားခေါ်ကြည့်ပါလား"

"ငါ တကယ်ခေါ်ကြည့်မှာ"

အက္ခရာက မိမို့ကို မျက်စောင်းလှည့်ထိုးစဉ် မိမိက နှုတ်ခမ်းနား လက်ဝါးလေးအုပ်ကာ ...

"လူရည်ချွန်"

တကယ်ပဲ အသံကိုမြှင့်ကာ အော်လိုက်ပါသည်။ အက္ခရာက ခေါက်တံခါးနောက် ပိုဈ်တိုးကပ်ပုန်းရင်း ပတ္တာကြားက ပဲ ချောင်းကြည့်ကာ ...

"ဟဲ့ ... တကယ်သွားခေါ်ရသလား"

"လူရည်ချွန်"

မိမိက နောက်တစ်ခွန်း အသံထပ်မြှင့် အော်ခေါ်လျှင် လူရည်ချွန်သည် အသံလာရာဘက် လှည့်ကြည့်ပါသည်။





မိမိ အော်နေတာကို သိသော ဖွေနှင့် ပပပင် မိမို့ဘက် အူကြောင်ကြောင်လေးတွေ ကြည့်နေကြပါသည်။

သူ့ကို စိုက်ကြည့်လာသော လူရည်ချွန့်ကို မိမိက ပြုံးစပ်စပ်ကလေး လုပ်နေ၍ လူရည်ချွန်က မျက်ခုံးပင့်ကာ ...

"ကျွန်တော့်ကို ခေါ်သလား"

"ဟုတ်ကဲ့ ... ဪ ... ဟင့်အင်း မခေါ်ပါဘူး၊ ဒီမှာ သူက နာမည်က လူရည်ချွန်လို့ ပြောတော့ မယုံလို့ ခေါ်ကြည့်တာ"

တံခါးချောင်ထဲ မိမိက လက်ညှိုးညွှန်ထားရာမှ တံခါးချပ် ကွယ်နေတာကို သတိပြုမိလျှင် တံခါးရွက်ကို နောက်ဘက်သို့ တွန်းခေါက်လိုက်ပါသည်။ မိမိ အဲသလို ဖော်လိုက်မည် မထင်၍ ငြိမ်ရပ်နေဆဲ အက္ခရာသည် ဘွားခနဲ ထင်းထင်းကြီး ပေါ်လာရကာ ရှက်ရှက်နှင့် မျက်နှာရဲတွတ်သွားရပါသည်။

လူရည်ချွန်က မျက်ခုံးပင့်၍ အံ့သြသွားဟန်ပြုပြီး အက္ခရာ ရှိရာသို့ လျှောက်လာပါသည်။ အက္ခရာများ မတွေ့ခဲ့လျှင်တော့ သူကပဲ စ,တွေ့သလို တအံ့တသြ လုပ်လိုက်မည်ကို စိစဉ်လာသော လူရည်ချွန်သည် ကျောင်းဆင်းသွားသူတွေထဲ



www.burmeseclassic.com

www.burmeseclassic.com



အက္ခရာ ပါသွားပြီလားကိုတော့ အကဲခတ်ကြည့်ကာ မျက်ခြည်မပြတ်ပါ။

သူ့နာမည် အော်သံကြားကတည်းက အက္ခရာသူ့ကို တွေ့ပြီးပြီဆိုတာ သေချာသွားတော့တာပင်။ အော်ခေါ်တဲ့ ကောင်မလေး ဖော်ကောင်လုပ်မှုကြောင့် ဘွားခနဲ အရှက်ကြီးစွာ ပေါ်လာသော အက္ခရာ မျက်နှာလေးကို ကြည့်ကာ သူ့စိတ်ထဲ ကျေလည်းနပ် ပီတိလည်းဖြစ်။

"ခရာ ... ဒီမှာ ... ဘာလဲ ကျူရှင် တက်တာလား"

အနားရောက်လာသော လူရည်ချွန်က မေးလျှင် အက္ခရာက ရှက်ပြုံးတုံ့တုံ့နှင့် ...

"အင်း"

"သြော် ... ဒီအပေါ်ထပ်မှာ ကျူရှင်ကိုး၊ ဘာသင်တာလဲ၊ အင်္ဂလိပ်ရှိလား"

"ဟုတ်ကဲ့ ... စပီကင်"

"သြော် ... ကိုယ်က ဒီခြံကလေးမှာ ပျိုးအိုးတွေ ရောင်းတယ် ကြားလို့၊ ပန်းမျိုးအိုးလေးတွေ လိုချင်လို့ လာကြည့်တာ၊ ခုန ကိုယ့်ကိုခေါ်တာ ခရာလား"





"ဟင့်အင်း ... သူ"

"ဟို ... ဟို ... အက္ခရာက အဲဒီလူကြီးနာမည် လူရည်ချွန် တဲ့လို့ ပြောလို့ မယုံတာနဲ့ ဟုတ်မဟုတ် ခေါ်ကြည့်တာပါ၊ အဟင်း ..."

အက္ခရာဟာ သူ့ကို ဒီအောက် ဆင်းမလာခင်ကတည်းက တွေ့ပြီးသား ဆိုတာ လူရည်ချွန် ရိပ်မိနိုင်ပါသည်။ တွေ့မှာပေါ့၊ အပေါ်ထပ် စာသင်ခန်းဟာ မှန်ချပ်ညိုကြီးတွေနဲ့သာ ကာရံထားတဲ့ဉစ္စာ၊ အပြင်ကနေ လှမ်းမမြင်နိုင်ပေမဲ့ အထဲက လူတွေက အပြင်ဘက်ကို ကောင်းကောင်းကြီး မြင်နေရနိုင်ပါသည်။

လူရည်ချွန် တမင်တကာ စုံစမ်း၍ ရောက်လာရကာ ပန်းပျိုးအိုးကလေးတွေကို တကူးတက အကြောင်းရှာ ဝယ်နေရသည့် အဖြစ်ကို အက္ခရာ ရိပ်မိပုံမရတာမို့ အခြေအနေကို လူရည်ချွန်က ကျေနပ်နေပါသည်။

ဒီရက်ပိုင်းအတွင်း သူ့ကျူရှင်နဲ့ ပတ်သက်တဲ့ အချက်အလက်တွေကို မေရည်မွန် တီးခေါက်မေးမြန်း စုံစမ်းခဲ့တာကို ကောင်မလေး မေ့လျော့နေသည် ထင်ပါရဲ့။ ဒါမှမဟုတ် မမကိုက အစုံစမ်း ပိရိသေသပ်လွန်းတာလည်း ဖြစ်နိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ခရာ ပြန်တော့မှာလား"

"အင်း ... ပြန်တော့မှာလေ၊ စာသင်တာ ပြီးသွားပြီ"

"ဘယ်သူ လာကြိုမလဲ၊ ကိုယ်လိုက်ပို့ပေးမယ်လေ"

"ခရာ့မှာ ကားပါတယ် ကို ... ကိုလူရဲ့၊ ခရာ ကိုယ့်ဘာသာ မောင်းလာတာ"

ကိုလူတဲ့ ...။ ခေါ်ပုံလေးကိုလည်း လူရည်ချွန် နှစ်ခြိုက်ကျေနပ်သွားရပါသည်။ ကားပါလာသည် ဆိုတဲ့အဖြစ်က တော့ နှစ်ခြိုက်ဖို့ မကောင်း။ ကံကောင်းလျှင် အကူရာကို အိမ် ပြန်ပို့ပေးခွင့် ရကောင်းရနိုင်သည်ရယ်လို့ မျှော်လင့်လာတာ။ ကားပါတယ် ဆိုမှတော့ ဘယ်လိုမှ ပို့ပေးလို့ မရနိုင်တော့။

"ကိုလူ ပို့ချင်ရင် သူ့ကိုပို့လိုက် ... အဟိ"

အကူရာက ဘေးက ကောင်မလေးကို မေးငေါ့ ပြောလိုက်၍ လူရည်ချွန်မှာ ငြင်းရလည်းခက်ကာ စိတ်ဓာတ်ကျ သွားရပါသည်။

"အောင်မာ ... စိတ်ပုပ်မ၊ ငါ့အိမ်က လာကြိုမှာလေ ... ဟွန်း၊ ကားတောင် ရောက်နေလောက်ပြီ သွားမယ်၊ နင် အာလူးပေးပြီး အပိုတွေ လျှောက်ပြောနေသလား သိရအောင် စမ်းသပ်နေတာနော်"





"လျှောက်ပြောစရာလား၊ အဲဒါ ငါ့ယောက်မ မမမွန်ရဲ့ မောင်၊ သိပြီလား"

"ဪ ... မမမွန် မောင်ကိုး၊ သိပြီ ... သိပြီ၊ သွားလည်း သွားပြီ၊ ကိုလူရည်ချွန် သွားလိုက်ပါဦးမယ်ရှင်"

ကလေးမတို့သည် အလကားနေ ရယ်ချင်နေကြ သလား မသိ။ ပြုံးစိစိ နှောက်တောက်တောက်ကလေးတွေ။ နားလေးမှာ မယောင်မလည် ရပ်စပ်စုနေသော ခပ်လှလှ နှစ် ဆောက်ကလည်း ရှိသေးသည်။ ပန်းခြံထဲလာပြီး အသံပေးနေတာ ကိုလည်း လူရည်ချွန်က ရိပ်မိပါသည်။

စာသင်ခန်းထဲက အားလုံးလိုလိုဟာ လူရည်ချွန်ကို အပေါ်ကနေ ဆီးမြင်နေကြကာ စိတ်ဝင်တစားစား ဖြစ်နေကြပုံ ပါပဲ။ အကူရာ မျက်နှာကလေးဟာ ထိုစိတ်ဝင်တစား ဖြစ်ခဲ့ရသည့် သူနှင့် ရင်းနှီးစွာ နှုတ်ဆက်ပြောဆိုနေရခြင်းအပေါ် ကျေနပ်တစ် ဝက် ရှက်တစ်ဝက်နှင့် ...။

"ခရာ ... မပြန်သေးဘူးလား"

ဖွေနှင့် ပပက အကဲခတ်ခတ် ရိရာမှ မယောင် လည် ကပ်လာကာ စကာ စ, ရှာလိုက်ပါသည်။ ဒီဟာမနှစ်



www.burmeseclassic.com

www.burmeseclassic.com



ကောင်ကိုလှ့ကို တအားသိချင်နေကြပြီကို အကွရာ ရိပ်မိစွာ သိပ်ပြီး မကျေနပ်ချင်လှပေ။

"ပြန်မှာပေါ့"

"အဲ့ဒါ ရှင့်အစ်ကိုလား‌ဟင် ယောက်မ"

စွေက တိုးတိုးကလေးကပ်ကာ လှုရည်ချွန် မကြား အောင် မေးပါသည်။ နောက်တာလိုလိုနှင့် အတည်လုပ် ပြောနေ တာ သိတော့ အကွရာက မကြည်ဖြူချင်ပေ။ တမင်တကာ ပင်...

"အစ်ကို မဟုတ်ပါဘူး ... အသိပါ"

ဘာမှ မပတ်သက်တာကို ရှင်းရှင်း သိထားစေလိုက် သည်။ နို့မို့ရင် ဒီမိန်းမနှစ်ကောင်က နေ့စဉ်နဲ့အမျှ သူ့ကို ယောက်မ ခေါ်နေကြတော့မှာပါ။ နောက်တဲ့ ပြောင်တဲ့ သဘော မျိုးလည်းရှိကာ အတည်သဘောနှင့် အရောတဝင် ဖြစ်ရရင်လည်း ကျေနပ်သဘောကျနေမည့်ဟာတွေ။

"ဩော် ...၊ ယောက်မ တော်မလို့ဟာကွယ်၊ စိတ်တောင် မကောင်းဘူး"

ငပေါမတွေ ...။





လှည့်ထွက်သွားသည့် ထိုနှစ်ယောက်ကို စိတ်ထဲက ကျိတ်ကာ ထောပနာပြီး အကွရာကလည်း သွဲ့သွားဖို့ပြင်လိုက်ပါ သည်။ ဒီတိုင်းကြီး ဘာဆက်လုပ်နေရမှာတုန်း။

"ခရာ"

"ရှင်"

"ဒီကအပြန် တစ်ခုခု ဝင်စားလို့ ရမလား၊ သိပ်မဝေးတဲ့ တစ်နေရာရာမှာပေါ့"

အကွရာက မျက်လုံးဝိုင်းသွားကာ ကမန်းကတန်း ခေါင်းစားသည်။ မေမေ့ကို ပြန်ပြောပြလျှင် မေမေကတော့ ဘာမှ ပြောမည်မထင်ပါ။ သို့သော် ဟိုးတစ်နေ့က ကိုကို့ရဲ့ မျက်လုံး ပြူးကြီးကို မြင်ယောင်ကာ မဝံ့မရဲ ဖြစ်မိသည်။ ကိုကိုက အရော ဝင်စေချင်တာ တဲ့တိုး ပြောထားပါလျက် သွားလို့ဘယ်ကောင်း ပါ့မလဲ။ ကိုကို တားမြစ်တာသည် ကိုလှုကများ မကောင်းတဲ့သူ မို့လို့လား။ အကွရာလည်း သိတာမဟုတ်။

"ဟို ... မရဘူး ထင်တယ်၊ မေမေ စိတ်ပူနေလိမ့်မယ်၊ ကျူရှင်ဆင်းတဲ့ အချိန် သိနေတော့ နောက်ကျနေရင် မေမေ မျှော်နေမှာ"



www.burmeseclassic.com

www.burmeseclassic.com



လိမ်လိမ်မာမာ လေသံလေးကို လူရည်ချွန်က ချစ်စနိုး နှင့် ပြုံးနေမိကာ ...

"ဒါဆိုလည်း နောက်မှပေါ့"

"ဒါဖြင့် ခရာ ပြန်တော့မယ်နော်"

ခေါင်းညိတ်ပြလိုက်တဲ့ လူရည်ချွန်ကို ပြုံးပြပြီး ငိုက်စိုက်စိုက်နှင့် ခလုတ်တိုက်မလို အပြေးတပိုင်း လှည့်ထွက် လာမိပါသည်။





## ၅

လူရည်ချွန်သည် ကားကို ပါကင်ထိုးဖို့ ပြင်နေဆဲ ...င် နှစ်စီးကျော်လောက်မှာ ပါကင် လုပ်ထားပြီးသား ကားပေါ်မှ ...ဆင်းလာသော အက္ခရာကိုတွေ့လျှင် အံ့သြရွှင်မြူသွားကာ ...

"ရှတ် ... ဟိတ်"

Hotel ဘက် လျှောက်နေပြီဖြစ်သည့် အက္ခရာကို ...လှမ်း၍ အသံပြုသည်။ အက္ခရာက ကြားပုံမရ။

"ရှတ် ... ရှတ် ... ခရာ"

အသံမြင့်ကာ ကျယ်ကျယ်အော်လိုက်မှ ကြားသွား ...ကာ ဝေ့ဝေ့ဝဲဝဲနှင့် လှည့်ကြည့်ပါသည်။ လူရည်ချွန်က လက်ပြ ...လိုက်၍ အက္ခရာလည်း အံ့သြသွားပုံနှင့် ခြေစုရပ်ကာ စောင့်နေ ...လေသည်။



www.burmeseclassic.com

www.burmeseclassic.com



လှရည်ချွန်က ကားကို မြန်မြန်ပါကင်ထိုး ရပ်လိုက်ပြီး ကားပေါ်မှ ဆင်းလာသည်။ ဒီတစ်ခါတော့ အမှတ်မထင် ကြုံကြိုက် တိုက်ဆိုင်လိုက်ရတာမို့ သူ အံ့ဩဝမ်းသာ နေပါသည်။ အက္ခရာကို မကြာမကြာ တွေ့ချင်ပေမဲ့ အိမ်သွားလည်လို့ ရနိုင်မည့်အဆင့်မျိုးလောက်လည်း မရှိသေးတော့ သူ့မှာ တွေ့စရာ အကြောင်းမရှိ။

"ခရာ ... ဘယ်ကို လာတာလဲ"

"ဒီ Hotel ကိုပဲ ... ကိုလှရော"

"ကိုယ်လည်း ဒီပဲ လာတာ"

လှရည်ချွန်က လက်ထဲက လက်ဆောင်ကြွပ်ကြွပ်အိတ်ပျော့ကို မြှောက်ပြလိုက်ရင်း ...

"ဒီဟိုတယ်မန်နေဂျာက ကိုယ့်သူငယ်ချင်း အရင်းအချာတစ်ယောက်ရဲ့ အစ်ကို၊ ကိုယ်နဲ့လည်း ခင်တယ်၊ ပြန်ရောက်ပြီးကတည်းက သူ့ဆီလည်း မရောက်၊ မတွေ့ဖြစ်သေးလို့ လက်ဆောင်လာပေးရင်း ဝင်လာတာ၊ ခရာကကော တစ်ယောက်ယောက် ဒီမှာ တည်းနေလို့လား"

"ဟင့်အင်း"





အက္ခရာက ပြုံးပြုံးလေး လုပ်ကာ ...

"ဒီဟိုတယ်က Receptionist လိုနေလို့ နှစ်နေရာ ခေါ်ထားတယ်၊ အဲဒါ သွားလျှောက်ထားတာ၊ ဒီနေ့ အင်တာဗျူးဆိုပြီး အိမ်ကို အကြောင်းကြားထားလို့ အင်တာဗျူးလာဖြေတာ"

"ဪ ... ဟုတ်လား၊ ခရာက အလုပ်ဝင်တော့မလို့လား"

"ခရာကဖြင့် ဝင်ချင်တာ ကြာလှပြီ၊ ကိုကိုက ကဂျီကကျောင် လုပ်နေလို့ အလုပ်မလုပ်ရတာ ကိုလှရဲ့၊ အခု ဒီကခေါ်တော့ အရမ်းလုပ်ချင်တာပဲ၊ Receptionist ဆိုတော့ ကြော့ကြော့လေး ရပ်နေရတာ၊ အလုပ်လည်း မများဘူး၊ ဧည့်သည်လာရင် ဖြေ၊ ဖုန်းဖြေ၊ ဒါပဲလေ ...

အဲဒါ ခရာ တအားပူဆာတော့ ဖေဖေရော မေမေရောကလည်း လုပ်ရင်လုပ်လေ ဆိုပြီး ကိုကို့ကိုပါ ဝိုင်းပြောပေးကြလို့ လျှောက်ခွင့်ရတာ၊ ဒီ Hotel က နိုင်ငံခြားကုမ္ပဏီတစ်ခုရဲ့ လက်အောက်ဆိုတော့ လခကလည်း FEC နဲ့ ရမှာတဲ့ ကိုလှရဲ့"

"ဟုတ်တယ်၊ ဒီက လခတွေ FEC နဲ့လို့ ကိုယ်လည်း သိထားတယ်၊ ဒီမှာလုပ်ရင် မဆိုးပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်အတူ ဟိုတယ်ထဲဝင်ခဲ့ကာ Reception မှာပဲ စုံစမ်းကြည့်လိုက်ပါသည်။ အကွာရာက ဒီနေ့ အင်တာဗျူး ဖြေရမည့်သူတွေနှင့်အတူ ညှော်ခန်းလေးမှာ ထိုင်စောင့်ကျန်ရစ်ရ ကာ လူရည်ချွန်ကတော့ မန်နေဂျာ ဦးမိုးထွန်းဆီ ဖုန်းဆက်လိုက် လျှင် သူ့ရုံးခန်းဆီ ဝင်လာခွင့် ပြုလိုက်တာမို့ မန်နေဂျာခန်းထဲ ဝင်သွားလိုက်ပါသည်။

ဦးမိုးထွန်းသည် လူရည်ချွန့် သူငယ်ချင်း မိုးဆန်း၏ အစ်ကိုဖြစ်၍ ဟိုးငယ်ငယ်ကပင် လူရည်ချွန်တို့နှင့် ရင်းနှီးသည်။ သူငယ်ချင်းလိုရော အစ်ကိုလိုပါ ခင်မင်ရသူဖြစ်ရာ လူရည်ချွန် ဒီမှာ ရှိလျှင်တော့ မကြာမကြာဆိုသလို သွားလာလည်ပတ်ဖြစ် ပါသည်။

မိုးဆန်းက လောလောဆယ် သင်္ဘောမှာမို့ ဒီမှာ မရှိ။ မိုးဆန်း မရှိလည်းပဲ ဆုံဖြစ်နေကျပဲမို့ ဦးမိုးထွန်းက ဝမ်းသာအားရပင် ဆီးကြိုပါသည်။

"ဟော ... ဖိုးလူ၊ ဘယ်တုန်းက ပြန်ရောက်လဲ"

"ရက်နှစ်ဆယ်တောင် ကျော်ပြီ ကိုမိုးရ"

"မင်းကလည်း ရောက်ရောက်ချင်းတော့ မလာဘူး၊ တခြား သွားစရာမရှိတော့ဘဲ ပျင်းမှပဲ ရောက်လာတာ မဟုတ်လား"





"မဟုတ်ပါဘူး ကိုမိုးရာ၊ လုပ်ရှားနေတာလေးတွေရှိလို့၊ အေးအေးဆေးဆေး မအားသေးလို့ပါ၊ ရော့ ... ကိုမိုးဖို့ ပါလာတာ"

လူရည်ချွန် ကမ်းပေးသော အိတ်ပျော့ထဲက နက်ကတိုင်၊ ရှပ်အင်္ကျီ၊ ခါးပတ်တို့ကို ဦးမိုးထွန်းက ချက်ချင်းပဲ ထုတ်ကြည့်ပြီး သဘောကျနေပါသည်။

"အလုပ်များနေလား ကိုမိုး၊ ရရဲ့လား"

"ပါတယ်ကွ၊ အလုပ်တော့ ရှိတာပေါ့၊ ဒါပေမဲ့ မင်း ဒီမှာပဲထိုင်နေလေ၊ အခန်းထဲ မင်းရှိနေလည်းပဲ ငါ လုပ်စရာရှိတာတွေက လုပ်လို့ရပါတယ်၊ မင်း ဘာသောက်မလဲ"

"ဘာကောင်းလဲ ကိုမိုး"

"ကော်ဖီ ကောင်းတယ်ကွ၊ ကောက်ဖီသောက်၊ ဘာမုန့် စားဦးမလဲ"

"မစားတော့ဘူး ကိုမိုး"

ဦးမိုးထွန်းက အပြင်ကို ဖုန်းဆက်ကာ ကော်ဖီနှစ်ခွက် မှာသည်။

"ငါ ဒီမှာကို မင်း ဘယ်ကသတင်းရလာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အန်တီ့ဆီ ကျွန်တော် ဖုန်းဆက်လိုက်သေးတယ်၊ မိုးဆန်းနဲ့ သဘော်ချင်း စကားလှမ်းပြောရင်း မိုးဆန်း မှာလိုက်တာလေး ပိုက်ဆံကိစ္စ လှမ်းပြောပြတာ၊ အဲဒါ အန်တီပြောလို့ သိရတာ၊ ကိုမိုး အရင်ဂျပန်နဲ့ မလုပ်တော့ဘူးတဲ့၊ ဒီဟိုတယ်မှာ မန်နေဂျာရတယ် ပြောလိုက်လို့၊ အဆင်ပြေနေတယ်ဆို"

"အဆင်ပြေတယ်ပဲ ဆိုပါစို့ကွာ၊ လခမဆိုးပါဘူး၊ ဒါပေမဲ့ ခေါင်းတော့စားသားကွ၊ ဒီမှာ ငါပြီးရင် တစ်ဆင့်ကြီးတာ မရှိတော့ဘူး၊ လူကြီးက ပြင်သစ်လေ၊ ပြင်သစ်ကြီးက တစ်ခါ တစ်ခါမှ လာတာ၊ ဒီမှာ မနေဘူး၊ ဒီတော့ ဒီဟာကြီးကို တိုးတက်ဖို့ကိစ္စ အဝဝက ငါ့ခေါင်းပဲပေါ့ ..."

သိတဲ့အတိုင်း ဟိုတယ်လုပ်ငန်းက ခေါင်းရှုပ်ရတယ်၊ မျိုးစုံပရိုမိုးရှင်း လုပ်နေရတာပေါ့၊ ညှိသည်ပဲ မှီနိုရရင်တော့ မလွယ်ဘူးကွ၊ မင်္ဂလာဆောင် ခန်းမရယ်၊ ညနေနဲ့ ညဘက် မြူးဇစ်ကလပ်စ် ဖွင့်ထားတာရယ်၊ Restaurant ရယ်နဲ့ ထိန်းပြီး Run နေရတာပေါ့၊ Restaurant ကိုလည်း ဈေးနှုန်းခပ်သင့်သင့် ထားပေးရတယ်၊ ကော်ဖီဘားလေး





လည်း ရှိတယ်ပေါ့ကွာ၊ မင်္ဂလာဆောင်တော့ တော်တော်လက်ခံရပါတယ်"

"ဒီ ဟိုတယ် မကြာသေးဘူးနော်"

"ဆောက်တာတော့ ကြာပြီလေ၊ အရင်က(---)နာမည်နဲ့လေ၊ ငါတို့ ပြင်သစ်ရဲ့ Hotel Group ကြီးက လက်လွှဲဝယ်လိုက်တာ၊ ခြောက်လပဲ ရှိသေးတယ်ကွ၊ အသစ်သဘောလုပ်ရတာပါပဲ"

"ဝန်ထမ်းတွေက အရင်က ဟာတွေပဲ ဆက်သုံးတာလား"

"တချို့ ဆက်ခန့်ပေးတယ်၊ တချို့လည်း အသစ်ပြန်ခန့်တယ်၊ ဒီနေ့တောင် Receptionist နှစ်ယောက် အသစ်ခန့်ဖို့ ငါ အင်တာဗျူး လုပ်ရဦးမယ်၊ အခုရှိတဲ့ နှစ်ယောက်ထဲက တစ်ယောက်က ရာထူးတိုးတဲ့ သဘောနဲ့ ရုံးပိုင်းရွှေ့မယ်၊ တစ်ယောက်က လကုန်ရင် ထွက်မှာမို့ နှစ်ယောက်လုံး အသစ်ခန့်ရမယ်"

"အင်တာဗျူး လုပ်ဖို့က အဖွဲ့ပါသေးလား"

"မပါဘူး၊ ငါ တစ်ယောက်တည်း လုပ်ရမှာ"

"သြော် ... ဟဲ ဟဲ"



www.burmeseclassic.com

www.burmeseclassic.com



လှရည်ချွန်က ရယ်လိုက်၍ ဦးမိုးထွန်းက ရောပြီး ကာ ...

"ဘာလဲကွ"

"ဒီနေ့ အင်တာဗျူးဖြေမဲ့ထဲမှာ ကျွန်တော့် ကောင်မလေး လည်း ပါတယ်ဗျ ... ဟဲဟဲ"

"သြော် ... ဟော့ကောင်၊ မင်းက ဒါကြောင့် ငါ့ဆီ ဒီနေ့ ရောက်လာတာပေါ့လေ"

"ဟာ ... မဟုတ်ရပါဘူး ကိုမိုးရာ၊ ကျွန်တော့် ဘာသာ ကိုမိုးဆီကို သတ်သတ်လာတာပါ၊ ဒီရှေ့ရောက်မှ သူနဲ့ဆုံ တာ၊ သူပြောမှပဲ သူ အင်တာဗျူး လာဖြေတယ်လို့ သိရ တာ"

"ဟုတ်လည်း ရပါတယ်ကွာ၊ မင်း ကောင်မလေး အင်တာ ဗျူးဖြေမှာမို့ လိုက်လာပြီး ငါ့ကို မျက်နှာလာပြတယ်ဆို လည်း ရပါတယ်"

"တကယ် မဟုတ်ပါဘူး ကိုမိုးရာ၊ တကယ်ပါ"

"အေးပါကွာ၊ ငါကစ,တာပါ၊ မင်းကောင်မလေး ဆိုတော့ လည်း ကြည့်လုပ်ရမှာပေါ့၊ မင်းက အရင်က ဘာမှမရှိပါ





ဘူးဆို၊ ပြန်ရောက်တာ ရက်နှစ်ဆယ်အတွင်း ကောင်မ လေးတစ်ယောက် ရတယ်ဆိုတော့ လွန်လှချည်လား"

"ဟဲ ဟဲ ...၊ ကျွန်တော့် ကောင်မလေး ဆိုတာ ကျွန်တော့် တစ်ဖက်သတ်ကို ပြောတာ ကိုမိုးရ"

"သြော် ... ဒီလိုလား"

"ဒီလို ... မမမွန် ယောက်ျားရဲ့ ညီမလေး၊ မမမွန် ယောက်မလေးပေါ့"

"သြော်"

"သူက ဘာအလုပ်မှတော့ မလုပ်ဖူးဘူး၊ ဒါ သူ့ဘ၀မှာ ပထမဆုံး အင်တာဗျူးပဲ"

"ဟုတ်လား၊ ဒီရာထူးက ဘာမှ ဒီလောက်မလိုပါဘူး၊ ရုပ်ရည် ကိုယ်နေဟန်ထားလေး Smartဖြစ်မယ်၊ English speaking အနည်းအကျဉ်း ရမယ်ဆိုရင် ဖြစ်ပါတယ်"

"ပထမ တစ်ချက်ကတော့ ပြည့်စုံတယ်၊ Speaking တော့ မသိဘူး ကိုမိုးရ၊ English နဲ့တော့ ကျောင်းပြီးတာ ပဲ"

"အိုကေနိုင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အိုကေရမယ်လေ၊ ကိုမိုး တစ်ယောက်တည်းကြည့်ပြီး ခန့်ရမဲ့ ကိစ္စပဲဟာ၊ ဒါမှ မအိုကေရင်လည်း ကိုမိုးက ဘာအားကိုးရဦးမှာလဲ"

ဦးမိုးထွန်းက လှရည်ချွန့် စကားကို ရယ်နေပါသည်။ လာပို့သော ကော်ဖီကို သောက်ရင်း ခဏတဖြုတ် စကားပြောဆိုနေပြီးလျှင် ကိုမိုးက နာရီတစ်ချက်ကြည့်လျက် ...

"ငါ အင်တာဗျူး စ,လိုက်ဦးမယ်"

အပြင်ကို ဖုန်းဆက်၍ အင်တာဗျူးစမည်ဖြစ်၍ တစ်ယောက်ချင်း အခန်းထဲပို့ပေးဖို့ ကိုမိုးက အကြောင်းကြားသည်။

"ကျွန်တော် အပြင်ထွက်လိုက်မယ်နော်"

"မထွက်ပါနဲ့၊ ရပါတယ်၊ ဘယ်သူမှ ရှိတာမှ မဟုတ်တာ"

ဦးမိုးထွန်း ခွင့်ပြုတော့ လှရည်ချွန်ကလည်း ဆက်ထိုင်နေလိုက်ပါသည်။ အရင်ဆုံးရောက်ကာ နာမည်ပေးနှင့်ပြီးသော အစီအစဉ်အတိုင်း လူကိုသွင်းပေးတာမို့ တစ်ယောက်ပြီး တစ်ယောက် အလှည့်ကျ ဝင်လာသည်။

ဒီရာထူး အတွက် သတင်းစာထဲက ခေါ်တာမျိုး၊ လစ်လပ်ကြောင်း ကြော်ငြာတာမျိုး မရှိဘဲ နီးစပ်ရာ သတင်းကြား





သောက်သာ တိတ်တိတ်ဆိတ်ဆိတ် လာလျှောက်ကြတာမို့ လူကလည်း မများလှ။ စုစုပေါင်းမှ ကိုးယောက်သာ ရှိပါသည်။

ကိုးယောက်မှာ အက္ခရာရဲ့ နံပါတ်စဉ်က "ခြောက်"။ ခြောက်ယောက်မြောက်မှာ အက္ခရာ ဝင်လာပါသည်။ အက္ခရာရဲ့ နာမည်ကို လူတွေ့စ,မခေါ်ခင်ကတည်းက ဦးမိုးထွန်းကို ပြောပြထားတာမို့ ဝင်ထိုင်လိုက်ကတည်းက ဦးမိုးထွန်းက တရင်းတနှီး ပြုံးပြကြိုဆိုလိုက်ပါသည်။

အက္ခရာသည် အခန်းထဲတွင် လှရည်ချွန့်ကို တွေ့လိုက်ရ၍ ရှိုးတိုးရှန့်တန့် ဖြစ်သွားပါသည်။ အင်တာဗျူးသူအားလုံးကို လွယ်လွယ်ကူကူ မေးခွန်း အနည်းအကျဉ်းမျှသာပဲ အင်္ဂလိပ်လို မေးတာမို့ အက္ခရာကိုလည်း ဦးမိုးထွန်းက ရောက်တတ်ရာရာတွေသာ လျှောက်မေးပါသည်။

နာမည် ဘယ်လိုခေါ်လဲ၊ ဘာနဲ့ ကျောင်းပြီးသလဲ၊ အလုပ် လုပ်ဖူးသလား၊ စသဖြင့် ယေဘူယျကျသော မေးခွန်းမျိုးတွေ မေးပြီးလျှင် ဒီအလုပ်ခေါ်တဲ့သတင်း စ,ကြားပုံက စ,ပြီး အစုအင်တာဗျူးခန်းထဲ ဝင်လာတဲ့အထိ ကြားထဲက လှုပ်ရှားမှု ဆောင်ရွက်မှုတွေ ခံစားချက်တွေကို အကျဉ်းချုပ် ပြောခိုင်းပါသည်။



www.burmeseclassic.com

www.burmeseclassic.com



လူရည်ချွန် ရှိနေသည်ဖြစ်၍ အနည်းငယ်ရှက်ပြီး မျက်နှာကလေး နီမြန်းနေတာကလွဲလျှင် အက္ခရာသည် ချိုအေးကာ စနစ်ကျနစ် သေသပ်သော အသံထွက်ကလေးနှင့် အင်္ဂလိပ်လို နိုင်နိုင်နင်းနင်းကလေး ပြောသွားနိုင်ပါသည်။

အက္ခရာ ပြောပြပြီးလျှင် ဦးမိုးထွန်းက ပြုံးပြီး လူရည်ချွန်ကို လှည့်ကြည့်ကာ ...

"ကိုင်း ... ပြည့်စုံပြီလား၊ ငါ ဘာမေးရဦးမလဲ"

"ဟာ ... ကိုမိုးက လူကြီးပဲ၊ ကိုမိုးက ဗျူးရမဲ့သူ၊ ကိုမိုး မေးချင်တာ မေးပေါ့"

"တော်လောက်ပါပြီ ထင်ပါရဲ့၊ English speaking လည်းပဲ Fluence ဖြစ်သားပဲ၊ ပြီးတော့ မင်းပြောတဲ့အတိုင်း ပထမအချက်ကလည်း ပြည့်စုံတာပဲဟာ"

"ဒါဖြင့်လည်း ပြီးတာပဲပေါ့ဗျ"

အက္ခရာက မန်နေဂျာလူကြီးနှင့် လူရည်ချွန်တို့ရဲ့ ရင်းနှီးမှုကို တအံ့တဩလေး ကြည့်နေပါသည်။

"ကဲ ... ညည်း ကြားတယ်နော်၊ ဒါဖြင့်လည်း ပြီးတာပဲ ပေါ့တဲ့၊ ပိုင်နေတာပဲနော်"





အက္ခရာကို ဦးမိုးထွန်းက တရင်းတနှီး နောက်သည်။

"ဝင်လာကတည်းက ညည်းကို ခန့်စေချင်တဲ့ မျှော်လင့်ချက်တွေ ဆန္ဒတွေက သူ့မှာ ပိတ်ဖုံးနေတာ၊ ညည်းက လည်းပဲ တော်ပါတယ်၊ ကဲ ... ဒီအလုပ် လိုချင်တယ် မဟုတ်လား"

"ဟုတ်ကဲ့ ... လိုချင်ပါတယ်"

"လကုန်ရင် စ,ဝင်မယ် ဟုတ်လား၊ အဲဒီရက်နားကပ်တော့ အိမ်ကို စာနဲ့တစ်ခါ ထပ်အကြောင်းကြားလိုက်မယ်၊ ယူနီဖောင်းက အပြင်မှာ တွေ့ခဲ့မှာပေါ့၊ ကုတ်အနက်၊ စကပ်တစ်ဝက်အနက်၊ အထဲက ရှပ်အဖြူလေးပေါ့၊ ရှူးဖိနပ်အနက် စီးရမယ်၊ ယူနီဖောင်းက ဒီက သုံးစုံထုတ်ပေးမယ်၊ ကိုယ်တိုင်းတွေ ဘာတွေ မလိုပါဘူး၊ ဖရီးဆိုက်ဇ်တွေ ရယ်ဒီမိတ် ချုပ်ထားပြီးသား၊ အလုပ်ခန့်ရင်လည်း ဒီအချိုးအစား အရပ်အမောင်းလောက်ပဲ ခန့်တာဆိုတော့ အဆင်ပြေမှာပါ၊ လိုရင်တော့ ကိုယ့်စရိတ်နဲ့ ကိုယ်ထပ်ချုပ်ပေါ့"

"ဟုတ်ကဲ့ပါ ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



အက္ခရာသည် မယုံနိုင်သလို အံ့သြဝမ်းသာကာ တုန်တုန်ခိုက်ခိုက်ကလေး ပြောမိပါသည်။ သူ့ရဲ့ ပထမဦးဆုံး အတွေ့အကြုံမို့ ဒီအလုပ်ကို လိုချင်ပေမဲ့လည်း မျှော်လင့်ချက် သိပ်ကြီးမထားမိပါ။ ဒါဟာ မန်နေဂျာကြီးနှင့် လူရည်ချွန် ခင်မင်ရင်းနှီးမှုကြောင့်ပဲ ဆိုတာလည်း ရိပ်မိပါသည်။

အပြင်ဘက်က ဧည့်ခန်းကလေးတွေမှာ ထိုင်ပြီး စကားပြောနေကြတုန်းက ဘေးက ပြောဆိုနေတာတွေ ကြားနေရတဲ့အခါ ဒီလူစုထဲမှာ အလုပ်အတွေ့အကြုံ အင်တာဗျူးအတွေ့အကြုံ အတော်ရှိပြီးသူတွေ ပါနေတာ သိရတာမို့ ပိုပြီးတော့တောင် မျှော်လင့်မထားရဲတာပါ။

ခုတော့ သူလိုချင်တဲ့ အလုပ်တစ်ခုရပြီ။ ဘာပဲဖြစ်ဖြစ် အလုပ်တစ်ခုခုလုပ်ခွင့်ရလျှင် ပြီးရောဆိုတဲ့အထိ အလုပ်ဝင်ချင်စိတ် ရှိနေသော အက္ခရာဟာ ဒီအလုပ်ကိုဖြင့် ပိုတောင်မှ စိတ်ဝင်တစား ရှိသေးတာပါ။

"ကဲ ... အက္ခရာ ... သွားလို့ရပြီ၊ လကုန်ရက်နီးရင် ဆက်သွယ်မယ်နော်"

"ဟုတ်ကဲ့ပါ"





အက္ခရာက ထ,ရပ်လိုက်ပါသည်။

"ကဲ ... မင်းလည်း လိုက်ရင် လိုက်သွားပါ ရပါတယ်"

လူရည်ချွန်က ပြုံးကြိကြိနှင့် ထ,ရပ်လိုက်ပါသည်။

"နောက်မှ တွေ့မယ် ကိုမိုး"

"အေးပါကွာ"

နှစ်ယောက်သား အခန်းထဲမှ ထွက်လာကာ မလှမ်းမကမ်း ရောက်လျှင် အက္ခရာက ခြေစုံရပ်၍ လူရည်ချွန်ကို မော့ကြည့်လိုက်ရင်း ...

"ကိုလူ့ကြောင့် ခန့်လိုက်တာ ထင်တယ်နော်"

"ကျွန်တော်က ခန့်လိုက်ပါလို့ မပြောပါဘူး"

"ဘယ်လို ပြောလဲ"

"ကြည့်လုပ်ပါလို့"

အက္ခရာက နှာခေါင်းလေး ရှုံ့လိုက်ပါသည်။ ဆိုတယ်အပြင်ကို ရောက်လာလျှင် လူရည်ချွန်က ...

"ဒီနေ့ကော ဒီကအပြန် တစ်နေရာဝင်ပြီး တစ်ခုခုစားရင် ရမလားဟင် ... မေမေ စိတ်ပူနေမှာပဲလား"

"အင်း ... ပူမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့ ဒီကနေ ဘယ်အချိန်ပြီးမယ် ဆိုတာ မေမေက သိတာမှ မဟုတ်ဘဲ၊ ဒါက အချိန်အတိအကျပြီးတဲ့ ကိစ္စမှ မဟုတ်တာ"

လှရည်ချွန်က ညာတာပါတေးနှင့် အက္ခရာ ပြောသလို မေမေလို့ ထည့်ပြောနေတာကို အက္ခရာက သတိပြုမိသော်လည်း မပြုမိချင်ယောင် ဆောင်ရပါသည်။

"အချိန်တော့ အတိအကျ မသိဘူးပေါ့၊ ဒါပေမဲ့ မေမေက ခရာ ကိုယ့်ဟာကိုယ် ကားမောင်းထွက်သွားရင် သွားတာနဲ့ စ,ပူတော့တာပဲ၊ ပြန်ရောက်မှပဲ စိတ်ပူတာ ပျောက်တာယ်တဲ့"

"ဒါဖြင့် အိမ်ကစ,ထွက်ကတည်းက ပူနေပြီးသား ဆိုတော့ ခဏာတဖြုတ် နောက်ကျရင်လည်း ထူးပြီး ထပ်ပူရတာ မဟုတ်ဘူးပေါ့နော်၊ ပူနေလက်စနဲ့ပဲဟာ၊ ခုနေ အိပ်ပြန်ရောက်လည်း စိတ်ကတော့ ပူပြီးသား၊ နောက်နာရီဝက် တစ်နာရီမှ ရောက်လည်း စိတ်က ပူပြီးသားဆိုတော့ နည်းနည်း နောက်ကျလည်း မထူးတော့ဘူးပေါ့"





လူလည်ကျတဲ့ လှရည်ချွန်ရဲ့ အပြောကြောင့် အက္ခရာ ခပ်ပြုံးပြုံး ဖြစ်လာရပါသည်။ သူ့ ပြောပုံအရတော့ ဟုတ်ပဲ ာ်နေသလိုလို။

"သိပ်မကြာပါဘူး ခရာရဲ့၊ ဆိုင်က နီးနီးကလေးတင်ပါ၊ ဟိုဘက်တစ်ကွေ့ကလေးမှာတင်၊ ခရာ သဘောကျသွားမှာပါ၊ အဲဒီဆိုင်က ရေခဲမုန့်တို့ ဒိမ်ိနီတို့ သိပ်ကောင်းတယ် ခရာ့ အကြိုက်ပေါ့"

အက္ခရာသည် သူ့ရဲ့ ပြောပုံကို မငြင်းနိုင်တော့ကာ က်ဆုံးတော့ သူပြောတဲ့ တစ်ကွေ့ကလေးဆိုတဲ့ဆိုင် (တကယ် တော့ တစ်ကွေ့ကလေးတော့ မက)ကို လိုက်ပါသွားခဲ့မိပါတော့ ည်။

အင်း ... သိပ်ကြီး အပြစ်မကြီးလောက်ဘူး ထင်ပါ တကယ်တမ်းမှာ ကိုကို့ကိုသာ ကြောက်ရတာပါ။ ဖေဖေရော ရောဟာ ယောကျ်ားလေး သူငယ်ချင်းတွေ ဘာတွေ ထား ဲ ဘာမှ မပြောပါ။ ဖုန်းလာရင်လည်း မစစ်မဆေး ခေါ်ပေး ပြောခွင့်ပြုတဲ့ မိဘမျိုးပါ။

www.burmeseclassic.com



ကိုကိုသာ ...။ ငယ်ငယ်ကတည်းက သူငယ်ချင်းထဲက ယောက်ျားလေးတွေကို ခပ်မာမာ မျက်နှာတင်းတင်းလည်း ဆက်ဆံတတ်ရဲ့။ ဖုန်းလာတာကအစ 'ဘာပြောမလို့လဲ' 'ဘာကိစ္စလဲ'ဆိုတာမျိုးတွေနှင့် ရှေ့ကနေ ရစ်နေနှင့်တတ်တာမို့ ရိုးရိုးသားသား ခင်မင်ဖို့သာ စိတ်ကူးရှိသည့် ကောင်ကလေးတွေလည်း စိတ်ပျက်ပျက် အီလည်လည်နှင့် အဆက်အဆံ ကျဲသွား ခွာသွားကြတော့တာ။

ဤနည်းဖြင့် အက္ခရာမှာ ယောက်ျားလေး အပေါင်းအသင်း နည်းလှပါသည်။ သူငယ်ချင်း မဟုတ်ဘဲ စိတ်ဝင်စားချဉ်းကပ်မှုမျိုးနှင့် ဆက်သွယ်လာသည့် ကောင်လေးတွေဟာလည်း အပြင်မှာ လူကိုယ်တိုင်လည်းကောင်း၊ ဖုန်းထဲက စကားလုံးအားဖြင့်လည်းကောင်း ရန်လုပ်လွှတ်တာ ခံကြရ၍ ဖိလင်အောက်ကုန်တာများပါသည်။

ခုတော့ဖြင့် အက္ခရာသည် ကိုလူ့ကို မငြင်းနိုင်ကာ သူကျွေးတဲ့ ရေခဲမုန့်နှင့် ဒိုမီနိုကို အားပါးတရကို လိုက်စားမိခဲ့ပြီ။ လူရည်ချွန်က စကားတည်ပါသည်။ အချိန်အကြာကြီး မယူပါ။ ဆိုင်မှာ နာရီဝက်ပဲနေကာ ပြန်ပါသည်။





ဆိုင်ကနေ တစ်ခါတည်း လမ်းမခွဲဘဲ အက္ခရာရဲ့ ကားနောက်က ပါလာသေးကာ ခြံရှေ့ရောက်မှ လက်ပြပြီး ကားကို ကျော်တက်ထွက်ခွာသွားတဲ့ လူရည်ချွန်ကြောင့် အက္ခရာ ရင်ထဲ သိမ့်ခနဲ ရသည်။

"မေမေ ... ခရာ အလုပ်ရခဲ့တယ် သိလား"

မေမေ့ကို အမောတကော ကြွားဝါရပါသေးသည်။

"ဟင် ... အဟုတ်လား သမီးရဲ့"

"သြော် ... မေမေကလည်း အဟုတ်ပေါ့"

"နေ့ချင်းပြီးပဲ သိခဲ့သလား"

"အမှန်တော့ လက္ကနီးရက်ကျမှ အလုပ်ရတဲ့သူ နှစ်ယောက်ဆီကို စာပို့မှာ မေမေရဲ့၊ ဒါပေမဲ့ ခရာ့ကိုကျတော့ အခုတစ်ခါတည်းပဲ ရီဇာ့လ်ထဲ အောက်လိုက်တာ၊ အဲဒီက အင်တာဗျူးလုပ်တဲ့ မန်နေဂျာက ကိုလူရည်ချွန်နဲ့ မိတ်ဆွေဖြစ်နေတာလေ၊ သူကလည်း ဒီနေ့ တိုက်တိုက်ဆိုင်ဆိုင် အဲဒီမန်နေဂျာ ဦးမိုးထွန်းဆီ လာလည်တာ ...

ကိုလူရည်ချွန်က ခရာနဲ့ သိတယ် ကျွမ်းတယ် စသဖြင့် ပြောလိုက်တယ် ထင်ပါတယ်၊ မန်နေဂျာက



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတည်းပဲ ခန့်ကြောင်း ပြောလိုက်တော့တာ၊ ညည်းကို သူက ခန့်စေချင်နေတာတဲ့ ပြောသေးတယ်၊ ခရာက နံပတ်ခြောက်မှာ ဖြေရတာ၊ လာဖြေတာ ကိုးယောက် ဆို တော့ နောက်မှာ မေးစရာသုံးယောက်တောင် ကျန်သေးတာ မေမေရဲ့ ...

ခရာ့ထက် တော်တာ၊ သူ့ သဘောကျတာ ဆိုကာမျိုး ထပ်တွေ့နိုင်တာပဲ၊ ရှေ့မှာလည်း ငါးယောက်တောင် မေးပြီးထားပြီဟာ၊ ပြီးတော့ လာဖြေတဲ့လူတွေထဲမှာ တခြား မှာ အတွေ့အကြုံရှိတဲ့သူတွေ၊ လုပ်ဖူးတဲ့သူတွေက အများ ကြီး၊ ခရာပဲ အစိမ်းသက်သက် မေမေရဲ့"

"အဲဒါဆိုတော့ လူရည်ချွန်ကို ကျေးဇူးတင်ရမှာပေါ့၊ ငါ့ သမီး အလုပ်တစ်ခု လုပ်ချင်နေတာ ဆန္ဒပြည့်ဝသွားတာ ပေါ့ကွယ်"

"ဟုတ်တယ် မေမေရဲ့၊ ခရာ တအားပျော်တာပဲ၊ ပြီးတော့ လည်းလေ ကိုလူရည်ချွန်က ခရာ့ကို မုန့်လည်း ဝယ်ကျွေး လိုက်သေးတယ် ... အဟီး"

"ဟုတ်လား"





မေမေက မျက်ခုံးပင့်ကာ ခရာ့ကို ပြုံးကြည့်နေပါသည်။

"ကိုကိုတို့ ဒင်နာပွဲတုန်းကလေ ခရာ့ကိုတောင် သူက ရေခဲမုန့် တက်ခိုးစားနေတယ် ထင်တယ် ဆိုတာ မေမေ သိတယ် မဟုတ်လား၊ ခုလည်း ရေခဲမုန့်အရမ်းကောင်းတဲ့ ဆိုင် ဆိုတာကို ခေါ်သွားတယ်၊ သူက သူ့ကားနဲ့သူ ရှေ့ ကပေါ့၊ ဟိုတယ်နဲ့ သိပ်မဝေးဘူး၊ အဲဒီမှာ ရေခဲမုန့်တစ်ပွဲ ဒိမိနိတ်ပွဲ ဝယ်ကျွေးတယ် သိလား၊ အရမ်းစားလို့ ကောင်း တာပဲ"

"ညည်းကလည်းအေ၊ နှစ်ပွဲတောင်ပဲ စားရသလား"

"အရမ်းကောင်းတာ မေမေရ"

"ကောင်း, ကောင်းပါစေဦးအေ၊ ညည်းကို အစားပုပ်ထင် တော့မှာပေါ့၊ ဟိုညကလည်း ပန်းကန်လုံးကြီးနဲ့ကို ထည့် စားတာ တစ်ခါတွေ့၊ ကောင်းလည်းပဲ နောက်မှ ကိုယ့် ဟာကိုယ် သွားဝယ်စားလည်း ရတာကို၊ သူများကျွေးတာ ကို အားမနာ ပါးမနာ နှစ်ပွဲစားရတယ်လို့"

"သူကလည်း ထပ်ယူဦး ဆိုလို့"



www.burmeseclassic.com

www.burmeseclassic.com



မေမေက ပြုံးစိစိ မျက်တောင်ပုတ်ခတ်နေသော သမီးလုပ်သူ မျက်နှာကို ရယ်ချင်စိတ်ပျက်နှင့် မျက်စောင်းနှင့် ကြည့်ကာ ...

"ကဲ ... ကဲ ... ဖေဖေ့ဆီ ဖုန်းဆက်လိုက်ပါဦး၊ ဖေဖေပါ အံ့သြဝမ်းသာသွားအောင်၊ ဟဲန်းဒ်ဖုန်းကိုဆက်၊ ဒီနေ့ ဖေဖေက ရုံးမှာမဟုတ်ဘူး၊ အပြင်မှာ ချိန်းသည်တွေ့ရမဲ့ ကိစ္စရှိတော့ အပြင်မှာ နေလိမ့်မယ်"

"ဟုတ်"

"သားကြီးတို့ အမွှန်တို့ဆီတော့ ညနေမှ ကိုယ်တိုင်သွား ပြောလိုက်၊ လှရည်ချွန်ကိုကော ကျေးဇူးတင်တာ ပြောခဲ့ သေးလား"

"ဟင့်အင်း ... မပြောခဲ့ဘူး"

"ညည်းကလည်းအေ ..."

အကျွရာက ဖက်ကိုပုကာ နှာခေါင်းလေး ရှုံ့နေသည်။ များသောအားဖြင့် အိမ်နှင့်ကျောင်းသာ ကျင်လည်ရ၍ သူငယ်ချင်း ချင်း ခင်သလိုသာ ခင်မင်တတ်ပြီး ပေါင်းသင်းဆက်ဆံရေး လူမှု ရေးတွေ လောကဝတ်တွေ နားမလည်ပါ။





ဖေဖေ့ထံလည်း ဖုန်းဆက်ကြားဝါ ဝမ်းသာပြီးကာ ကိုကိုတို့အိမ်ကိုတော့ နှစ်ယောက်လုံး ရှိနိုင်သည့် ညနေဘက်ခြောက် နာရီကျော်မှ လမ်းလျှောက်သွားလိုက်ပါသည်။

ထင်တဲ့အတိုင်း ထမင်းဝိုင်းမှာ ရှိနေကြကာ မေရည် မွန်က ခရာ့ကို မြင်လျှင် ...

"ခရာ ... ထမင်းလာစားတာလား၊ လာ ... လာ ... ဝင်စား တစ်ခါတည်း၊ မမတို့လည်း ခုပဲစားတာ"

"ခရာ စားပြီးပြီ မမမွန်"

"ဟုတ်လား၊ လာ ... ထိုင်လေ"

"ကောင်မလေး ... မှောင်ကြီး မည်းကြီးထဲ ရောက်လာပြန် ပြီ၊ လင်းလင်းချင်းချင်း လာပါဆိုရင် စကားနားမထောင် ဘူး၊ အိမ်ကတစ်ယောက် အဖော်ခေါ်လာပါ ဆိုလည်း မခေါ်"

"ဟာ ... ကိုကိုကလည်း အဖော်တစ်ယောက် တတန်းတန်း နဲ့ ရှုပ်ကရှုပ်နဲ့၊ ဒီနားလေးကို"

"ပြောလိုက်ရင် ဒါပဲ၊ ဘာမှ မသိနားမလည်လို့ ငါက လိုက်ပြောနေရတာ"



www.burmeseclassic.com

www.burmeseclassic.com



"အောင်မယ်၊ ခရာ မသိနားမလည် မဟုတ်တော့ဘူး သိလား၊ ခရာ အလုပ်တောင်မှ ရနေပြီ ... ဟဲ ဟဲ"

ဇေဦးက မျက်မှောင်ကုတ်ကာ ...

"ဘာအလုပ်လဲ"

"ဒီနေ့ ခရာ အင်တာဗျူးဖြေတာလေ၊ ကိုကို့ကို ပြောပြပြီးသားပဲဟာ၊ (---)ဟိုတယ်မှာ Receptionist လေ၊ ကိုကိုကလည်း"

"အဲဒါ တစ်ခါတည်း တန်းရခဲ့မှန်း ဘယ်လိုလုပ်သိသလဲ"

"ပြောလိုက်တယ်လေ"

"ဒီလို ပြောလိုက်လေ့ မရှိပါဘူး"

"အလေ့ရှိရှိ မရှိရှိ၊ ခရာကတော့ အလုပ်ရသွားပြီ၊ ရဆိုကိုလူရည်ချွန်ကြောင့်ပေါ့ မမမွန်ရဲ့ အဟီး"

ဇေဦးရဲ့ မျက်လုံးကြီးက ပြူးကျယ်လာပါသည်။ အက္ခရာက အဖြစ်အပျက်တွေကို ရယ်ရယ်မောမော ပြောပြနေတာကို နားထောင်ရင်း တွန့်တွန့်တက်လာတဲ့ မျက်ခုံးကြီးကို မနည်းပြန်ဖြေချနေကာ စားနေတဲ့ ထမင်းတွေပင် မျိုချလိုက်တိုင်း နင်နေပါသည်။





အက္ခရာကလည်း ပြောမဲ့ပြောတော့ ထိန်ချန်ကွယ်ဝှက်မနေချင်။ ကိုကိုဟာ တခြားက ပြန်သိရတာမျိုးဆိုလျှင်ပိုပြီး အပြစ်ပြောမဆုံး ရှိမှာမို့ အားလုံးကို ပြောပြလိုက်ပါသည်။

"ကျွတ် ... နင်လုပ်ပုံ မဟုတ်သေးဘူးနော် မိခရာ"

ပြောနေလို့မှ စကားမဆုံးခင် မအောင့်နိုင် မအည်းနိုင် ဇေဦး ထံမှ အပြစ်တင်သံကြီး ထွက်လာရပါသည်။

"ဘာဖြစ်လို့လဲ ကိုကို"

"ဘာလဲ ... သူများကို သွားပြီး သက်သက် အနှောင့်အယှက် ဖြစ်စေတာပဲ၊ မုန့်စားတော့လည်း နှစ်ပွဲတဲ့"

"ခရာ ကျွေးခိုင်းတာ မဟုတ်ဘူး၊ ကိုလူက သူ့ဟာသူ"

"ဘာပဲဖြစ်ဖြစ် နင်က စားစရာလား"

ဇေဦးက မကောင်းတတ်စွာ လှည့်ပတ်လျှော့ပေါ့ပြောသည့်တိုင် မေရည်မွန်က လက်မခံနိုင်ပုံလေးနှင့် ...

"စားတော့ ဘာဖြစ်သလဲ ကိုကိုရဲ့၊ လူလူက ကျွေးတာ ခရာ စားတော့ ဘာဖြစ်သွားသလဲ၊ ကိုယ့်လူချင်းပဲ၊ နှစ်ပွဲမကလို့ သုံးပွဲစားစား ဘာဖြစ်လဲ"



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်လူချင်းပဲ ဆိုသည့် စကားက ဇေဦးကို အင့်ခနဲ အောင့်သွားစေပါသေးသည်။

"ဒါတော့ ဒါပေါ့၊ ဒါပေမဲ့က လူမှုရေးက ရှိသေးဟာ"

"လူမှုရေးရှိတော့ ဘာဖြစ်လို့လဲ"

ကျွတ် ... ဒီမိန်းမက တစ်မျိုး။ မိန်းမက ဘေးမှာ အတူထိုင်နေတော့ ယောက်ဖကို မလိုလားတဲ့သဘော ဘယ်လိုလုပ် သွားပြောတော့မလဲ။ ကြည့်စမ်း။ ဒီလူရည်ချွန် ဆိုတဲ့ ယောက်ဖကလည်း လက်သွက်လိုက်တာ ဆိုတာ။

ဟိုတစ်နေ့ကလည်း တစ်ခါ ပြောသံကြားပြီးပြီ။ အကွာရာတို့ ကျူရှင်ခြံမှာ ပန်းမျိုးအိုးတွေ လာဝယ်တဲ့ လူရည်ချွန်နဲ့ တွေ့ရသတဲ့။ ဒီအရွယ် ယောကျ်ားဘသားကြီး ပန်းမျိုးအိုးကလေးတွေ လာဝယ်သည်ဆိုတာ ပန်းပင်တွေ ဝါသနာပါ သဘောကျလို့လို့ တွက်ဆမယူနိုင်ပါ။

တစ်ခါမှလည်း ပန်းပင် ဝါသနာပါတာ ပြောသံဆိုသံ မကြားဖူးဘဲနဲ့၊ တမင်တကာ မသိချင်ယောင်ဆောင်ပြီး မဆုံ,ဆုံအောင် သွားတာပဲ ဖြစ်မှာ။ ခုလည်း ဒီတိုင်းပဲပေါ့။ ဒီ ဟိုတယ်ကို ဒီအချိန်ကိုက်မှာမှ ရောက်လာတာဟာ တိုက်ဆိုင်တာ





ဖြစ်ဖို့ထက် ကြိုသိပြီးရောက်တာ ဖြစ်ဖို့ကပဲ များသည်။ သတင်း ဘယ်ကရသလဲ။ သတင်းပေါက်ကြားနေတဲ့ အဓိကနေရာက ဟောဒီဘေးက မိန်းမထံကပဲ ဖြစ်မှာပေါ့။

ဇေဦးရဲ့ ချစ်လှစွာသော ဇနီးဟာ ကိုယ့်လူဖြစ်ဖို့ထက် သူ့ဘက်သား ဖြစ်ဖို့ကသာ ရာနှုန်းပြည့်နီးပါး သေချာနေတာ။ နိုင်ငံခြားက ပြန်ရောက်တာဖြင့် ဘယ်နှရက် ရှိသေးလို့လဲ၊ ဒီလောက် ခြေသွက်လက်သွက် ဖြစ်နေတာကို သဘောကို မကျ။

ဖွင့်ပြောရလည်းခက်။ မပြောဘဲနေရလည်း ပိုတောင် ခက်သေး။ ဒီလို ခြေသွက်လက်သွက် သဘော်သားတွေများ တစ်စက်မှ အယုံအကြည်မရှိ စိတ်မချပါဘူး။ သူ့ညီမလေးက လှပ နုနယ် ချစ်စဖွယ်နှင့် သန့်ရှင်းစင်ကြယ်သော အပျိုစင် နုထွတ်ထွတ်လေး။

"ဟင် ... ကိုကို ... ပြောလေ၊ ဘာလူမှုရေးလဲ"

ဘာပြန်ဖြေရမည် မသိဘဲ ဇေဦး တစ်ယောက် ဟိုလှည့် ဒီလှည့် မျက်နှာပျက်ပျက်နှင့် အကျပ်အတည်း ကျနေတာကိုသိသော အကွာရာက ကိုကို့ကို ရယ်ချင်လှသည်။ ကိုကိုဟာ သူ့မိန်းမကိုလည်း မာရေကျောရေ ပြောရဲပြောရက်သူ မဟုတ်။

www.burmeseclassic.com



"လူမှုရေးပေါ့ကွာ အမွန်ကလည်း"

"အင်းလေ ... လူမှုရေးနဲ့ ဘယ်လိုဆိုင်လို့လဲ"

"လူရည်ချွန်ဘက်ကချည်းပဲ ဟိုဒင်းပေါ့၊ အလုပ်ရအောင်လည်း ပြောပေးရ၊ မုန့်လည်း လိုက်ကျွေးရနဲ့၊ ဒီကောင်မလေး အတော်အနှောင့်အယှက်ပေးရာ ကျနေပြီ"

"ဒါ အနှောင့်အယှက်ပေးတာမှ မဟုတ်တာ ကိုကိုကလည်း၊ ခရာက ပူဆာတာလည်း မဟုတ်ဘူးလေ၊ တကယ်လို့ ဒါကို့ ကိုကို အားနာနေလည်း လူလူ့ကို ခရာက တစ်လှည့်ပြန်ပြီး မုန့်ဝယ်ကျွေးလိုက်ရင် ပြီးတာပဲ"

ဇော်ဦး မျက်နှာကြီးမှာ ပုပ်သွားရပါသည်။ မေရည်မွန်ကတော့ မမြင်ပေ။ ထမင်းစားတုန်းသာ ရှိသေးသည်။ ဇော်ဦးသာ ထမင်းတွေ နင်ပြီး မြန်မြန်ပြီးသွား၍ လက်ထ,ဆေးနေတာ။

"ဒီလိုလည်း မဟုတ်သေးဘူး"

"ဘာမဟုတ်တာလဲ"

"ကဲပါ ... မုန့်စားတဲ့ကိစ္စက ထားပါတော့၊ အခု အလုပ်ရလာတာကိုက လူရည်ချွန်ကြောင့် ဆိုရင် မကောင်းဘူးထင်တယ်ကွာ"





"ဘာမကောင်းစရာ ရှိလို့လဲ"

"ဟာ ... ဟိုမန်နေဂျာက ခန့်ချင်လားမသိ မခန့်ချင်လားမသိနဲ့၊ လူလူ့ မျက်နှာကြောင့် ဖွတ်ခန့်ပေးလိုက်ရတယ်ဆိုကတည်းက ကောင်းပါတော့မလား၊ ကိုယ်က လုပ်တောင်မလုပ်စေချင်တော့ဘူး"

"ဘာဆိုင်လို့လဲ ကိုကိုကလည်း"

"ဘာမှ မဆိုင်ဘူး ကိုကိုကလည်း"

အသံနှစ်သံက တစ်ထပ်တည်းကျအောင် ထွက်လာပါသည်။ အကွာရာသည် ဇော်ဦးကို မကျေမနပ်ကြည့်ကာ ...

"ရလာပြီးသား အလုပ်ကို မလုပ်ဘဲ နေစရာ အကြောင်းကို မရှိဘူး၊ ကံကောင်းပြီး ကိုလူ ရောက်လာတဲ့နေ့နဲ့ တိုက်ဆိုင်သွားတာလည်း ဘယ်တတ်နိုင်မလဲ၊ ပြီးတော့ ကိုလူက ခန့်လိုက်ပါလို့ တစ်လုံးမှပြောတာ မဟုတ်ဘူးတဲ့၊ မန်နေဂျာကသာ ကိုလူနဲ့ ပတ်သက်မှန်း သိတော့ သူတို့ သတ်မှတ်တဲ့ အရည်အချင်းလည်း ပြည့်စုံနေတော့ တန်းပြီးခန့်ပေးလိုက်တာပေါ့၊ ကိုလူ့ကြောင့် ခန့်ပေးလိုက်တာတော့ ဟုတ်တယ်၊ ဒါပေမဲ့ ဖွတ်တောင်းဆိုတာ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ကိုလှနဲ့ ပတ်သက်မှန်း သိတော့တဲ့။ ဒီစကားက လည်း ဖေဦး နားထဲ ကန့်လန့်ကြီး။ အကွရာ မရှိခိုက်မှာ ဒီကောင်မလေးဟာ ကျွန်တော်နဲ့ ဘယ်နည်းဘယ်ပုံ ပတ်သက် တယ်များ ပြောထားပါလိမ့်။ အသားခပ်ယူယူ ပြောချင်လည်း ပြောမှာပဲ၊ ကိုယ်သိနိုင်တာလိုက်လို့။

"ဒါပေမဲ့ နင့်လို အရည်အချင်းမျိုး တခြားလာလျှောက်တဲ့ သူတွေမှာလည်း ရှိမှာပဲ၊ လှုရည်ချွန်ကြောင့်ဆိုပြီး ခန့်ထား ပေးလိုက်တာကိုက တစ်မျိုးကြီး ဖြစ်နေတာ၊ မျက်နှာပူစရာ ကြီးလိုလို ကိုးလိုးကန့်လန့်"

"တော်ပြီ ... တော်ပြီ"

အကွရာက ထိုင်ရာမှ စုပုပ်ပုပ် ထရပ်ကာ ...

"ပြန်တော့မယ်၊ ဝမ်းသာရအောင် လာပြောတာ၊ ကိုကိုက ဝမ်းလည်းမသာဘူး၊ ဘာတွေ ပြောနေမှန်းကို မသိဘူး၊ စိတ်ညစ်လာပြီ၊ ပြန်တာပဲ ကောင်းတယ်"

အကွရာက တကယ်ပဲ ကောက်ကာငင်ကာ ပြန်ချ သွားပါတော့သည်။ အကွရာက ပြန်သွားတာကိုပင် ဂရုမစိုက်နိုင်ဘဲ မေရည်မွှန်က မျက်မှောင်လေး တွန့်တွန့်နှင့် ခင်ပွန်းသည်ကို





ကြည့်နေမိပါသည်။ သူက ဘာတွေကို မကျေမလည် ဖြစ်နေတာ ပါလိမ့်။

ဖေဦးသည် စိတ်ထဲက မကျေနပ်သော်ငြားလည်း ဇနီးမမျက်နှာကို အကဲခတ်မိကာ ဘာမှ ထပ်မပြောဘဲ ထမင်းစား ခန်းထဲက ခွာဖို့ပြင်သည်။

"ကိုကို"

"ဘာလဲ အမွှန်"

"ကိုကိုက ဘာဖြစ်နေတာလဲ"

ဖေဦးက အူကြောင်ကြောင်ရုပ်နှင့် နားမလည် ပါး လည်ပုံစံကို ဖမ်းလိုက်ကာ ...

"ဘာဖြစ်လို့လဲ အမွှန်ရဲ့"

"မျက်နှာကြီးက မှုန်တေတေနဲ့၊ ကိုကို ဘာကို မကျေနပ် ဖြစ်နေတာလဲ၊ ဘာလဲ ... လှလှက ခရာ့ကို ကူညီလိုက်တဲ့ ကိစ္စကို ကိုကို မကျေနပ် ဖြစ်နေတာလား"

"မဖြစ်ပါဘူး"

"ဖြစ်ပါတယ် ... ကိုကို့ ပုံစံက တစ်မျိုးပဲ၊ ကိုကို လှလှ့ ကို ဘာသဘောမကျစရာ ရှိနေလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဪ ... မရှိပါဘူး အမွန်ရယ်၊ လူလူ့ကို ကိုယ်က ဘာများသဘောမကျစရာ ရှိနေရမှာလဲ၊ လူလူက သဘောလည်း ဒီလောက်ကောင်းတာ၊ သဘောကျပါတယ်"

"ဒါဖြင့် ခုန ခရာကို ပြောတဲ့စကားတွေက ဘာဖြစ်လို့ တစ်မျိုးကြီး ဖြစ်နေရတာလဲ။ လူလူ့ကြောင့် အလုပ်ရတယ် ဆိုရင်ပဲ ဂုဏ်မရှိသလိုလို၊ မျက်နှာပျက်စရာတွေပဲ ဖြစ် တော့မလိုလို၊ လုပ်တောင်မလုပ်စေချင်တော့ဘူး ဆိုတော ကိုကို့ သဘောထားကို ဘယ်လိုနားလည်ရမှာလဲ"

ဖေဦးက မျက်နှာကို ပြုပြင်၍ ပြုံးချိုလိုက်ပါသည်။ ဒီယောက်ဖ ကိုယ့်နှမကို ချဉ်းကပ်နေပြီရယ်လို့ ခိုးလိုးခုလု ဖြ နေရပေမဲ့ ဒါကို ဖနီးသိလို့မှ မဖြစ်ဘဲ။ ဉာဏ်ကလည်း လျှပ်တ ပြက် ထွက်လာကာ ...

"အဲဒါက ဒီလိုလေ၊ ဒီကောင်မလေး အကြောင်းလည် အမွန် အသိပဲ၊ ဘာများ နားလည်တတ်ကျွမ်းလို့လဲ အတွေ့အကြုံမရှိ ဘာမရှိ၊ ဒီလိုလူတစ်ယောက်ကို လူလူ က အာမခံချက် ပေးရမဲ့ သဘောမျိုး ရှိနေရင် လူလူ့မှာ တာဝန်မကြီးဘူးလား"





မေရည်မွန်က ဘာပြောရမည် မသိ ဖြစ်သွားပါသည်။

"လူလူ့ မျက်နှာကြောင့် ခန့်လိုက်ပြီးမှ ဒီကောင်မလေးက အလုပ်ခွင်မှာ တော်လည်းမတော်၊ လုပ်လည်းမလုပ်တတ်၊ ကိုးရိုးကားယား စိတ်ပျက်စရာ ဖြစ်နေရင် လူလူ မျက်နှာပျက်စရာ မဖြစ်ပေဘူးလား၊ ကိုယ်က ဒါကိုတွေးပြီး မျက်နှာပူ စိတ်ပျက်နေတာ"

"ဪ ... ဒါများ ကိုကိုကလည်း၊ လူလူက ခန့်ပေးပါ ပြောတာလည်း မဟုတ်ပါဘူးတဲ့၊ ကိုမိုးထွန်း ဆိုတာ အမွန်တို့နဲ့လည်း ခင်ပါတယ်၊ သူကလည်း သဘောကောင်းပြီးသား၊ လူလူနဲ့ ပတ်သက်တယ်ဆိုပြီး ခန့်လိုက်ပေမဲ့ ဒီအလုပ်ကလည်း ဘာခက်ခက်ခဲခဲ တာဝန်ရှိတာမို့လဲ၊ စာရင်းအင်းတွေ မှားယွင်းကုန်မှာမျိုး ဆိုတာမျိုးပေါ့၊ ခုဟာက တာဝန်မကြီးပါဘူး Receptionist ပဲဟာ"

အင်း ... လာပြန်ပြီ လူလူနဲ့ ပတ်သက်တာ။ ဖေဦးက ဘာမှပြန်မပြောတော့ဘဲ အီးပိတ်ပိတ်နှင့် ငြိမ်နေလိုက်ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## ၆

နံနက် ရှစ်နာရီခွဲကျော်ကျော်လောက် ကားကြီးမောင်းဝင်လာကာ ပေါက်ချလာသော ဖေဦးကို မေမေက တံခါးဝမှ တအံ့တသြ ဆီးကြိုကာ ...

"ဟဲ့ ... သားကြီး ... ဒီနေ့ အလုပ်မသွားဘူးလား"

"သွားမှာပေါ့ မေမေရ"

"အမွန်ရော"

ခါတိုင်း သားဖြစ်သူ ဒီအိမ်လာလျှင် ဖနီးသည်ပါနေကျ။ ခုမှမပါတော့ မေးလိုက်မိတာပင်။ ခါတိုင်း လာလျှင်တာကလည်း ညနေတွေ ညဦးတွေသာပါ။ ခုလို အလုပ်သွားရတဲ့





ရက်မျိုး မနက်ခင်းတွေ ဘယ်တော့မှ ရောက်မလာတတ်တာမို့ ဘာကြောင့် ရောက်လာမှန်းပင် မတွေးတတ်။

ဖေဦး မပါပေမဲ့ ချွေးမက တစ်ခါတစ်ရံ နေ့လယ်နေ့ခင်း ပျင်းလျှင် ရောက်လာတတ်သလို ချွေးမနှင့် ယောက္ခမ နှစ်ယောက်ချိန်းကာ တစ်နေရာရာ သွားလာဝယ်ခြမ်းတာမျိုးလည်း ရှိသည်။ တစ်ခါတလေလည်း အက္ခရာဃ အပါအဝင်။

တစ်ယောက်တည်း ရောက်မလာတတ်တာက ဖေဦးမို့ ယောင်ပြီး မေးလိုက်မိတာကို မျက်နှာကြီး ပုပ်သွားသည့် သားဖြစ်သူကြောင့် မိခင်ဖြစ်သူမှာ အူကြောင်ကြောင် ဖြစ်ရပါသည်။

"မေမေကလည်းဗျာ၊ အပိုတွေ မေးနေတယ်၊ အမွန် ဒီအချိန်မျိုး အိမ်မှာပဲ ရှိတာပေါ့"

"ဟဲ့ ... မင်းက ဘာဖြစ်နေတာလဲ၊ မိန်းမနဲ့ ရန်ဖြစ်လာတာလား"

"မဖြစ်ပါဘူး မေမေရ"

"ဒါဖြင့် ရုပ်ကြီးက ဘာဖြစ်နေတာတုန်း"

ဖေဦး မျက်နှာကြီးက ပြောရလောက်အောင်ပင် ခပ်တင်းတင်း မှုန်ကုပ်ကုပ် ဖြစ်နေပါသည်။ ဒီသားကြီးဟာ



www.burmeseclassic.com

www.burmeseclassic.com



ငယ်ငယ်ကတည်းက ပစိပစပ်။ သူ့မှာ ပစိပစပ် လုပ်စရာ အကြောင်းတွေ အမြဲရှာတွေ့တတ်ပါသည်။

ဟင်းကို မကြိုက်၍ ချေးများတာ၊ အိမ်ဖော်တွေကို အပြစ်မြင်တတ်တာ၊ သူ့အတွက် ဝယ်ပေးတာကို မကြိုက်ဘဲ ဝယ်ပေးတဲ့သူ စိတ်မကောင်းဖြစ်အောင် ဗျစ်တောက် ဗျစ်တောက် ပြောဖန်တာ၊ လမ်းသွားရင်း လမ်းပေါ်မှာ ကားချင်းသော်လည်း ကောင်း၊ လူနှင့်သော်လည်းကောင်း၊ မပြေမလည် မကျေမချမ်း ဖြစ်လာတာ၊ ဟိုလူ့ မကျေနပ်တာ၊ ဒီလူ့စရိုက် မကြိုက်တာ၊ ညီမ လုပ်သူကို ကြည့်မရတာ စသဖြင့်တွေနှင့် ကဂျီကကြောင် လုပ်စရာတွေ များလွန်းလှပါသည်။

ဒါဟာ သူ့ဗီဇ သူ့ဝသီပင်။ ရည်းစားရ မိန်းမရတော့ သူ့မိန်းမနှင့် ပတ်သက်လျှင် မျက်နှာက အနည်းငယ် ကြည်လင်တတ်၍ မျက်နှာကြီး သိပ်မပုပ်တတ်တော့၍ ထိုချွေးမကိုပင် အမေလုပ်သူမှာ ကျေးဇူးတွေ အတော်တင်နေရတာပင်။

"ခရာရော"

"ကော်ဖီသောက် မုန့်စားနေတယ်လေ"

"သူ မနေ့က အလုပ်ရလာတာ မေမေ သိတယ်မို့လား"





"အင်း ... သိတယ်လေ"

"လူရည်ချွန်ကြောင့် ရလာတာရော သိလား"

"အင်း ... သိတယ်လေ"

သိရက်သားနှင့် အေးဆေးနေသည့် အမေကို ဖေဦးက ကြည်မလင် ကြည့်ကာ ...

"သိရက်သားနဲ့ မေမေကလည်း"

ဒေါ်မြမြနွယ်မှာ စိတ်မရှည်ချင်တော့ ...။

"ဟဲ့ ... သိတော့ ဘာဖြစ်လဲ၊ သိရက်နဲ့ ငါက ဘာများ လုပ်မိလို့လဲ ဖေဦးရဲ့ ... ပြောပါဦး"

"ကောင်းမလား ... သူ့ကြောင့် အလုပ်ရလာတာ"

ဒေါ်မြမြနွယ်မှာ ဇဝေဇဝါပင် ဖြစ်သွားရကာ ...

"ဘာလို့ မကောင်းရမှာလဲ သားရဲ့"

"ဟာ ... မေမေက ဒါခက်တာပဲ၊ သမီးမျိုးရှိပြီး တိုရထွာရ ကောင်းမှန်းလည်း လုံးဝမသိဘူး၊ ဒီလူရည်ချွန်က သူ့ကြောင့် ခရာ အလုပ်ရတယ်၊ သူ လုပ်ပေးတယ်ဆိုပြီး ပနာယူချင် စရာကြီး ဖြစ်နေတာပေါ့"

"ဟင် ... သူ ပနာယူတော့ကော၊ ယူပလေ့စေပေါ့၊ ဘာ ဖြစ်တုန်း"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... မေမေကလည်းဗျာ၊ ဟိုနေ့ကလည်း လူ့ရည်ချွန် ခရာတို့ သင်တန်းခြံထဲက ပန်းအိုးလာဝယ်တယ် ဆိုတာ ကျွန်တော် အယုံအကြည်ကို မရှိဘူး"

ထမင်းစားပွဲမှ ကြားနေရသော အက္ခရာသည် စိတ်တွေတိုကာ တရှူးထိုး ပြေးထွက်လာပြီးလျှင် ...

"ဟင် ... သူ ပန်းအိုးလာမဝယ်ဘဲ ခရာက လာဝယ်တယ် ပြောပါ့မလား၊ ဒါကို ကိုကိုက မယုံဘူးဆိုတော့"

"ဟာ ... နင်ကတစ်မျိုး၊ လာဝယ်တယ်လို့ နင်ပြောတဲ့ စကားကို မယုံတာ မဟုတ်ဘူး၊ သူ လာဝယ်ရတဲ့အကြောင်း ရင်းကို ရှိးသွားတယ်လို့ကို မယုံကြည်တာ၊ နင် ဒီခြံထဲက သင်တန်းတစ်ခု တက်နေတာသိလို့ တွေ့ရဖို့ အကြောင်းရှာ လာဝယ်တာ ဖြစ်နိုင်တယ်နော်"

"သူ ဘယ်လိုလုပ် သိမှာလဲ ကိုကိုရ၊ အဲဒီကျမှ တွေ့တဲ့ ဟာ"

"နင် အလကားနေရင်း အႇမနေနဲ့ သူ့အစ်မ တစ်ယောက်လုံးရှိတာ၊ သူ့အစ်မဆီက သူသိရင် သိရနိုင်တာပဲ၊ ဒီကောင့် ကြည့်ရတာလည်း ခြေသွက် လက်သွက်နဲ့"





"မင်း ဒီကောင်တွေ သူ့အစ်မတွေ ပြောနေတာတွေဟာ မင်းမိန်းမနဲ့ မင်းယောက်ဖလေ ဖေဦးရဲ့"

"ယောက်ဖ ဖြစ်တော့ဘာဖြစ်လဲ မေမေကလည်း၊ ယောက်ဖ ဖြစ်ရုံနဲ့တော့ လူတစ်ယောက်ကို ယုံမှတ်ပုံအပ်မနေနိုင်ပါဘူး၊ ဟိုတယ်ကို ရောက်လာရတာလည်း တမင်တကာ တိုက်ဆိုင်အောင် လာသလားမှ မသိဘဲ"

"သိရအောင် ခရာ မနေ့က အင်တာဗျူးဖြေမှာ သူသိတာမှ မဟုတ်တာ"

"အမွှန်လေ ... အမွှန် တစ်ယောက်လုံး ရှိတယ်"

"ရှိရှိလေ ... မမွှန်လည်း ခရာ မနေ့က အင်တာဗျူးဖြေရမှာကို မသိမှ မသိတာ"

"ဟုတ်တယ်လေ သားကြီးရဲ့၊ မင်းတောင် ဒီအပတ်ထဲ ဖြေရမယ် ဆိုတာလောက်ပဲ အကြမ်းဖျင်း သိတာပါ၊ မဟုတ်ဘူးလား"

ဟုတ်နေ၍ ဖေဦး ဖွတ်တိုး မပြောနိုင်တော့ပါ။

"မသိဘူးပဲ ထားပါ၊ လူ့ရည်ချွန်က ဝင်ပြောပေးလို့ အလုပ်ရရတာလည်း ဂုဏ်ယူစရာ မရှိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုနော် ... ခရာကကော ဘာတွေ ဂုဏ်မောက်နေတာမို့ လို့လဲ၊ ဂုဏ်ယူဖို့ အလုပ်ဝင်တာလည်း မဟုတ်ဘူး၊ အပျင်းပြေ အတွေ့အကြုံရအောင် သက်သက်ပဲ အလုပ်ဝင်ချင်တာ၊ သူပြောပေးလို့ပဲရရ ကိုယ့်ဘာသာပဲရရ ရဖို့လိုရင်းပဲ ...

အခု မန်နေဂျာက သူနဲ့ခင်လို့၊ သူနဲ့ခရာ ပတ်သက်မှု ရှိမှန်းလည်း သိရော အလုပ်ခန့်လိုက်တယ်၊ ကိုယ်က ဒီအလုပ်ကို ရချင်တဲ့သူပဲ၊ ဒါ ဝမ်းသာစရာ မဟုတ်ဘူးလား"

"နင်နဲ့ သူနဲ့ ဘယ်လို ပတ်သက်တယ်လို့ သူ ပြောဦးမလဲ မသိဘူး"

"သူ့အစ်မရဲ့ ယောက်မတော်တယ်ပဲ ပြောမှာပေါ့၊ မင်း ဘာတွေ အတွေးခေါင်ပြီး ရန်လိုနေသလဲ သားရယ်၊ အလကားနေ ရှုးရှုးရှားရှားနဲ့၊ ဖြစ်စရာမရှိဘဲ ဖြစ်နေတယ်"

"မေမေတို့က ဘာမှလဲ မသိဘဲနဲ့၊ ကျွန်တော်က ယောကျ်ား ချင်းဗျ၊ အကဲခတ်နိုင်တယ်၊ ဒီကောင်က ခရာ့ကို ကျွန်တော် တို့ ဒင်နာညကတည်းက စိတ်ဝင်စားသွားပုံ ရတာ"

အကွာရာကလည်း မျက်နှာနီမြန်းမြန်းလေး ဖြစ်သွား ရကာ ဒေါ်မြမြနွယ်မှာလည်း ဘာပြောရမှန်းမသိအောင် ဖြစ်သွား ပြီးမှ ...





"မင်းက ဒါကို ဒေါပွနေတယ်ပေါ့"

"သင်တန်း လိုက်လိုလိုက်၊ အလုပ်ကို လိုက်လိုလိုက်နဲ့၊ သေချာတယ်၊ အလုပ်ဝင်နေရင်လည်း မကြာ မကြာ လာတွေ့နေမှာပဲ"

ဒေါ်မြမြနွယ်သည် ညီမကို အူတိုလှတဲ့ သားဖြစ်သူ သဘောကိုလည်း အစင်းသိသူပီပီ စိတ်ပျက်လက်ပျက် ဖြစ်ရပါ သည်။

"မေမေက အမေပါ သားကြီးရယ်၊ ကိုယ့်သမီးကို ပူစရာ ရှိရင် မပူဘဲ မနေဘူး၊ အရွယ်လေး ရောက်လာပြီး လှလှ ပပ ဖြစ်လာရင် ဘေးပတ်ဝန်းကျင်က ယောကျ်ားပျိုတွေရဲ့ စိတ်ဝင်စားမှုကို ခံရမှာ သဘာဝပဲပေါ့၊ ဒီသဘာဝအပေါ် ကိုယ်က ကြည်နူးသာယာနေဖို့လည်း မလိုသလို ဆတ်ဆတ် ထိမခံနိုင် ခံစားဖို့လည်း မလိုပါဘူး ...

ဒီအထဲကပဲ ကောင်းတဲ့သူ မကောင်းတဲ့သူ ဆိုတာကို ဦးနှောက်နဲ့ ကြည့်ရှုစဉ်းစား ဆုံးဖြတ်ယူရမှာပဲ၊ မင်း ညီမ က လှလှပပလေးဟာကို၊ တခြား ကိုယ်အကြောင်းလုံးဝ မသိတဲ့ သူစိမ်းပြင်ပြင်တွေက ကြိုက်တာကိုတောင် ခံရသေး



www.burmeseclassic.com

www.burmeseclassic.com



တာပဲ၊ အမွန့်မောင်က တကယ်လို့ ကြိုက်တယ်ဆိုရင်ကော ကိုယ် ဘာတတ်နိုင်လဲ ...

ဒါ သူ့အပိုင်းပဲ၊ ကိုယ့်အပိုင်းက ကိုယ်မကြိုက်ရင် ငြင်းဆိုပြီး ကြိုက်ရင်လက်ခံ၊ ဒါပဲလေ၊ မေမေတို့က လူရွေးမမှားဖို့ ဘေးက ထိန်းကွပ်သွန်သင် သတိပေးဖို့ပဲ”

“မရွေးရသေးပါဘူး၊ ယောက်ျားယူဖို့ မပြောနဲ့၊ ရည်းစားထားဖို့တောင် မစဉ်းစားရသေးဘူး၊ ကိုယ့်မိဘနဲ့ နေနေတာ ဘာအပူအပင် ရှိလို့လဲ”

အက္ခရာက ဖေဦးကို နှာခေါင်းရှုံ့မိသည်။ အပူပင်မရှိတာနဲ့ပဲ ရည်းစားမထားရတော့ဘဲ ပူပူပင်ပင်ရှိမှ ရည်းစားကောက်ထားရတော့မဲ့ အတိုင်းပဲ။ ဘာဆိုင်လို့လဲ။ ဇောဒကတက်ချင်သော်လည်း၊ မကောင်းတတ်၍ ပါးစပ်ပိတ်ထားရသော်လည်း မေမေကငြိမ်မနေဘဲ အက္ခရာ ပြောချင်တာမျိုးကို ဝင်ပြောလိုက်ပါသည်။

“ဒီလိုပြောကြေးဆိုရင် အမွန်ကကော သူ့အိမ်မှာ ပူပင်သောက ဖြစ်ရလွန်းလို့ မင်းကို ချစ်ကြိုက်ရ လက်ထပ်ရတာလား၊ ဘာဆိုင်လဲ သားကြီးရဲ့၊ မင်းညီမလေးကို မင်းချစ်တာ မေမေတို့ နားလည်ပါတယ်၊ ဒါပေမဲ့ မလိုအပ်





ဘဲနဲ့တော့ နေရာတကာ လိုက်ပိတ်ပင် အပြစ်ရှာနေလို့ မရဘူး သားရဲ့ ...

ခရာ မဟုတ်တာ မကောင်းတာ လုပ်လာရင် မေမေတို့ မဆုံးမပဲ နေပါ့မလား၊ မေမေ အရင်ဆုံး ဆုံးမပြီးသား ဖြစ်နေမှာပေါ့ သားကြီးရယ်”

“ဒါဖြင့် မေမေက ခရာ ယောက်ျားလေးတစ်ယောက်နဲ့ တရင်းတနှီး အရောဝင်တဲ့ ကိစ္စကို မဆုံးမရဘူးလို့ ယူဆထားတာလား”

ဒေါ်မြမြနွယ်က ခက်ပဲ ခက်ရချည်ရဲ့ဆိုသည့် အသွင်နှင့် ဖေဦးကို စိတ်မောစွာ ကြည့်လိုက်မိရင်း ...

“ဘာဖြစ်လို့လဲ သား၊ လူရှည်ချွန်မှာ မေမေတို့ မသိဘဲ သားပဲ သိထားတဲ့ မပေါင်းသင်းအပ်တဲ့ ဆိုးဝါးတဲ့ စာရိတ္တပြစ်ချက်မျိုး ရှိလို့လား၊ ဒီလိုဆိုရင်လည်း မေမေတို့ကို ပြောပြထားလေ”

အက္ခရာက အစ်ကိုဖြစ်သူကို မျက်လုံးဝိုင်းကာ ဘာများကြားရမလဲ စိုးရိမ်တကြီး မျှော်လင့်တကြီး ကြည့်လိုက်၍ ဖေဦးက အက္ခရာကို မျက်စောင်းကြီးပင် ရွယ်လိုက်မိသည်ထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ညီမငယ်ကို ဘယ်ယောကျ်ားသနားနှင့်မှ မကြည်ဖြူနိုင်အောင် တိုက်တွန်းနေတာ မှန်ပေမဲ့ လူတစ်ယောက်မှာ တကယ်လည်းမရှိတဲ့ ပြစ်ချက်ချို့ယွင်းချက်တွေကို လုပ်ကြံလီဆယ်၍တော့ လိမ်ညာမပြောလိုပါ။ ဒီလောက်ထိတော့လည်း သူ့စိတ်ဓာတ်က မဆိုးပါ။

"အဲဒီလို ဆိုးဝါးတဲ့ သီးသန့်အပြစ်မျိုး အကျင့်စရိုက်မျိုးတော့ မရှိပါဘူး"

အမှန်အတိုင်းပဲ ပြောလိုက်ရပါသည်။

"ဒါပေမဲ့ ယောကျ်ားတစ်ယောက်ဆိုတာ ယုံရခဲသားပဲ မေမေ၊ ကိုယ် ဘာမှမသိ မကြားရသေးပေမဲ့ ဒီလူဟာ လူကောင်းဖြစ်နိုင်သလို လူရှုပ်လူပွေလည်း ဖြစ်နိုင်တာပဲ၊ ရည်းစားတွေ များသလား၊ ဟောတစ်ယောက် ဟောတစ်ယောက် တွဲလိုက် ဖြတ်လိုက် အကျင့်ရှိလား မရှိလား ကိုယ်သိတာမှ မဟုတ်တာ၊ ယောကျ်ား ဆိုတာကတော့ မိန်းကလေး ချောချောလှလှ မြင်ရင် ယောကျ်ားတစ်ရာမှာ တစ်ရာလုံး စိတ်ဝင်စားတာချည်းပဲ ..."





ပြီးတော့ လူရည်ချွန်က သဘော်သားတစ်ယောက်လေ၊ ရောက်လေရာ ဆိပ်ကမ်းမှာ သူ ဘယ်လိုနေသလဲ ပွေသလား ရှုပ်သလား ကိုယ် ဘာပြောနိုင်သလဲ"

မေမေက မျက်ခုံးကိုပင့်ကာ ...

"ဒီလို ပြောရမယ် ဆိုရင်တော့ မင်းအဖေဟာ ဟိုးအရင်ခေတ်ဟောင်းကတည်းက သဘော်လိုက်ခဲ့တဲ့ သူပဲလေ သားကြီး၊ အခေါက်ခေါက် အခါခါ သဘော်ထွက်ပြီး ငွေစုဆောင်းမိမှသာ ဒီမှာ ကိုယ်ပိုင်လုပ်ငန်း ထူထောင်ပြီး ခုမှ ကုမ္ပဏီပိုင်ရှင် ဖြစ်လာတာလေ၊ မေမေက လူရည်ချွန်ဘက်က ပြောနေစရာလည်း အကြောင်းမရှိဘူး ...

သူ့ကိုလည်း မေမေ ခုထိတစ်ကြိမ်ပဲ တွေ့ဖူးပါသေးတယ်၊ တွေ့ရသလောက် ရည်ရည်မွန်မွန်တော့ ရှိတယ်၊ စိတ်သဘောကောင်းပုံ ရတယ်၊ လူဆိုးလူကောင်းတော့ ကိုယ်လည်း မခွဲနိုင်သေးဘူး။ သူ ကောင်းချင်ကောင်းမယ်၊ ဆိုးချင်ဆိုးမယ်၊ ဒါပေမဲ့ လူကောင်းဟုတ်မဟုတ်က သူ့အသက်မွေးဝမ်းကြောင်းပေါ် မူမတည်ဘူးလေ ...



www.burmeseclassic.com

www.burmeseclassic.com



မြန်မာပြည်မှာပဲမွေး၊ ဒီမှာပဲကြီးပြင်းနေထိုင်၊ ဘယ်နိုင်ငံမှမသွား သဘော်လည်း မလိုက်ဖူးပဲ ဒီမှာတင် မိန်းမမွေ့ အလေလိုက်နေတဲ့ လူတွေလည်း အများကြီးရှိမှာပေါ့”

“ဒါ မေမေက စကားကတ်ပြောနေတာပဲ”

“ကတ်မပြောပါဘူး၊ မေမေ ပြောပြီကော၊ သူလည်းကောင်းချင် ကောင်းမယ်၊ ကောင်းချင်မှလည်း ကောင်းမယ်လို့လေ၊ အခု မင်းဖြစ်နေတာက ညီမကို တိုထွာနေတာ မေမေ သဘောပေါက်ပါတယ် သားရယ်၊ တခြားအကြောင်းအချက်တွေ ဆွဲထည့်မနေပါနဲ့၊ ခရာ့ကို မင်း သိပ်သဝန်တိုတယ်၊ ဒီလိုမဟုတ်လား”

“အဲဒါလည်း ဟုတ်တာပေါ့၊ ဒီကောင်မလေး ရည်းစားမထားရသေးပါဘူး”

“ဘယ်မှာ ထားရသေးလို့လဲ”

အကွရာက စုပုပ်ပုပ် ဝင်ပြောသည်။

“လောလောဆယ် သားမျက်စိထဲ လူရည်ချွန်က စိတ်ဝင်စားပုံရတော့ လူရည်ချွန်ကိုပဲ ကြည့်မရ ဖြစ်နေတာပါ။





ဒါပေမဲ့ သားရယ်၊ သူဟာ မေမေတို့ အလိုက်အထိုက်တော့ ဆက်ဆံရမဲ့သူထဲ ပါတယ်ကွယ့်၊ လုံးဝ တင်းတင်းပြတ်ပြတ် ဘယ်လိုလုပ်မလဲ၊ လုပ်လောက်အောင်လည်း ကိုယ့်အပေါ် ဘာမှ မဆိုးဝါး မစော်ကားပဲနဲ့၊ ထောက်ထားရမဲ့ မျက်နှာက မင်းမိန်းမမျက်နှာ အဓိက၊ ဒုတိယက သူ့မိဘ၊ မေမေတို့နဲ့ ခမည်းခမက်တွေမျက်နှာ ရှိတယ်၊ မကောင်းတဲ့ သူဆိုရင်တော့ ဘယ်လိုပတ်သက်မှုရှိရှိ မဆက်ဆံဘဲ နေလို့ကောင်းတာပေါ့”

“ခရာ့ကို အရောဝင်တော့မယ်လေ”

“အရောဝင်ရုံလောက်နဲ့ ဘယ်လိုပစ်ပစ်ခါခါ လုပ်မလဲသား၊ သမီးပျို မွေးထားမှတော့ ယောကျ်ားပျိုတွေက ကိုယ့်သမီးကို စိတ်ဝင်စားချဉ်းကပ်တဲ့ ကိစ္စမျိုးကို အကြိမ်ကြိမ် ကြုံရမှာပဲ၊ ကိုယ် သဘောမကျရင် ငြင်းလိုက်ရုံပဲပေါ့ …

ကဲ … ပစ်ပစ်ခါခါ တင်းတင်းမာမာ ဆက်ဆံဖို့ မင်းပဲ အရင်ဆက်ဆံကြည့်ပါဦး၊ မင်း လူရည်ချွန်ကို မခေါ်မပြော အဖက်မလုပ်ဘဲ နေမလား ပြော”



www.burmeseclassic.com

www.burmeseclassic.com



"မေမေကလည်း ... ကျွန်တော်ကတော့ ဘယ်လိုလုပ်နေမလဲ၊ အမွှန့် မျက်နှာ ရှိသေးတာ"

"အမွှန့် မျက်နှာက မင်းမှာတင် ရှိတာမဟုတ်ဘူး၊ မေမေတို့မှာလည်း ရှိတာပဲ၊ မေမေနဲ့က ချွေးမကွယ်၊ ခရာနဲ့လည်း ယောက်မကွဲ့၊ အပြစ်မရှိဘဲနဲ့ အမွှန့် ဆွေမျိုးရင်း တစ်ယောက်ကို ဘယ်လိုလုပ် ရိုင်းရိုင်းစိုင်းစိုင်း ပစ်ပစ်ခါခါ လုပ်လို့ရမလဲ"

ဖေဦးက မျက်နှာပုပ်ကြီးကို ရှုံ့မဲ့ကာ ...

"မသိတော့ဘူးဗျာ၊ မိခရာသာ ကျပ်ကျပ်သတိထားနေ၊ နင့်ကို ရည်းစားထားခွင့် မပြုဘူး သိရဲ့လား၊ ဟိုအရောဝင် ဒီအရောဝင် မလုပ်နဲ့၊ သူတို့ ဟိုနေ့က မုန့်ဆိုင်တောင် အတူထိုင်ခဲ့သေးတာ မေမေ သိရဲ့လား"

"မေမေ သိပါတယ်၊ ခရာ ပြောသားပဲ"

"ထိုင်စရာလား၊ ခုမှ တွေ့တာ ဘယ်နှခါ ရှိသေးလို့လဲ"

"ငြင်းလိုက်ပြီး မထိုင်ဖြစ်ခဲ့ရင်တော့ ပိုကောင်းတာပေါ့ပေမဲ့ ခရာ့ အနေနဲ့လည်း သူ့ အလုပ်ရလိုက်တော





အားနာတဲ့ ကျေးဇူးတင်တဲ့ စိတ်က ဖြစ်နေလို့သာပါ သားကြီးရယ်၊ ဖုံးမထားဘဲ မိဘကိုလည်း ဖွင့်ပြောသားပဲ ဟာ၊ မေမေတောင် သိပါတယ်"

ဖေဦးက အကွရာကို မကျေမနပ် ခပ်တင်းတင်း ကြည့်ကာ ...

"နောက်တစ်ခါ နင်ဒီလို ဟိုကောင် ဒီကောင်တွေနဲ့ ဟိုဆိုင် ဒီဆိုင် လိုက်ထိုင်စရာ မလိုဘူး၊ ကြားလား"

အကွရာက နှုတ်ခမ်းကိုစူကာ ဖေဦးကို ကြည့်နေပါသည်။ အလကားနေရင်း မျက်စိမှိတ် သဝန်တိုနေတာကိုတော့ ကျေနပ်နိုင်လို့ပါ။ ခရာ့ အသက်နှစ်ဆယ်ကျော်ပြီပဲလို့ ပြောမိရင် သည်း ရည်းစားထားချင်နေပြီ စွပ်စွဲကာ အော်ဟစ်ပြစ်တင်ဦးမည်။

ဒီကဖြင့် ဘာမှ အမှားအယွင်း မလုပ်ရသေးပဲ၊ ဒီလို ပိတ်ပင်ကြိမ်းမောင်းနေတာကို အကွရာက ရှက်လည်း ရှက် ဝမ်းလည်းနည်းပေသည်။

"စိတန်တန် ကြည့်မနေနဲ့၊ ဖက်ပိုးအုပ်ပစ်မယ်၊ နင့်အသက်လေးက ဘာရှိသေးလို့လဲ ... ဟင်း၊ အသက်သုံးဆယ်လောက် ရောက်မှ စဉ်းစားရမယ်၊ နားလည်လား"



www.burmeseclassic.com

www.burmeseclassic.com



ဘာကို စဉ်းစားရမှာလဲ၊ အပျိုကြီးလုပ်ဖို့လား အိုသေဖို့လားလို့ ခရာက တိတ်တိတ်ကျိတ်ကာ နှုတ်လှန်ထိုးမိ သည်။





## ၇

ဒီနေ့မနက် မမ ဖုန်းဆက်ရသည့် အကြောင်းရင်း ကတော့ မနေ့ညနေက သူတို့လင်မယား ဒီအိမ်မှာ ညနေစာ လာ စားကြမည်ဟု တင်ကြိုချိန်းချက်ထားပြီး အိမ်မှာလည်း မေမေနှင့် ခန်တီလှတို့ ဖွယ်ဖွယ်ရာရာ ချက်ပြုတ်စီစဉ်ထားပြီးမှ သူတို့ရောက် လာရတဲ့ ကိစ္စကို အကျယ်တဝင့် ပြန်ပြောပြတာပင်။

အကျယ်တဝင့်လို့ သုံးရတာကတော့ မနေ့ညနေက အကျဉ်းချုပ်မျှ ဖုန်းဆက်ပြောပြီးမို့ပါ။

"မေမေရေ ... ဒီညနေ ထမင်းလာမစားဖြစ်တော့ဘူး သိလား၊ ကိုကို့အမေကို ဆေးခန်းပို့ပေးရမှာမို့လို့ သိလား၊ ဆေးခန်း



www.burmeseclassic.com

www.burmeseclassic.com



က ခုပဲသွားရတော့မှာဆိုတော့ နက်ဖြန်မှပဲ ဖုန်းထပ်ဆက်မယ်နော်၊ ဟင်းတွေပို့ချက်ထားမှာ အတွက်တော့ ဗဲရီးဆောရီး မေမေရယ်"

"ဇေဦး အမေ ဘာဖြစ်လို့လဲ"ဆိုတာလောက်သာ မေမေ မေးလိုက်နိုင်ကာ မမကလည်း ဒူးနာလို့ ဆိုတာလောက်သာ မစိုးရိမ်ရကြောင်း အကြမ်းဖျဉ်း ပြောပြနိုင်ပါသည်။

ဒီမနက် မမဆီက မေမေ့ထံ ဖုန်းထပ်လာတော့ လူရည်ချွန်မှာ ဖုန်းနား ရစ်သီ ရစ်သီနှင့် စပ်စုချင်စိတ် ပြင်းပြကာ တစ်ဖက်က ကြားရနိုင်သမျှကို နားစွင့်နေပါသည်။

မေမေနှင့် မမ ဖုန်းပြောလျှင် အနည်းဆုံးနာရီဝက်ပင်။ နေ့တိုင်း ပြောလည်းပြောစရာက ရှိနေသေးတာပင်။ တစ်ခါတစ်ရံများ ဖုန်းခွက်လည်းပူ၊ နားတွေလည်းပူ၊ လက်လည်းညောင်းလာမှပင် ဖုန်းချကြတာ။ အရင်က ဘယ်လောက်ကြာကြာပြောပြော အခုတော့ လူရည်ချွန်က စိတ်မရှည်နိုင်လှ၍ ဘေးကနေ...

"မပြီးသေးဘူးလား၊ ဖုန်းမချသေးဘူးလား မေမေ" နှင့် မကြာမကြာ မေးနေရာ မေမေ့မှာ ဖုန်းပြောရတာ စိတ်မဖြောင့်ဖြစ်လာပုံရပါသည်။





"ဟဲ့ ... လူလူ၊ မင်း ဖုန်းဆက်စရာ ရှိလို့လား"

"မရှိပါဘူးဗျာ"

"ရှိရင်ပြော၊ ဖုန်းခဏချလိုက်မှာပေါ့"

"ဟာ ... ဒီလောက်တောင် ပြောနေတဲ့ဟာ၊ ခဏချမယ်ဆိုတော့ ပြီးရင် ပြန်ဆက်ပြောဦးမဲ့ သဘောပေါ့၊ မေမေနဲ့ မမက ဖုန်းပြောရင် လွန်ကိုလွန်တယ်"

"ဟဲ့ ... မင်းအစ်မက ပြောစရာရှိနေတာကို"

"ဘာမှ အရည်မရ အဖတ်မရတွေပါ၊ မနက်မိုးလင်းရင် ဘယ်နနာရီ အိပ်ရာထတယ်၊ သွားကို ဘယ်နချက်တိုက်တယ်၊ မျက်နှာကို ဘာဆပ်ပြာနဲ့ သစ်တယ်၊ ပြီးရင် ... အီး ဘယ်နတုံးပါတယ်ကအစ တစ်နေ့ တစ်နေ့ မေမေ့ကို အစီရင်ခံနေတာ"

"ဘာဖြစ်နေတာတုန်း သားရဲ့၊ မင်းဖုန်းဆက်ချင်လို့ဆိုရင် ချပေးပါ့မယ် ဆိုမှ"

မေမေက ဖုန်းထဲကို ပြန်လှည့်ကာ ...

"သမီးရေ ... အမွှန်၊ ဒီမှာ ဖုန်းချလိုက်ဦးမယ် သိလား၊ ပြောစရာရှိသေးရင် နောက်မှ ပြန်ခေါ်တော့၊ ဒီမှာ ညည်း



www.burmeseclassic.com

www.burmeseclassic.com



မောင် ဘေးကနေ ဘာတွေ ဂျိကျနေမှန်း မသိဘူး၊ သူ ဖုန်းဆက်ချင်လို့ ထင်တယ်"

မေမေ ဒီလိုပြောမှ တစ်ဖက်က မမက စကားဖြတ်ကာ ဖုန်းကိုချသည်။ မေမေက ဖုန်းကို ပုခက်ပေါ် ပြန်တင်ရင်း...

"ကဲ ... ကဲ ... လာဆက်ချည်"

"မဆက်ပါဘူး"

"ဆက်လေ"

"ကျွန်တော် ဆက်စရာမှ မရှိတာ မေမေရ"

"ဟဲ့ ... အဲဒါဆိုရင် မအေနဲ့အစ်မ ဖုန်းပြောနေတာ ဘာလို့ ဘေးကနေ ဂျိဂျောင်ကျပြီး လာနှောင့်ယှက်နေရတာလဲ"

"မမ ဘာတွေပြောလဲ သိချင်လို့"

"ဟင်"

လူရည်ချွန် ပြုံးကြီကြီ အဖြေကြောင့် မေမေက နားမလည်နိုင်သလို ဖြစ်နေပါသည်။

"ဘာတွေ ပြောရမှာလဲ၊ ဒီလိုပါပဲ၊ အရေးတကြီး အကြောင်းတွေမှ မပါတာ၊ သားက ဘာကိုသိချင်တာလဲ"





"မနေ့က မမနဲ့ ကိုဇော် မလာတော့တာ ကိုဇော့် အမေကို ဆေးခန်းပို့လို့ ဆိုတာလေ၊ ခုနက မမ အဲဒီအကြောင်း ထပ်ပြောနေတယ် မဟုတ်လား"

"အင်းလေ"

"ဘာတဲ့လဲ မေမေ၊ ကိုဇော့် အမေက ဘာဖြစ်တာတဲ့လဲ"

"ဒူးနာတာပါ"

"ဒူးနာတာကို ဆရာဝန်က ဘာပြောလိုက်လဲ"

"ဟယ် ... မင်း ဘာကို ဒီလောက် စိတ်ဝင်စားနေတာလဲ"

"အဲဒါကိုပဲ မေမေရဲ့၊ မမယောက္ခမ ဘာဖြစ်လဲ သိချင်တယ်"

"ဆရာဝန်က ပြောတာတော့ ဒူးခေါင်းထဲမှာရှိတဲ့ အရွတ်တွေ ပွတ်တိုက်ဖန်များရင် စုတ်ပြဲတာမျိုး ရှိတယ်တဲ့၊ အဲဒါပဲ ဖြစ်လိမ့်မယ်လို့ ယူဆတယ်၊ ဓာတ်မှန်တွေ ဘာတွေ ရိုက်ခဲ့တယ်၊ ခုလောလောဆယ်တော့ လမ်းလျှောက်ရင် ထိုင်ရင် ထရင် နာနေတာပေါ့၊ ကဲ ...သိရတော့ မင်း ဘာဖြစ်သွားလဲ"



www.burmeseclassic.com

www.burmeseclassic.com



လှုရည်ချွန်မှာ မဖုံးဖိနိုင်အောင် ဝမ်းသာနေသော ရုပ်နှင့် ...

"ပျော်တာပေါ့ မေမေရာ"

"ဟင် ... သူတစ်ပါး ဝေဒနာခံစားရတာ ပျော်စရာလား လှုလှု"

"သူဝေဒနာခံစားရတာတော့ သနားစရာပေါ့၊ ဒါပေမဲ့ အန်တီဒေါ်မြမြနွယ် နေမကောင်းဖြစ်တယ်ဆိုရင် သတင်းသွားမေးမှ ကောင်းမယ် မဟုတ်လား"

မေမေက လှုရည်ချွန့်ကို မျက်ခုံးလေးတွန့်၍ ကြည့်နေသည်။

"ကျွန်တော် လိုက်ပို့မယ်၊ ကျွန်တော်လည်း လိုက်မယ်နော် မေမေ"

တည့်တည့်နီးပါး ပြောမပင် ဒေါ်မြရည်စိုးက သဘောပေါက်တော့ကာ စိတ်ရှုပ်ရှုပ်နှင့် လှုရည်ချွန့်ကို အရယ်တစ်ပိုင်းနှင့် ကြည့်မိကာ ...

"မင်းဟာကလည်း သားရယ်"





"အပေါင်း ... ဟုတ်တယ် မေမေရဲ့၊ သူတို့အိမ်ကို ဘယ်လိုအကြောင်းနဲ့ သွားရရင် ကောင်းမလဲ ဆိုတာ စဉ်းစားနေတာ၊ ခေါင်းတောင်ပူတယ်၊ အကြံက မထွက်ဘူး"

"မင်းမလည်း နည်းလမ်းက ဒီလောက်ပဲ ရှားနေလား"

"ရှားတယ် မေမေရ၊ အကွာရာက အလုပ်ဝင်နေပြီလေ၊ အလုပ်က ပြန်ချိန်တွေ ဘာတွေများ ဆုံလို့ရမလား ထင်တာ၊ သူက ဖယ်ရီနဲ့ပြန်တော့ ရုံးဆင်းပြီးတာနဲ့ ဖယ်ရီပေါ် တန်းတက်တာပဲ၊ နေ့လယ်နေ့ခင်းကျတော့လည်း သူတို့ Receptionist တွေက ဟိုထွက် ဒီထွက် အားရင်အားသလို အပြင်ထွက်မယ် လုပ်လို့မရဘူး ...

တစ်ချိန်လုံး Stand by ပဲ၊ ဖုန်းတို့ လူတို့ဆိုတာက အချိန်မရွေး ရောက်လာနိုင်တာလေ၊ အဲဒီတော့ သူတို့က အဲဒီရီဆက်ပ်ရှင်ကောင်တာလေးက ခွာလို့ရတာ မဟုတ်ဘူး၊ ကျွန်တော်က ကိုမိုးဆီပဲ သွားလည်သလိုလိုနဲ့ သွားလည်းသူ့ကို တွေ့လို့ နှုတ်ဆက်လို့ပဲရတယ်၊ စကားတွေ ဘာတွေ ကြာကြာပြောနေဖို့များ စဉ်းစားလို့ မရဘူး၊ ဘာပဲဖြစ်ဖြစ် အလုပ်ခွင်တစ်ခု ဆိုတော့လည်း ကိုမိုးနဲ့ ခင်တာတောင် ထပ်ခါ ထပ်ခါ သွားလို့မကောင်းဘူး မေမေ ...

www.burmeseclassic.com



တစ်ပတ် တစ်ကြိမ် သွားတာတောင် ကိုမိုးကို အားနာသလိုလို ဖြစ်တယ်၊ ကိုမိုးကတော့ ဘာမှမပြောဘဲ ရယ်တောင်ရယ်နေပါတယ်၊ ဒါပေမဲ့ ကျွန်တော်က ကိုမိုးရဲ့ အလုပ်ခွင်ထဲက ဝန်ထမ်းဆီ လာနေသလိုဆိုတော့ အနှောင့်အယှက်သဘော ဖြစ်မှာစိုးရိမ်တာပေါ့"

"အင်း ... ဟုတ်တာပေါ့၊ တဒီးဒီး ဝင်ထွက်နေဖို့တော့ မသင့်ပါဘူး သားရယ်"

"အဲဒီတော့ အကွာရာနဲ့ တွေ့ဖို့ စကားပြောဖြစ်ဖို့က အရမ်းကို မလွယ်ကူသလို ဖြစ်နေတာ၊ အိမ်သွားလည်ပြီး လူနာသတင်းမေးရရင် ကောင်းတာပေါ့၊ ကြာကြာလေးနေနော် မေမေ"

"လူမမာဆီ သွားပါတယ်ဆိုမှ ကြာကြာနေလို့ ကောင်းပါ့မလား သားရယ်"

"သူက ငြိမ်နေရင် ပြီးတာပဲ၊ တခြားမောလို့ ပန်းလို့ အားမရှိလို့ နားရမဲ့ ရောဂါမျိုးမှ မရှိဘဲ"

ဒေါ်မြရည်စိုးက သားဖြစ်သူကို သဘောကျနေပါသည်။ သူ့သားထံကို လူပျိုပေါက်ကတည်းက မိန်းကလေးသံဖုန်း





လေးတွေ လာတတ်တာ၊ စကားတွေ ပြောနေကြတာမျိုး ရှိပေမဲ့ သားဖြစ်သူ အလေးအနက် စိတ်မပါတာ အသိသာကြီးပါ။

အမေထံကို ဘယ်သူက ဘာဘာညာညာ စသည့် မိတ်ဆက်ထားမှုမျိုး၊ ရှင်းလင်း တင်ပြချက်မျိုး ဘာတစ်ခုမှ တက်မလာပါ။ ယောကျ်ားလေးပီပီ သူ့ဆီ ဖုန်းဆက်ကြတဲ့အခါ သူက ရောတောယောင်တောင် စကားလက်ခံပြောလိုက်တာပင်။

တစ်ခါတစ်ရံ မမြင်ဖူးသေးဘဲနဲ့ များတောင် ခင်မင်ရင်းနှီးလို့။ တစ်ခါတစ်ရံလည်း မိန်းကလေး တစ်ယောက်စ နှစ်ယောက်စနှင့် အပြင်မှာတွေ့ဆုံတာ၊ မုန့်ဆိုင်ထိုင်တာလောက် ရှိပုံ ရပါသည်။ အမေ့ထံကိုတော့ ဘာသတင်းစကားမှ ရောက်မလာပါ။

အမေကို ပြန်မတင်ပြခြင်းသည် သူ့အတွက် အရေးပါပါ လေးလေးနက်နက် မဟုတ်လို့ပဲဆိုတာ ဒေါ်မြရည်စိုးကလည်း သဘောပေါက်စွာ ဘာမှ မေးမြန်းစူးစမ်းမှု မရှိလှပါ။ ကိုယ့်ကို ဘာမှ ပြောမလာသရွေ့ ငြိမ်ငြိမ်ကလေး ဘေးထွက်၍သာ ကိုယ်နှင့်မဆိုင်သလို နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ခုတော့ဖြင့် သူ့သားဟာ အက္ခရာနှင့် ပတ်သက်၍ လှုပ်လှုပ်ခတ်ခတ် ရှိနေပါသည်။ အပြင်မှာ ကြုံဆုံပတ်သက် ဖြစ်ပျက်ရတာတို့ကိုလည်း အမေကိုသာမက အစ်မဖြစ်သူကိုပါ သူ့မှာ ပြန်ပြောရတာ အမော။

လေးလေးနက်နက် ဆန္ဒပြင်းပြင်းပြပြ ဆိုတာ ဒေါ်မြရည်စိုး အကဲခတ် သဘောပေါက်နိုင်ပါသည်။ အက္ခရာအကြောင်း ပြောရရင်ဖြင့် မျက်နှာက ရွှင်ချိုနေတတ်တာ။ ခုပဲကြည့်ဦး ...၊ ဒေါ်မြမြနွယ်ထံ သတင်းမေး သွားလို့ရတော့မှာဖြစ်တဲ့အတွက် ဒေါ်မြမြနွယ် ဒူးနာနေတာကိုပဲ ဝမ်းသာနေတဲ့အဖြစ်။

အက္ခရာဆိုတာကလေးဟာ သမီးကြီးရဲ့ ယောက်မကလည်းဖြစ်၊ ချောချောလှလှ ကလေးဆန်ဆန်ကလေးကလည်းဖြစ်။ နက်နက်ရှိုင်းရှိုင်း ထဲထဲဝင်ဝင်တော့ ဤကလေးမလေးအကြောင်း မသိပေမဲ့ သာမန်အားဖြင့်တော့ ဤကလေးမလေးနှင့် ပတ်သက်ပြီး ဘာမှ ကန့်ကွက်စရာ သဘောမတူစရာ မရှိတာ အမှန်ပင်။





ညော့်ခန်းထဲက စကားဝိုင်းထဲ လာထိုင်နေတာကိုပဲ ဝမ်းသာရဦးမည် ဖြစ်ပါသည်။ ရှေ့နားလေးမှာ မိုးပြာရောင်ဂါဝန်နုနုလေးနှင့် ထိုင်နေသော အက္ခရာကို ငေးလို့ကြည့်နေချင်ပေမဲ့ သူ့ကို အားပါးတရကြီး စကားလက်ဆုံကျနေသော အန်ကယ်ဦးကျော်ဦးကိုသာ အာရုံစိုက်နေရပါသည်။

သူ ဒီလောက်စကားတွေ ပြောနေပါလျက် သူ့ကို အရေးမစိုက်လှဘဲ သူ့သမီးကို အငမ်းထူနေလျှင် ပထမဆုံးစကားပြောတဲ့ အကြိမ်၌ပင် သူ့အမှတ်တွေ သုညထိ လျော့ကျသွားနိုင်ချေ ရှိပါသည်။

ဦးကျော်ဦးဟာ ဟိုးရှေးပဝေသဏီက သင်္ဘောလိုက်ခဲ့ဖူးသော်လည်း ခုချိန်ထိ သူ့အတွေ့အကြုံတွေကို မမေ့သေးပေ။ လူရည်ချွန်က သင်္ဘောသား ဖြစ်နေသည့်ဖြစ်ရာ ဟိုတုန်းက ဘယ်လို၊ အခုတော့ ဘယ်လို ဆိုတာတွေ ဖလှယ်မေးမြန်းချင်နေပါသည်။

www.burmeseclassic.com



ဒါနှင့်ပဲ ဦးကျော်ဦးကို အလိုလိုက်ကာ သူ စိတ်ဝင်စားတာတွေ ပြောပြနေရခြင်းဖြင့် လှရည်ချွန့်မှာ မျက်လုံးထောင့်စွန်းမှသာ ပြာရိပ်ရိပ်ကလေးကို ခံစားနိုင်ပြီး စေ့စေ့ မကြည့်နိုင်ပဲ ရှိပါသည်။

မေမေနှင့် ဒေါ်မြမြနွယ်က စကားတစ်ဝိုင်း။ အိုလာလျှင် ကြုံလာရတဲ့ ရောဂါဘယတွေ ဝေဒနာတွေ အကြောင်း ရေပက်မဝင် ပြောစရာတွေ ရှိနေကြပါသည်။ အကွာရာခမျာ ဘယ်စကားဝိုင်းမှ စိတ်ဝင်စားစရာ မရှိ။ ဟိုဘက်ကြည့်လိုက် ဒီဘက်ကြည့်လိုက်နှင့် ပျင်းခြောက်ခြောက်လေး ဖြစ်နေရှာသည်။

ဒါနှင့်တောင်မှ လွတ်ရာအေးရာ ထ,မသွားဘဲ ထိုင်နေပေးဖော်ရသော အကွာရာကို ဘာပဲဖြစ်ဖြစ် လှရည်ချွန့်မှာ ကျေးဇူးတွေ တင်နေရပါသေးသည်။

"အန်ကယ်တို့တုန်းက" အစချီတဲ့ သူ့ရဲ့အတွေ့အကြုံတွေဟာ ကိုယ်တိုင်လည်း ဆင်တူရိုးမှား တွေ့ကြုံနေရတဲ့ သိပြီးသားကြီးတွေ ဖြစ်ပေမဲ့ စိတ်ဝင်စားချင်ဟန် ဆောင်ထားရသည်မှာ ပင်ပန်းပါဘိ။ ဒီတစ်ခါ စကားစပြတ်လျှင် ဟိုလိုလို ဒီလိုလို တစ်ချက်လှည့်ကြည့်မည်ဟု ကြံစည်စိတ်ကူးနေပေမဲ့ စကားစက ပြတ်ကိုမပြတ်နိုင်ပေ။





အဆက်မပြတ် မရပ်မနား လွှတ်နေတဲ့ ဦးကျော်ဦးရဲ့ စကားတွေကြားထဲ လှရည်ချွန် မွန်းနောက်ချင်လာသည်။

"ကလင် ... ကလင် ... ကလင်"

ဖုန်းမြည်သံ ထွက်ပေါ်လာ၍ ဦးကျော်ဦးက တစ်ချက်လှည့်ကြည့်ကာ စကားပြတ်သလိုလေး အနည်းငယ် နှေးကွေးသွားခိုက် လှရည်ချွန်က အခွင့်ကောင်းယူကာ အကွာရာကို ဖျတ်ခနဲ ခိုးကြည့်လိုက်ပါသည်။

သူ့ကို လှစ်ခနဲလေး ပြန်ကြည့်ကာ အကွာရာက ထိုင်ရာမှ ထ,လိုက်ပါသည်။

"အေး ... သမီးလေး ကိုင်လိုက်ပါဦးကွ"

အကွာရာက ဖုန်းသွားကိုင်ကာ နားထောင်ပြီးလျှင် ...

"ဖေဖေတဲ့၊ အန်ကယ်ဦးတင်ဝင်းမောင်တဲ့ ဖေဖေ"

"ဩော် ... အေး ... အေး ... အေး ..."

ဦးကျော်ဦးက လှရည်ချွန့်ကို "ခဏနော် မောင်လှရေ"ဟု လှည့်ပြောပြီးမှ တယ်လီဖုန်း သွားကိုင်ပါသည်။ နဂိုနေရာကို ပြန်ဝင်ထိုင်လိုက်သည့် အကွာရာသည် လှရည်ချွန့်ကို ပြုံးစိစိ ကြည့်ကာ လေသံခပ်တိုးတိုးနှင့် ...



www.burmeseclassic.com

"ဖေဖေ ပြောနေတာတွေက လောလောဆယ် ကိုလှ ကိုယ်တိုင် ကြုံနေရတာတွေနဲ့ ဆင်တူရိုးမှားတွေပဲ မဟုတ်လား၊ ကိုလှ သိပြီးသားတွေ မဟုတ်ဘူးလား"

လှရည်ချွန်က ငြင်းမနေဘဲ ရယ်ဟဟနှင့် ...

"ဟုတ်တယ်"

"အဟိ ... ရယ်ရတယ်"

လှရည်ချွန်ကလည်း ခပ်သာသာလေး ရယ်မောနေပါသည်။ အက္ခရာရဲ့ မျက်နှာလန်းလန်းစင်စင်ကလေးသည် ဝင်း၍ ချစ်စဖွယ်။ သူ ကိုယ်တိုင်ဟာ လှရည်ချွန်နှင့် လိုလိုလားလား စကားပြောလိုစိတ်ရှိကြောင်း မျက်လုံးကလေး၌ပင် ပေါ်လွင်နေ၍ လှရည်ချွန် စိတ်ထဲ ချမ်းမြေ့ရသည်။

စကားဝိုင်းထဲ နှစ်ယောက်တည်းလေး ဖြစ်နေချိန် လှရည်ချွန်က မေးလိုရာ တစ်ခုကို ခပ်မြန်မြန် မေးရပါသည်။

"ဟိုအင်္ဂလိပ်စာသင်တန်း မတက်တော့ဘူးလား"

"တက်တယ်"

"Hotel မှာ အလုပ်ဆင်းနေရတော့လေ"

"ဆက်တဒေး ဆန်းဒေး အချိန်ပြောင်းထားတာပေါ့"





"ဟုတ်လား ... ကြည့်စမ်း၊ မတွေးမိဘူး၊ ကိုယ်ညံ့သွားပြီကွာ၊ အရင်တက်တဲ့ရက်တွေ အလုပ်ဝင်ရပြီဆိုတော့ ရပ်လိုက်ပြီ ထင်နေတာ၊ အား ... လား ... အချိန်တွေ ပုပ်လိုက်တာကွာ"

လှရည်ချွန်ရဲ့ ပြုံးစိစိဟန်ကို အက္ခရာက မျက်ခုံးလေးပင့်ကာ ...

"အချိန်တွေက ဘာလို့ ပုပ်ရတာလဲ"

"ပုပ်တာပေါ့၊ ကြားထဲမှာ စနေ တနင်္ဂနွေ ဘယ်နှရက်တောင် ရှိနေပြီလဲ၊ အလကား ဖြစ်သွားတယ်"

"ကိုလှက ဘာလုပ်ချင်တာမို့လို့လဲ"

"လာချင်တာပေါ့ကွ"

"ဘာလုပ်ဖို့လဲ"

"ဟိုဟာလေ ... ပန်းပျိုးအိုးလေးတွေ ဝယ်ဖို့ပါ"

ခပ်တည်တည်နှင့် တမင် ပိရိသလို ဟန်လုပ်ပြောပြီးလျှင် လှရည်ချွန်က ပခုံးကိုလှုပ်ကာ ရယ်နေသည်။ အက္ခရာမှာ ရှက်တက်တက်နှင့် ဘာပြန်ပြောရမည် မသိ။ သူ ရည်ရွယ်တာကို သိရဲ့သားနှင့် မသိသလိုသာ နေရမည်မှာ မိန်းမတို့ ဝန်တာပင်။

www.burmeseclassic.com



"ဟော ... ကြည့်စမ်း"

ရုတ်တရက် အိမ်ပေါက်ဝမှ ထွက်ပေါ်လာသော အသံကြောင့် အားလုံးပင် အိမ်ဝဘက် လှည့်ကြည့်လိုက်မိကြပါသည်။ ကြည့်လိုက်မိသည်နှင့် အကွာရာ မျက်နှာမှာလည်း တည်သလိုလေး မျက်နှာပိုးသတ်သွားကာ လူရည်ချွန်မျက်နှာကြီးမှာတော့ အတော်ကြီးကို အောက်သိုးသိုး နိုင်သွားရပါသည်။

ကိစ္စမရှိပါဘူး။ အိမ်ထဲဝင်လာတဲ့ မျက်နှာကြီးကလည်းပဲ အောက်သိုးသိုးပဲဟာကို။ ပိတ်ကန်ခံလိုက်ရလို့ ရှုံ့တွချိုင့်ဝင်သွားတဲ့ ကော်အပေါ်စား ဘောလုံးကို အချိုင့်အခွက်ပျောက်အောင် လက်နှင့်ပြန်ဖိကာ ထိုးကာ နဂိုနေဖြစ်အောင်းပြန်ကြိုးစားထားတဲ့အခါ နဂိုနေလည်းမဟုတ် ချိုင့်တယ် ခွက်တယ်လည်းမဟုတ် ကျိုးကြေကာ ရှုံ့တုံ့တုံ့ ဖြစ်နေတဲ့သဏ္ဍာန်နှင့် ဆင်တူလှတဲ့ မျက်နှာကြီး။

ထိုမျက်နှာကြီးကို ချက်ချင်းလိုပဲ ဖေဦးက ပြေပြစ်အောင် ဟန်ဆောင်ပန်ဆောင် လုပ်လိုက်နိုင်ပါသည်။ ရိပ်မိလိုက်တဲ့ လူရည်ချွန်ကတော့ တတ်လည်းတတ်နိုင်တဲ့ ယောက်ဖကြီးရယ်လို့ အမြင်ကတ်ကတ် ကျိတ်ပြီးထောပနာမိသည်။





"မေမေရော လူလူရော ရောက်နေတာကိုး"

"မောင်ဖေဦး အလုပ်က ပြန်လာတာလား"

"ဟုတ်ကဲ့၊ အိမ်ကို ကားဝင်ထားသေးတယ်၊ ဒီနေ့ နည်းနည်းစောတာနဲ့ ထမင်းလည်း မစားသေးပါဘူး ဆိုပြီး ဒီအိမ်ဘက် လျှောက်လာတာ၊ အမှန်လည်း နောက်က လိုက်လာလိမ့်မယ်တဲ့" မေမေ"

"ဟုတ်လား ... အေး ... အေး ..."

"မေမေ ဒီနေ့ တစ်နေကုန် နာသေးလား"

"ငြိမ်နေတော့ သက်သာနေတာပေါ့ သားရဲ့၊ ဟိုလျှောက်ဒီလျှောက် ဆိုရင်တော့ နာတာပဲ"

"ငြိမ်ငြိမ်ပဲနေပေါ့ မေမေရ"

ဖေဦးက ညီမကို မသိမသာ အကဲခတ်ကာ အကွာရာနှင့်ကပ်ရက် ဆက်တီပေါ်တွင် ထိုင်လိုက်ပါသည်။ ဒါမှ လူရည်ချွန်နှင့် မျက်နှာချင်းဆိုင်။ အကွာရာကို သူ ကြည့်သမျှ အချက်တိုင်းစေ့ကို ဖေဦး အမိဖမ်းနိုင်မည်။ ကိုယ်နှင့် မျက်နှာချင်းဆိုင်ကြီးဆိုတော့ ဟိုကောင်လည်း အကွာရာကို ရဲရဲကြည့်ရဲမှာ မဟုတ်တော့။



www.burmeseclassic.com

www.burmeseclassic.com



"လူလူတို့ ရောက်တာ ကြာပြီလား"

"ခဏပဲ ရှိပါသေးတယ် ကိုဇေ"

"မေမေ့ကို သတင်း လာမေးကြတယ်ပေါ့၊ အားနာစရာ တကူးတကကွာ၊ မေမေက နေသာပါတယ်၊ မနေ့က ထမင်းလာမစားဘဲ ဖျက်လိုက်တော့ အခြေအနေ ဆိုးနေ လို့လို့ ထင်သွားတယ် ထင်တယ်"

သတင်းလာမေးလည်း ရတဲ့ အရေးမကြီးလှတဲ့ အဓိပ္ပာယ်နှင့် ပြောတာမို့ လူရည်ချွန် တမင်တကာပင် ...

"သိပ်ဆိုးဆိုးကြီး မဟုတ်တာ မမ ပြောပါတယ် ကိုဇေ၊ ကျွန်တော်နဲ့ မေမေက ဒီကို လာလည်ဖို့ကို ရည်ရွယ်ထားတာ၊ အန်တီ ဒူးနာနေတော့ အလည်သက်သက် မဟုတ်ဘဲ သတင်းမေးသဘော ဖြစ်သွားတာပေါ့"

အပြင်မှာ ထိန်းလိုက်ရသော်ငြား ဇေဦး မျက်နှာကြီးက အတွင်း၌ ကျိတ်၍ပုပ်သွားပါသည်။ ဘာမှဖြစ်မနေလဲပဲ အလည်အပတ် လာလို့ရတာပဲဆိုတဲ့ သဘောကို ဒီကောင်က ပြောလိုက်တာပေါ့လေ။ ကိုယ့်ဘက်ကလည်း ဘာမှ မချေပနိုင်။





"ကျွန်တော် ခုမှ ရောက်ဖူးတာ ကိုဇေရ"

ဇေဦးက စိတ်ညစ်ညစ်နှင့် ခေါင်းညိတ်ရပါသည်။ ခုမှ မရောက်လို့ ဘယ်တုန်းကတည်းကများ ရောက်ချင်နေတဲ့ သဘောလဲ ... သင်းက။

"အန်တီတို့ခြံက ပိုကျယ်တယ်နော်၊ ဘေးက မြက်ခင်းကို ခုနကြည့်ပြီး သဘောကျနေတာ ကိုဇေရ၊ အန်ကယ့်ကို တောင် ဘာမြက်လဲ မေးနေတာ၊ သိပ်ညီတယ်၊ သေးသေးနဲ့ လှတယ်၊ အိမ်မှာ တစ်ကွက်လောက် အကွက်ဖော်ချင်လို့ အန်ကယ့်ဆီက မျိုးတောင်းမယ်လို့ ပြောနေတာ"

"ဒါတွေ ရှိပါတယ်၊ ပန်းပြပွဲတွေ ပန်းပင်ရောင်းတဲ့ပွဲတွေ မှာ အချပ်လိုက် လိုချင်သလောက် သွားဝယ်လို့ ရပါတယ် လူလူရ"

ဒီကနေ အကြောင်းရှာ လာသယ်မနေနဲ့ကွာ။ လိုချင် တခြားက ရှာဝယ်ဆိုတဲ့ သဘောပင်။

"အန်ကယ်က အပြင်မှာ ဈေးကြီးတယ်၊ နည်းနည်းပဲဆိုရင် သူ့ဆီက ပေးမယ်တဲ့"

www.burmeseclassic.com



"ဟာ ... ဒီကယ္ ဟိုမှာ ပြန်ထိုးစိုက်၊ အလုပ်ရှုပ်တာပေါ့ လူလူရ၊ ဟိုကဟာတွေက ပျိုးပြီးသား စိုက်ပြီးသား မြေကြီးအချပ်လိုက်နဲ့လေ၊ အဲဒါတွေ ဆိုတော့ မသေနိုင်တော့ဘူးပေါ့၊ ကိုယ့်မြေကြီးပေါ်ခင်း ရေလောင်းလိုက်ရုံပဲ ဒလိမ့်လုံးနဲ့ နည်းနည်းလိမ့်ပေးရင် သိပ်သိပ်ကလေး စွဲမြဲသွားတာပဲ"

"အန်ကယ်က သူ ကြည့်လုပ်ပေးမယ်တဲ့ ကိုဇော်ရဲ့"

ဇော်ဦးမှာ ကျိတ်ပြီး ကျွဲမြီးတိုကာ ဖေဖေ့ကို ဘယ်လောက်များ ကျအောင်ပြောထားပြီလဲလို့ စိတ်ထဲ ရှုစိစိ ဖြစ်နေရပါသည်။ ဒီကောင့်ခြံထဲ မြက်ကလေးနည်းနည်း စိုက်ဖို့အရေးအထိ ဖေဖေက ကြည့်လုပ်ပေးဦးမတဲ့။ ဟင်း ...။ သို့သော် ထိုမလိုတမာမှုကို ဇော်ဦးက အပြုံးကြီးတစ်ခုနဲ့ အုပ်ဆိုင်းထားလျက် အလွန်တရာ လျော်ကန်သင့်မြတ်တဲ့ အဖြစ်လို ...

"ဟုတ်လား ... ကောင်းတယ် ... ကောင်းတယ်"

ရင်ထဲမှာတော့ "ကောင်းတယ်" လုံးဝမဟုတ်။ ဆိုးတယ် ... ဆိုးတယ်ဟု ဆန့်ကျင်ဘက် မြည်တမ်းတာ။ ဒီကောင်





ဟာ တခဏနှင့် ဖေဖေ ကျအောင် ပညာပြနိုင်သည်။ တယ်မလွယ်တဲ့ကောင်။ ဖေဖေရော မေမေရောက သဘောကောင်းတာနှင့်တော့ ခက်နေပြီ။

ဇော်ဦးက ညီဖြစ်သူကို မသိမသာ မျက်စိလှှမ်းကာ ဖျတ်ခနဲ ကြည့်သည်။ ဂါဝန်ပျော့ပျော့ကလေးနှင့် ဆံပင်တိုကို ချိုနှစ်ဖက် ခွဲစည်းကာ ချစ်စဖွယ်ရာ ဖြစ်နေသည့် အကွာရာက သူ အိမ်ထဲဝင်ဝင်ချင်း ဖတ်ခနဲ လှမ်းတွေ့လိုက်သည့် ရှင်လန်းဝင်းပသော အရယ်မျက်နှာနှင့် မဟုတ်တော့ဘဲ ခေါင်းခပ်ငုံ့ငုံ့နှင့် မလှုပ်မယှက်။

သူက ဒီစကားဝိုင်းနဲ့ ဘာဆိုင်လို့ လာထိုင်နေရတာလဲ။ ဖေဖေနဲ့ လူရည်ချွန်၊ မေမေနဲ့ ဒေါ်မြည်စိုး။ စကားဝိုင်းက သူ့ဟာနှင့်သူ ဘက်ညီလူပြည့်နေပါလျက် ဒီဟာမလေးကအလကားနေရင်း ထွက်ထိုင်ပြနေသေးသည်။

"ခရာ ... ငါ့ကို သံပရာရည်လေး တစ်ခွက်လောက် ဖျော်ပေးစမ်းပါဟာ၊ ငါ့ညီမလေးလက်ရာ သောက်ချင်တာနော်၊ ဒီနေ့ အလုပ်မှာ ခေါင်းနည်းနည်း မူးချင်လာလို့ကွာ



www.burmeseclassic.com

www.burmeseclassic.com



ရုံးက မပြန်ခင်ကတည်းက ညီမလေးဖျော်တဲ့ သံပရာရည် ချိုချဉ်လေး သောက်ချင်လိုက်တာလို့ တွေးနေတာ”

အကွာရာရဲ့ ခေါင်းကလေးကို ပုတ်ကာ ပြောပြီး မသိမသာနှင့်လည်း ထိုခေါင်းကို ခပ်ဖိဖိ တွန်းလိုက်ပါသည်။ တမင် မာန်မဲသလို အဓိပ္ပာယ်ပေါက်စေအောင် ဖိတွန်းပစ်တာ။ လူရည်ချွန်ကတော့ သိလိုက်စရာ မရှိ။ အကွာရာကတော့ သူ့အစ်ကိုဟာ သူ့ကို ဤနေရာကနေ နှင်ထုတ်တာမှန်း သိလိုက်ရပါသည်။

အကွာရာသည် မကျေချမ်းသော်လည်း ပေကတ်၍လည်း ထိုင်မနေရဲသည်မို့ ထိုင်ရာက ထ,ထွက်လာခဲ့ရပါသည်။ ကိုကို တမင်တကာ အကြောင်းရှာတာမှန်းလည်း သိ၍ နောက်ဖေးက တစ်ယောက်ယောက်ကိုသာ သံပရာရည် ဖျော်ခိုင်းလိုက်ပြီး ထမင်းစားပွဲမှာ မှုန်တေတေ ထိုင်နေပါသည်။

ဤသို့ နှင်ထုတ်ခံလိုက်ရတော့ အောက်တာပေါ့။ ငါ့ညီမလေးလက်ရာ သောက်ချင်တာနော်ဟု ပါးစပ်က ဘယ်လိုပြောပြော ကိုကို့ကို တစ်ခါမှ သံပရာရည် ဖျော်မတိုက်ဖူးတဲ့





အတွက် အကွာရာရဲ့လက်ရာ ဘယ်လိုရှိမည် ဆိုတာကိုပင် ကိုကို သိတာမဟုတ်ဘဲနဲ့။

ကိုယ်တိုင်ဖျော် ဆိုတာက မှာခဲ့ပြီး ပြန်ထွက်မလာဖို့ တမင် သတိပေးလိုက်တာ။ ခေါင်းကို ဖိတွန်းလိုက်တာကတော့ ဖျော်ပြီးရင်လည်း ဖန်ခွက်လာချရင်း လာပြန်မထိုင်နဲ့တော့ ဆိုတဲ့ သဘော။ နောကျေနေပါသည်။

သူတို့သားအမိ သတင်းမေး ရောက်လာတော့ အကွာရာလည်း ရင်ခုန်ပျော်မြူးသွားတာပါ။ ဘာပဲဖြစ်ဖြစ် သူ့ကို တွေ့ချင် စကားပြောချင်တဲ့ ဆန္ဒမျိုး အကွာရာမှာ ရှိပါသည်။ လူရည်ချွန့်ကို ဖေဖေက ဒိုင်ခံစကားတွေ အမျှင်မပြတ် ပြောနေတော့ အကွာရာမှာ သူ့ကို မသိမသာလေးသာ ခိုးကြည့်ခွင့်ရတာ။

ဖေဖေ့ အလစ်မှာ တစ်ကြိမ် နှစ်ကြိမ်လောက်သာ မျက်လုံးချင်း ဆုံရတာ။ မျက်နှာချင်းဆိုင် ထိုင်နေပေမဲ့ ဘာမှမပြောရ မဆိုရ ကြည့်တောင် ရဲရဲမကြည့်ရသည့် အခြေအနေကနေ ဖေဖေ ဖုန်းသွားပြောလို့ လွတ်ပြီလား မှတ်ပါတယ်။ ပိုပြီးဆိုးသေးတဲ့ ကိုကို ရောက်လာရော။



www.burmeseclassic.com

www.burmeseclassic.com



တော်ပါပြီကွာ။ အက္ခရာက စိတ်ပျက်လက်ပျက် သက်ပြင်းချသည်။ ကိုကို မတရားဘူး။ လှုရည်ချွန်ရဲ့ အစ်မကို တော့ သူ ယူထားပြီး လှုရည်ချွန်နှင့် ကိုယ့်ညီမကိုကျတော့ ရင်းနှီးတောင် မရင်းနှီးရဘူး ဆိုတဲ့ သဘောထားက ဘယ်လိုလုပ် တရားမျှတပါ့မလဲ။

ပြန်ထွက်ပေါ်မလာတော့သည့် အက္ခရာကို တမျှော် မျှော်နှင့်နေရင်း ခဏကြာတော့ သံပရာရည်ဖန်ခွက်လင်ပန်းကို အိမ်က အိမ်ဖော်အမျိုးသမီးကပဲ သယ်ယူလာချပေးသွား၍ လှုရည် ချွန့်စိတ်ထဲ တနုံ့နုံ့နှင့် ကိုဇေဦးကို အမြင်တွေ ကတ်နေမိပါ သည်။

ဖုန်းပြောပြီးသွားတဲ့ ဦးကျော်ဦးနှင့် ဇေဦးတို့ နှစ် ယောက် ညပ်ကာ လှုရည်ချွန့်ကို စိတ်ဝင်စားစရာ လုံးဝမကောင်း တဲ့ စကားစမြည်တွေ ပြောနေကြဆဲ မမ်မေရည်မွန် ရောက်လာ ပါသည်။ မမက ယောက္ခမအနား သွားထိုင်ကာ အနည်းငယ် သတင်းမေးပြီးလျှင် ...

"ခရ သည်း မတွေ့ပါလား၊ ခရောရော မေမေ"





တစ်အိမ်လုံး လှုစုံရှိနေသည့် နေရာမှာ အက္ခရာကို မတွေ့၍ မောင်ဖြစ်သူ တွေ့ချင်မှာပဲရယ်လို့ အလိုက်တသိ မေး ပေးတာ ဖြစ်ပါသည်။

"ခုနတော့ ဒီနားမှာ ထိုင်နေသား အမွန်ရဲ့၊ ဘယ်ဝင်သွားလဲ မသိဘူး"

မေရည်မွန်က ထိုင်ရာမှထကာ အိမ်တွင်းဘက် ဝင်လာခဲ့ပါသည်။ ထမင်းစားခန်းစားပွဲမှာ တစ်ယောက်တည်းထိုင် နေသော အက္ခရာကို မြင်လျှင် ...

"ဟင် ... ခရာ၊ ဘာဖြစ်လို့လဲ၊ တစ်ယောက်တည်း ဘာလုပ် နေတာလဲ"

အက္ခရာသည် မျက်နှာလေးကို ပြင်လိုက်ရပါသည်။ ကိုကို့အကြောင်း အရင်းတိုင်း ပြောလိုက်လို့ကတော့ မမမေရည်မွန် ပါ ကိုကို့အပေါ် မကြည်မလင်တွေ ဖြစ်သွားနိုင်တာမို့ ကိုယ့် အစ်ကိုအတွက် ကြည့်ကာ ပြောလို့မဖြစ်ပါ။

"ဘာမှ မဖြစ်ပါဘူး မမမွန်၊ ခုနက ရှေ့မှာထိုင်နေတာပါ"

"ဒါဖြင့် အခု ဒီမှာ ဘာထိုင်လုပ်နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ခရာ ဗိုက်ဆာလို့၊ ဘာစားရင် ကောင်းမလဲလို့ ထမင်းစားခန်းထဲ လာချောင်းနေတာ"

"ဒီမှာပါရှင်၊ လမ်းထိပ်ဆိုင်က အကြော်တွေ သွားဝယ်လာတယ်၊ ပူပူလေး စားလိုက်ကြမယ်၊ လာ ...၊ အိမ်ရှေ့မှာ တစ်ခါတည်း လာဝိုင်းစား"

မေရည်မွန်က ပြောပြောဆိုဆို ကြွပ်ကြွပ်အိတ်ထဲက အကြော်စုံတွေကို ပန်းကန်နှစ်ချပ်နှင့် ပြင်ဆင်ထည့်၊ အချဉ်ရည်ကို ပန်းကန်လုံးနှစ်ခုနှင့် လှယ်ထည့်ကာ ဇွန်းတစ်ချပ်နှင့် ပြင်ဆင်လိုက်ပါသည်။

"လာ ...၊ ခရာ မရှိရင် ငါ့မောင်လေး ပျင်းနေမှာပေါ့၊ ငါ့ယောက်မလေးရဲ့"

"ဟာ ... မမမွန်ကလည်း အဲလို မစနဲ့ကွာ"

"ဟင် ... စ,တာမှ မဟုတ်တာ၊ ယောက်မက ယောက်မပဲ။ ဘာမှ ရှည်ဝေးတွေးမနေနဲ့၊ လာ"

မေရည်မွန် အတင်းပြန်ဆွဲခေါ်လာ၍ အက္ခရာသည် အိမ်ရှေ့ကို ပါလာရပါသည်။ သူတို့နှစ်ယောက် ထွက်လာတာမြင်





လျှင် ဇေဦးက ခရာ သူ့မိန်းမကို ဘာများပြောထားမှာပါလိမ့်ဟု ခပ်ပူပူနှင့် မျက်နှာချို သွေးကာ ...

"လာလေ ...၊ ငါ့ညီမလေးလည်း သံပရာရည်တစ်ခွက် ဖျော်ခိုင်းမိတာ ပြန်ကို ပေါ်မလာတော့ဘူး၊ သူများနဲ့ပိုခိုင်းပြီး ရေသာခို ကျန်ရစ်တယ်"

လူရည်ချွန်ရော အက္ခရာရော စိတ်ထဲမှာ ဇေဦးကို တတ်လည်းတတ်နိုင်တဲ့ လူကြီးရယ်လို့ တိတ်တဆိတ် မှတ်ချက်ချရအောင်ပင် ခုတော့လည်း ဇေဦး မျက်နှာက ရွှင်ရွှင်ပျပျ။

"ဒီမှာ ခရာကလည်း ဗိုက်ဆာနေလို့၊ အတော်ပဲ၊ အမွန် အကြော်စုံတွေ ဝယ်လာတာ၊ စားလိုက်ကြရအောင်၊ ဒါ ... ဟိုဘက် လူကြီးတွေအတွက် သတ်သတ်၊ ဒီဘက်မှာ လူငယ်တွေအတွက် တစ်ပန်းကန်၊ လာ ... ခရာ ဒီနားထိုင်လိုက်"

မေရည်မွန်က အမှတ်တမဲ့ ပြောပြောဆိုဆိုနှင့်ပင် အက္ခရာကို လူရည်ချွန် နံဘေးခုံမှာ ထိုင်စေလိုက်ပါသည်။ သူကတော့ ဇေဦး နံဘေးက ခုန အက္ခရာ ထိုင်ခဲ့တဲ့ခုံမှာ။ လူကလည်း



www.burmeseclassic.com

www.burmeseclassic.com



ခုနစ်ယောက်တောင်မို့ ဧည့်ခန်းက ဆက်တီတွေဟာ သူ့ဟာနှင့်သူ နေရာကွက်တိ ဖြစ်နေပြီဖြစ်ရာ အက္ခရာက လူရည်ချွန်နဲ့ အနီး ထိုင်ချလိုက်ရပါသည်။

သိပ်ကို ကျေနပ်သဘောကျလှတဲ့ ပြုံးဖြီးဖြီး မျက်နှာနှင့် အက္ခရာထံ ဘူးသီးကြော်တစ်ခု ကမ်းပေးလိုက်သေးတဲ့ လူရည်ချွန်ကို ခေဦးမှာ ဘာမှမပြောသာဘဲ အောင့်သက်သက် ပြုံးမဲ့မဲ့ကြီးနှင့်ပင် ကြည်ဖြူချင်ဟန် ဆောင်နေလိုက်ရပါသည်။





## ၀

အက္ခရာတို့ စီးလာတဲ့ ဖယ်ရီကားဟာ မြေနီကုန်းနား အရောက်မှာ ထိုး၍ရပ်သွားပါသည်။ ဒရိုင်ဘာက ကားပေါ်က ဆင်းကာ စက်ခန်းကို ဆယ်မိနစ်လောက်ကြာအောင် ကြည့်ရှုပြီး သော် ...

"ကားက ကိုယ့်ဟာကိုယ် ပြင်လို့မရနိုင်တော့ဘူး၊ ဝပ်ရှော့ကို ခေါ်ယူမှ ရတော့မယ်၊ သမီးတို့ ကိုယ့်အစီအစဉ်နဲ့ကိုယ် ပြန်လိုက်ကြပေတော့"

ကားပေါ်မှာ ပါလာသော မိန်းမငယ်ခြောက်ယောက် စိတ်ညစ်ညစ်နှင့် ကားပေါ်က ဆင်းကြပါသည်။ ကျန်တဲ့လေး



www.burmeseclassic.com

www.burmeseclassic.com



ယောက်ဟာ အကွာရာတို့နှင့် တာဝန်ကျ ဌာနခွဲမတူဘဲ အကွာရာ နှင့် ခင်မင်သည်မှာ အတူတူ Reception မှာ တွဲ၍ တာဝန်ယူရ သော သဥ္စာသာ ပါသည်။

ကျွန်လေးယောက်က တစ်အုပ်စုဖွဲ့ကာ အတူ ကား ငှားသွားကြမည်ဟု နှုတ်ဆက်သည်။ အကွာရာနှင့် သဥ္စာတို့က သွားရမည့် ဦးတည်ရာဘက်ချင်းလည်း တူရာ အကွာရာက သဥ္စာ လက်ကို ဆွဲထားရင်း ...

"သဥ္စာနဲ့ ခရာ တူတူပြန်မယ်နော်"

"အင်း ..."

"သူတို့လေးယောက်က ဘယ်ဘက်ကို ထွက်သွားတာ လဲ"

"ဟိုဘက်ကို ကွေ့လျှောက်ပြီးမှ ကားငှားလို့ ရမှာလေ ခရာရဲ့၊ ဒီဘက်မှာက ကားတားလည်း ရပ်လို့မရဘူး၊ တို့ တွေလည်း ဟိုဘက်ကို လျှောက်ရဦးမှာပဲ"

"ဒါဖြင့် သွားမယ်လေ"

သဥ္စာက ကားပေါ်က ဆင်းသည့်နေရာမှာပဲ ရပ်နေ ရင်း ...





"နောက်မှာ ကားတစ်စီး ပါလာတယ် ခရာ သိလား၊ ဟိုတယ်က ကော်ဖီဘားကို အမြဲလာနေတဲ့ ကောင်လေး တွေလေ၊ ခရာ့ကို ဟိုတစ်နေ့ကတောင် လာရောနေသေး တာ"

"အင် ... သူတို့ ပါလာတယ် ... ဟုတ်လား"

"ဟုတ်တယ်၊ တို့ကား ပျက်တော့ သူတို့ကားလည်း နောက်က လိုက်ရပ်သွားတာ၊ ခုထိ စောင့်ကြည့်နေပုံပဲ၊ တို့သွားရင် ပါလာလိမ့်မယ် ထင်တယ်နော်"

သဥ္စာသည် သိမ်မွေ့ရှက်ကြောက်တတ်ကာ ခပ်ရိုးရိုး အေးအေးကလေး ဖြစ်ပါသည်။

"ပါလည်း ဘယ်တတ်နိုင်မလဲ၊ ဒီမှာ ရပ်နေလို့က ပြီးမှ မပြီးပဲ"

အကွာရာက မသိမသာနှင့် နောက်ကားကို ကြည့် လိုက်ပါသည်။ ပါဂျရိုကားပေါ်မှာ လူငယ်သုံးယောက်တောင်မှ။ ဟိုတယ်ရဲ့ ကော်ဖီဘားဆီ လာကြရင်း မလှမ်းမကမ်း လှမ်းတွေ့ ရသည့် Reception ကောင်တာမှ အကွာရာတို့ကို မျက်စိစားပွဲ ခံတတ်ကြသည့်ကောင်တွေ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အက္ခရာကိုလည်း စကားပြောဖို့ အရောဝင်ဖို့ ကြိုးစား

ကာ သုံးကြိမ်လောက် လာစကားပြောဖူးပါသည်။ သူတို့လာပြော

သည့် စကားကလည်း ရှမ်းရှမ်းကားကားတွေ မဟုတ်ဘဲ ဟိုဒေ

ဒီမေး ဟိုတယ်အကြောင်း စပ်စုစုံစမ်းနှင့် စကားမရှိ စကားရှာ

တာ သိသိဖြစ်သည့်တိုင် ပြန်မဖြေဘဲ နေလို့လည်း မရတာမျိုးတွေ

ဖြစ်ရာ စကားပြောဖူး ဆိုဖူး ဖြစ်နေသည်။

နောက်ဆုံး တစ်ကြိမ်ကတော့ သူတို့ထဲက တစ်

ယောက်က အက္ခရာရဲ့ နာမည်ကိုလည်း သိနေကာ သူ့ကိုယ်သူ

လည်း ကိုဇေဦး မိတ်ဆွေ ကိုကျော်ဆွေရဲ့ ညီအရင်း စည်သူဇေ

ရယ်လို့ မိတ်ဆက်လာပါသည်။ အထိုက်အလျောက် စကားပြန်

ပြောရကာ ဘာကြောင့် အရောတဝင် လာချဉ်းကပ်နေသလဲ

သိပေမဲ့ မသိချင်ယောင် ဆောင်နေရတာမျိုးပါ။

အက္ခရာ အတွက်က ဒါမျိုးတွေက အဆန်းလည်း

မဟုတ်တော့ပါ။ ကျောင်းသူဘဝတုန်းကတည်းက ကြိုက်

လိုက်သူတွေ မနည်းလှကာ ကိုယ်ကသာ စိတ်မဝင်စားတာ

ဒါတွေအတွက် ထူးခြား၍ ရှက်ရွံ့စိတ်ညစ်နေရိုးလည်း မရှိ





"လာပါ သဉ္ဇာရယ်၊ သူတို့လိုက်လာလည်း မတတ်နိုင်ဘူး

ပေါ့၊ ဒီကားနဲ့ ပြန်လို့မှ မရတော့ဘဲ၊ ကားမြန်မြန်ငှား

မပြန်ရင် ခဏနေရင် မိုးချုပ်လာမယ်လေ၊ ခရာတို့က

နှစ်ယောက် အဖော်ရှိတာပဲဟာ"

ခရာက သဉ္ဇာလက်ကို ဆွဲကာ ပလက်ဖောင်းအတိုင်း

တွေ့၍ လျှောက်ထွက်လာခဲ့ပါသည်။ သဉ္ဇာ စိုးရိမ်သလိုပင် ဟို

ကောင်လေးသုံးယောက်ထဲမှ နှစ်ယောက်က သူတို့ကားပေါ်က

ဆင်းကာ ပါလာသည်။ ခပ်သွက်သွက် လိုက်လာကြပြီးလျှင် ...

"အက္ခရာ ... အက္ခရာ"

အက္ခရာက လှည့်ကြည့်ရင်း ...

"ဩော် ..."

မေးတစ်ချက်ဆတ်၍ အသိအမှတ် ပြုလိုက်ပါသည်။

"ကားပျက်တာ ထင်တယ်၊ ခုန နောက်က တွေ့နေရတယ်"

"ဟုတ်တယ်ရှင့် ကားပျက်သွားလို့"

"ကျွန်တော် လိုက်ပို့ပေးမယ်လေ အက္ခရာ၊ ကားပါတာပဲ

ဟာ"

"နေပါစေရှင်၊ ကျွန်မ သူတစ်စီးကား မစီးတတ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"သူစိမ်းမှ မဟုတ်ဘဲဗျာ၊ ကိုဖေဦးနဲ့ ကျွန်တော့် အစ်ကို တကယ်ခင်ကြတာပါ၊ တစ်နေ့ကတောင် ကျွန်တော့်အစ်ကို နဲ့ ကိုဖေဦး တွေ့ကြသေးတယ်ဗျ၊ အက္ခရာတို့ မေ ဒူးနာနေတာ နှစ်လလောက်ရှိပြီ ဆိုတာ ပြောနေသေးတယ် ကိုကိုကတောင် မြန်မာဆရာ၊ တရုတ်ဆရာတွေ လမ်းညွှ လိုက်သေးတယ်"

ဤစကားအရ ကိုကိုနှင့် သူ့အစ်ကို တွေ့ကြ မှန်ပါလိမ့်မည်။ မေမေ ဒူးနာတာ နှစ်လလောက်ရှိပြီဆိုတာလည် မှန်ကန်သည်မို့လား။

"လာပါ ... ကျွန်တော် အိမ်ပြန်ပို့ပေးပါရစေ"

"နေပါစေတော့ ... သူငယ်ချင်းလည်း ပါတယ်"

"သူ့ပါ ပို့ပေးပါ့မယ်"

"အဲဒါကို ပြောတာမဟုတ်ဘူး၊ သူငယ်ချင်းပါတော့ အ ရှိပါတယ်လို့ပြောတာပါ"

"အားမနာပါနဲ့ အက္ခရာရဲ့"

"ကျွန်မ အဲသလို သူများကားနဲ့ မပြန်တတ်လို့ပါ။ သွ တော့မယ်နော်"





အက္ခရာက ရှေ့ဆက် လျှောက်ထွက်လာကာ စည်သူဆွေက နောက်က ဆက်ပါလာသည်။

"အက္ခရာက သူစိမ်းဆန်လိုက်တာဗျာ၊ ကျွန်တော်တို့က ခင်မင်မှုနဲ့ပါ"

သူတို့ဟာက ရိုင်းပျသည်လည်း မဆိုသာပေမဲ့ စိတ်တော့ အနှောင့်အယှက် ဖြစ်ရပါသည်။ နောက်က ဆက်ပါ လာကာ တက္ကစီကား လက်တားဖို့ နေရာရွေး ရပ်လိုက်သည်အထိ ခွဲမလျှော့သေးပေ။

"ခရာ"

နောက်က ခေါ်သံတစ်ခွန်းကြောင့် အက္ခရာသည် အသံကို ကျက်မိစွာ ဝမ်းသာအားရ လှည့်ကြည့်လိုက်လျှင် လူရှည်ချွန်က ဆိုင်တစ်ဆိုင်ဆိုင်က ထွက်လာသလို အနားကို လွှားခနဲ ကပ်လာရင်း ...

"ဖယ်ရီ ဘာဖြစ်လို့လဲ"

စည်သူဆွေတို့ကို ဇော်ကြည့်ကာ မေးသည်။

"ဖယ်ရီ ဟိုဘက်ကွေ့လေးမှာ ပျက်သွားလို့ ကိုလူ"

"လာလေ၊ ကိုယ် လိုက်ပို့မယ်"



www.burmeseclassic.com

www.burmeseclassic.com



သဥ္ဇာက မျက်လုံးဝိုင်းသွားကာ အကွရာကို လှည့်ကြည့်သည်။ ပို့မည့်သူ နှစ်ယောက်တောင်မှ ဆုံနေ၍ စိတ်ရှုပ်သော မျက်နှာလေးနှင့်ပင်။ ဤတွင် ရုတ်တရက် စည်သူဆွေက ဝင်ကာ ...

"ကျွန်တော် လိုက်ပို့ဖို့ ပြောနေတာပါ၊ အစ်ကိုက ဘယ်ကလဲ၊ ခရာတို့ ကားပျက်ကတည်းက ကျွန်တော့်ကားနောက်ကပါလာတာ၊ ကျွန်တော် ပို့ပေးမယ် ပြောပြီးသားပါ"

အရေးထဲ အခွင့်အရေးကို တိုင်ဦးသလို ဦးနေသည့် လူငယ်ကို လူရည်ချွန်က ငဲ့ကြည့်သည်။ ဘာမှတော့ မပြော။ ခုနကတည်းက လက်ဖက်ရည်ဆိုင်ထဲမှ လှမ်းမြင်နေသည်ပင်။ ဒီချာတိတ်နှစ်ကောင် ကပ်ပါလာကာ တတွတ်တွတ် ပြောဆိုနေတာ။ အကွရာက စကားဖြတ် ထွက်လာတဲ့တိုင် ဆက်ပါလာတာ မြင်၍ နှောင့်ယှက်နေတာလား ဘာလား စိတ်ပူသွားတာ။

ခုတော့ သူက သူအရင်ကူညီမှာတဲ့။ လူရည်ချွန်သည် လူရွယ်လေးကို ရယ်လည်း ရယ်ချင်ကာ စိတ်မဆိုးနိုင်ဘဲ ...

"ညီလေးက ဘယ်သူလဲ"





"သူ့အစ်ကို မိတ်ဆွေရဲ့ ညီပါ၊ မိတ်ဆွေရင်းပါ"

"မိတ်ဆွေရင်းမို့လို့ မင်းရဲ့ကားနဲ့ ခရာက လိုက်ပြန်သွားမယ်ဆိုရင်လည်း ရပါတယ်၊ သူ ဒီမှာ ကားတားဖို့မြင်နေလို့ မင်း ပို့ပေးမယ်ဆိုတဲ့ကိစ္စကို ကိုယ်က မသိတော့ ကိုယ်ပို့ပေးမယ် ပြောလိုက်တာ"

"ဒါဆိုရင် ရတယ် အစ်ကို၊ ကျွန်တော် ပို့လိုက်မယ်"

အကွရာက စည်သူဆွေ့ကို မျက်မှောင်တွန့်နှင့် ငဲ့ကြည့်ရင်း ...

"ကျွန်မ မလိုက်ဘူး ပြောပြီးသားပဲ၊ ကိုလူ ... သူ့အစ်ကိုက ကိုကို့မိတ်ဆွေတော့ ဟုတ်တယ်၊ ဒါပေမဲ့ ခရာက သူနဲ့ မခင်ပါဘူး၊ မခင်လို့ ကိုယ့်ဟာကိုယ်ပဲ ပြန်မယ်ပြောနေတာ"

"ဪ ... ဒါဆိုရင်တော့ ကိုယ်ပြန်ပို့ပေးမယ်၊ ညီလေးကိုလုပြီး ပို့တာမဟုတ်ဘူးနော် ငါ့ညီ၊ ကိုယ်က သူတို့နဲ့လည်း လမ်းကြုံကြိုက်နေတာ၊ ရော ... ခရာ... ကားသော့၊ ဟိုရှေ့မှာ ရပ်ထားတယ်၊ ထိုင်နှင့်၊ ကိုယ့်ဆရာကို နှုတ်ဆက်လိုက်ဦးမယ်"

အကွရာက လူရည်ချွန့် လက်ထဲက ကားသော့ကို ယူကာ လူရည်ချွန့် ကားရှိရာ လျှောက်သွားလျှင် သဥ္ဇာသည်လည်း



www.burmeseclassic.com

www.burmeseclassic.com



လက်တွဲလျက်သား ပါသွားပါသည်။ လူရည်ချွန်က နောက်ဘက်က လက်ဖက်ရည်ဆိုင်ဆီ ပြန်ဝင်ကာ ပိုက်ဆံရှင်းရင်း ဆရာ့ကိုနှုတ်ဆက်သည်။ ပြန်ထွက်လာတော့ စည်သူဆွေတို့ နှစ်ယောက် မကျေမချမ်း လှည့်တကြည့်ကြည့် ထွက်ခွာသွားကြပြီ ဖြစ်ကာ ခရာတို့က ကားပေါ်ပင် ရောက်နေပါပြီ။

လူရည်ချွန်က ကားပေါ်ရောက်လာလျှင် ရယ်ချင်လှကာ ...

"ချာတိတ်ကလေးတော့ နာကစ်သွားမှာပဲ"

"သူ့ဟာသူ ဗွတ်ခေါ်တာ၊ ခရာနဲ့မှ မခင်ဘဲနဲ့၊ ဟိုတယ်က ကော်ဖီဘားကို အမြဲလာနေတာ ကိုလူရဲ့၊ ခုလည်း ဟိုတယ်က ထွက်ကတည်းက ပါလာတာတဲ့၊ သဇ္ဈာ မြင်တယ်တဲ့၊ သဇ္ဈာ့ကို အရင်ပို့ပေးဦးနော်"

"အင်းပေါ့"

"ခရာရယ် ... ရှင်က သူတစ်စိမ်းကား မစီးတတ်ဘူးပြင်းပြီး ဒီအစ်ကိုနဲ့ကျတော့ လိုက်ပြန်တော့ ဟိုတစ်ယောက် ရှက်သွားမလား မသိဘူးနော်"

"ရှက်ရှက်ပေါ့၊ ကိုလူကကျတော့ သူစိမ်းမှ မဟုတ်ပဲဟာကို"





အကြွရာက ခေါင်းလေးစောင်းကာ ဆိုသည်။

"ဩော် ... ရှင်တို့ အမျိုးလား"

"အမျိုးတော့ မဟုတ်ပါဘူးဗျာ၊ ဒါပေမဲ့ သူစိမ်းတော့လည်း မဟုတ်ဘူးဗျ"

"ဘို့အစ်ကိုရဲ့ ယောက်ဖ သဇ္ဈာရဲ့"

သဇ္ဈာက မျက်စိလည်တည်တည် ဖြစ်နေပုံရ၍ ...

"သူ့အစ်ကိုနဲ့ ကျွန်တော့်အစ်မ ယူထားကြတာဗျာ"

"ဩော် ... ဒါဖြင့် အမျိုးပေါ့"

"အမျိုးမတော်ပါဘူးဗျာ၊ ခင်ဗျားကလည်း ..."

"ဟိုဘက် ဒီဘက်လေ"

"ဟိုဘက် ဒီဘက် ဆိုပြီး နှစ်ဖက်ဖြစ်နေမှတော့ ဘယ်လိုလုပ် အမျိုးတော်ပါတော့မလဲဗျ"

ဗွတ်ကို အမျိုးမတော်ချင်သလို ပုတ်ထုတ်နေသည့် လူရည်ချွန်ကြောင့် သဇ္ဈာပင် ပြုံးစိစိ ဖြစ်လာပါသည်။

"ရှင့်အစ်ကို သူ့သူငယ်ချင်းညီကို ခပ်ပြတ်ပြတ်လုပ်လိုက်လို့ စိတ်များဆိုးနေမလားဟယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... သူ့အစ်ကိုလား၊ ဘယ်စိတ်ဆိုးပါ့မလဲ၊ လိုက်လာရင်သာ အကွရာ အဆူခံရမှာ၊ ကျွန်တော့်ကားနဲ့တောင် မလိုက်ရင် ပိုကြိုက်သေး၊ ခုကိစ္စမှာ သူ့အစ်ကိုက ကိုယ့်ဟာကိုယ် ကားငှားပြန်တာ တစ်ခုကိုပဲ သဘောကျမှာဗျ၊ ခပ်ပြတ်ပြတ် လုပ်လေ၊ သူ့အစ်ကိုက ကြိုက်လေ"

သဥ္ဇာသည် ရယ်ရွှန်းရွှန်း လူရည်ချွန့် အပြောတို့၌ သူပါ ရယ်ချင်ချင် ဖြစ်လာရကာ ...

"သူ့အစ်ကိုက သူ့ကို သဝန်တိုတယ်ဆိုတဲ့ သဘောပေါ့နော်"

"ဟာ ... မှန်တာပေါ့ခင်ဗျာ၊ သဝန်တိုလိုက်တာမှ ဘာပြောကောင်းမလဲ"

"ကိုလူနော် ... နောက်မနေနဲ့"

"မနောက်ပါဘူး၊ အမှန်အတိုင်း ပြောတ[illegible] ခရာရဲ့၊ ခုနေ ကိုဖေဦး ကားနဲ့ လမ်းမှာကြုံရင် ကိုဖေဦး မျက်နှာကြီး ပုပ်သိုးမဲ့ရွဲ့သွားမှာ မြင်ယောင်တယ်"

"ကိုကို့ကို အဲလို မပြောပါနဲ့နော်"

အလိုက်အထိုက် ပြောလိုက်ရပေမဲ့ လူရည်ချွန့်စကား အမှန်ပဲ ဆိုတာကိုလည်း အကွရာ အသိဆုံးသာပင်။





"ကိုလူက အဲဒီနားမှာ ဘာလုပ်နေတာလဲ"

"လက်ဖက်ရည်ဆိုင်မှာ ဆရာနဲ့အတူတူ ထိုင်နေတာ၊ ကိုယ့်ဆရာရဲ့ အိမ်က အဲဒီနားက တိုက်ခန်းတစ်ခုမှာလေ၊ ကိုယ် ကျူရှင်တက်နေတာ ခရာရဲ့"

"ဘာကျူရှင်လဲ"

"သင်္ဘောစာမေးပွဲဖြေဖို့အတွက် ကျူရှင်လေ၊ တက်နေတာ မကြာသေးဘူး၊ ကြည့်ရတာ ကုသိုလ်ကံကြမ္မာကလည်း ခရာ့ကို ကိုယ့်ကားနဲ့ လိုက်စေချင်တယ် ဖြစ်မှာပေါ့၊ ဒါကြောင့် ကားက အဲဒီနားမှာ လာပျက်ရတာ"

အကွရာက လူရည်ချွန့်ကို ရွှန်းလက်သော မျက်လုံးကလေးနှင့် ကြည့်ရင်း အသာအယာ ပြုံးနေမိပါသည်။ လှိုင်မြင့်မိုရ်မှာရှိသော သဥ္ဇာရဲ့အိမ်ကို အရင်ပို့ကာ သူတို့ ပြည်လမ်းပေါ်ဘက် ဖောက်ထွက်လာကြစဉ် ပြည်လမ်းပေါ်တက်ရန် ကားအရှင်းစောင့်နေဆဲ ...

"ဟိုမှာ ... ဟိုမှာ ... ကိုကို့ကား ... ကိုလူ"

ထိုလမ်းသွယ်ထဲကိုမှ ကွေ့ဝင်မည် ပြင်နေသော ဖေဦးရဲ့ ကားကြီးဟာ လူရည်ချွန့်ကားအနား ဘွားခနဲ ရောက်လာပါသည်။ မျက်စိလျင်လှသော ဖေဦးက လူရည်ချွန့်ကားကို



www.burmeseclassic.com

www.burmeseclassic.com



ရုတ်ချည်းပဲ မြင်ကာ သူ့ကားကို တိုးလိုးတန်းလန်းကြီး ရပ်၍ မှန်တံခါး လျှော့ချလိုက်သည်။

ကားကလည်း ရှင်းနေပေလို့ပင်။ ကားနှစ်စင်းဟာ ထိုလမ်းသွယ်ထိပ်မှာ ပိတ်ဆို့နေသလို ဖြစ်နေသည်။

ဖေဦးရဲ့ မျက်လုံးပြူးကြီးနှင့် အံ့အားတသင့် မနစ်မဖြို့ ကြည့်တဲ့ဟန်မှာ ဖျပ်ဖျပ်လူး အထင်လွဲ သံသယဝင်ဟန်ပင်။

"ခရာ ... ဒီမှာ ဘာလုပ်နေတာလဲ"

"ခရာတို့ ဖယ်ရီပျက်လို့ ကိုကို"

"အခု ဘယ်လဲ"

"အခု အိမ်ပြန်မှာပေါ့"

"ဒါက ဘယ်ကိုဝင်တာလဲ"

"သူငယ်ချင်းတစ်ယောက်ကို ဝင်ပို့တာ"

လူရည်ချွန်က ခေါင်းကိုငုံ့၍ ဖေဦးကို မြင်အောင် ကြည့်ကာ ...

"သွားမယ်နော် ကိုဖေ၊ လမ်းပိတ်နေပြီ"

"ဩော် ... အင်း ... အင်း ... ကိုယ်လည်း သွားမှာ ... သွား ... သွား"





လူရည်ချွန်က ကားကို မောင်းထွက်လာခဲ့ပါသည်။ ကိုဖေဦး ကားဟာ ထိုလမ်းထဲ ချိုးကွေ့ဝင်နေသည် ဆိုကတည်းက ပြည်လမ်းပေါ် ပြန်တက်ဖို့ ကိစ္စမရှိတော့သော်လည်း ကြည့်ရတာ သူသွားစရာရှိသည့် ဦးတည်ရာကို ဖျက်လိုက်ပုံ ရပါသည်။

လမ်းထိပ်မှာတင် ဂငယ်ကွေ့ ပြန်ကွေ့ချလာပြီး လူရည်ချွန်တို့ကားသွားရာ အတိုင်း နောက်ကပြန်ထွက်လာသည်။ ထို့နောက်တော့ လူရည်ချွန်တို့ ကားနောက်မှ ပြန်ပါလာပါတော့သည်။

"ကိုဖေဦး ကားက ကိုယ်တို့နောက် ပြန်ပါလာတယ်"

အကျွဲရာက သူ့ဘေးဘက်မှ နောက်ကြည့်မှန်ထဲကို ခပ်မှုန်မှုန်ကြည့်ကာ ဘာမှမပြော။ သူ့အစ်ကို လုပ်ပုံကို စိတ်ညစ်ပုံပင်။ သွားစရာရှိရာကို ဆက်မသွားဘဲ လူရည်ချွန့်နောက်က ပြန်ပါလာတာသည် ဒီကားကိုပဲ စိတ်မချသလိုလို အရာရောက်စေ၍ လူရည်ချွန်လည်း စိတ်တော့ ပျက်သည်ပင်။

"ကိုဖေဦးက ခရာ့ကို ဇော်တော်အစိုးရိမ်ကြီးရှာတယ်နော်၊ တစ်ဖက်က တွေးလိုက်ရင်တော့ ခရာလည်း ကျေးဇူးတင်စရာပဲ၊ ဒီလောက်ချစ်တဲ့ အစ်ကို့ကို ရထားတာ"



www.burmeseclassic.com

www.burmeseclassic.com



“အို ... ကျဉ်းကျပ်ပါတယ် ကိုလူရာ”

“တစ်နေ့သောအခါ ခရာကို လက်တွဲခွင့် ပိုင်ဆိုင်ခွင့်ရမဲ့ လူတစ်ယောက်ဘက်က ကြည့်လိုက်ရင်လည်း ကိုဖေဦးကို ကျေးဇူးတင်ရမှာပါပဲ၊ အစ်ကိုက ဒီလောက်တောင် ကြပ်မတ်စောင့်ရှောက် မျက်စိဒေါက်ထောက် ကြည့်ထားတဲ့ အပြင်ကင်းကင်း သန့်ရှင်းရှင်း မိန်းကလေးကို ပိုင်ဆိုင်ခွင့် ရမှာနော်”

“ဩော် ... ကိုလူက ဒီလိုပြောတော့ ခရာက ကိုကို စောင့်ရှောက်လို့သာ အပြစ်ကင်းသန့်ရှင်းရတဲ့ သဘော သက်ရောက်မသွားဘူးလား၊ ကိုယ့်ဟာကိုယ်လည်း ဒီအတိုင်း နေတတ်ပါတယ်၊ ကိုယ့်စိတ်နဲ့ကိုယ် လိမ္မာသန့်ရှင်းတာပါ နော်၊ အစ်ကို လုပ်တဲ့သူ ချုပ်ချယ်စောင့်ရှောက်တာနဲ့ မဆိုင်ပါဘူး”

အက္ခရာကတော့ လူရည်ချွန် ပြေရာပြေကြောင်း ပြောလည်းပဲ စိတ်ထဲက အနှောင့်အယှက် ပြေပုံမရ။ ဒီလိုနှင့် အက္ခရာတို့အိမ်ကို ရောက်ခဲ့သည်။ အက္ခရာတို့ ခြံထဲအထိကိုပင် ကိုဖေဦးကားက နောက်က ချိုးကွေ့ဝင်ပြီး လိုက်ပါချလာပါသည်။





အက္ခရာက ကားပေါ်မှ မှုန်တေတေ ဆင်းလာရင်း ...

“ကိုကိုက ဘာဖြစ်လို့ နောက်က ပြန်ပါလာရတာလဲ”

“နင့်ကို မေးစရာ ရှိလို့ပါ၊ ဖယ်ရီက ဘာလို့ ပျက်ရတာလဲ”

“ဒါလေးမေးဖို့များ အိမ်အထိ ပြန်လိုက်လာရသလား ကိုကိုရယ်၊ ဖယ်ရီက ဘာဖြစ်လို့ပျက်လဲ ခရာလည်း ဘယ်သိမလဲ”

အက္ခရာက ကြွပ်ဆတ်ဆတ် ဖြေမိသည်။

“မဟုတ်ပါဘူး၊ ငါ့ဟာငါလည်း ကိစ္စရှိသေးလို့ ပြန်လာတာပါ၊ ဖယ်ရီက ဒီလိုပဲ ပျက်တတ်လား၊ ဒီလိုသာ ပျက်ပျက်နေမယ်ဆိုရင် နင်တို့ ဟိုတယ်ကို ကွန်ပလိန် လုပ်ရမှာပေါ့၊ ပျက်ရင်လည်း ကားတစ်စီးစီး အစားထိုး စီစဉ်ပေးဖို့ ကောင်းတယ်”

အသံတွေကြောင့် ဒေါ်မြမြနွယ် အိမ်ပြင်ထွက်လာပါသည်။ ကားမောင်းသူဘက် တံခါးပွင့်ဟကာ လူကမဆင်းဘဲ ခြေတစ်ဖက်သာ အပြင်ကို ချထားလျက် စိတ်အိုက်နေပုံရသည့် လူရည်ချွန်ကို မြင်လျှင် အားနာသွားရပါသည်။

ဖေဦးကို မျက်ရိပ်နှင့် ကြည့်လိုက်ရင်း ...

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ သားကြီးရဲ့၊ ကားပဲကွယ် တစ်ခါတလေ ပျက်မှာပေါ့၊ ဘယ်တတ်နိုင်ပါ့မလဲ"

"ခရာ အလုပ်လုပ်နေတာပဲ ဘယ်နှလတောင် ရှိပြီလည်း မေမေရယ်၊ ခုထိ ဒီတစ်ရက်တည်းပဲ ကားပျက်ဖူးသေးတာကို၊ ပြီးတော့ လမ်းကျမှ ပျက်တဲ့ဟာ"

"အေး ... ဟုတ်သားပဲ သားရဲ့၊ ဒီတစ်ခါပဲ ကားပျက်ဖူးပါသေးတယ်၊ ပျက်ပေမဲ့လည်း အခု လှရည်ချွန်နဲ့ လမ်းကြုံတွေ့လာသားပဲ၊ အဆင်ကိုပြေလို့ပဲဟာ၊ မင်းက ကားပျက်ပြီး ဒီလိုပြန်လာရတဲ့ ညီမကို ဆိုးဆူတော့ အကူအညီပေးပြီး လိုက်ပို့ပေးရတဲ့ လှရည်ချွန့်ကိုပါ အားနာစရာကောင်းတာပေါ့"

အမှန်တော့ တမင်တကာပင် သူ မကြိုက်တာ သိသာအောင် လှရည်ချွန့် ရှေ့၌ပင် မာရေကျောရေ လုပ်နေတာဖြစ်ပေမဲ့ ဇေဦးသည် လှရည်ချွန့်ကို တဲ့တိုးတိုက်ရိုက်တော့ ရန်လုပ်ဝံ့သည် မဟုတ်ပေ။

"ဟာ ... အင်းလေ၊ လူလူ့တောင် အားနာစရာ ဖြစ်သွားပြီ၊ ကိုယ်က အဲသလို ဖယ်ရီတွေ ဘာတွေ ပျက်လေ့ရှိတာ





မကြိုက်ဘူးကွာ၊ မိန်းကလေးတွေ ဒုက္ခရောက်တာပေါ့၊ အခုကတော့ လူလူနဲ့တွေ့လို့ပေါ့၊ ဒီလိုမဟုတ်ဘဲ လမ်းမှာ ကားငှားဖို့စောင့်ရင်း မဟုတ်တရုတ် တေလေဂျပိုးနဲ့ တွေ့ရင် ဘယ်လိုလုပ်မလဲ၊ အဲဒါကို စိတ်တိုတာ"

လှရည်ချွန်က ဘာမှ ပြန်မပြောမိပေ။ စိတ်ထဲမှာလည်း ကိုဇေဦးကို အတော်မကျေမချမ်း ဖြစ်နေပါသည်။ အစ်မတစ်ယောက်လုံးကိုတော့ ယူထားပြီး သူ့အပေါ် ဒီလောက်တိုထွားဆက်ဆံနေတာကို ခံရခက်သည်။

သူကိုက သူ့ညီမကိုတိုတာ သိသော်လည်း တခြားလူတွေအပေါ်မှာလည်း ဒီအတိုင်းပဲ ဆက်ဆံမှာ၊ ဒီထက်တောင်ဆိုးဦးမှာ သိသော်လည်း သူ့ကိုတော့ ဘာပဲဖြစ်ဖြစ် ထောက်ထားရမည့် မျက်နှာတွေငဲ့ကာ ဆက်ဆံရမည်။ တည့်တည့်ကြီး ရန်မလိုပေမဲ့ နောက်က ကားနှင့်ပါလာပြီး သူ့ညီမ ကားပေါ်က ဆင်းဆင်းချင်း မာရေကျောရေ ဆူပူပစ်တာဟာ သူ့ကိုပါရော၍ မကျေနပ်ကြောင်း ပြရာကျသည်။

အဲသလို တမင်တကာ သိသာအောင် ပြတာပဲသာ ဖြစ်ပါလိမ့်မည်။ ပြီးမှ ပြန်လျှော့ချမှာ။ ဒါကိုတွေးရင်း လှရည်ချွန်

www.burmeseclassic.com



က ဘာစကားမှ မတုံ့ပြန်ဘဲ ငြိမ်နေလျှင် ဒေါ်မြမြနွယ်သည် အကဲပိုလှတဲ့ သူ့သားအတွက် အင်မတန်မှပင် အားနာလှကာ _

"သားရေ ... ကိုလူ၊ အိမ်ထဲဝင်ထိုင်ဦးလေ၊ ရောက်မှတော့ ... ဆင်းပါဦးသားရဲ့"

လူရည်ချွန်သည် အိမ်ထဲဝင်ဖို့အထိ နဂိုက မရည်ရွယ်ခဲ့သော်လည်း ကိုဖေဦးကို ချဉ်တင်တင်ရှိသည်နှင့် တမင်တကာပင် ဒေါ်မြမြနွယ်ရဲ့ ဖိတ်ခေါ်စကားကို လက်ခံကာ အိမ်ထဲဝင်လိုက်ပါသည်။

"ကိုဖေကတော့ သူ့ညီမနဲ့ ပတ်သက်လာရင် ခပ်သည်းသည်းပဲ သားရေ"

ဒေါ်မြမြနွယ်က ဖာဖာထေးထေး ဆိုပါသည်။

"ကိုဖေ သည်းတာလည်း မမှားပါဘူး အန်တီ၊ ခုနလည်း ကားပျက်တော့ ခရာတို့ ကားငှားဖို့ လုပ်နေတုန်း ကောင်လေးနှစ်ယောက် ခရာ့နောက်က ပါလာပြီး အနားကပ်ပြီး တတွတ်တွတ်နဲ့၊ ကျွန်တော်က ကျွန်တော့်ဆရာနဲ့ လက်ဖက်ရည်ဆိုင်ထဲကနေ လှမ်းမြင်လိုက်လို့ လိုက်ပို့ပေးမယ် သွားပြောပြီး ခေါ်လာတာပါ"





နောက်က ဝင်လိုက်လာသော ဖေဦးသည် လူရည်ချွန်၏ စကားကြောင့် မျက်မှောင်ကြီး ကုတ်ကာ အကွရာကို ကြည့်

"ဘယ်ကကောင်တွေလဲ၊ နောက်ကနေ ပါလာရအောင်က အဲဒီနားကျမှတွေ့ပြီး တစ်ထိုင်တည်း စကားလိုက်ပြောတော့တာပဲလား"

"ဟိုတယ်ကတည်းက ပါလာတာ"

"ဟင်"

ကိုဖေ မျက်နှာကြီးကို ကြည့်ကာ လူရည်ချွန်မှာ ...နှ့်များပင် လန့်မိပါသည်။ ကိုယ်နဲ့မှမဟုတ် ဘယ်သူနဲ့မဆို ...သူ့ညီမကို မတန်မရာ မအပ်စပ်ဘူးသာ ထင်တော့သူပင်။

"ဟိုတယ်ကနေ ဘယ်ကဟာတွေက ပါလာရတာလဲဟင်"

အကွရာသည် အတော်စိတ်ညစ်လာပုံနှင့် မျက်ရည် ...င် လည်မလို ဖြစ်လာသည်။

"ကိုကို ဘာလို့ ခရာ့ကို အဲလိုမျက်နှာထားကြီးနဲ့ အော်ရတာလဲ၊ သူတို့ပါလာတာ ခရာ့ အပြစ် ဘာမှမရှိဘူး၊ ပါလာအောင် မြူဆွယ်လာတာလည်း မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်သားပဲ သားကြီး၊ အဲဒီ မင်းရဲ့ထစ်ခနဲရှိ မာန်လား မဲလား ဒေါ်သကြီးတဲ့ဟာကို လျှော့စမ်း၊ ညီမလေးမှာ အပြစ်ရှိတာမှ မဟုတ်တာ"

"ဒီကိစ္စမို့လို့ပါ၊ တခြားကိစ္စမျိုးတွေ ကျွန်တော် ဒေါသကြီး တတ်တာမှ မဟုတ်တာ မေမေရာ"

"ဒါလည်း ဒီလောက်ဒေါသကြီးဖို့ မရှိဘူးလေ"

လူစိမ်းရှိနေတာကိုပင် အားမနာနိုင်တော့တာလား၊ လူရည်ချွန်ကို လူရင်းသဘောဝ ထားတာလား၊ အခြေအတင် ပြောနေကြတဲ့ မိသားစုအလယ်တွင် လူရည်ချွန်သည် အကွ္ခရာ ရဲ့ မျက်နှာလေးတစ်ကွက်ကိုသာ ကြည့်ကာ ချစ်သနားနေမိပါ သည်။

"ပြောလေ ... ဘယ်ကကောင်တွေလဲ"

"ဟိုတယ်က ကော်ဖီဆိုင်မှာ အမြဲကော်ဖီလာသောက်နေတဲ့ ကောင်လေးတွေ၊ ကိုကို့မိတ်ဆွေရဲ့ ညီတဲ့"

"ဘာ ... ဘယ်က ငါ့မိတ်ဆွေရဲ့ညီလဲ"

"သူ ပြောတာပဲလေ"





"သူနဲ့နင်က ပြောဟယ်ဆိုဟယ် သိကျွမ်းရင်းနှီးပြီးသား လား"

"မဟုတ်ပါဘူး၊ သူ့ဟာသူ လာမိတ်ဆက်ပြောတာ၊ ကိုကို့ မိတ်ဆွေ ကိုကျော်ဆွေတဲ့၊ မေမေ ဒူးနာနေတာ နှစ်လရှိပြီ ဆိုတာတောင် သိတယ်"

"ဪ ... ကျော်ဆွေ၊ ကျော်ဆွေ့ညီက နင့်ကို လာရောနေ တယ် ... ဟုတ်လား"

အကွ္ခရာက ခေါင်းညိတ်သည်။

"တောက် ... နေရင်းထိုင်ရင်း အတင်းဆွေမျိုးစပ်ပြီး လာ ရောတော့တာပဲ၊ ငါ့မိတ်ဆွေ ဆိုတာတော့ ဟုတ်တယ်၊ ကျော်ဆွေ့မှာ ညီရှိတာလည်း ဟုတ်တယ်၊ ဒါပေမဲ့ ဘယ် သူနဲ့ ဘယ်လိုပတ်သက်ပြီး ဘယ်လိုတော်စပ်တာပါတွေ ဘာပဲပြောပြော၊ ဘယ်သူ့မှ နင် ဂရုစိုက်စရာ မလိုဘူး သိလား၊ ဟိုလူနဲ့ ဒီလိုတော်တာ၊ ဒီလူနဲ့ ဒီလိုတော်တာတွေ နားမလည်ဘူး၊ ငါ့ညီမကို လာနှောင့်ယှက်ရင် ဘယ်သူကြီး ဖြစ်နေနေ ငါ ခွင့်မပြုနိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဟင် ... ဒီစကားကြီးကတော့ ကိုယ့်ကိုပါ တည့်တည့် ထိချက်ပြင်းတော့တာပဲရယ်လို့ လူရည်ချွန် မအီမလည်နှင့် ခံလိုက်ရပါသည်။ ဘယ်သူနဲ့ ဘယ်လိုတော်တော် ဘယ်သူကြီးဖြစ်နေ နေတဲ့။ မိန်းမရဲ့ မောင်ပဲ ဖြစ်ဖြစ် ယောက်ဖပဲ ဖြစ်နေနေပေါ့လေ။

"ခရာကလည်း ဂရုမစိုက်ပါဘူး၊ စိတ်လည်း မဝင်စားပါဘူး၊ အရောလည်း မဝင်ဘူး၊ ကားနောက်က ပါလာတော့ ကားပျက်တာတွေ့ပြီး သူ လိုက်ပို့ပေးမယ်ဆိုတာ တကောက်ကောက် လိုက်ကပ်ပြောနေတာ၊ ခရာ ကားဗုအားလာရင်လည်း အဲဒီနောက်က လိုက်ဦးမှာပဲ၊ ကိုလူ ရောက်လာပြီး ခပ်အေးအေးနဲ့ ကားပေါ်တက်ခိုင်းလိုက်လို့သာ ဆက်မလိုက်ဘဲ ကျန်ရစ်တာ"

ဒါကိုတော့ဖြင့် ဇေဦးက လူရည်ချွန့်ကို ကျေးဇူးတင် ပြန်ပေသည်။ ကျော်ဆွေ့ညီဟာ ယောင်ခြောက်ဆယ်နှင့် လမ်းသူရဲဆန်ဆန်လို့ သူသိထားပါသည်။ ကျော်ဆွေ ကိုယ်တိုင်ကိုက အလုပ်ကိစ္စနှင့် ပေါင်းသင်းဆက်ဆံနေရပေမဲ့ သိပ်ကြိုက်စရာကောင်းလှတာ မဟုတ်။





သူတို့နှင့်စာတော့ လူရည်ချွန်က အများကြီးတော်သေးသည်။

"ကျေးဇူးတင်ပါတယ် လူလူရာ၊ သူ့ကို စိုးရိမ်တော့သာ သူက မကြိုက်တာ၊ ခုခေတ်မှာ ခြေမြန်လက်မြန် လက်ရဲဖက်ရဲ နှုတ်သွက်ခြေသွက်တွေက အများသား၊ လူလည်တွေကလည်း ရိုက်သတ်မကုန်ဘူး၊ သူက အ,အ၊ မဟုတ်တဲ့ စကား နားယောင်သွားရင် ပြီးရော"

"ကိုကိုကလည်း၊ ခရာ အဲသလောက်လည်း မအ,မနဘူး၊ လည်မွတ်မနေပေမဲ့ အထိုက်အလျောက်တော့ ပျူကဲလည်း ခတ်တတ်သေးတယ်၊ အချိုးအချိတ် အဆင်အသွေးတွေ နားလည်သဘောပေါက်ပါသေးတယ်၊ ဒီလောက်ကြီး ကိုကို ရှုံးရှဲဖြစ်တာ ခရာ သိက္ခာကျတယ်၊ ခရာ့ကို ဒီကိစ္စနဲ့ အခုလို ရှုံးရှုံးရှဲရှဲ မလုပ်ပါနဲ့တော့၊ ခရာ ရှက်တယ်"

အက္ခရာက မျက်ရည်လည်ချင်ချင်နှင့် အခန်းထဲ ဝင်သွားပါတော့သည်။ ဇေဦးသည် နေရထိုင်ရခက်သလို လူပ်ရှားရှင်း ...



www.burmeseclassic.com

"လူလူ့ကိုလည်း ဆောရီးကွာ၊ ကိုယ်ကလည်း ကိုယ်ပါပဲ၊ ဒီညီမတစ်ယောက်ကို ဘယ်သူနဲ့မှကို သဘောမတူနိုင်ဘူးကွာ၊ အဲသလို ဖြစ်နေတာ"

လူရည်ချွန့်မှာ တည့်တည့်ကြီး ပစ်သွင်းလိုက်ပြန်တဲ့ နောက်တစ်ခွန်းကို ဘာမှ တုံ့ပြန်စရာ ရှာမရဘဲ ကိုယ်နဲ့ဘာမှ မဆိုင်သလို မျက်နှာပေးလေးနဲ့သာ အသာတကြည် နားစိုက်ထောင်နေလိုက်ရသည်။





# ၉

"အစက နှစ်ကုန်လောက်မှ မေမေက ဖေဖေ့ဆီ သွားဖို့ပဲ၊ အခု ဖေဖေက နောက်လထဲလောက် ထွက်ခဲ့ဖို့ ခေါ်တယ်"

"မေမေ့မှာ ထွက်နိုင်ဖို့ အားလုံး အဆင်သင့် ဖြစ်လား"

"အဆင်သင့်ပဲ ကိုကိုရဲ့၊ ဖေဖေက နောက်လထဲမှာ ပြင်သစ်ကို ကိစ္စတစ်ခုနဲ့ သွားစရာရှိတယ်၊ မေမေ့ကိုပါ အဲဒီကို ခေါ်သွားချင်လို့တဲ့"

"ဟုတ်လား၊ ကောင်းတာပေါ့၊ မေမေ ပြင်သစ်ကိုပါ ရောက်ရတာပေါ့"

"ဟုတ်တယ်၊ ပြီးတော့လေ အန်တီလုကလည်း နယ်ကို ခဏပြန်ချင်နေတာ၊ အတော်ပဲလို့ ဖြစ်သွားတာပေါ့၊

www.burmeseclassic.com



အန်တီလှ အစ်ကိုတစ်ယောက်က လေဖြတ်ထားပြီး လူတွဲနဲ့သွားလာရတာ၊ နာတာရှည်သဘောမျိုး ဖြစ်နေတာပေါ့၊ လေဖြတ်ခါစက အန်တီလှနဲ့ မေမေတောင် ခဏနယ်ကို ပါသွားသေးတယ်လေ"

"အင်း"

အန်တီလှ အကြောင်း ပါလာရ၍ ဖေဦးက မေရည်မွန့် စကားကို ဆက်ပြီးနားစွင့်နေရပါသည်။

"အထူးတလည် လိုအပ်လှတယ် မဟုတ်ပေမဲ့ အန်တီလှကလည်း သူ့အစ်ကိုဆီကို တစ်လတန်သည်လောက် တစ်ခေါက်တလေ သွားချင်သေးတာ၊ ခုတော့ အတော်ပဲတဲ့၊ မေမေ နိုင်ငံခြားသွားတဲ့ အချိန်နဲ့ကိုက်ပြီး အန်တီလှက နယ်ကို ခဏပြန်မယ်၊ မေမေ ပြန်ရောက်တော့မယ်ဆိုမှ ရန်ကုန်ကို ပြန်လာမယ်"

"အဲဒီတော့ လူလူ တစ်ယောက်တည်း ကျန်ရစ်ခဲ့မှာပေါ့"

"ဟုတ်တယ်၊ တစ်အိမ်လုံးမှာ လူလူ တစ်ယောက်ပဲ ဖြစ်နေတယ်၊ အဲဒါ လူလူ့ စားရေးသောက်ရေးလည်း ခက်တယ်လေ၊ အဆင်ပြေသွားအောင် လူလူ့ကို အမွန်တို့ဆီ ခေါ်ထားလိုက်မယ်နော်"





"ဟင်"

ဖေဦးမှာ နောက်ဆုံးစကားရောက်မှ လှုပ်လှုပ်ရှားရှား ဖြစ်သွားရပါသည်။

"မေမေကလည်း လူလူ တစ်ယောက်တည်းဆိုပြီး သူ့သားအတွက် နောက်ဆံတင်းနေတာ၊ သူ့သားလေးက ဒီမှာ စာကျက်ရဦးမယ်၊ စာမေးပွဲ ဖြေရဦးမယ်၊ သူဘာမှဘေးကနေ အကူအပံ့ မလုပ်နိုင်တော့ဘူး၊ ဖြစ်ပါ့မလားဆိုပြီး နောက်လထဲ မသွားရင် ကောင်းမလားတောင် ဖြစ်နေတာ ... အမွန်က မေမေ့ကို စိတ်ချလက်ချသာ သွားပါလို့၊ အမွန်တို့အိမ် ခေါ်ထားပါ့မယ်လို့ ပြောလိုက်တယ်၊ မဟုတ်ဘူးလား ကိုကို"

"အင်း"

ဖေဦးက ခေါင်းမညိတ်ဘဲလည်း မနေရဲ၍ တုံးတိတိကြီး အင်းလိုက်သည်။ တော်ကြာ ... သူ့မောင်ကလေးကို တစ်လ ကျော်လောက်ကလေး မစောင့်ရှောက် မကျွေးမွေးချင်ဘူး ထင်နေဦးမည်။ စောင့်ရှောက်ချင်သည်။ ကျွေးမွေးချင်သည်။ လူရည်ချွန် အိမ်ရောက်လာလို့ သူ့မှာ ဘာမှပို၍ ကုန်ကျဆုတ်ယုတ်ရမည် မဟုတ်ပါ။ တစ်ခုတည်း။



www.burmeseclassic.com

www.burmeseclassic.com



လှရည်ချွန်နှင့် သူ့ညီမ အကွရာတို့ တအားကြီး နီးစပ်သွားတော့မှာ ဖြစ်သည်။ အကွရာဟာ ညနေဘက် ညဘက် တွေမှာ အိမ်ကို ဂဒီး ဂဒီး လာနေတတ်တာ။ လှရည်ချွန်ဟာ လည်း သူနေသော အိမ်ကနေ ဒီအထိ အဝေးကြီးကနေ လာရောက် လည်ပတ်ဖို့သာ အခါအားလျော်စွာ အားနာဝန်လေးရမည် ဖြစ် သော်လည်း လေးငါးခြောက်ခြံခြားလောက်ကို လမ်းလျှောက်ထွက် ရင်းဖြစ်စေ သွားလည်လိုက်ဖို့ ဝန်လေးရ သက်သာပေမည်။

ရေ့အရှည်ကြီးကို မျှော်တွေးကြံမြင်ကာ ရင်လေး သွားရသော ဖေဦးက အားတင်းဖျစ်ညှစ်၍ ဆန့်ကျင်ဘက်စကား တစ်ခွန်းကို မသိမသာ ပြောရသည်။

"လှလှက ဒီမှာလာနေချင်ပါ့မလား၊ ကိုယ်တော့ လာနေချင် မယ်လို့ မထင်ဘူး"

"ဘာဖြစ်လို့လဲ"

"ဟာ ... အစ်မနဲ့ ယောက်ဖအိမ် ဆိုတော့ လှလှ အနေ ကျဉ်းကျပ်မှာပေါ့ကွ၊ ကိုယ်ဆိုရင်လည်း ဒီလိုပဲပေါ့၊ ယောက္ခမ အိမ်ဆိုရင် စိတ်ကျဉ်းကျပ်မိမှာ"





"လှလှက နေတတ်ပါတယ်၊ ကျဉ်းကျပ်မှာ မဟုတ်ပါဘူး၊ သူက ပိုတောင် လာနေချင်ဦးမယ်"

ဖေဦးက အောက်ကလိအာ အလန့်တကြားသံနှင့် ...

"ဘာဖြစ်လို့လဲ"

မေရည်မွန်က စိတ်ထဲက ကျိတ်၍ပြုံးမိကာ အပြင် ကတော့ ပိရိသည့် မျက်နှာလေးနှင့် ...

"ဩော် ... ကိုကိုကလည်း၊ ဟိုမှာဆို တစ်အိမ်လုံး သူ တစ်ယောက်တည်း၊ သူ့တာဝန်ချည်း ဖြစ်နေမှာပေါ့၊ ချက် မစားတာတောင် နေ့စဉ်နဲ့အမျှ ရေတင်ရတာတို့၊ အဝတ် လျှော်ရတာတို့၊ လှည်းကျင်းသန့်ရှင်းရတာမျိုးတွေ ရှိနေဦး မှာ၊ ဒီမှာတော့ အသင့်စား အသင့်အိပ်ရုံပဲလေ"

ဖေဦး ဘာမှပြန်မပြောနိုင်။ မေရည်မွန်က မျက်မှောင် လေးကုတ်ကာ ...

"ဘာလဲ ... ကိုကိုက သဘောမကျလို့လား"

"မဟုတ်ပါဘူး အမွန်ရယ်၊ ကိုကိုက ပြောစရာ မရှိဘူး၊ လှလှ့ဘက်ကိုသာ စဉ်းစားကြည့်နေပြီး ပြောတာပါ"

"ကိုကို ဘာမှမပူနဲ့၊ လှလှက နေတတ် ထိုင်တတ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အင်းလေ ... သူ နေမယ်ဆိုရင် ပြီးတာပဲပေါ့ အမှန် ရယ်"

ဇော်ဦးသည် အောင့်သီးအောင့်သက်နှင့် ရင်တွေကြို့ကာ ပူနေပါသည်။

≈❋≈

တကယ်တမ်းတွင် ဆိုကြားထဲက တစ်လလောက် အချိန်လေးဟာ ပြက္ခဒိန်ကို ဆုတ်ချလိုက်သလို ဖျတ်ခနဲ ခုန်ကျော် လှမ်းလိုက်သလား ထင်ရအောင် အဆောတလျင် ကုန်ဆုံးရောက်ရှိ လာပါတော့သည်။

ထိုနေ့ တစ်ရက်တည်းမှာပင် အန်တီလှက နယ်ကို ပြန်၊ ဒေါ်မြရည်စိုးက နိုင်ငံခြားကို ထွက်ခွာ၊ လှုရည်ချွန်က ဇော်ဦးတို့အိမ်ပေါ် ရောက်လာ။

မနက်ပိုင်း အန်တီလှကို အဝေးပြေးကားဂိတ်သို့ လှုရည်ချွန်က လိုက်ပို့ရင်း သူ့ရဲ့သေတ္တာကြီးများ သယ်ချလာကာ အိမ်ကို ဝင်လာပါသည်။ ဒီကောင့်မျက်နှာဟာ သိပ်ကို အားရတက်





ကြွ ကျေနပ်နေပုံပဲလို့ ရင်ထဲက မရှုစိမ့်နိုင်ကာ အပြင်ပန်းမှာတော့ ဇော်ဦးသည် လှုရည်ချွန့် သေတ္တာကြီးများကို ကူသယ်ပေးလိုက်ရပါသေးသည်။

အဲဒီညနေမှာ ဇော်ဦးနှင့် မေရည်မွန်တို့ လင်မယား ဟိုအိမ်ကိုသွား၊ ဟိုကမှ မေမေနှင့် လှုရည်ချွန်တို့နှင့်အတူ လေဆိပ်ကိုလိုက်ပို့၊ မေမေ ထွက်ခွာသွားတဲ့ အခါမှာ လှုရည်ချွန်ပါ ကားတစ်စီးသပ်သပ်နှင့် အိမ်ကိုအတူလိုက်ပါလာခဲ့ပါတော့သည်။

ဇော်ဦး ရင်မှာ လေးတေးတေး ထိတ်တိတ်တိတ်ပင်။ သူ့မှာ ရှေ့လျှောက် ရင်မောချင်စရာ ပူပန်ချင်စရာတွေကို အများကြီး ကြိုတင်မြင်ယောင်နေသည်။ ဒါတွေကို မသိသား ဆိုးရွားလှတဲ့ ချစ်ဇနီး မေရည်မွန်ကတော့ မောင်ဖြစ်သူနှင့် အနီးကပ်ပြန်နေခွင့်ရတာ အပေါ် မြူးထူးရွှင်ပျနေကာ အမေဖြစ်သူကိုပင် ခါတိုင်းနှစ်တွေ သွားတုန်းကလို ခပ်လွမ်းဆွတ်ဆွတ် မဖြစ်လှဘဲ ရှိသည်။

ဧည့်ခန်းကျယ်ရဲ့ တစ်ဖက်မှာ Family room အဖြစ် ဧည့်ခန်းပိုလေးတစ်ခုလို ခင်းကျင်းထားရာ မောင်နှမနှစ်ယောက်သား ထိုနေရာမှာထိုင်လျက် ဘာတွေ သဘောကျနေသည်



www.burmeseclassic.com

www.burmeseclassic.com



မသိ၊ တဝါးဝါး တဟားဟားနှင့်။ ဇေဦးမှာ ထိုအခန်းဝမှ ဖြတ်လျှောက်လိုက် မသိမသာ ငဲ့ကြည့်လိုက်နှင့် စကားဝိုင်းထဲပဲ သွားပါရမလား လွှတ်ရာ အေးရာပဲ နေရမလား မသိ။

ခါတိုင်းညနေတွေ ဇေဦးကလည်း အလုပ်က စောပြန်ရောက်၍ ညနေစာ ထမင်းမစားခင် ဒီလိုအချိန်မျိုးဆိုလျှင် လင်မယားနှစ်ယောက်သား တတွဲတွဲ တပူးကပ်ကပ်။ ခုတော့ မိန်းမက သူ့နားဌ် မဟုတ်ဘဲ မောင်နှင့် အဖွဲ့ကျနေ၍ သူ့မှာ ဟာတာတာ ဖြစ်နေသည်။

သူ ဖြတ်ဖြတ်လျှောက်နေမိတာကို လှရည်ချွန်က မြင်လျှင် ...

"ကိုဇေ ... လာလေ"

"အေး"

သူ့မှာ ခွင့်ပြုမှပဲ လာရသလိုပင်ဖြစ်ကာ နှစ်ခွန်း မခေါ်ရခင် ဝင်လာခဲ့မိသည်။

"ကိုဇေ ... ကျွန်တော့်ကို ဘာမှအားမနာနဲ့ စိတ်မကျဉ်းကျပ်နဲ့နော်၊ ကိုဇေ နေတတ်သလိုသာ နေမြဲတိုင်းသာ နေပါ"





ဟင် ...၊ ဒါ သူကပြောရမည့် လောကွတ် မဟုတ်ဘူးလား။ ကိုယ်ပြောရမည့် စကားကို ပြောနေသည့် လှရည်ချွန်ကို အီလည်လည်နှင့်ပင် ခေါင်းညိတ်ပြလိုက်ရပါသည်။

"ကိုယ်က လှလှ အနေခက်မှာ မပျော်မှာသာ စိုးတာပါ"

"ကျွန်တော်က ပျော်ပါတယ်၊ ဒီအိမ်မှာ လာနေဖြစ်မယ်ဆိုကတည်းက ပျော်နေတာ"

ဇေဦး မျက်ခုံးများက မသိမသာ လှုပ်ပင့်သွားရသည်။

"ကျွန်တော်နဲ့ မမက ငယ်ငယ်ကတည်းက အတွဲမိတယ် ကိုဇေရ၊ တခြားမောင်နှမတွေလို မဟုတ်ဘူး၊ အပြင်ထွက်လည်တာ၊ မုန့်စားတာ၊ ရုပ်ရှင်ကြည့်တာတွေ တတွဲတွဲပဲ၊ မမက ကြားထဲက ကျွန်တော် တစ်ခေါက်ပြန်လာတဲ့အကြိမ် ကိုဇေနဲ့ ရည်းစားဖြစ်နေမှ ကျွန်တော့်ကို မသိမသာ အတွဲဖြုတ်တာလေ"

ဇေဦးက တဟင်းဟင်း ရယ်လိုက်ရပါသည်။

"မမတို့ မင်္ဂလာဆောင်တာကလည်း ကျွန်တော်သွားနေတုန်းဆိုတော့ ဒီတစ်ခါ အိမ်ပြန်လာတော့ မမက အိမ်မှာ မရှိတော့ဘူးဆိုတော့ ကျွန်တော့်မှာ ဟာလာလာကြီး ဖိုလို



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေတာ၊ အခု မေမေ သွားတုန်း မမက သူနဲ့လာနေဆိုတော့ ကျွန်တော်က ပျော်သွားတာ”

“အမယ် ... နင်လား ငါနဲ့ နေရမှာမို့ ပျော်တာ၊ နင်ဘာကြောင့် ပျော်လဲ ငါသိပါတယ် ငလူရယ်”

မေရည်မွန့် စကားကြောင့် ဖေဦးမှာ မျက်ခုံးကြီးတွေ လှုပ်ရှားရပြန်သည်။ လူရည်ချွန့် မျက်နှာကလည်း မလုံမလဲ ဖြစ်သွားသလိုပဲဟု ထင်ဆဲ ...

“နင့်ဟာနင် အဝတ်လျှော်ရ ကော်ဖီဖျော်ရ ဆေးကြောလှည်းကျင်းရမှာတွေ နင်ပျင်းလို့ ငါ့အိမ်လာနေရမှာလည်းဆိုရော သဘောတွေ ကျနေတာမဟုတ်လား ... ဟွန်း ...”

အင်း ... တော်ပါသေးရဲ့ အဲသလိုဆိုရင်။ သို့ပေမဲ့ အယုံအကြည်တော့ မရှိလှ။ ဒီမောင်နှမ တစ်ခုခုကို ဖုံးကာဖိကာ ပြောဆိုနေသလိုပဲလို့ ဖေဦးက ထင်သည်။ အက္ခရာနှင့် နီးနီးနားနားမို့ ဒီကောင် ပျော်သွားတာပဲ ဖြစ်မှာပါလို့သာ ဖေဦးက အတပ်သိနေပါသည်။

“ဩော် ... ခရာ့ဆီ ဖုန်းဆက်လိုက်ပါဦးမယ်”

မေရည်မွန်က ပြောပြောဆိုဆို ထိုင်ရာမှ ထ,လိုက်၍ ...





“ဘာလုပ်ဖို့လဲ”

ဖေဦးက အလောတကြီး လှမ်းမေးပါသည်။

“ဩော် ... ဒီနေ့ညစာ အိမ်မှာ ရှယ်ချက်ထားတာလေ ကိုကိုရဲ့၊ ရှယ်ထမင်းဟင်းဆိုရင် ထုံးစံအတိုင်း ခရာလည်း လာစားမှာပေါ့၊ ခရာက သူ့အိမ်မှာ ထမင်းစားလို့ကောင်းတတ်တာမှ မဟုတ်တာ”

“ခေါ်မနေပါနဲ့ အမွန်ရာ”

“ဘာဖြစ်လို့လဲ ကိုကိုရဲ့၊ ခါတိုင်းလည်း ဒီလိုပဲ လှမ်းခေါ်နေကျပဲ”

“ရှုပ်ရှုပ်ယှက်ယှက်ကွာ”

“ဘာရှုပ်စရာရှိလို့လဲ ကိုကိုရဲ့”

“ဟိုဒင်းလေ၊ ကောင်မလေးက ကလေးကလားနဲ့၊ လူလူလည်း အိမ်မှာရှိနေတာဆိုတော့ အားနာစရာ ကောင်းပါတယ်၊ မျက်စိရှုပ် နားရှုပ် သိပ်လုပ်တာ”

“လုပ်ပါစေပေါ့ ကိုကိုရဲ့၊ ဒီလူနဲ့ ဒီလူ၊ လူရင်းတွေပဲ ဥစ္စာကို၊ လူလူ့ကလည်း ခရာ့သည်းညည်း ခံနိုင်ရမှာပေါ့၊ လူလူ့များ ကိုကို တကျူးတက ဘာမှအားနာမနေနဲ့”



www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင်မလေးလည်း အလကားနေ ကိုယ့်အိမ်ကိုယ့်ထမင်းကို မစားချင်ဘဲ အကျင့်ပျက်နေပြီ၊ အမြဲခေါ်ကျွေးနေတဲ့ အကျင့်ကြီးလည်း ဖျက်ဦးမှ အမွှန်ရဲ့"

"မလိုပါဘူး ကိုကိုရယ်၊ တခြားကော ဘယ်သူ့ကျွေးစရာရှိတာလိုက်လို့၊ ဒီညနေလေ ပုစွန်ကို အခွံနဲ့ မီးနည်းနည်းအုံးပြီးတော့မှ အခွံပြန်ခွာပြီး ချဉ်ငန်စပ်သုပ်မှာ၊ ခရာသိပ်ကြိုက်ပေါ့၊ ဝက်စအုကြော်၊ ငါးခေါင်းဟင်းချို၊ အမယ်လေး ခရာ့ အကြိုက်တွေချည်း ကိုကိုရဲ့"

"ဟာ ... မမ ဟင်းတွေက အပျံစားပဲ၊ ကျွန်တော်လည်းကြိုက်တယ်၊ ကျွန်တော် အကြိုက်လည်း အဲဒါတွေပဲလေ၊ ခရာ့ကို မြန်မြန်ခေါ်လိုက်လေ မမ၊ ဗိုက်တောင်ဆာလာပြီ၊ ခရာ ရောက်လာတာနဲ့ စားကြမယ်နော်"

"အေး ... ငါ ဖုန်းဆက်လိုက်မယ်"

အတိုင်းအဖောက် ညီနေကြသည့် မောင်နှမကို ဇော်ဦးက စိတ်ဆန္ဒအတိုင်းဆိုလျှင် အမြင်ကတ်သော မျက်စောင်းကြီးထိုးပစ်ချင်သည်။ ခုတော့ ရလိုရငြား အမှောတကော ကြားဝင်နှောက်မိပြန်သည်။





"မှောင်စ,တောင်ပြုပြီ အမွှန်ရ"

"မှောင်တောင် မှောင်ပြီလား၊ စကားကောင်းနေတာနဲ့ ဗိုက်တောင်မဆာဘဲ အချိန်ကို မေ့နေတာ၊ မှောင်နေပြီဆိုရင် လူလူ့ကို ကားနဲ့သွားခေါ်ခိုင်းလိုက်မယ်လေ ကိုကို၊ လူလူ တစ်ယောက်လုံး ရှိနေတာ၊ ဒီနေရာတွေ ခိုင်းပစ်ရမှာပေါ့၊ လူလူ သွားခေါ်လိုက်ပါလား"

"အား ... အင်း ... အင်း ... နေပါစေ၊ မဟုတ်တာ၊ အမွှန်ကလည်းကွာ၊ ဒီနားနဲ့ ဒီနား လူလူက တကူးတက အကြိုထောက်နေရဦးမယ်၊ မဟုတ်တာ ... မကောင်းပါဘူး ... ကိုယ့်ဟာကိုယ် လာလို့သာ ပြောလိုက်"

ဇော်ဦးသည် ကမန်းကတန်း ဝင်ပြောလိုက်ရပြီး စိတ်မောလူမောမို့ ငြိမ်ငြိမ်လေး ထိုင်နေရတာကိုပင် ချွေးစို့ချင်လာပါသည်။ သက်ပြင်းကြီး ကျိတ်ရှိုက်ကာ မသိမသာ ဖြည်းဖြည်းမှုတ်ထုတ်လိုက်ရပါသည်။ လူရည်ချွန်မှာ ဇော်ဦး ပုံစံကို သနားတောင်မှ သနားချင်လာပြီ ဖြစ်သည်။

တော်ရုံတန်ရုံ စိတ်ကစားရုံလောက်ဆိုလည်း သူ့ညီမကို အတော်ကြီး ပူပန်တိုထွာရာသည့် ကိုဇော်ဦးကို မကြည့်ရက်တာနှင့်ပဲ နောက်ဆုတ်မေ့ပစ်ပေးလိုက်ပါဦးမည်။



www.burmeseclassic.com

www.burmeseclassic.com



ခုတော့ ယောက်ဖကြီးရယ်။ ကျွန်တော်ကလည်း ခင်ဗျားညီမငယ်လေးကို အဖော့်ကို မြတ်နိုးစွဲလမ်း ချစ်ခင်နေမိတာမို့ပါ။ တစ်သက်တာလုံး ယုယုယယ ကြင်ကြင်နာနာ ချစ်သွားဖို့ကို ရည်ရွယ်ဆုံးဖြတ်ပြီးသားပါ။ တင့်တင့်တယ်တယ် လက်ထပ်ထိမ်းမြားပြီး ရိုးမြေကျ ခေါင်းသင်းဖို့ကိုလည်း ကတိပြုနိုင်တဲ့အချစ်ပါ။

မေရည်မွန် ဖုန်းဆက်လိုက်ပြီး မကြာခင်မှာပင် အက္ခရာကလည်း မဆိုင်းမတွ အပြေးပင် ရောက်ချလာပါသည်။ ဖေဦးက အားလုံးထက်ဦးအောင် အိမ်ရှေ့ကို ခြေလှမ်းကျဲနှင့်ထွက်ကာ လေသံခပ်မာမာနှင့် ...

"နင် တစ်ယောက်တည်းလား"

"ဟင့်အင်း ကိုကို၊ မနီတို့ အဖော်လိုက်လာတယ်၊ ပြန်လွှတ်လိုက်ပြီ"

အပြစ်မရှိ အပြစ်ရှာဖို့ ကြိုးစားလိုက်သော်လည်း ဟိုဘက်တာက လုံနေ၍ ဆူပူကြိမ်းမောင်း မရပြန်။ တစ်မျိုးကလေးကြည်လင်ရှန်းတောက်နေတဲ့ အက္ခရာရဲ့ မျက်လုံးများကိုမြင်လျှင် ဖေဦးမှာ "ငါသိတယ်နော်"ဟု ဇက်ပိုးလေးတစ်ချက်လောက် ခပ်စပ်စပ် အုပ်ချင်မိသည်။





လူရည်ချွန်နှင့် အက္ခရာဟာ တစ်ယောက်နှင့် တစ်ယောက် နှုတ်ကဖွင့်ဟ နှုတ်မဆက်ကြသော်လည်း ကြည်ကြည်ပြုံးပြုံး မျက်လုံးကလေးချင်းတော့ ဆုံတွေ့နှုတ်ဆက်ကြပေသည်။ ထိုအကြည်ဓာတ်ဟာ မေရည်မွန့် မျက်ဝန်းထဲအထိ ဟပ်နိုင်ပါရဲ့။ တစ်စုံသော မျက်ဝန်းတို့ကိုသာ မှိုင်းမှုန်ရာမှ ကြည်လင်လာအောင် ဓာတ်မကူးနိုင်ပေ။

ထမင်းဝိုင်းမှာလည်း မေရည်မွန် လူရည်ချွန်နှင့် အက္ခရာတို့ရဲ့ စကားသံတွေ ဟန်ပန်တွေဟာ သွက်လက်မြူးရွှင်နေသည်။ ဖေဦး တစ်ယောက်မှာသာ ခပ်ငြိမ်ငြိမ်ရှိလျက် သိပ်လည်း မသိသာစေရအောင် တစ်ချက် တစ်ချက် ဝင်၍ စိတ်ပါလက်ပါ ရှိသယောင် ဆောင်ရပေသေးသည်။

သူ့ညီမကို ခိုးကြည့်သည့် မျက်လုံးများကို အမိဖမ်းမိတိုင်း လူကို စစ်ခနဲ အပ်နှင့်အထိုးခံလိုက်ရသလိုပင်။ ကြည်လင်သန့်ရှင်းတဲ့ လူရည်ချွန်ရဲ့ ဥပမိရုပ်ကလေးကို မေတ္တာသက်ဝင်လိုစိတ် ရှိပေမဲ့ ညီမကို ပေးလိုက်ရအောင်ထိတော့လည်း စေတနာမပေါက်ပြန်ပေ။



www.burmeseclassic.com

www.burmeseclassic.com



## ၁၀

လူရည်ချွန်သည် ဒီအိမ်ရောက်တဲ့အခါ အကျွရာနှင့် ဘာပဲဖြစ်ဖြစ် မြင်ခွင့် ဆုံခွင့် ပတ်သက်ခွင့် ပိုရလိမ့်မည်ဟု တွက်ဆခဲ့ပါသည်။ မြင်ခွင့် ဆုံခွင့်တော့ ရပါရဲ့။ ပတ်သက်ခွင့်ကတော့ ပိုတောင်မှ ကျပ်သွားလေသလား ထင်မိသည်။

လူရည်ချွန် ဘာလုပ်သလဲ မျက်စိဒေါက်ထောက်စပ်စုနေသော ယောက်ဖကြီးကြောင့် နေရင်းထိုင်ရင်း စိတ်ကျဉ်းကျပ်ရသည်။ သူလစ်တဲ့ ရုံးချိန် အလုပ်ချိန်ကြီးမှာ အကျွရာကလည်း အလုပ်သွားနေရတာမို့ ဘာမှမထူး။ အကျွရာ ပြန်လာတတ်ချိန်ဟာလည်း ယောက်ဖကြီး ပြန်လာတတ်ချိန်ပင်။





နေ့လယ်နေ့ခင်း တစ်ခါတစ်ရံတော့ မမရဲ့ယောက္ခမကြီး ဒေါ်မြမြနွယ်နှင့် ရင်းနှီးစရာ ဖန်တီးလို့ ရတတ်ပါသည်။ အဲဒါတွေကတော့ ဖေဦး လုပ်မပေးအားသေးသော သူတို့အိမ်ရဲ့ ဒက်ခ်ပြင်တဲ့ကိစ္စ၊ ဘာညာ သာ့ရကာလေးတွေ ဝယ်ခြမ်းပေး၊ လဲလှယ်တပ်ဆင်ပေးရသော ယောကျာ်းအလုပ်တချို့ပင်။

သူတို့အိမ်မှာလည်း အိမ်တိုင်းလိုလို ကြုံနေရမြဲကဲ့သို့ပင် အဘွားကြီးတစ်ယောက်အဖို့ မလုပ်မကိုင်နိုင်သော အပျက်အစီး အပြင်အဆင် အဝယ်အခြမ်း ကိစ္စလေးတွေ ရှိတတ်တာပင်။ မမရဲ့ ယောက္ခထီး ဦးကျော်ဦးဟာ လုပ်ငန်းခွင်မှာ ဖေဦးနှင့် အတူပင်ဖြစ်၍ ဖေဦးကို လွှဲထား ပစ်ထားလို့ ရတာတွေကြောင့် တစ်ခါတစ်ရံမှာ နေ့လယ်နေ့ခင်း ထမင်းပြန်စားချိန်လောက်မှာပင် ပြန်ရောက်နေတတ်ပါသည်။

သို့သော် သူကလည်း ဝေဒနာသည်ကြီး မဟုတ်သော်ငြား အသည်းမကောင်းလှတဲ့သူ ဖြစ်၍ နားနားနေနေ နေရတဲ့သူပင်။ လူကြီးလည်း ဖြစ်နေ၍ အမြင့်တက်ဖို့ မသင့်တော်တာ အလေးအပင် ခွန်အားသုံးဖို့ မသင့်တော်တာမျိုးတွေ ရှိသေးသည်။

www.burmeseclassic.com



ဒီတော့ ထိုအိမ်ရဲ့ တိုလီမိုလီ တာဟီရက်ကိစ္စလေးတွေမှာ ဧဒီး တာဝန်သာ ဖြစ်ခဲ့ပါသည်။ ဧဒီးကလည်း အားတစ်ချက် မအားတစ်ချက်။ သို့ဖြစ်၍ ဒက်ခ် ပျက်နေတာမျိုးကို ဧဒီး မအားမချင်း သွားမပြင်နိုင်ခြင်း တစ်ပတ်နှစ်ပတ် ပစ်ထားရတတ်ကာ အခွေကြည့်လို့မရဘဲလည်း ဖြစ်နေတတ်ခဲ့သည်။

ခုတော့ ဒီလိုအပရိက ကိစ္စလေးတွေသာမက၊ တကူးတကသွား၍ ဆောင်ရွက်ပေးရသော ကားလိုင်စင်ဝင်သည့် အလုပ်မျိုးကိုပင် လူရည်ချွန်က လုပ်ကိုင်ပေးလိုက်တတ်သည် ဖြစ်၍ အဘိုးကြီး အဘွားကြီး နှစ်ယောက်ကတော့ လူရည်ချွန်ကို ကျေးဇူးတွေတင်ရ အားတွေကိုးရနှင့် အတော်ကြီး ရင်းနှီးနေပြီ ဖြစ်ပါသည်။

လူရည်ချွန်ကလည်း မျက်နှာလို မျက်နှာရ သဘောနှင့်ရော၊ အမှန်တကယ် စေတနာပေါက်သည်ဖြစ်၍ရော လိုလိုချင်ချင် ဆောင်ရွက်လုပ်ကိုင်ပေးနေပါသည်။ သူ့မှာ လုပ်စရာရှိသည်မှာ တစ်ရက်ခြားလောက် ကျူရှင်တက်နေရတာနှင့် သူဖြေမည့် သင်္ချာစာမေးပွဲအတွက် စာကျက်ရတဲ့ အလုပ်သာ ရှိပါသည်။





အက္ခရာဟာ ဒီအိမ်ကို လူရည်ချွန် ရောက်ပြီးကတည်းက သူ့အစ်ကို,ကို ရှိန်ကာ ညနေစာ ထမင်းလာစားသည့် အကျင့်ပင် ကျဲပါးသွားခဲ့ပါသည်။ အရင်က မမ ပြောတော့ တစ်ပတ်မှာ လေးရက်လောက် ဒီဘက်ကို ထမင်းကူးစားသည် ဆိုရာက ခုတော့ တစ်ပတ်မှာ နှစ်ကြိမ်လောက် အနိုင်နိုင်။

တကယ် ထမင်းစား မကောင်းနေလျှင်ပင် အလာစိပ်တာကို သူ့အစ်ကို မကြည်ဖြူမည်စိုး၍ ရောက်မလာတတ်တော့။ ဒီတော့ အက္ခရာနှင့် အရင်ထက် အများကြီး ပိုတွေ့ခွင့်မရ။ အရင်ကအတိုင်း တစ်ခါတစ်ရံ ဟိုတယ်က ကိုမိုးဆီ အကြောင်းမရှိသွားလည်ရင်း စကားနည်းနည်း ပြောဆိုနှုတ်ဆက်ရတာမျိုးနှင့် တစ်ပတ်ကို နှစ်ကြိမ်လောက်တော့ ညနေစာ ထမင်းလက်ဆုံစားခွင့်လေး ရတာမျိုးမျှသာ။

ထို့ကြောင့် လူရည်ချွန်က အက္ခရာထံ ဖုန်းဆက်ပါသည်။

ပထမဆုံးအကြိမ် ဖုန်းဆက်တုန်းကတော့ ဆက်ဖို့ကို အင်မတန် အားယူရကာ မဝံ့မရဲ ရှိရသေးသည်။ ချီတုံချတုံ ရင်ခုန်မွေ့လာရင်း "သူ နေ့လယ်က ပြင်ပြီးရွေးလာတဲ့ ဒက်ခ်ကောင်း



www.burmeseclassic.com

www.burmeseclassic.com



သလား၊ အခွေကြည့်လို့ အဆင်ပြေလား”ဟု မေးစရာ အကြောင်း ပြချက် ရှိလာသောနေ့ကတော့ အရဲစွန့်ပြီး စ,ဆက်လိုက်ပါသည်။

ကံကောင်းထောက်မစွာ အက္ခရာ ဖုန်းကိုင်တာနှင့် တိုးနေကာ စကားပြောဖြစ်လိုက်ရာကစ,ပြီး နောက်နေ့တွေလည်း ကိုယ်ဆက်မယ်နော်လို့ ခွင့်တောင်းလိုက်တဲ့အခါ အက္ခရာက ရှက်စောက်စောက် လေသံလေးနှင့် “ဆက်ရင်လည်း ဆက်ပေါ့” လို့ ခွင့်ပြုလိုက်တာက အစ ...။

အက္ခရာက သူ့ထံ မဆက်ပါ။ သူကသာ ဆက်တာ မို့ ဧဦးဟာ တကူးတက လာနားမထောင်လျှင် လူရည်ချွန် ဘယ်ဆီဆက်သည်ဆိုတာ သိဖို့မလွယ်။ ဒီကြားထဲမှာ လူရည်ချွန် ရဲ့ သူငယ်ချင်း မိတ်ဆွေတချို့က ဖုန်းဆက်တာမျိုးတော့ လာပါ သည်။

ဒါတွေဟာလည်း လူရည်ချွန်က ဒီအိမ်ဖုန်းနံပါတ် ပေးထားပြီးသော အမြဲတွေ့နေကျ သင်္ဘောသားမိတ်ဆွေကွေက များသည်။ တစ်ယောက်နှင့်တစ်ယောက် ကျူရှင်ကိစ္စ၊ စာမေးပွဲ ကိစ္စ၊ ပွဲစားကိစ္စ၊ ဟိုဟိုဒီဒီ မေးမြန်းစုံစမ်းချင်တာတွေ အတွက် ဆက်တတ်သည်ဖြစ်ရာ အလာကျဲပါသည်။





ညဘက်တွေမှာ လူရည်ချွန့်ဘက်က စ,ခေါ်ပြီး တချွတ်ချွတ် ပြောနေတတ်တဲ့ ဖုန်းမျိုးကို ဧဦးက စိတ်ဝင်စား လှသည်။ စကားပြောနေတဲ့ လေသံ၊ မျက်နှာပေး၊ ကိုယ်လက် အမူအရာတွေ ကြည့်ရုံနှင့် တစ်ဖက်က ယောကျ်ားချင်းလား၊ မိန်းကလေးလား ဆိုတာ ခန့်မှန်းလို့ ရတတ်ပါသည်။

လူရည်ချွန်ဟာ မိန်းကလေးတစ်ယောက် သို့မဟုတ် တချို့နှင့် ဖုန်းပြောနေတတ်သည်ဟု ဧဦး ထင်သည်။ ခက်တာက တယ်လီဖုန်းထားသည့် နေရာလေးဟာ တသီးတသန့်နှင့် နေရာ အားလုံးနှင့် ခပ်ဝေးဝေးလေးမှာ ဖြစ်နေရာ သွားနားထောင်မှပဲ ကြားခွင့်ရပါမည်။

ပြီးတော့ လူရည်ချွန်ဘက်က ဆက်တာကများ၍ ဖုန်းလာလျှင် အပြေးကိုင်ဖို့ ကြံစည်ချောင်းမြောင်းနေတာတောင် မှ ကိုယ်က လက်မဦးပါ။ အရင်ကတည်းက ဖုန်းလာလျှင် ကိုင် သူဟာ မေရည်မွန်။ အခုလည်း မေရည်မွန်နှင့် လူရည်ချွန်။ ကိုင် နေမကျဘဲ ပြေးကိုင်ရမှာကလည်း သိသာသည်။

လူရည်ချွန် ဘယ်က ကောင်မလေးတွေနှင့် ဖုန်းပြော နေသလဲဟု သိချင်တာထဲမှာ အက္ခရာ ဖြစ်နေမလားဆိုသည့် သံသယလည်း ပါသလို၊ တခြားရှိနေဦးမလားကို စူးစမ်းချင်မို လိုမှုကလည်း ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ညမှာတော့ သူ့အတွက် အခွင့်အရေး ရလိုက်ပါသည်။ ဖုန်းနှင့် မနီးမဝေးကလေးကနေ သူ့ဟာသူ ဖြတ်အလျှောက် ဖုန်းကထ,မြည်ကာ ဟိုမောင်နမက တီဗီရှေ့မှာမို့ သူ့ထက်စာလျှင် ဖုန်းနှင့် ပိုလှမ်းနေရာ ဇော်ဦးက ဝမ်းသာအားရစွာပဲ ဖုန်းကို သွားကိုင်လိုက်ပါသည်။

"ဟယ်လို"

"ကိုလှုရည်ချွန် ရှိပါသလား"

တစ်ဖက်က နောက်တိနောက်ပြောင်ဟန်နှင့် ကလေးဆန်ဆန် မိန်းမသံလေးကြောင့် ဇော်ဦးက တစ်မျိုးကြီး ဖြစ်သွားရကာ ...

"ဩော် ... ရှိပါတယ်၊ ဘယ်သူလဲ မသိဘူး"

"ရွှေလို့"

"ဗျာ"

"ရွှေ ...၊ သဝေထိုး စလုံးရေ ဝဆွဲ ရွှေ ... အဟိ"

အဟိက ပါလိုက်သေး၍ ဇော်ဦး မနှစ်မသက်ကြီးဖြစ်သွားရကာ ဖုန်းကို ဘေးချခဲ့ပါသည်။ ဘယ်သူလဲ မေးရတာက လှုရည်ချွန်ကို ပြန်ပြောဖို့မဟုတ်၊ ဘယ်သူလဲ သူ သိကိုသိထားချင်၍သာ။





"လှုလှုရေ ... မင်း ဖုန်းဟေ့"

လှုရည်ချွန် ဖုန်းရှိရာ ထသွားပြီးမှ ဇော်ဦးက မေရည်မွှန်နား ဝင်ထိုင်ရင်း ...

"ကောင်မလေး တစ်ယောက်ကွ"

"ဟုတ်လား"

မေရည်မွှန်က စိတ်မဝင်စား။ နေကြာစေ့ စားနေသည်။

"ရွှေတဲ့ ... ဘယ်ကလဲ ... အမွှန် သိလား"

"မသိပါဘူး ... မကြားဖူးဘူး"

မေရည်မွှန်က စိတ်မဝင်စားလေ ဇော်ဦးက အသည်းယားလေပေ။ တကယ်ဆိုရင် အကွာရာ မဟုတ်ရင် ပြီးနေပြီ။ သူနှင့် ဘာမှမဆိုင်တော့။ သူ့ကိုယ်သူလည်း ဘာကြောင့် ဒီလောက်စိတ်ဝင်တစား ရှိနေမိလည်း မတွေးတတ်။

"လှုလှု့မှာ ရည်းစားတို့ ရည်စားမဟုတ်တဟုတ် တစ်ခုခုရှိပုံရတယ်"

"မရှိပါဘူး ကိုကိုရဲ့၊ ဟိုးငယ်ငယ်တုန်းကသာ ရှိတာအခု လှုလှု့မှာ အဲသလိုဟာတွေ မရှိတော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ညညဆို သူ ကောင်မလေးတွေနဲ့ ဖုန်းပြောနေတာပဲ"

မေရည်မွန်က ညဘက်တွေ လှုရည်ချွန်နှင့် အက္ခရာ ဖုန်းပြောလေ့ရှိတာ သိပါသည်။ အက္ခရာနှင့် ပတ်သက်၍ ဖေဦး ကို ဘာမှမပြောဖို့ လှုရည်ချွန် တားမြစ်ထား၍ မေရည်မွန်က မပြောဖြစ်ပါ။ အရင်ကတော့ လှုရည်ချွန် စွပ်စွဲသလို ဖေဦးက မနှစ်သက်လှဘူး ဆိုတာကို မယုံကြည်လှ။

တစ်စစ တဖြည်းဖြည်း ဒါဟာ ဖြစ်နိုင်ချေရှိသည် ဆိုတာ မေရည်မွန် ရိပ်မိလာပါသည်။ ညီမကို အကဲပိုကာ တိုထွာလှတဲ့ ဖေဦးဟာ လှုရည်ချွန့် အပေါ်တော့ သူ့မောင်မို့ ချွင်းချက်ထားလေမလား ထင်ခဲ့ပေမဲ့ ပေါ်ပေါ်ထင်ထင် ထုတ်ဖော် မဆန့်ကျင်တာကလွဲလျှင် ကာဆီး ကာဆီးတော့ နိုင်မှန်း မေရည်မွန် ရိပ်မိနေပြီ။

ဒါကို စိတ်ထဲ သိပ်မကျေလည်ပေမဲ့ လှုလှု့ အပေါ် ထားတဲ့ အက္ခရာရဲ့ သံယောဇဉ်ကိုလည်း သိနေရပြန်ရာ ဒီနှစ်ဦး သား အခွင့်အရေးတွေ ကျဉ်းကျပ်ဆုံးရှုံးသွားမှာ စိုးရိမ်သောအား ဖြင့် မကျေလည်မှုကိုလည်းမပြ၊ သိသမျှကိုလည်း မဖွင့်ဟ၊ မေရည်မွန်က မဆိုင်သလို နေသည်။





ခုလည်း ဖုန်းပြောနေတာဟာ အက္ခရာနဲ့ပါလို့ ဖွင့် ပြောရ ခက်ပေသည်။

"သူ့ကိစ္စနဲ့သူ ရှိဦးမှာပေါ့ ကိုကိုရယ်"

"ခုဆက်တဲ့ ကောင်မလေးကလည်း ကလေးကလားနဲ့၊ နာမည်က ဇွေ ဆိုလား၊ တဟိဟိက ရယ်လိုက်သေးတယ်"

"အဲဒါ ဘာဖြစ်လဲ၊ ရည်းစားဟုတ်သည်ဖြစ်စေ၊ မဟုတ်ဘူး ဖြစ်စေ၊ ကိုကို့အတွက် ဘာအရေးပါနေလို့လဲ၊ ထားလိုက် ပေါ့၊ သူ ဆယ်ကျော်သက်မှ မဟုတ်တာ"

"မဟုတ်ပါဘူး၊ ဒီကိစ္စတွေနဲ့ သူ စာကျက်လျှော့ပြီး ... ဟို ... စာမေးပွဲမှာ ..."

"အမယ်လေး ကိုကိုရာ၊ ဒါ ကိုးတန်း ဆယ်တန်း ကလေး ကိုသာ ပူရမှာ"

"အမွန်ကလည်းကွာ၊ သူ့မောင်ကိစ္စ သူ မဆိုင်သလို လုပ် နေပြန်ပြီ၊ စိတ်မပူသလိုပဲ"

"ကိုကိုကကော ဘာတွေ ပူနေတာလဲ"

ဖေဦး မဖြေနိုင်။ သူကတော့ ပူနေတယ်ရယ်တော့ မဟုတ်။ ဘာမှန်းကို သူ့ဟာသူပင် ရေရေရာရာ မသိပေ။ အဦး စပ်ဆုံးကတော့ သူ့ညီမကို ရွှန်းလဲ့တောက်ပတဲ့ မျက်လုံးကြီး



www.burmeseclassic.com

www.burmeseclassic.com



တွေနဲ့ အရိပ်ကြည့်တတ်တဲ့ သကောင့်သားက ဟိုမိန်းကလေးနဲ့ ဖုန်းပြော၊ ဒီမိန်းကလေးနဲ့ အီတီတီ ဆိုလျှင် နဂိုကမှ တိုထွာရ သည့်ကြားထဲ ပို၍ပင် သူ ဆတ်ဆတ်တုန်ရဦးမည်။

ပိုပြီးတော့တောင် မကြိုက်၊ ပိုပြီးတော့တောင် မကြည့်ဖြူ မကျေနပ်၊ ပိုပြီးတော့တောင် အမြင်ကတ်စရာ မဟုတ်လား။

ဖုန်းကို ခပ်မြန်မြန် စကားဖြတ်လာပုံရတဲ့ လူရည်ချွန်က သိပ်မကြာလှဘဲ တီဗီရှေ့ကို ပြန်ရောက်လာလျှင် မေရည်မွန်က ဖေဦး သိချင်နေမှန်း သိလျှက် တမင်တကာ လှမ်းမေးပေးလိုက်ပါသည်။

"ဘယ်သူလဲ လူလူ"

"အလကားပါ မမရာ၊ ဇွေ ဆိုတဲ့ ကောင်မလေးတစ်ယောက်ပါ"

"ဘာတဲ့လဲ"

"ဘာမှလဲ မဟုတ်ဘူး၊ ဘာမှ အရေးမပါဘူး"

အရေးမပါဘူး ဆိုသည်နှင့် "ဟဲ ... တွေ့လား" ဆိုတဲ့ မျက်လုံးမျိုးနှင့် မေရည်မွန်က သူ့ကိုကြည့်လာ၍ ဖေဦး ကတော့ မလုံလောက် မကျေနပ်နိုင်သေးဘဲ ...

"လူလူ့ ကောင်မလေးလားကွ"





"ဟာ ... မဟုတ်ပါဘူး ကိုဖေရာ၊ ဘယ်က ကျွန်တော့်ကောင်မလေးရမှာလဲ၊ အလကား အရှုပ်တွေ"

"အရှုပ်တွေက ဒီဖုန်းကို ဘယ်လိုလုပ် သိသွားလဲ၊ လူလူ ပေးမှပဲ ဒီဖုန်းနံပါတ်ကို ရနိုင်တာ မဟုတ်လား"

လူရည်ချွန်က ဖေဦး ဆိုလိုနေတာကို သဘောပေါက်သွားရပါသည်။ ကိုယ်ကပဲ ရှုပ်ရှုပ်ယှက်ယှက် ဒီလိုအပျော်သဘောဆက်မည့် ကောင်မလေးတွေကို ဖုန်းနံပါတ် လျှောက်ပေးကာ ကိုယ်က ဆက်စေလိုလို့ပဲ တစ်ဖက်က ဆက်ခွင့်ရတာလို အမြင်တိမ်းစောင်းနေတာကိုး။

အတော်ကို စပ်စုတဲ့ ယောက်ဖ။ ဘယ်လိုလူမှန်းကို မသိ။ အားလုံး လိုက်သိချင်နေတော့တာပဲ။ လူရည်ချွန်က မျက်ခုံးကိုပင့်ကာ စိတ်ပျက်တဲ့ပုံဖမ်းရင်း ...

"ဖုန်းနံပါတ် ကျွန်တော် မပေးပါဘူး၊ အခုတောင် မကောင်းတတ်လို့ အားနာပြီး စကားပြောနေရတာ၊ ခရာ ကျူရှင်က သူငယ်ချင်းတွေလေ၊ ကျွန်တော်နဲ့ ခင်ချင်လို့ စကားပြောချင်လို့ဆိုပြီး ခရာဆီက ကျွန်တော့်ဖုန်းနံပါတ်တောင်း



www.burmeseclassic.com

www.burmeseclassic.com



လို့ ခရာပဲ ပေးလိုက်တာ၊ ခရာ သူငယ်ချင်းတွေမို့သာ ဒီလိုပဲ အထိုက်အလျှောက် လေးငါးခွန်းလောက် စကား ပြန်ပြောပေးဖြစ်တာ ကိုဇေရဲ့"

ဒီလိုကြားရပြန်တော့လည်း ဇေဦးသည်မကျေနပ်ပြန်။

"ဟာ ... ဒီကောင်မလေး ရှုပ်ရှုပ်ယှက်ယှက်နဲ့၊ ဘယ့်နှယ် လူလူ့ဆီ ကောင်မလေးတွေ ဖုန်းဆက်ချင်တယ် ဆိုတာ နဲ့ပဲ သူက ကြားထဲက ဖုန်းနံပါတ် ပေးစရာလား ... ကျွတ်"

ဒီလို ဖုန်းဆက်သည် ဆိုကတည်းက ကောင်မလေး တွေက ရဲရဲကဲကဲတွေ ဖြစ်မှာပေါ့။ သူက အဲဒီလို ပြောလျှင် မေရည်မွန်ကတော့ "ဒီတော့ ဘာဖြစ်သလဲ"လို့ပဲ ထုံးစံအတိုင်း ပြန်မေးဦးမှာ။ ရှုပ်တုတ်တုတ် ခတ်လမ်းတွေ ပေးရှည်မှာစိုးလို့ ပေါ့။ "ဘာလို့စိုးတာလဲ" ဆိုရင်ရော ...။

ဇေဦး ဘာမှ ဆက်မပြောတတ်တော့ပါ။ ကိုယ်က သူ့အဖေလည်း မဟုတ်။ အနေသာကြီး။ ဒီအရွယ်ကြီးရှိနေ၍ ယောက်ဖသာ တော်စပ်သူ လူရည်ချွန်ရဲ့ ဖုန်းပြောခြင်းကိစ္စကို





သူ ဘယ်လိုမှ ဝင်ရောက်စွက်ဖက် ချယ်လှယ်နိုင်စရာ အကြောင်း မရှိတာမို့ ဇေဦး ဘာမှ ထပ်ပြောလို့ မရနိုင်ပါ။

"ကိုကို ရှိလားဟင်"

"ရှိတာပေါ့"

လူရည်ချွန်က မလှမ်းမကမ်း တီဗီရှေ့မှာ ရှိနေသော ဇေဦးကို ဇေကြည့်ရင်း ခပ်ပြုံးပြုံး ဖြေသည်။ အသံကိုတော့ နှိမ့် ထားရပါသည်။ အကွာရာနှင့် သူ ညတိုင်း ဖုန်းပြောဖြစ်နေတာ ဇေဦး မသိသေးပါ။ လူရည်ချွန် ဘက်ကချည်း ဆက်တာမို့လည်း ဖြစ်သည်။

"ခရာနဲ့ ကိုလူ ညဘက် ဖုန်းပြောတာ ကိုကို မသိသေးဘူး ပေါ့"

"ဘယ်သိမလဲ ... မသိလို့ပေါ့၊ သိရင် ခရာကို ဆူမယ်ထင် တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့လည်း ဆူပြီးပြီ"

"ဟင် ... ဘာဖြစ်လို့လဲ၊ ဘယ်တုန်းက ဆူတာလဲ၊ ဒီနေ့ ခရာလည်း ဒီကိုမလာဘဲနဲ့၊ ရုံးအပြန် အိမ်ဝင်ဆူတာလား"

"အဲလောက်တောင် မအောင့်နိုင်လို့ ထင်တယ်၊ ဟိုတယ်ကို ဖုန်းလှမ်းဆက်ပြီး ဆူတာ ကိုလူရဲ့"

"ဘာအတွက် ဆူတာလဲ"

"ဇွေတို့ကို ကိုလူ့ ဖုန်းနံပါတ် ပေးလို့တဲ့"

"ဇွေတို့နဲ့လည်း ဖုန်းမပြောစေချင်ဘူးပေါ့၊ ဟုတ်လား၊ ယောက်ဖကတော့ ဒုက္ခပါပဲ"

"ဇွေနဲ့ ဖုန်းမပြောရဘူးတော့ မဟုတ်ဘူး၊ ဘာမှန်းလဲလည်း မသိပါဘူး၊ နင်က လူရည်ချွန့်ဆီ ကောင်မလေးတွေ ဖုန်းဆက်လို့ရအောင် ဘာဖြစ်လို့ ကြားထဲက လမ်းဖွင့်ပေးရတာလဲတဲ့"

"ဒါဆို ဒီတစ်ခါကကျတော့ ကိုယ့်ကိုပါ တိုတဲ့သဘောလား"

လူရည်ချွန့် စကားကြောင့် အက္ခရာက သဘောကျကာ တသိမ့်သိမ့် ရယ်မောနေပါသည်။





"အေးကွာ၊ ကိုဇေက ဘယ်လိုလဲ မသိပါဘူး၊ ကိုယ်ဖုန်းဆက်တာကို အန်တီတို့တောင် သိတယ် တစ်ခါတလေ အန်တီ ဖုန်းကိုင်တာနဲ့ တိုးတာ၊ အေးအေးဆေးဆေး ခေါ်ပေးသားပဲ၊ ခရာကိုရော ဘာပြောသေးလဲ"

"ဟင့်အင်း ... မပြောပါဘူး ကိုလူ၊ ကိုလူနဲ့ ခင်မင်ရင်းနှီးတဲ့ အပေါ်မှာ မေမေတို့ မကျေနပ်စရာ မရှိပါဘူး၊ အေးအေးဆေးဆေးပါပဲ"

"ခုလိုဆိုတော့ ကိုယ်တို့က ကိုဇေ မသိအောင် တိတ်တိတ်လေး ဖုန်းခိုးဆက်ရသလို ဖြစ်နေတယ်၊ ကိုယ်က တိတ်တိတ်ခိုးဆက်ရတဲ့ သဘောနဲ့ မဆက်ချင်ပါဘူး ခရာရယ်၊ ဒါပေမဲ့ သူ သိသွားရင်လည်း ကိုယ့်ကိုတော့ ဘာမှပြောလို့ မရတဲ့အတွက် ခရာ့ကို ဆူမယ်ထင်တယ်၊ ခရာ အဆူခံရမှာ စိုးတော့ ကိုယ်ကလည်း မပြောရဲဘူးပေါ့"

"မပြောပါနဲ့ ကိုလူရာ၊ ဒီတိုင်းပဲ ကောင်းပါတယ်၊ ငယ်ငယ်ကတည်းကပဲ ဘယ်ကောင်လေး ဘယ်ယောက်ျားလေးနဲ့မှ ခရာ ဖုန်းမပြောရဘူးလို့ ပြောထားတာ၊ နောက်တော့ တက္ကသိုလ်မှာ ရိုးရိုးခင်မင်ပြီး သူငယ်ချင်း အရင်းအချာ ကောင်လေးနှစ်ယောက် ရလာတယ်၊ သူတို့ကလည်း

www.burmeseclassic.com



အကြောင်းမရှိဘဲ ဖုန်းဆက်ခဲ့ပါတယ်၊ အဲဒါ သူတို့နဲ့ သုံးလေးကြိမ် ခရာ ဖုန်းပြောဖူးတာကို နောက်မှ ကိုကိုက သိပြီး ခရာ့ကို ဆူလိုက်တာ ...

သူတို့ဆီက နောက်တစ်ခါ ဖုန်းလာတော့လည်း အဲဒီ သူငယ်ချင်းတွေကို ဘလိုင်းကြီး ဟောက်ပစ်တာ၊ မင်းတို့က ဘာကောင်တွေလဲ၊ ဘယ်လောက်အရေးကြီးလို့ ဆက်ရတာလဲနဲ့ပေါ့၊ ကျောင်းမှာတွေ့မှ ပြောလို့မရတော့ ဘူးလား၊ ရိုးရိုးသားသား ဆိုရင် ဘာမဟုတ်တဲ့ ကိစ္စလောက်နဲ့ ညဘက်တွေ ဖုန်းခေါ်စရာ မလိုဘူးတဲ့ ...

အဲဒီ သူငယ်ချင်းတွေလည်း အခြောက်တိုက် အဟောက်ခံရတော့ တင်းတာပေါ့၊ နောက်တော့ ဖုန်းလည်း မဆက်တော့တဲ့အပြင် ကျောင်းမှာတောင် သိပ်မပေါင်းဖြစ်တော့ပါဘူး ကိုလူရာ၊ ကျောင်းလာကြိုရင် အနားမှာစကား ရပ်ပြောမိတဲ့ ယောကျ်ားလေး သူငယ်ချင်းရှိလည်း မျက်နှာ ပုပ်ကြီးနဲ့ ရန်လိုတာ ...

ကောင်လေးတွေ စိတ်ထဲမှာ ငါတို့က သူ့ညီမကို ကြိုက်နေတာမို့လို့လား ဆိုတာမျိုး ဖြစ်တာပေါ့၊ ခရာ့ပါ သက်သက် သိက္ခာကျရတယ်"





"ရိုးရိုးသားသားဆိုရင် ညဘက်တွေ ဖုန်းခေါ်စရာ မလိုဘူး ဆိုရင်တော့ ကိုယ်တော့ သိပ်ကို မရိုးသားတဲ့ လူယုတ်မာ ပဲနော်"

"ကိုလူကလည်း"

"ဒါပေမဲ့ မနာပါဘူးကွာ၊ ကိုယ်ကလည်း ရိုးမှ မရိုးသား တာပဲ ... နော် ... ခရာ"

"ကိုလူနော်"

"ဘာလို့လဲ ခရာရဲ့၊ ကိုယ်က ညညတွေ ခရာ့ဆီ ဖုန်းဆက်ပြီး ခုလောလောဆယ် မပြောလည်း ဘာမှမဖြစ် သေရေးရှင်ရေးလည်း မဟုတ်၊ အရေးတကြီးလည်း မဟုတ် တဲ့ စကားတွေ ဟိုရောက် ဒီရောက် လျှောက်ပြောနေတာ ဟာ ရိုးရိုးသားသားလေးပဲလို့ ခရာက ထင်လို့လား"

"ကိုလူနော် ... ဘာမှန်းလဲ မသိဘူး"

"ဘယ်ရိုးသားမလဲ၊ ခရာ့ အသံလေးကို ကိုယ် အမြဲကြား ချင်လို့၊ နေ့တိုင်းကြားချင်လို့၊ ခရာ့ အသံလေး တစ်ရက် မကြားရရင် နေရထိုင်ရတာ တစ်ခုခု လိုသလိုပဲ ဖြစ်နေပြီ၊ ကိုယ် မနေတတ်တော့ဘူး၊ ကိုယ် အဲလိုဖြစ်နေတာ ဘာ ကြောင့်လဲ ခရာ သိလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ကိုလူနော်၊ ဘာတွေပြောနေမှန်း မသိဘူး"

'ကိုလူနော်' တစ်ခွန်းကိုသာ ပြောတတ်တော့သလို အကွာရာရဲ့ အသံကလေးမှာ ဖွေယူသံ အပြစ်တင်သံ မပါဘဲ ရှက်ရိပ်စွန်းစွန်းလေး တုန်ယင်နေပါသည်။

"ခရာ"

"...... "

"ခရာ့ကို ကိုယ် သိပ်ချစ်နေမိပြီ၊ ခရာ့ကို ကိုယ် လက်ထပ်ပါရစေ"

လူရည်ချွန်ရဲ့ အသံတိုးရှိုက်ရှိုက်ကြောင့် ဘာစကားမှ ပြန်မပြောနိုင်ဘဲ ရင်တွေဖိုလှိုက်ကာ တိတ်ဆိတ်ငြိမ်သက် နေမိပါသည်။

"နော် ... ခရာ၊ ကိုယ့်ကို ခေါင်းညိတ်ပါကွာ"

အကွာရာက ဆက်လက်၍သာ ငြိမ်နေမိလေသည်။

"ခရာ စဉ်းစားဦးမှာလား ... ဟုတ်လား"

အင်း ... တကယ်တော့ စဉ်းစားဖို့လည်း မလိုပေ။ တွေ့စကတည်းက ရင်ထဲတိုးဝင် ကြီးစိုးထားတဲ့ ကိုလူ့ကို ဘယ်အချိန် ဘယ်အခါတုန်းက ချစ်စိတ်ဝင်ရောက် ပေါ်ပေါက်ခဲ့သည်





မသိဘဲ၊ ခုလို ကိုယ့်ကိုယ်ကိုယ် သတိပြုကြည့်မိတဲ့ အခါမှာတော့ ကိုလူ့ကို ခရာ ချစ်သည်ဆိုတာ နှလုံးသားက တိတ်တိတ်ကလေး သေချာနေပြီးသားပါ။ ထပ်ပြီး စဉ်းစားနေစရာလည်း မလို။

"ခရာ ... စဉ်းစားမယ် ဆိုရင် စဉ်းစားလေ၊ ဒါပေမဲ့ ကိုယ့်ကို စာမေးပွဲမတိုင်ခင်လေးတော့ အဖြေပေးနော်"

"ကိုလူ့ စာမေးပွဲက ဘယ်တော့လဲဟင်"

ခုမှပဲ ခရာ့ထံမှ အသံတိုးအက်အက်လေး ရှက်တုန်တုန်နှင့် ထွက်ပေါ်လာသည်။

"သန်ဘက်ခါ"

"ဟင် ... ကိုလူကလည်း၊ သွား ..."

"ကြားမှာ တစ်ရက် အချိန်ရပါသေးတယ် ခရာရဲ့"

ပြောရင်း လူရည်ချွန်က ခပ်တိုးတိုး ရယ်မောသည်။ ရယ်သံက သိပ်ကြီး မကျယ်လောင်ပေမဲ့ ထာဝစဉ်ပင် လူရည်ချွန့်ကို အကဲခတ် စိတ်ဝင်စားနေပုံရသော ဖေဦး ကတော့ ကြားဖြစ်အောင် ကြားပုံရကာ မသိမသာ ဖျတ်ခနဲလေး မျက်လုံးရောက်လာပါသေးသည်။

"သန်ဘက်ခါ စာမေးပွဲဆို ကိုလူ စာလုပ်ဦးလေ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ကိုယ် စာလုပ်လိုက်ဦးမယ်နော်၊ ဒီမှာ ယောက်ဖ ကလည်း ဖျတ်ခနဲ ဖျတ်ခနဲ လှမ်းစပ်ရနေပြီ"

အကွာရာက မသက်မသာကလေး ရယ်မောပါသည်။





## ၁၁

တကယ်တော့ ဒီလက်မှတ်တွေကို လူရည်ချွန် ဝယ်ဖို့မဟုတ်ပါ။ တကူးတက သွားဝယ်ရတာ မဟုတ်ဘဲ သိပ်အခင့်မင်ကြီး မဟုတ်လှတဲ့ ငယ်သူငယ်ချင်းဟောင်း တစ်ယောက်ရဲ့ ယုဇနပလာဇာက ဆိုင်ကို ရောက်သွားဖြစ်ကာ ရောက်တုန်းရောက်ခိုက် သူ့ဆိုင်က တီရှပ်တစ်ထည်လောက်ပဲဖြစ်ဖြစ် ဝယ်ဖို့ကြည့်နေဆဲ ...

"ဟော့ကောင် ဖိုးလူ ... ဒီမှာ ဒါတွေလည်း အားပေးပါဦးကွ"

"ဘာလဲကွ"



www.burmeseclassic.com

www.burmeseclassic.com



"မြရိပ်ညို ပျော်ပွဲရွှင်ပွဲ လက်မှတ်လေ၊ မင်း တစ်ကြိမ်မှ ရောက်ရဦးမှာ မဟုတ်ဘူး၊ မင်းက အဝေးရောက်နေတဲ့ ကောင် ဆိုတော့ မကြုံသေးဘူးပေါ့၊ Stage show ပါတယ်၊ ပျော်စရာ ကောင်းတယ်ကွ၊ လာမဲ့ Sunday"

"ဟုတ်လား"

"ဝယ်လေကွာ၊ နှစ်စောင်ဝယ်၊ ခေါ်သွားစရာလေးတော့ တစ်ယောက်ယောက် ရှိမှာပေါ့"

သူက နောက်ပြောင်ကာ တဟီးဟီး လုပ်နေလျှင် လူရည်ချွန် ဖျတ်ခနဲ မြင်ယောင်သည်မှာလည်း အက္ခရာသာပဲပေါ့။ လအပော်ကြာခဲ့ပြီ ဖြစ်ပေမဲ့ အိမ်မှာနှင့် အလုပ်ခွင် ဟိုတယ်မှာ ခဏတဖြုတ် တွေ့ဆုံရသည်ကလွဲရင် သူတို့နှစ်ယောက်မှာ ရင်ခုန် သာယာချင်စရာ အမှတ်တရ တွေ့ဆုံရပုံမျိုး တစ်ကြိမ်မှကို မရှိခဲ့။

ရုတ်တရက် ဆန္ဒတွေ တစ်ရှိန်ထိုး အားကောင်းလာ ကာ လူရည်ချွန်က လက်မှတ်နှစ်စောင် ဝယ်လိုက်ပါသည်။ အဲသလို ဝယ်လိုက်တော့ သူငယ်ချင်းက သူ့ကို ချစ်သူရှိတဲ့ ကောင်လို့ပင် ထင်နေပါသေးသည်။





တကယ်တော့ လူရည်ချွန်ဟာ အက္ခရာထံမှ 'မသိဘူး' 'မပြောတတ်ဘူး' နှင့် 'မပြောရဲဘူး' ဆိုသည့် အဖြေစကားတွေကိုသာ ခုထိ လက်ခံရယူထားရဆဲပင်။ ဒါပေမဲ့ အက္ခရာဟာ အမူအရာ လေသံကလေးတွေကအစ လူရည်ချွန် အပေါ် ပြောင်းလဲ ဆန်းကြယ်လာတာလေးတော့ ရှိပါသည်။

သူငယ်ချင်းဆိုင်ကနေ ဟိုတယ်ကို ဝင်သွားလိုက် ကာ လက်မှတ်ဝယ်လာတဲ့ အကြောင်း ခရာ့ကို သူ ပြောပြ သည်။

"ဟယ် ... ကိုလူကလည်း ဒုက္ခပဲ၊ အပြင်ကို အဲလိုကြီး သွားရမဲ့ကိစ္စက ခရာ့ ဘာသာ ဒီတိုင်း ထွက်သွားလိုက်လို့ ဘယ်ရမှာလဲ၊ ခွင့်တောင်းပြီးမှ သွားရမဲ့ဟာကို"

"လူလိမ္မာမလေး၊ အန်တီတို့ကို ခွင့်တောင်းလိုက်လေ"

"ခရာ မပြောရဲဘူး ကိုလူရ"

"အန်တီက ခွင့်မပြုတောင် ဆူတော့ ဆူမယ် မထင်ပါဘူး ကွာ"

"ခရာ ရှက်တယ် ကိုလူရ၊ ခရာ တစ်ခါမှ ဒီလိုသွားလည်း မသွားဖူး၊ စကားလည်း မစဖူးတာ၊ ဒီလို ကိစ္စအတွက်



www.burmeseclassic.com

www.burmeseclassic.com



မေမေ့ဆီ ခွင့်တောင်းရမှာ ရှက်စရာကြီး၊ ခွင့်တောင်းတာ ကိုက ခရာ သွားချင်လို့၊ ခရာက ကိုလူနဲ့ တွဲသွားဖို့ သွားချင်တယ် ဆိုရင် ရှက်စရာကြီးပါ”

“ဟင်”

လူရည်ချွန်မှာ အတွေ့အကြုံ လုံးဝမရှိရှာတဲ့ လိမ်လိမ်မာမာမလေးကို ချစ်စနိုးနှင့် ရယ်မိပါသည်။ နှုတ်ခမ်းလေး ရှေ့ထုတ်ပြီး မျက်ဆံလေးတဝဲဝဲနဲ့ ချစ်စရာကလေး။

“ကဲ ... ဒါဖြင့် ခရာ ပြော၊ ခရာကကော ကိုယ်နဲ့ လိုက်ချင်တာလား မလိုက်ချင်တာလား”

ခရာသည် ခေါင်းလေးငုံ့ကာ ...

“ခရာ တစ်ခါမှလည်း မရောက်ဖူးတော့ ရောက်တော့ ရောက်ချင်ပါတယ်၊ ကိုလူနဲ့ သွားရမှာလည်း သွားတော့ သွားချင်ပါတယ်၊ ဒါပေမဲ့ ဒါက ညနေပိုင်း ညပိုင်း သွားရမဲ့ကိစ္စမျိုး ဖြစ်တာရယ်၊ နှစ်ယောက်တည်းဆိုတော့ ဟိုလေ ရည်းစားတွေ သွားကြတာမျိုးများ ဖြစ်နေမလား”

“ဖြစ်နေတာပေါ့”

“ဟင် ... ကိုလူကလည်း ...”





“ဖြစ်ပစေပေါ့၊ ကိုယ်ကလည်း ခရာ့ကို ချစ်လို့ ခရာနဲ့ သွားချင်တာ၊ ခရာကကော ... ဟို စည်သူဆွေ ဆိုတဲ့ ကောင်လေးနဲ့ဆိုရင် သွားချင်ပါ့မလား”

“ဟင် ... ကိုလူနော်၊ ဘာလို့ သွားချင်ရမှာလဲ၊ ကိုလူနဲ့ မို့လို့ သွားချင်တာ ဥစ္စာ”

“ဒါပဲပေါ့ ခရာရဲ့၊ ကိုယ့်ဟာကိုယ် သွားချင်လို့ သွားတာ ဘယ်လိုသွားတာမျိုး ဖြစ်ဖြစ်လေ၊ အန်တီတို့ ခွင့်ပြုရင် ပြီးတာပဲ”

“ဒါဖြင့် ကိုလူ့ ဘာသာ လာပြောလိုက်”

“ဟောဗျာ၊ ကျုပ် ခေါင်းပေါ”

“အင်းလေ ... ကိုလူ လက်မှတ်ဝယ်လာတာပဲ၊ ကိုလူ လာပြောပေါ့၊ တော်ကြာ မေမေက ခရာပါ နှစ်ဦးသဘောတူ လက်မှတ်သွားဝယ်လာကြတယ် ထင်နေဦးမယ်၊ ကိုလူ လာပြောရင်လေ ကိုလူ့ ဘာသာပဲ ခွင့်တောင်းနော် ... သိလား၊ ခရာက ခွင့်တောင်းခိုင်းတာလို့ မဖြစ်စေနဲ့ဦး”

“ဟုတ်ကဲ့ပါ အစ်မရယ်၊ ဒီလောက်တော့ နားလည်ပါတယ်”

ဘယ်တတ်နိုင်မလဲ၊ သူက အကျွရာကို ခေါ်သွားချင်သည်။ လူကြီးမိဘတွေနှင့်က သူစိမ်းတွေ မဟုတ်၍ သူစိမ်းလို



www.burmeseclassic.com

www.burmeseclassic.com



ဆက်ဆံလို့မရ။ တလေးတစား ခွင့်တောင်းဖို့အတွက် လေးတုံ့နေလို့ မဖြစ်။ သို့သော် အကြောင်းပြ တစ်ခုခုနှင့် သွားခွင့်မရဘူးဆိုတဲ့ အချက်ကိုပါ သူ ထည့်စဉ်းစား မျှော်လင့်ထားပါသည်။

ထိုညနေက အန်တီဒေါ်မြမြနွယ်တို့ အိမ်ကို မြို့ထဲကအပြန် တန်းဝင်သွားလိုက်ကာ သူ ရောက်လာတဲ့အခိုက်မှာ ဒေါ်မြမြနွယ်ရော ဦးကျော်ဦးပါ ရှိနေပါသည်။ ဦးကျော်ဦးက ခြံထဲက သူ့မြက်ခင်းလှလှကြီးမှာ ဈေးတစ်ချောင်းနှင့် အညောင်းပြေ အမှိုက်ကောက်နေသည်။

"လာကွာ ... မောင်လူ၊ ကားနဲ့ဆိုတော့ အပြင်ကအပြန် ဝင်လာသလားကွ"

"ဟုတ်ကဲ့ ... အန်ကယ်"

"ခရာတောင် ခုနပဲ ဖယ်ရီက ချသွားတယ်၊ ခုလေးတင် ရောက်တာကွ"

"အန်ကယ်တော့ ဒီနေ့ စောစောပြန်တယ် ထင်တယ်"

"အေးကွ၊ များသောအားဖြင့်တော့ ဧဦးနဲ့ပဲ လွှဲထားတာ ချည်းပါပဲ၊ အန်ကယ်က သိပ်ဝင်မပါဖြစ်တော့ပါဘူး၊တဖြည်းဖြည်းနဲ့ ဒီလိုပဲ နားသွားတော့မယ်၊ လာလေ ... မောင်လူ၊ အိမ်ပေါ်တက်ကြရအောင်"





"အန်ကယ် ခြံထဲမှာ လုပ်စရာပြီးရဲ့လား၊ ကျွန်တော်က ကိစ္စမရှိပါဘူး၊ အညောင်းတောင် ပြေပါသေးတယ်"

"အန်ကယ်လည်း အညောင်းပြေ အညာပြေ ခဏတဖြုတ်ဆင်းတာပဲ၊ အပေါ်မှာ မင်းအန်တီ ရခိုင်မုန့်တီ ချက်ထားတယ် ပြောတယ်၊ ခရာက မနက်က စားချင်တယ် ပြောသွားလို့ သူ ချက်တာ၊ အန်ကယ်တော့ မစားနိုင်ပါဘူး၊ အပူအစပ်ဆိုတော့၊ မောင်လူ စားသွားဦး"

အိမ်ပေါ် ရောက်လာလျှင် သူ့အသံ အပေါ်က ကြားပြီးမြင်ပြီးပုံရသော ဒေါ်မြမြနွယ်က. မုန့်တီစားရန်ပင် ပြင်ဆင်ထားပြီးနေပါပြီ။ ရေမိုးချိုး အဝတ်လဲပြီး ဆင်းလာပုံရသော ခရာက လူရည်ချွန့်ကို မြင်လျှင် အံ့သြနေသည်။ ရက်ကပ်မှ လာပြောမည် ထင်တာ နေ့တွင်းချင်း ရောက်လာ၍ ပြုံးချင်ချင် အံ့သြနေပါသည်။

လူရည်ချွန်နှင့် အကျရာကို ဒေါ်မြမြနွယ်က အတူတကွ ပြင်ပေးကာ အတူစားစေသည်။

"ဒီကောင်မလေးက ဒါမျိုးတွေ ကြိုက်တာ၊ ထမင်းသုပ်တို့ လက်သုပ်တို့လည်း သူ့အတွက် လုပ်လုပ်ပေးရတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ရုံးပြန်ရင် ဒါစားပြီး ထမင်းကျ ဟုတ်တိပတ်တိ မယ်မယ် ရရ မစားချင်တော့ဘူး”

“ဒီကဟင်းတွေက ခရာ စားလို့မှ မကောင်းဘဲနဲ့”

“အဲဒါကြောင့်လေ၊ အစ်ကိုနဲ့ ယောက်မအိမ် ကူးကူးစား တတ်တာ၊ အမွန်တို့အိမ်က ချက်တဲ့ဟင်းမျိုးတွေမှ သူက ကြိုက်တာ၊ ဒီမှာက သူ့အဖေကို အစိက ငဲ့ချက်ရတယ် မဟုတ်လား မောင်လှရယ်”

“ခုတလော သိပ်သွားမစားရပါဘူးနော်၊ ကိုကိုက အမြဲ သိပ်လာစားတာ ကြိုက်တာဟုတ်ဘူး၊ ကပ်စေးကနည်းချင် တယ်”

ဖေဦး တိုထွာဝန်တိုတာ လှရည်ချွန်က အသိမို့ အကွရာက ပြောချင်သလို ပြောချလိုက်ရာ ဒေါ်မြမြနွယ်မှာ လှရည်ချွန့်ကို အားနာ၍ ‘ဟဲ့’ဟု အသံထွက်လာပါသည်။ ကပ်စေးကနည်းချင်တယ်ဟု စကားဆက်ပါလာမှ နေရခက် နည်းနည်း သက်သာသွားကာ ...

“ကိုယ့်ညီမကိုယ် ကပ်စေးနည်းပါ့မလားကွယ်၊ အိမ်မှာ မစားချင်တဲ့ အကျင့်ကို ကိုကိုက အကျင့်ပါမှာစိုးလို့ပါ”





“ဒါဖြင့်လည်း နေ့တိုင်း ကိုကိုတို့အိမ်က ဟင်းတစ်ခွက် တစ်ခွက် ဒီကိုပို့ပေးဖို့ မေမေ ပြောလိုက်”

“ဟယ် ... ဒီကောင်မလေး၊ တွေ့လား မောင်လှရေ ... ကလေးကျနေတာပဲ”

ထမင်းစားခန်းဆီ ဦးကျော်ဦးပါ ဝင်လာကာ စားပွဲမှာထိုင်ရင်း သူ့အတွက် အသီးဖျော်ရည်တစ်ခွက်ကို လာထိုင် သောက်နေပါသည်။ လှရည်ချွန်သည် အံ့ဩစရာကောင်းအောင် ပင် လက်ဖျားတွေ အေးစက်လာသည်။ ဒီခွင့်တောင်းစကားလေး တစ်ခွန်း ပြောဖို့အရေး သူ ခုလို တုန်လှုပ်အေးစက်မိတာသည် အကွရာ အပေါ်ကော သူ့မိဘများ အပေါ်၌ပါ သူ လေးစားမှု ကြောင့်ပင် ဖြစ်တာ သေချာပါသည်။

“ဩော် ... အန်ကယ်၊ အန်တီကိုရော ကျွန်တော် တစ်ခု လောက် ခွင့်တောင်းချင်လို့ပါ”

“ဘာများလဲ မောင်လှ”

အကွရာက မသိမသာ ခေါင်းငုံ့သွားကာ ဘာမှမဖြစ် သလိုဟန်နှင့် သူ့ပန်းကန်ထဲ မုန့်ဖတ်နှင့် နံနံပင်တွေ ထပ်ထည့် နေပါသည်။

www.burmeseclassic.com



"ဟဲ့ ... သမီး ... ငရုတ်သီးကို ဒီလောက်မထည့်နဲ့"

"ဒီနေ့ သူငယ်ချင်းတစ်ယောက်ဆိုင် ရောက်ရင်း သူ့ဆိုင်မှာရောင်းခိုင်းထားတဲ့ မြရိပ်ညိုပျော်ပွဲရွှင်ပွဲလက်မှတ် အတင်းရောင်းတာနဲ့ ကျွန်တော် နှစ်စောင် ဝယ်လာခဲ့တယ် အန်ကယ်၊ အဲဒါ အဲဒီနေ့ကျရင် ကျွန်တော် ခရာ့ကို ခေါ်သွားပါရစေ"

ဦးကျော်ဦးရော ဒေါ်မြမြနွယ်ပါ ရုတ်တရက် ဘာပြောရမည် မသိသလို တစ်ခဏ တိတ်သွားပါသည်။

"ဟို ... ကျွန်တော်လည်း ခေါ်သွားစရာ သူငယ်ချင်း မရှိဘူး၊ ခရာလည်း ပျော်မလားလို့၊ ပျော်စရာ ကောင်းတယ် ဆိုလို့ပါ"

အက္ခရာက လှရည်ချွန့်ကို မျက်စောင်းကျိတ်ထိုးသည်။ သူ့ကျတော့ သူငယ်ချင်းမရှိလို့ ခေါ်ရတဲ့သဘော။ ခရာကျတော့ လိုက်ရရင် ပျော်မဲ့သဘော၊ ဟွန်း။

"ဟုတ်လား ...၊ မြရိပ်ညိုပျော်ပွဲရွှင်ပွဲ ဆိုတော့လည်း ဒီကောင်မလေးကလည်း သွားရရင် ပျော်မှာပါ၊ ဘုန်းကြီးကျောင်းသွားဖို့ ခေါ်တာမှ မဟုတ်တာ ... ဟား ဟား နော် ... သမီး"





ဦးကျော်ဦး စကားကြောင့် ဒေါ်မြမြနွယ်ကပါ လှုပ်ရှားလာပြီး ...

"သူ လိုက်ရင် ခေါ်သွားပါ မောင်လှရဲ့၊ ဘယ်နေ့တုန်း၊ အားကော အားကြရဲ့လား"

"လာမဲ့ Sunday ပါ အန်တီ"

ဒေါ်မြမြနွယ်က အက္ခရာကို အကဲခတ်၍ အက္ခရာ ခေါင်းကြီးငုံ့နေတာ မြင်လျှင် သဘောပေါက်ရပါသည်။ လှရည်ချွန် ဒီလို လာခွင့်တောင်းမည် ဆိုတာ အက္ခရာ သိနှင့်ပြီး ဖြစ်မှာပဲ ဟု ရိပ်မိရသည်။

"Stage show တွေ ဘာတွေရှိတော့ ညဘက်တော့ ဖြစ်ပါတယ် အန်တီ၊ ဒါပေမဲ့ ကျွန်တော်တို့ သိပ်မိုးမချုပ်ဘဲ ပြန်လာပါ့မယ်"

"အေးပေါ့ ... ဒါမျိုးပွဲတွေက ညနေဘက် ညဘက် လုပ်တာမျိုးပဲ၊ အန်ကယ်တို့လည်း သမီးကို မပို့ဖြစ်တော့ သူ့မှာ မသွားရဖူးပါဘူး၊ မိန်းကလေး သူငယ်ချင်းနဲ့ဆိုလည်း မိန်းကလေးတွေချည်း ဆိုရင် စိတ်မချ လက်မချ ပူနေရ



www.burmeseclassic.com

www.burmeseclassic.com



မှာလေ၊ မောင်လူပါတော့ စောင့်ရှောက်မဲ့သူ ရှိပြီးပဲဥစ္စာ၊ စိတ်ချရတာပေါ့"

ဦးကျော်ဦးက အသာတကြည်ပဲ ခွင့်ပြု၍ ဒေါ်မြမြနွယ်လည်း စိတ်အေးချမ်းရပါသည်။ သူက ခွင့်ပြုချင်တောင် ခင်မွန်းသည် မကြိုက်လျှင် ဒုက္ခမဟုတ်လား။ မိခင်မို့ ဒီလူငယ်နှစ်ယောက်ရဲ့ အတွယ်အတာကလေးဟာ မရိုးမသားကလေး ငြိတွယ်ချင်နေတာ ရိပ်မိပါသည်။

သူ့တစ်ကိုယ်တည်း သဘောအရတော့ လူရည်ချွန်ကို ဒေါ်မြမြနွယ်က သဘောကျပါသည်။ ကိုယ့်သားနှင့် ပတ်သက်ကာ တော်စပ်ရပြီးမှ ချွေးမ အမွန်ဟာလည်း သဘောဖြူ အစ္စစင်းမို့ ခမည်းခမက် ဒေါ်မြရည်စိုး ဟာလည်း အေးချမ်းလှသမို့ ဘာစိတ်အနှောင့်အယှက် ဖြစ်စရာမှ မရှိဘဲ တော်စပ်ပတ်သက်ရခြင်းအပေါ် နှစ်ခြိုက်ကျေနပ်နေသူပါ။

ဤနှစ်ချက်ကြောင့် ဒေါ်မြရည်စိုးရဲ့ သားဘော်ယောက်ပဲဖြစ်တဲ့ လူရည်ချွန်ကို မျက်စိထဲလည်း ဆိုစရာ မကြိုက်စရာ မရှိ၍ ငြင်းပယ်ကန့်ကွက်စရာ ရှိတယ်မထင်။





ဦးကျော်ဦး ဟာလည်း ယောကျ်ားချင်း မျက်စိအမြင်နှင့် လူရည်ချွန့်ကို သဘောတွေ့ပုံ ရပါသည်။ ဒါကြောင့်ပဲ အခုသူက မိခင်ကို လွဲချမနေဘဲ သူ့ဟာသူနဲ့တင် ခပ်သွက်သွက် ခွင့်ပြုစကား ထွက်လာတာပေါ့။ တစ်ခုပဲ ရှိတာက ဖေဦး။

ဖေဦး ကတော့ လူရည်ချွန်နဲ့မှ မဟုတ်၊ ဘယ်သူနဲ့မဆို တိုထွာကာ ပစ်ပစ် ဂျိုဂျော်ငြောင် လုပ်မှာချည်းမို့ ထည့်စဉ်းစားမနေတော့ပါ။

"ခရာ ခမျာ ဒီလိုပွဲလမ်းလေးတွေ ပျော်စရာလေးတွေ Stage show တို့ ဘာတို့ တစ်ခါမှ သွားဖူးတာ မဟုတ်ဘူးသားရဲ့၊ မသွားဖူးဆို သူ့အစ်ကိုက သူ့ညီမကို လူစုံစုံ လူများများပွဲဆို ခေါ်မှ မခေါ်တာ၊ သွားစေချင်တာမှ မဟုတ်တာ၊ ဒါကြောင့် အရင်ကတည်းက အစ်ကို သွားရင် ညီမက လိုက်ချင်တယ် ပူဆာလည်း မလိုက်ရပါဘူးကွယ်...

ညီမကို ဘယ်မှမပို့ဘူး၊ ဘယ်မှ မသွားလေ ကြိုက်လေ၊ ခုလိုဆိုတော့ ခရာလည်း သွားဖူးသွားတာပေါ့ မောင်လူ ပါတယ်ဆိုတော့လည်း စိတ်မချစရာ မရှိပါဘူး"

www.burmeseclassic.com



ခပ်ရှက်ရှက် ကျဉ်းကျပ်ကျပ် အယောင်ယောင် အမှားမှားနှင့် ငှရုတ်သီး၊ မန်ကျည်းရေတွေ အများကြီးထည့်ဒား မီကာ ချွေးတွေပြန် မျက်နှာလေး ရဲတွတ်နေသော အကွရာကို လူရည်ချွန်က ချစ်သနားစွာကြည့်ရင်း ခွင့်ပြုချက်ကြောင့်လည်း စိတ်ထဲ အချမ်းသာကြီး ချမ်းသာနေပါသည်။

≈✵≈

ဒီနေ့အဖို့ ဒေါပွလာရပါသည်ဆိုမှ ...။

ဒီနေ့ သူ့ကုမ္ပဏီရုံးခန်းကို ကိုကျော်ဆွေ ရောက်လာပါသည်။ ကိုကျော်ဆွေ နောက်ဆုံးဆောက်နေသော နှစ်ခန်းတွဲရှစ်ထပ်တိုက်အတွက် တစ်တိုက်လုံးစာ လိုအပ်သော ရေချိုးခန်းသုံးပစ္စည်းတွေ၊ နံရံကပ်နှင့် ကြမ်းခင်းကြွေပြားတွေ၊ အိမ်အလှပြင်ပလာစတာကောနစ် အမျိုးမျိုးတို့ကို ဒေဦးတို့ ကုမ္ပဏီမှ မှာယူထားသည်။

ဟိုအရင်ကတည်းက ကိုကျော်ဆွေဟာ ဒေဦးတို့ကုမ္ပဏီရဲ့ ဖောက်သည်ကောင်းပါ။ တစ်ခုပြီးတစ်ခု သူဆောက်နေသမျှ အဆောက်အအုံ၌ ဒေဦးတို့ကုမ္ပဏီမှ ပစ္စည်းများကို သုံးစွဲမြဲ





အပေးအယူတွေ ငွေကျန်ပြီး ပစ္စည်းလွှန်တာမျိုးတွေနှင့် မကြာ မကြာ ဆိုသလို တွေ့ဆုံကာ စာရင်းဖယားတွေ ရှင်းလင်းကြမြဲ။ သူ့ဘက်က ဘောက်ချာထပ်ကြီးနှင့် ရောက်လာတတ်၍ ဒေဦး ဘက်မှ ကိုကျော်ဆွေ့ ကုမ္ပဏီအတွက် သီးသန့်တစ်စောင်ထားသည့် ဘောက်ချာဖိုင်လ်နှင့် တိုက်ဆိုင်ညှိနှိုင်းကာ လိုငွေရှင်းတာမျိုး ရှိပါသည်။

ဒီနေ့လည်း ဒီကိစ္စအတွက် လာတာကို ခါတိုင်းလို တစ်ကိုယ်တည်း မလာဘဲ သူ့ညီဝါ ခေါ်လာသည်။ ကိုကျော်ဆွေ့ညီ စည်သူဆွေ ဆိုတဲ့ကောင်ကို အရင်ကတည်းက ဒေဦး သိပ်သဘောတွေ့တာ မဟုတ်။ အလကား ဘာမှမလုပ်ဘဲ ပေးလားဝါးလားနေတဲ့ ပေါကြောကလေး အဖြစ် အထင်မကြီး။

အကွရာရဲ့ ဟိုတယ်ဆီ သွားသွားနေသည်ကြားထဲက ပိုလို့ကြည့်မရ။ မင်း ငါ့ညီမ ဟိုတယ်မသွားနဲ့လို့လည်း တားလို့ရတဲ့ကိစ္စ မဟုတ်၍သာ။ ကြည့်ရတာ သူ့အစ်ကို,ကို သူကပ်ပြောထားပုံရပါသည်။ ကိုကျော်ဆွေဟာ ခုတစ်လော နောက်ပိုင်း သူ့ညီကို ခေါ်ခေါ်လာတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆံပင်က ပုံဆန်းနှင့် စတစ်ကာ ပြူးတူးပြဲတဲကြီးတွေပါတဲ့ တီရှပ်နက်၊ ဂျင်းဘောင်းဘီက အောက်နားပွပုံနေကာ အနားတွေဖွဲ့ပေလျက် မျက်လုံးက ဆေးသမားလိုလို ရီဝေဝေ ကြောင်စီစီနှင့် စည်သူဆွေကို သူကလည်း တစ်စက်ကလေးမှကို ကြည့်လို့မရ။ ကိုကျော်ဆွေက ဒါကိုမသိဘဲ သူ့ညီကို ဖေဦးထံ ပွဲထုတ်တတ်သည်။

ဒီနေ့တော့ ကြည့်ဦး ...။

စီးပွားရေးစကား ငွေရေးကြေးရေး စကားတွေပြောနေရာမှ ဆတ်ခနဲ မဆီမဆိုင်ဖောက်ကာ ...

"ဒီကောင်တောင် အတော် အားကိုးနေရပြီဗျ၊ သူ့လည်း နောင်ဆို လုပ်ငန်းခွဲပေးလို့ရပြီ၊ သူ့အတွက် လုပ်ပေးဖို့ ကျွန်တော် အများကြီး ရည်ရွယ်နေတယ်၊ ကိုဖေဦးတို့လည်း ကိုယ့်ညီကိုယ် အကြံပေးစရာရှိပေး၊ ကူစရာရှိ ကူပါဦးနော"

"အင်း ... အင်း"

ဖေဦးက စိတ်မပါ၍ ပြီးစလွယ် ခေါင်းညိတ် အင်းလိုက်သည်။



"ဟုတ်တယ်လေ ... ယောက်ျားလေး ဒီအရွယ်ရောက်ပြီဆို အလုပ်အကိုင် စီးပွားရေး အခြေတကျဖြစ်ဖို့ လိုရင်းမဟုတ်လားဗျ၊ အမေက သူ့သားငယ်လေး မခိုင်းရက်သေးသလို ဖြစ်နေတာ၊ မခိုင်းရက်လို့ မရတော့ဘူးလေ၊ နောက်ဆို လာတော့မယ်၊ အရွယ်က ရောက်ပြီဟာ မိန်းမယူတာ အိမ်ထောင်ပြုတာတွေ ဆက်တိုက် ရှေ့မှာရှိလာတော့မှာ ဆိုတော့"

"ဪ ... ခုန နောက်ဆုံး ဘောက်ချာ ကျွန်တော် ကိုကျော်ဆွေ့ကို ပြန်ပေးလိုက်ပြီးပြီနော်"

"ပေးပြီးပြီ ... ပေးပြီးပြီ ... ဒီမှာ"

စကားဖြတ်သော်လည်း မရ။

"အဲဒါဗျာ ... ဒီကောင့်ကို အခု အလုပ်လည်း လက်တွဲလုပ်ခိုင်း၊ သင်ပေး ...၊ သူ့အတွက် အကွက်အကွင်းလည်း ရှာ၊ ကိုဖေဦးလည်း သင်ပါဦး"

"ဪ ... ရှေ့လထဲမှာ အခင်းပြားဈေးတွေ တက်ပြီနော်၊ ဒီလထဲမှာပဲ အမှန်တကယ် ထက်သွားပြီဗျ၊ ကိုကျော်ဆွေက ကြိုမှာထားတာမို့ ကျွန်တော် ဈေးမပြင်တော့ဘူး၊ ရှေ့လယူမဲ့ အသုတ်ကျ ..."

www.burmeseclassic.com



"ဒါပေါ့ဗျာ၊ ပြောစရာ လိုလား၊ သူ့အချိန် သူ့ဈေးပေါ့ ကိုဒေဦးရ"

ကိုကျော်ဆွေသည်လည်း စကားကို သိပ်သိုင်းဝိုင်းကွေ့ပတ်နေလို့ မဖြစ်ဘူးလို့ ရိပ်မိသွားပုံရပါသည်။

"ဒီမယ် ... ကျွန်တော့်ညီလေ၊ ကြိုက်မဲ့ကြိုက်တော့၊ ဒင်ကိုမှဗျ၊ ဟား ဟား၊ ကိုဒေဦး ညီမလေးတဲ့ဗျို့"

ဒေဦး မျက်နှာက နီမြန်းသွားပါသည်။

"နားပူတိုက်တာမှ တကျိုကျိုဗျာ၊ အေးပါကွာ၊ ငါနဲ့ကိုဒေဦးက လူရင်းတွေပါလို့၊ ညီအစ်ကိုတွေလို နေတာပါလို့၊ မင်း ဘာမှ သောကဖြစ်မနေနဲ့လို့ ပြောထားရတယ် ... ဟား ဟား"

အပိုင်ထုတ့် စကားမျိုးနှင့် ပြောစရာတောင် မလိုသလိုလုပ်နေတဲ့ ကိုကျော်ဆွေ့ကိုလည်း ဒေါ်တွေပွ၊ တဟဲဟဲ တဟင်းဟင်း ဘောကလုပ်နေတဲ့ သူ့ညီကိုလည်း ဒေါ်ပွ။

"အဲဒါ ဘယ်လိုလဲဗျ၊ ကျွန်တော်ကတော့ နားဖောက်ပြီနော်"





"ဒီကိစ္စကတော့ မလွယ်ဘူးဗျ၊ ကျွန်တော့်ညီမကိုယ်တိုင်ကလည်း ဒါတွေ လုံးဝစိတ်မဝင်စားဘူး၊ အဘိုးကြီးအဘွားကြီးကလည်း ဒီတစ်ယောက်တော့ အပျိုကြီးပဲထားပြီး အနားမှာ ဆေးပေးမီးယူရှိအောင် ဘယ်သူလာလာ ငြင်းချည်းထုတ်တာ၊ ဒီအတွက်တော့ စိတ်လျှော့ဗျို့၊ ကာယကံရှင်ကမှ စိတ်မပါတာ"

လုံးဝ အပြီးအပိုင် ပြောပစ်တာတောင် ကိုကျော်ဆွေဟာ စကားတတ်တတ်နှင့် လှည့်ပတ်ပြီး လေကြောရှည်နှင့် နားသွင်းနေပါသေးသည်။ အဲဒီကိစ္စကို ဒေါ်တွေပွ၍ တစ်နေ့ကုန်ဟိုလူ့အော် ဒီလူ့အော်၊ ဘယ်သူမှ သိပ်ကြည့်မရချင်ကာ အိမ်ပြန်လာတော့ ဖခင်ဖြစ်သူ လက်မှတ်ထိုးရမည့် စာရွက်တစ်ရွက်ကို ဟိုအိမ်ကို အရင်ဝင်ပေးလိုက်ပါသည်။

အဲဒီမှာပဲ ညနေက လူရည်ချွန် ခွင့်တောင်းသွားသည့် ကိစ္စကို သိရတာ။ မေမေက လေအေးလေပျော့နှင့် လှည့်ပတ်၍ နားထောင်ကောင်း ကြည့်ကောင်းအောင် သူ့ကိုလည်း ဒါစိတ်ဆိုးစရာ မကြည်ဖြူစရာ မဟုတ်တဲ့ အကြောင်း ကွေ့ဝိုက်ပြောခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေပါ ရှိနေကာ ဖေဖေကိုယ်တိုင် ကြည်ဖြူသဘော တူလိုက်ပြီးသော ကိစ္စဖြစ်၍ သူ ဖေဖေ့ကိုတော့ သိပ်ပစိပစ် မလုပ်ရဲပေ။ မှုန်ကုပ်ကုပ်နှင့်သာ အက္ခရာကို ဂြိုဟ်ကြည့် ကြည့်သည်။ ယောက်ဖတော်ကိုလည်း အတော်ကို မြင်ပြင်းကတ်နေပါသည်။

အတော် ခြေသွက် လက်သွက်တဲ့ကောင် ကြည့်စမ်း။ ပြီးတော့ ဒီကောင်က ယောက်ဖ ဇေဦး ဘယ်လိုနေနေ အရေးမကြီးသလို မိဘကို တက်ကိုင်သွားတာလေ။ Stage show ပျော်ပွဲရှင်ပွဲသွားဖို့ အဖေကို ဒါရိုက်တက်ပြောသွားတဲ့ကောင် ... တောက်။

သူ မကျေနပ်တာတော့ သိအောင် "Stage show ဆိုတာ ညဘက်ကြီးတွေဥစ္စာ၊ မေမေကလည်း ... ကျွတ်"နှင့် မေမေ့ကိုတော့ နည်းနည်း ဂျီကျောင်သေးသည်။

"ဟုတ်ပါတယ်၊ ဒါကို မောင်လူလည်း ပြောပါတယ်၊ ဒါပေမဲ့ သူတို့ သိပ်မိုးမချုပ်စေရပါဘူးတဲ့"

ဖေဖေနဲ့ မေမေ့ကိုပါ ဒေါ်ပွကာ အိမ်ကို ပြန်လာပါသည်။ အိမ်ရောက်တော့ သူ့မျက်နှာကို အမွန်က တန်းရိပ်မိကာ ဘာဖြစ်လာသလဲ၊ ဘာလဲ ညာလဲနှင့် စိုးရိမ်ပူပန်သည်။ သူကလည်း





ကျော်ဆွေနှင့် စည်သူဆွေ ညီအစ်ကို အကြောင်းကို ရှေ့တန်းတင်၍ ပြောလိုက်ရပါသည်။

"ကိုကိုကလည်းကွာ၊ ကိုယ်မကြိုက်ဘူး မကြည်ဖြူဘူးဆိုပြီးနေတာပဲ၊ ခရာကလည်း ကြိုက်မှမကြိုက်တာ၊ ပြီးရောပေါ့၊ ဒါကိုပဲ သူ့မှာ အပင်ပန်းခံပြီး စိတ်တွေတိုနေတယ်၊ ခရာက ဒီကောင်လေးကို စိတ်ကူးထဲတောင် မထည့်ဘူး၊ စိတ်သာချ"

ဒါက ဘာစကားလဲ။ သူ့မောင်ကိုမှ စိတ်ကူးထဲ ထည့်တာဆိုတဲ့ သဘောလား ... ဟွန်း။ သူ့မှာ ဒီကြားထဲ မျက်နှာကို ရအောင်ပြင်ကာ ရေလေးမိုးလေး ကြားဖြတ်ချိုးလိုက်ရပါသေးသည်။ ရေချိုးပြီးမှပင် ခုနကဒေါသရဲ့အဆက်အစပ် မဟုတ်သလို လေသံအေးနှင့် ...

"အမွန် ... လူလူနဲ့ ခရာ မြရိပ်ညို သွားမလို့ဆိုပါလား"

ဒီကိစ္စကို ဖျက်လို့လည်း မရနိုင်၊ မကောင်းတော့ပြီမို့ ဘယ်လိုလုပ်ရမလဲကို ရေချိုးရင်း အကြံထုတ်ပြီး စဉ်းစားခဲ့ပြီးပေပြီ။

"ကိုကို သိပြီးပြီ ဟုတ်လား၊ ဟိုအိမ် ဝင်ခဲ့လို့လား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ဖေဖေ လက်မှတ်ထိုးဖို့ စာရွက်ဝင်ပေးရင်းနဲ့ မေမေ ပြောပြလိုက်တာလေ၊ ဘယ်နေ့ဆိုလဲ"

"တနင်္ဂနွေ"

မေရည်မွန်က ဖြေရင်းက လင်တော်မောင် မျက်နှာကို အကဲခတ်ပါသည်။ ဘယ်လောက်ပဲ ဖျောက်ကွယ်ထားထား တစ်ခုခုဖြစ်နေတဲ့ မျက်နှာထားကတော့ အရင် ဘာမှမဖြစ်တဲ့ ပကတိ သန့်ရှင်းသောစိတ်ရဲ့ မျက်နှာနဲ့တော့ တစ်မျိုးတစ်ဖုံကွဲလွဲကွာခြားနေသေးတာပင်။ မေရည်မွန်က လေချိုသွေးလေးနှင့် ...

"ကလေးတွေ တစ်ခါတလေ သွားပါစေပေါ့နော် ကိုကိုရယ်၊ ခရာကလည်းလေ အဲသလိုပွဲတွေ တစ်ခါမှ မသွားဖူးဘူးတဲ့၊ လူလူနဲ့ ဆိုတော့ မေမေတို့ကလည်း စိတ်ချပါတယ်"

"အင်းပေါ့"

ဖေဦးက တိုတောင်း တိပြတ်စွာ ပြီးစလွယ် လက်ခံလိုက်ပြီးလျှင် ...

"ကိုယ်တို့လည်း လိုက်သွားကြရအောင်လေ"

"ဟင် ... မြရိပ်ညိုပွဲကို ..."





"အင်းလေ၊ အမွန်လည်း မရောက်ဖူးဘူး မဟုတ်လား၊ ကိုယ်လည်းပဲ ကိုယ့်ဟာကိုယ်ချည်း သွားမယ်ဆိုရင် အူကြောင်ကြောင် ဖြစ်နေဦးမှာ၊ ခရာတို့နဲ့ အတူလိုက်သွားကြတာပေါ့"

"ဟာ ... ကိုကိုကလည်း မလုပ်ပါနဲ့၊ ကလေးတွေ သူတို့ဟာသူတို့ လွတ်လွတ်လပ်လပ် သွားပါစေ"

ဖေဦးသည် တင်းခနဲနှင့် ...

"ဘာလဲကွ လွတ်လွတ်လပ်လပ်"

မေရည်မွန်က လှစ်ခနဲ လွတ်သွားတဲ့ ဖေဦး စိတ်ကိုမြင်လိုက်ရကာ စိတ်ထဲလည်း မကောင်း ဖြစ်သွားမိသည်။ လူလူပြောတာ တယ်မှန်တာပဲ။ သူ့အပေါ်ကိုလည်း ထုံးစံအတိုင်း ဖေဦးဟာ ညီမကို တိုထွာသည်ပဲထား၊ ဟန်ဆောင်ပန်ဆောင်လေးတော့ ကြည်ဖြူယောင် ဆောင်သင့်ပါသည်။

သဝန်တိုတယ် မှန်သော်လည်း တကယ်တမ်းအတည်အတံ့ စဉ်းစားကြရင်ဖြင့် သဘောတူရမဲ့ ကောင်လေးမျိုးပါပဲလေ ဆိုတာမျိုး တွေးပေးနိုင်သင့်သည် ထင်ပါသည်။ လူရည်ချွန်ဟာလည်း တကယ်ပဲ ခုခေတ်လူရွယ်လေးတွေထဲမှာ အပြစ်ကင်းကင်း သန့်စင်စင် ထဲကပါ။

www.burmeseclassic.com



မဟုတ်တာ မကောင်းတာလည်း မလုပ်။ မျိုးရိုးကလည်း ကိုယ့်မိန်းမနဲ့ တစ်မျိုးရိုးတည်းပဲလေ။ ဝင်ငွေကလည်း ကောင်းနေရက်သားဟာကို အပြစ်ထောက်စရာမရှိဘဲနဲ့ သဝန်တိုတယ်ဆိုတဲ့ အဆင့်မှာပဲ ကိုယ့်စိတ်ကို ကိုယ်ရပ်ပြီး နောက်ပိုင်းကိုတော့ ကြည်ဖြူသင့် ကြည်ဖြူပေးရမှာပဲပေါ့။

"ကိုယ်တို့ပါတာနဲ့ပဲ မလွတ်လပ်တော့ဘူးလား အမွန်ရ၊ ဘာဆိုင်လို့လဲ၊ သူတို့ကို မသွားရ ပိတ်ပင်တာမှ မဟုတ်တာ၊ ကိုယ်တို့ပါ အပျော်လေး လိုက်ခွင့်မရှိဘူးလား"

ဖုံးဖုံးဖိဖိ လျှောချနေတဲ့ ဧဒီးကို မေရည်မွန်က စိတ်စနိုးစနောင့် မကြည်လင်စွာ ဘာစကားမှ ပြန်မပြောဖြစ်။ ရင်ထဲ တနုံ့နုံ့ဖြစ်ကာနေသည်။ လူလူ ပြောသလိုပဲလေ၊ သူတောင် လှရည်ချွန့် အစ်မရင်းကို လက်ထပ်ယူထားသေးတာပဲ။ သူ့ညီမ အလှည့်ကျမှ ဆတ်ဆတ်တုန် နာတတ်သလား။

"လက်မှတ်က ရပါတယ်၊ ကိုယ်ရော အမွန်ရော လေးယောက် တူတူသွားကြတာပေါ့"

"မသွားချင်ပါဘူး၊ အမွန် မလိုက်ဘူး၊ သူတို့ဟာသူတို့ သွားမဲ့အစီအစဉ်ကို၊ ကိုကို တကယ်သွားချင်တာဖြင့်လည်း တခြားပွဲ ကိုယ့်ဟာကိုယ်သွားပေါ့"





"ဟာ ... လှရည်ချွန်တို့ သွားမဲ့ပွဲ ကိုယ်တို့ မသွားရဘူးရယ်လို့ ရှိလို့လား"

မေရည်မွန်သည် မထိန်းနိုင်တော့ဘဲ အတော်ဒေါပွသွားကာ ...

"ကိုကိုက တကယ်သွားချင်လို့မှ မဟုတ်တာ၊ လူလူနဲ့ခရာနှစ်ယောက်တည်း သွားမှာစိုးလို့ ကာဆီး ကာဆီး လိုက်ချင်တာ မဟုတ်လား"

"ဟာ ... ဘာဆိုင်လဲကွ"

"ဆိုင်တယ်လေ၊ အဲသလို ထင်စရာတွေ များများလာပြီလေ၊ နေပါဦး ... ကိုကို့စိတ်ထဲ ခရာက လူလူနဲ့ မတူမတန် ဖြစ်နေရအောင် လူလူက ဘာတွေ ဖြစ်နေလို့လဲ"

"ဟာ ... မင်း ဘာတွေလျှောက်ပြောနေတာလဲ၊ အဓိပ္ပာယ်မရှိတာ"

"အဓိပ္ပာယ်မရှိတာက ကိုကိုလေ၊ ပထမတော့ ဒီလိုဟုတ်လိမ့်မယ်လို့ မထင်မိဘူး၊ တဖြည်းဖြည်းနဲ့ ဟုတ်နေတယ်၊ ကိုကို ပိတ်ပင်ကာဆီးနေလို့ ခရာ့မှာ ဒီအိမ် ထမင်းစားချင်တာတောင် ရဲရဲလာမစားဝံ့တော့တာ ဘယ်လောက် ရှိပြီလဲ၊ လူလူ ဟိုတယ်ကို သွားရင်လည်း မကြိုက်"



www.burmeseclassic.com

www.burmeseclassic.com



"တိုးတိုးပြောပါကွ ... လူလု ကြားမယ်"

"ကြားပစေလေ၊ ကိုယ့်စိတ်ထဲရှိတာ သူများ ကြားမှာ ဘာကြောက်စရာရှိလဲ"

"ဟာ ... ဒီမိန်းမတော့ ... ကျွတ်၊ ကြောက်စရာလားကွ၊ အားနာစရာ ကောင်းတာပေါ့"

"တကယ် အားနာရင် အဲဒီစိတ်ဓာတ် ကိုကို ဘာလို့မွေးထားလဲ၊ လူလူ့ကားနဲ့ ခရာ ပြန်လာရင်ကိုပဲ သူ့မှာ ဝရုန်းသုန်းကား ဖြစ်ရတယ်၊ လူလူ ရှာပေးတဲ့ အလုပ် ဘာဖြစ်တယ် ညာဖြစ်တယ် ဆိုကတည်းက ထင်သလိုတော့ ရှိတယ်၊ ဒါပေမဲ့ ရှင် လှည့်မတ်ပြောတော့ မဟုတ်လောက်ပါဘူးလေ ထင်နေတာ၊ လူလူ့ ဖုန်းလာရင်ကိုပဲ ရှင်စပ်စပ်စုစု ပျာလောင်ခတ်နေတာ၊ ရှင့်ညီမနဲ့ ဖုန်းပြောမှာစိုးလို့လေ၊ ပြောတော့ကော ဘာဖြစ်လဲ၊ မပြောရဘူးလား၊ ပြောတယ် ... ပြောတယ် ... ကိုကို ဘာလုပ်ချင်လဲ၊ လူလူနဲ့ ခရာက ညတိုင်းဖုန်းပြောတယ် ... အဲဒါ ဘာဖြစ်လဲ"

ဖေဦး မျက်နှာမှာ အိုးမှန်သလို ရှုံ့တွတွန့်လိမ်၍ ...

"ဘာတွေ ပြောတာလဲ"





"ဘာတွေပြောတာလဲ သိချင်ရင် ကိုယ့်ညီမကိုယ်ပဲ မေးကြည့်၊ သူတို့ဟာသူတို့ လွတ်လွတ်လပ်လပ် စကားပြောစရာရှိပြော၊ ခင်မင်စရာရှိ ခင်မင်၊ သွားစရာရှိ သွားပါစေလား၊ ဘာလို့ အဲလောက်တောင် ခါးခါးသီးသီး ကာဆီးနေရတာလဲ၊ လူလူက ဘာဖြစ်နေလို့လဲ ကိုကိုရဲ့၊ ကိုကို့ညီမနဲ့ အပတ်သက် မခံနိုင်လောက်အောင်များ ကလေကချေဖြစ်နေလို့လား၊ ဘာဖြစ်နေလို့လဲ ပြော"

"ကိုယ်ကကော ဘာပြောနေသေးလို့လဲကွ"

"ပါးစပ်က မပြောဘဲ ရင်ခေါင်းထဲက ကျိတ်ပြောနေတာ၊ ကျိတ်တိုထွာနေတာ၊ ရှုံ့ရှုံ့ရှားရှားနဲ့ ပျာလောင်ခတ်နေတာတွေ မြင်ပါများတော့ လူတိုင်းသိတယ်၊ ဒီနေ့လည်း ရှင် ဒီလောက်ဖြစ်လာတာ စည်သူဆွေ ကိစ္စ တစ်ခုတည်းတော့ မဖြစ်နိုင်ဘူး၊ လူလူနဲ့ ခရာ ဒီပွဲသွားမှာ ဟိုအိမ်က သိလာလို့ ခွင့်ပြုရကောင်းလားလို့ မိဘအိမ်မှာလည်း ဗျစ်တောက်ဗျစ်တောက် လုပ်လာဦးမှာ သေချာတယ် ...

နှစ်ခုပေါင်းပြီး မျက်နှာကြီး ခုလောက်တောင် ပုပ်သိုးလာတာ၊ ကိုကို အဲသလို စိတ်ထားတာ လုံးဝမခံချင်ဘူးသိလား၊ အမွှန့် မောင်က ဘာဖြစ်နေလို့လဲ၊ အနှောခံမဟုတ်ဘူး၊ ကြိုက်တဲ့မိန်းကလေးတွေ ပုံလို့"



www.burmeseclassic.com

www.burmeseclassic.com



"ပုံနေလည်း ကြိုက်ပေါ့ကွာ"

"သူသာကြိုက်ရင် တကယ် အခုပြေးပေးစားချင်တယ်၊ ရှင်လုပ်ပုံကို မခံချင်လွန်းလို့၊ သူသူကိုယ်ကိုယ် သူ့နှမ ကိုယ့်နှမ နည်းနည်းပါးပါးတော့ တိုထွာကြမ်မှာချည်းပဲ၊ သူ့ကျမှ လွန်လွန်းအားကြီးတယ်"

"ဟ ... ဒါ ... ကိုယ်က လှလှ တစ်ယောက်ကိုပဲ မကြိုက်လို့ တိုနေတာမှ မဟုတ်ဘဲ"

"အင်းလေ ... ရှင့် နဂိုစိတ်ရင်းကိုက ညီမကို ဘယ်သူနဲ့မှ မကြည်ဖြူနိုင်အောင် သဝန်တွေတို မွှန်နေတာ မှန်ပေါ့၊ လှလှ့ကိုတော့ ရှင် ဒီလောက် ဖြစ်စရာလား၊ ကျွန်မမောင်ရှင့်၊ ရှင်ကိုယ်တိုင် သူ့အစ်မကို ယူထားတာ သတိပြုဦး"

"ဟာ ...မင်း ဘာတွေလျှောက်ပြောနေမှန်းကို မသိဘူးကွာ"

"ရှင်းရှင်းပဲ ပြောနေတာလေ၊ ကိုယ်ယူရတဲ့ အလှည့်ကကျတော့ ကောင်းတယ်၊ ကိုယ်ပေးရမဲ့ အလှည့်ကျတော့ တွန့်တိုနမြောပြီး စေးနည်းကုပ်ကပ်နေတယ်၊ စိတ်ကောင်းကို မရှိဘူး"

"အမှန် ... မင်း တော်စမ်းကွာ"





"ရှင် ... ငြင်းရင် ငြင်းလေ၊ မငြင်းရင် ဝန်ခံ၊ ဒီနှစ်လမ်းပဲ၊ ရှင်းရှင်းပြော၊ ရှင့်ညီမကို လှလှနဲ့ လုံးဝသဘောမတူနိုင်ဘူးလား၊ ဒါပဲပြောလိုက်"

"သဘောတူရအောင် သူတို့က ဘာမို့လဲ"

"လှလှကလည်း ရှင့်ညီမကို ချစ်တယ်၊ ရှင့်ညီမကလည်း သဘောကျတယ်၊ ရှင်ပဲ ကြားမှာ ကိုးလိုးကန့်လန့် ခံနေတယ်၊ ပေါက်ပေါက်ရှာရှာနဲ့ ကြည့်စမ်းပါဦး၊ ကလေးချင်း လူငယ်ချင်း အပြင်သွားမဲ့လမ်းကို ကုတ်ကပ်ပြီး လိုက်ဦးမလိုတဲ့၊ သူ့ပဲ စိတ်ကူးတတ်တယ်၊ တားမှ မရတော့တာကိုး၊ ဟိုက မိဘတောင် ခွင့်ပြုလိုက်ပြီကိုး၊ တားလို့လည်းမဖြစ်ရော သူက ကန့်လန့်လိုက်ရှုပ်မယ်၊ ပွဲဖျက်မယ်၊ ရှင့်အကြံ ဒါ အကုန်ပဲလားဟင် ကိုဓေဦး"

ဓေဦးသည် မျက်နှာရဲရဲနှင့် မေရည်မွှန့်ကို မှုန်တေတေ ကြည့်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၂

အဲဒီနေ့က မေရည်မွန်နှင့် ဇေဦးရဲ့ ကျိတ်ပွဲလေးကို လူရည်ချွန် မသိလိုက်ခဲ့ပါ။ သို့ပေမဲ့ နောက်ရက်တွေမှာ မေရည်မွန်နှင့် ဇေဦး ခပ်တည်တည် ခပ်တင်းတင်း ဖြစ်နေကြတာကိုတော့ ရိပ်မိပါသည်။

သူ သိသလောက် မမတို့စုံတွဲ ရန်ဖြစ်ဖူးသည်လို့ မကြားဖူး၍ အနည်းငယ်တော့ ထူးခြားနေသော်လည်း လင်နဲ့မယား ဆိုတာတော့ တစ်နေ့မဟုတ်တစ်နေ့၊ တစ်ကြွေ့မဟုတ်တစ်ကြွေ့ ကတောက်ကဆ ဖြစ်မြဲထုံးစံမို့ ဆန်းကြယ်လှတယ်တော့ ပြောမရနိုင်တာမျိုးပါ။





ကိုယ်က ဒီအိမ်မှာ ဧည့်သည်လို လာနေပါတယ်ဆိုမှ အိမ်ရှင်ဖြစ်တဲ့ ကိုယ့်အစ်မလင်မယားက တစ်ယောက် တစ်ယောက် တင်းနေကြတော့ ဘာပဲဖြစ်ဖြစ် လူရည်ချွန် အနေခက်ပါသည်။ သို့ပေမဲ့လည်း ကိုယ့်ကိစ္စမဟုတ်ဟူ၍ စွက်စွက်ဖက်ဖက် စပ်စပ်စုစုနှင့် “မမတို့ ဘာဖြစ်ကြသလဲ” ဘာလဲ ... ညာလဲ မေးဖို့ စိတ်မကူးမိပါ။

လင်မယား မကြည်တာပဲ ခဏနေရင် ပြန်ကြည်ကြမှာပေါ့လို့ ကိုယ်နဲ့မဆိုင်သလို သဘောထားကာ ကိုယ့်ဟာကိုယ်သာ နေမြဲတိုင်းနေသည်။ သူတို့နှစ်ယောက်သာ သိပ်မခေါ်တာ၊ ဇေဦးက လူရည်ချွန်ကိုတော့ ညဘက်တွေ ပုံမှန်အတိုင်းပဲ စကားစမြည် ပြောဆိုလေ့ ရှိမြဲမို့ အရေးမကြီးပါဘူး လို့သာ နေမိသည်။

သူတို့ ရန်ဖြစ်ထားကြမှန်း ကိုယ်က သိနေပုံပြလျှင် နှစ်ယောက်အသီးသီး ရှက်သွားကြမည်စိုး၍ မသိချင်ယောင်ပဲ ဆောင်နေကာ မမကိုလည်း ခါတိုင်းလိုပဲ ပြောစရာရှိတာပြော၊ ကိုဇေဦးကိုလည်း ပုံမှန်ပဲ ဆက်ဆံတာပင်။

ဗုဒ္ဓဟူးနေ့ မနက်ကတည်းက စပြီး မခေါ်မပြော ခပ်တန်းတန်းမို့ အင်္ဂါနေ့ သို့မဟုတ် ဗုဒ္ဓဟူး မနက်စောစောမှာ



www.burmeseclassic.com

www.burmeseclassic.com



ပြဿနာဖြစ်ခဲ့ကြပေလိမ့်မည်။ ဒီလိုနှင့် ဗုဒ္ဓဟူးနေ့ တစ်နေ့လုံးလည်း မခေါ်၊ ကြာသပတေး တစ်နေ့လုံးလည်း ခပ်တန်းတန်းနေကြတဲ့အခါ ကိုယ်နဲ့မဆိုင်သလို နေနေတာတောင်မှ နည်းနည်းနေရထိုင်ရ ကျပ်လာသည်။

သောကြာနေ့မှာတော့ မပြောမဖြစ် စကားတချို့နှင့် နှစ်ဦးသား နည်းနည်းပါးပါး ပြန်ပြောဆိုလာကြပါသည်။ ကိုယ့်ကို ခပ်တန်းတန်း လုပ်နေပေမဲ့ လှူရည်ချွန်နှင့် အရင်အတိုင်းပြောဆိုနေတဲ့ ဖေဦးကို မေရှည်မွန်က နည်းနည်းစိတ်ပြေလာတာလည်း ဖြစ်သည်။

ဖေဦးဟာ လှူရည်ချွန်ကို ပုဂ္ဂလသဘောနှင့် မကြိုက်တာ မနှစ်သက်တာတော့ မရှိလို့ မေရှည်မွန် ယုံသည်။ ညီတစ်ယောက်နှယ် သူ သဘောထားပါပေသည်။ မိန်းကလေးကိစ္စနှင့်ပတ်သက်တာကလွဲလျှင် (ခရာနှင့်ပတ်သက်လို့ကလွဲလျှင်) အကောင်းချည်း ပြောပါပေသည်။

ထမင်းစား မဆုံလျှင်လည်း မေးမြန်းရကာ "လှူလှူကြိုက်တယ်ကွ၊ လှူလှူဖို့ ကျန်သေးရဲ့လား"စသဖြင့် သတိတရရှိတတ်သည်။ အတူစားဖြစ်လျှင်လည်း လှူလှူ့ထဲ ကောင်းနိုးရာရာဟိုဟာထည့် ဒီဟာထည့် လှူလှူက ဦးချရသည် မရှိပေ။





လှူလှူ ဉာဏ်ကောင်းတာ ထက်မြက်တာ စာရလွယ်တာတွေလည်း ချီးကျူးတတ်ကာ အပြင်လောက,ကနေ ကြုံကြိုက်လို့ သဘော်ပေါ်မှာ လှူလှူဟာ အထက်အရာရှိ ချီးမွမ်းရတဲ့ လူတော်တစ်ယောက် ဖြစ်တဲ့အကြောင်း သူများပြောတာ ခံလာရတဲ့အခါကလည်း ကျေနပ်ပီတိဖြစ်တဲ့ မျက်နှာကြီးနဲ့ အိမ်မှာတဖွဖွပြန်ပြောမဆုံးခဲ့။

ဒီလိုအကောင်းတွေ ပြန်တွေးကာ(မြရိပ်ညိုအကြောင်းလည်း နောက်ထပ် စကားထပ်မစပ်၍) မေရှည်မွန်က သောကြာနေ့နံနက်ကစပြီး စိတ်ပြေလျော့လာဆဲ ထိုနေ့ နေ့လယ်မှာပင်ဖုန်းတစ်ခု ဝင်လာပါသည်။ ဖေဦးရဲ့ ကုမ္ပဏီရုံးက မောင်ကြည်လွင်ဆက်တာဖြစ်သည်။

"အစ်မမွန်၊ အစ်ကို [illegible]ာလား"

"ဟဲ့ ... မဟုတ်ဘူးလေ၊ ရုံးမှာ မရှိလို့လား"

"အစ်ကိုက အလုပ်တစ်ခုရှိလို့ အပြင်ထွက်သွားတာ၊ ကျွန်တော်က အစ်ကို ခိုင်းထားတာသွားရင်း အကျိုးအကြောင်းအစ်ကို့ဆီ ဖုန်းဆက်တော့ ဟန်းဒ်ဖုန်းက ခေါ်မရဘူး၊ ပိတ်ထားတယ် ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘက်ထရီ မရှိလို့များ ပိတ်ထားလားမှ မသိတာ၊ အရေးကြီးလို့လား၊ အစ်မလည်း အိမ်ကလှမ်းဆက်ကြည့်မယ်လေ၊ ဘာပြောစရာရှိတာလဲ၊ မှာရင်မှာခဲ့"

"မြရိပ်ညိုလက်မှတ်လေ အစ်မ၊ အစ်ကိုနဲ့ အစ်မသွားဖို့ ထင်တယ်၊ အစ်ကိုက နှစ်စောင် မရမက လိုက်ဝယ်ခိုင်းထားတာ"

"ဟင်"

မေရည်မွန်သည် ရုတ်တရက် မျက်နှာကြီး ပုပ်သိုးကာ စိတ်ပြန်တိုလာပါသည်။

"အဲဒါ ... ရောင်းတဲ့နေရာတွေမှာ ဘယ်မှာမှ မရှိတော့ဘူးလို့ ပြောလို့၊ ကျွန်တော် နေရာစုံလိုက်ပြီးပြီ၊ ကြိုတင်လက်မှတ်တွေက အကုန်ရောင်းကုန်သွားပြီတဲ့၊ အဲဒီနေ့ အပေါက်ဝကနေ ဂိုးရှိုးဝင်ကဲ့သူတွေရောင်းမဲ့ လက်မှတ်ပဲ ကျန်တာ၊ တနင်္ဂနွေနေ့ကျမှ အဲဒီကိုပဲ အစ်မတို့ တန်းသွားလိုက်ပြီး ဂိုးရှိုးပဲ ဝယ်ဝင်လိုက်လို့ ဆိုင်တွေက ပြောလိုက်တယ်၊ အဲဒါ အစ်ကို့ဆီ ပြန်ပြောမလို့၊ အစ်ကို ဘာပြောဦးမလဲလို့"





"ဘာပြောရဦးမှာလဲ၊ ရှိမှမရှိတော့တဲ့ဟာ၊ ပြီးရောပေါ့"

"တော်ကြာ မရတဲ့အကြောင်း ပြန်သတင်းမပို့ရင် အစ်ကို ကြိမ်းနေမှာစိုးလို့၊ ကျွန်တော်က တခြား ရုံးအတွက် ဝယ်စရာတွေ ရှိသေးတာ လျှောက်ဝယ်ရဦးမယ်"

"အေး ... ပြီးရော၊ မင်းနဲ့ ပြန်မတွေ့လည်း ညနေမှ အစ်မ ပြောလိုက်မယ်"

"ဟုတ်ကဲ့"

ညနေမှ ပြောလိုက်မယ် ဆိုတဲ့အတိုင်း ပြောဖို့ မောင်းတင်ထားတဲ့ မေရည်မွန်နှင့် ဧဦးဟာ ထိုညနေမှာ အကြီးအကျယ် စကားထပ်များကြရပါတော့သည်၊ ဒီကိစ္စ ပြီးပြီထင်တာ၊ သူက မပြီးနိုင်ဘဲ တပည့်တပန်းကို လက်မှတ်ပတ်ရှာဝယ်ခိုင်းနေသေး၍ သွားကိုသွားရမှ လိုက်ကိုလိုက်မှာဆိုတဲ့ သဘောမျိုးဖြစ်ရကား မေရည်မွန်ကလည်း ဒီလောက် ကဲကဲဆတ်တဲ့ ဧဦးကို ဒေါသပုန် အကြီးအကျယ် ထသည်။

ဧဦးဟာ ပထမပိုင်းတော့ လှည့်ပတ်စကားလိုးလွှဲ၍ အခြေအနေကို ဖော့ပစ်ဖို့ ကြိုးစားပါရဲ့။ နောက်တော့လည်း သူပါ မေရည်မွန်ကို ပြန်ပြီး ဒေါပွလာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"အေးကွာ ... မင်းပြောသလို ရှုပ်ရှုပ်ယှက်ယှက် ကုတ်ကပ် လိုက်မယ်ဆိုတော့ကော ဘာဖြစ်သေးတုန်း၊ လိုက်တော့ကော ဘာဖြစ်သေးလဲကွာ၊ မင်း ဒါကို ဘာလို့ ဒီလောက်မဟား ဒယား ကာကွယ်နေရတာလဲ"

"ရှင် လိုက်မယ်ဆိုတာကိုက လှလှ့ ဂုဏ်သိက္ခာကို ရှင် စော်ကားတာပဲ ကိုဇော်၊ လှမြင် သူထင် လှတော သူတော ဟာလာဟင်းလင်းကြီးထဲ ရှင့်ညီမ ဘာအန္တရာယ် ရှိသလဲ၊ ဒီလို သူတို့လူငယ်သဘာဝ တွဲသွားချင် လာချင်တာကို လည်း ရှင် ဘာမှပိတ်ပင်ဖျက်ဆီးနေဖို့ မလိုဘူးရှင့်၊ ရှင့် တုန်းကကော ဘယ်လိုလဲ၊ ရှင်နဲ့ကျွန်မ ရုပ်ရှင်ရုံထဲက လက်တွဲထွက်လာတာ ပလက်ဖောင်းပေါ်မှာ လှလှနဲ့ ဘွားခနဲဆုံတာ ရှင် မှတ်မိသေးလား ...

ဒီတုန်းက ရှင့်အပေါ် လှလှ ဘယ်လိုဆက်ဆံခဲ့သလဲ၊ မျက်နှာတစ်ချက် ပျက်သလား၊ ရှင့်လိုပဲ ဣန္ဒြေမရ ပျာ လောင်ခတ်ပြီး ဟိုလူ့မဲ ဒီလူ့ရန်ရှာ လုပ်သလား"

ဇော်ဦးသည် တစ်ချက် တွေခနဲ ဖြစ်ရပြီးမှ ...

"ဟော့ ... ပြီးခဲ့တဲ့ အတိတ်အကြောင်းတွေ ဘာမှ လှန်နေ စရာ မလိုဘူး"





"လှန်ရမယ်၊ လှန်ရမှာပဲ၊ ရှင် တော်တော် မတရားတဲ့လူ လေ၊ တစ်ကိုယ်ကောင်းဆန်တဲ့စိတ်နဲ့ ကိုယ့်ညီမအလှည့်ကျ ကိုယ်အတွက်ကြီးတတ်တာကို တွေးပြီး ဒေါသဖြစ်တာ၊ ရှင် တင် နမရှိတာလား၊ ရှင်လည်း သူများနှမ ကြိုက်ခဲ့တာ မဟုတ်ဘူးလား၊ ကိုယ့်နှမထိမှ မချိအောင် နာနေတာ ဘာသဘောလဲ၊ ကျွန်မမောင်က လူယုတ်မာလည်း မဟုတ် ဘူးရှင့်၊ လူတော်လူကောင်း၊ သမက်တော်ချင်တဲ့သူများ ပုံလို့၊ ရှင် ခုလောက်ကို ဖြစ်နေစရာ မဟုတ်ဘူး၊ အဲလို ဖြစ်နေတာကို,ကို စိတ်ထဲ နာတာရှင့်"

"သူတို့နှစ်ယောက် သွားမဲ့ ဒီပွဲကို ငါလည်း သွားချင် တယ် ဆိုပြီး လိုက်တာ၊ ဒီလောက် ပြဿနာကြီးစရာလား ကွ"

"ရှင်ပြောသလို ရိုးရိုးကလေးမှ မဟုတ်တာလေ၊ ရှင်လုပ်ပုံ က ခုရော လှလှနဲ့ သွားမှာကို စိတ်မချလို့ မကြည်ဖြူလို့ ကို ဖွတ်လိုက်တာလေ၊ ရှင့်ဟာရှင် ဘယ်တုန်းက သွားဖူး လို့လဲ ကိုဇော်ဦးရဲ့၊ ကျွန်မနဲ့ရော နှစ်ယောက်တည်း ဒီပွဲ မျိုး ဘယ်တုန်းက သွားဖူး ပို့ဖူးသလဲ"

www.burmeseclassic.com



"အရင်ကအရင် ခုကခု၊ ငါ့ဟာငါ ဘာသဘောဖြစ်ဖြစ်ပေါ့၊ နောက်ဆုံး ငါပါသွားတော့ရော မင်းရဲ့မောင် လူတော် လူကောင်းရဲ့ သဘောထားက ရိုးရိုးသားသား အေးအေး ဆေးဆေးပဲ ဆိုရင် ဘာမှ အနှောင့်အယှက် ဖြစ်စရာမရှိဘူး၊ မလိုက်ရဘူးလို့ မင်း ဒီလောက် သဲကြီးမဲကြီး ကာကွယ်နေလို့ကို ပိုလိုက်ချင်တာ"

"မဟုတ်ဘူး၊ ကျွန်မ ပြောလို့ မဟုတ်ပါဘူး၊ ရှင့်စိတ်နဲ့ ရှင့်ကိုယ် ငါ့ညီမကို ဒီကောင်နဲ့ နှစ်ယောက်တည်း မထည့် နိုင်ပါဘူး ဆိုပြီး"

"နှစ်ယောက်တည်း မထည့်နိုင်တာကော ငါ့အပြစ်လား"

"ဟုတ်တယ် … ရှင့်အပြစ်လေ၊ လူလူ့အစ်မ ကျွန်မနဲ့ ရည်းစားတုန်းက ရှင် နှစ်ယောက်တည်း သွားလာဖို့ ဘယ်မှ မခေါ်ခဲ့ဘူးလားဟင်၊ ရှင်လည်း နှစ်ယောက်တည်း သွားလာခဲ့တာပဲ၊ ခုလိုတောင် မဟုတ်ဘူး၊ နေ့စဉ်ရက် ဆက် တဂျီးဂျီး၊ လူလူနဲ့ဆို လမ်းမှာ နှစ်ခါလောက် ဆုံဖူး တယ် …





ရည်းစားဖြစ်ကာစက ရှင် အိမ်ကိုဖုန်းခေါ်ရင် … အမွန့်ကို တန်းမခေါ်ရဲလို့ ဖေဖေတို့ မေမေတို့နဲ့ တိုးတဲ့ အခါ လူရည်ချွန်နဲ့ ပြောချင်လို့ပါလို့ အရင်ခေါ်တာ မှတ် မိသေးရဲ့လား၊ ကျွန်မကကော … ရှင့်အိမ်ဆက်ရင် ရှင့် အမေ ရှင့်ညီမက မိန်းမသံ ခေါ်ပေးပါ့မလား စိုးရိမ်လို့ လူလူ့ကို ခေါ်ခိုင်းရတာ အခါများစွာ …

ညဘက် ရှင်ဖုန်းပြောတာ ကြာနေတုန်းကလေ၊ လူလူက ဘေးမှာ တီဗီကြည့်နေတာ၊ အဲဒီတုန်းက ဖေဖေ ခဏရောက်နေတော့ ဖေဖေက အောက်ထပ်မှာ ဖုန်းပြော နေတာ ဒီလောက်ကြာတာ ဘယ်သူလဲ ဘာလဲနဲ့ အပေါ် ထပ်ကလည်း ဆင်းလာရော လူလူ့လက်ထဲ ဖုန်းထိုးထည့် ပြီး သူ ပြောနေတာယောင် ဆောင်ခဲ့ရတယ် …

ဒါတွေကို ရှင် မေ့လိုက်လား … ဟင်၊ ရှင်နဲ့သူ့ အစ်မ ကိစ္စတုန်းက လူလူဟာ ဘယ်လို ကြည်ကြည်ဖြူဖြူ အေးအေးချမ်းချမ်း ရှိခဲ့သလဲ၊ ရှင် ပြန်စဉ်းစား၊ ကူညီခဲ့ဖူး တယ်၊ ဒီလိုယောက်ဖမျိုးကို ကိုယ့်အလှည့်ကျတော့ ရှင် ဘယ်လိုဖြစ်နေတာလဲ၊ အဲဒါကြောင့် ရှင့်ကို တစ်ကိုယ် ကောင်းသမားလို့ စွပ်စွဲတာ …



www.burmeseclassic.com

www.burmeseclassic.com



ခုကိစ္စမှာ ကျွန်မ ကာကွယ်နေလို့ ရှင်က လိုက်မှာပဲ ဖြစ်ရတာ မဟုတ်ဘူး။ ရှင် လူကြီးမဆန် အတင်းဖွတ်လိုက်မှာပဲ လုပ်နေလို့ ရှင့်ကို အမြင်ကတ်လို့ ဖွတ်ကာကွယ်နေဖျက်နေတာ၊ ရှင် မရှက်ဘူးလား ကိုဇေဦးရဲ့၊ ရှင့်ညီမ အလှည့်ကျ ဒီလို ကုတ်ကုတ်စတတ်မယ်ဆိုရင် ရှင့်တုန်းကရော သူများအစ်မ ဘာကြောင့် လိုက်ကြိုက်ခဲ့တာလဲဟင်၊ ရှင် ဒီလိုလူမှန်းသိရင် စ,ကတည်းက ချဉ်စုတ်အမြင်ကတ်နေမှာ သိရဲ့လား၊ ပြန်တောင် ကြိုက်မိမယ် မဟုတ်ဘူး"

"မင်း စကားနောက် တရားပါ စကားတွေ လွန်မလာနဲ့နော်၊ မင်းစကားတွေက သိပ်ပြီး ချဲလင့်ချ် လုပ်ရာတွေကျနေပြီ"

"လုပ်တယ်ရှင် ချဲလင့်ချ် လုပ်တယ်၊ ရှင် အခုပြော ... ကဲ ... လူလူနဲ့ ခရာကို ရှင်ကိုယ်တိုင် ပေးစားမလားပြော"

ဇေဦး မျက်နှာကြီးမှာ နီမြန်းကာ ရှူးရှူးရှဲရှဲနှင့် ...





"ဟာ ... ဒီမိန်းမ၊ ဘာစကားတွေ ပြောနေတာလဲ ... တောက်၊ ငါကွာ ..."

"ဒီစကားပဲရှင့် ... ရှင်းရှင်းလေး၊ လူလူ ရှင့်ညီမကို ကြိုက်နေတယ် ... ဒါပဲ၊ ရှင့်ညီမကကော မကြိုက်ဘူး ထင်နေလား"

"တော်ကွာ"

"မတော်နိုင်ဘူး၊ သူ့တုန်းက ကြုံကြုံကြိုက်ကြိုက် ကူညီခဲ့ရဖူးတာမျိုး ရှင် ဘာမှ ကူညီရသေးတာ မဟုတ်ဘူး၊ တရားမျှတမှုရှိအောင် ညီတူညီမျှဖြစ်အောင် ရှင်က ကူညီဖို့တောင် ကြွေးကျန်တယ်၊ ကဲ ... ဒီကိစ္စ ရှင် ဘယ်လိုသယ်ပိုးမလဲ ပြောပါ"

"တောက် ... မင်းကွာ"

ဇေဦးသည် စားပွဲကြီးကို ထုချလိုက်ရာ စာရေးစားပွဲပေါ် ခင်းထားသည့် ထုထူထူ မှန်ချပ်ကြီးပင် ကွဲအက်သွားပါသည်။ အဲဒီ အသံကြီး ထွက်လာမှ မကြာခင်လေးကမှ အိမ်ကိုနောက်ပြန်ရောက်လာတဲ့ လူရည်ချွန်က နားစွင့်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ရန်ဖြစ်ကြပြန်ပြီ ထင်တယ် ... ဟု အိပ်ရာထဲ အသာဝင်ခွေ စိတ်ညစ်ညူးနေမိပါသည်။ အပြင်က စားလာပြီမို့ စားဖို့လည်း မလိုတော့။ မသဲကွဲတဲ့ အော်ဟစ်သံတွေကို ကြားနေရလျှင် ယောက်ဖနဲ့ အစ်မ ဘာတွေ ဒီလောက်စိတ်ဝမ်းကွဲနေရပါလိမ့်လို့ စိတ်ရှုပ်မိပါသည်။

အဲဒီ တနင်္ဂနွေကို ရောက်ခဲ့တဲ့အထိ ဤအဖြစ်အပျက် အခြေအနေတွေကို လှုရည်ချွန် မသိ။ သောကြာညမှာ လင်မယား ဝုန်းဒိုင်းဖြစ်ကြပြီး စနေနေ့မှာ အကြီးအကျယ် တင်းမာနေကြ၍ သူလည်းပဲ အေးရာအေးကြောင်း အပြင်ထွက်နေကာ အိမ်မကပ် ဖြစ်ခဲ့ပေ။

စနေညဘက် ခရာဆီ ဖုန်းဆက်ရင်း နက်ဖြန်ဘယ် အချိန် လာခေါ်မည်ဆိုတာ ချိန်းချက်သည်။

"ကိုကို ဘာပြောသေးလဲ"

"ဘာမှ မပြောဘူး ခရာရဲ့"





"ကိုလှု အိမ်မှာ ခွင့်တောင်းတဲ့နေ့ ညနေကတော့ ကိုကို အိမ်ကို ရုံးအပြန် ဝင်လာသေးတယ်လေ၊ ပွစိပွစိတော့ လုပ်သွားသေးတာပဲ၊ ဒါပေမဲ့ ဖေဖေရော မေမေရော ခွင့်ပြုလိုက်တာသိတော့ ဘာမှတော့ သိပ်ကြီးကြီးကျယ်ကျယ် မဆူပူသွားဘူး"

ခရာကလည်း ဤသို့ပင် ပွင့်လင်းပါသည်။ သူ့အစ်ကို တိုထွာတာ လှုရည်ချွန် သိပြီးဖြစ်သည်ဟု အရင်းတိုင်းပင် ပြောဆိုနေကျ။

"အိမ်မှာလည်း နည်းနည်း နောင်ဂျိန်နေကြတယ်ကွ ... ဟဲ ဟဲ"

"ဟုတ်လား ... ကိုကိုနဲ့ မမမွန်လေ ..."

"အင်း ..."

"ဟယ် ... သူတို့ ရန်လည်းမဖြစ်ကြဖူးပဲနဲ့၊ ဘာကြောင့်တဲ့လဲဟင်"

"ကိုယ်လည်း မမေးဘူး၊ မသိချင်ယောင်ပဲ ဆောင်နေတာ"

"ခရာတို့နဲ့များ ပတ်သက်လားဟင် ကိုလှု၊ နက်ဖြန်ရော့ လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဆိုင်လို့လဲ ခရာရ၊ မဖြစ်နိုင်ပါဘူး"

"သိဖူးလေ ... ခုတလော နည်းနည်းထူးခြားတာက အဲဒီအကြောင်းအရာလေးပဲရှိလို့"

လှုရည်ချွန်ကတော့ ဒီကိစ္စကြောင့် ရန်ဖြစ်ရမည့်အကြောင်းရင်းကို စဉ်းစားမရပေ။ ဇေဦးဟာ ဒီကိစ္စအတွက် မကြည်မဖြူ ဖြစ်နိုင်သော်လည်း ဟိုအရင်တွေကလည်း အဲဒီစိတ်ထဲက မကြည်မဖြူနဲ့ပဲ ရပ်တန့်ပြီးဆုံးသွားမြဲမို့ ခုမှ ထူးခြားစရာတွေးမရ။ ပြီးတော့ ... ဇေဦးကလည်း သူ့အပေါ် ကြည်ကြည်သာသာ ဆက်ဆံနေ၍ အဲဒါကြောင့်လို့ ပိုပြီးမထင်ပေ။

တနင်္ဂနွေ တစ်နေ့ကုန်လည်း လင်မယားနှစ်ယောက်သား အတော်တင်းမာနေကြသည်မှာ နံနက်စာပင် အတူမစားကြတဲ့ အထိပေ။ သူတို့ အတူတူ မစားကြတဲ့အခါ လှုရည်ချွန်က အစ်မဖက်လိုက်သည် အထင်ခံရမှာ စိုးသည့်အတွက် ယောက်ဖကိုဇေဦးနှင့် အတူစားလိုက်ပါသည်။

လှုရည်ချွန်နဲ့တော့ ကိုဇေဦးက အေးအေးဆေးဆေး စကားတွေ ဘာတွေ လက်ဆုံကျရင်း စားလို့။ တခြား ဘာသံညာသံ မကြားရဘဲ ညနေစောင်း အကျွရာကို သွားခေါ်ဖို့ ပြင်ဆင်အဝတ်လဲပြီး လှုရည်ချွန် အိမ်ကထွက်တော့မည် ကြံကာမှ ...





"သွားတော့မှာလား လှုလှုရေ"

အသံလာရာ လှည့်ကြည့်လိုက်တော့ ကိုဇေဦးဟာ အဝတ်လဲပြီး အသင့်ပုံနှင့် သူ့အခန်းထဲက ထွက်လာပါသည်။ အစီပွာယ် နားမလည်သေးဘဲ လှုရည်ချွန် ကြောင်တက်တက် ပြန်ကြည့်နေမိဆဲ ကိုဇေဦးက အိမ်ပြင်ဘက် ပေါ်တီကိုအစပ်နားမှာ ကုလားထိုင် ခပ်မိုမိုတစ်လုံးနှင့် ဝတ္ထုဖတ်နေသော မေရှည်မွန့်ဆီ လှမ်းကြည့်သွားကာ လှုရည်ချွန့် ရှေ့မှာပဲ မေရှည်မွန့် ပခုံးလေးကို နောက်ဖက်မှ တယုတယ ကိုင်လိုက်ပြီး ...

"လာပါကွာ ... ကိုယ်တို့ လိုက်သွားကြရအောင်လေ အမွန်"

လေသံပြေပြစ်စွာနှင့် သူက စ,သွားချော့မော့တဲ့သဘော။ လှုရည်ချွန်က အသေအချာဖြင့် သဘောမပေါက်နိုင်သေးဘဲ ရှိဆဲ၊ မေရှည်မွန်က ခုံမှ ဝုန်းခနဲထ,ရပ်လိုက်ကာ ...

"ရှင့်ကို ကျွန်မ ဘာပြောထားပြီးပြီလဲ၊ လိုက်လည်းမလိုက်ဘူး၊ လိုက်စရာလည်း မလိုဘူး၊ ဘာမဟုတ်တဲ့ ကိစ္စတစ်ခုကနေ ရှင် ခုလောက်ထိ ပြဿနာကြီးကျယ်အောင်ချဲ့တာ အံ့ဩမဆုံးဘူး၊ ရှင် ဘာလို့ ခုထိလက်မလျှော့နိုင်ရသေးလဲ ကိုဇေဦးရဲ့၊ ဘာသဘောလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



မမ အသံမှာ ယေါက်ကွဲကျယ်လောင်လှ၍ လှုရည်ချွန်ပင် အလန့်တကြား ဖြစ်သွားရပါသည်။ ဟိုက စကားကောင်းလာပြောနေပါလျက် မမက ဘာကြောင့် ဒီလောက်ထ,အော်ရတာပါလိမ့် ... ဒုက္ခပါပဲ။ သူ့မှာ ကိုးလိုးကန့်လန့်နှင့် ရပ်လည်း နားထောင်မနေချင်၊ ထွက်သွားလို့လည်း မဖြစ်၊ ဖြစ်နေသည်။

ကိုဧဦးက ခါးကိုထောက်ကာ ခေါင်းငုံ့ချလျက် ခေါင်းကို ဘယ်ညာခါယမ်းလျက် ရှိသည်။

"သူတို့ဟာသူတို့ သွားမှာ၊ စပြီးချိန်းချက် လက်မှတ်ဝယ်ကတည်းက ရှင်ဟာ အစီအစဉ်ထဲမှာ ပါကိုမပါဘူး၊ အဲဒါကို ဇွတ်လိုက်ဖို့ ဘယ်လိုဖြစ်နေတာလဲ"

လှုရည်ချွန်က အဖြစ်သနစ်ကို သဘောပေါက်လိုက်ပါပြီ။ ယောက်ဖ လူတိုကြီး ဘယ်ပုံစိတ်ကူးထားတာကိုလည်း ရိပ်မိပြီ။ လက်စသတ်တော့ သူတို့လင်မယား ဒီကိစ္စနဲ့ ရန်ဖြစ်နေကြတာကိုး။ သူ စိတ်ညစ်သွားပါသည်။

"ဒီကိစ္စက ရှင်းရှင်းလေးပါ အမွန်ရာ၊ လှုလှုနဲ့ ခရာ ဒီပွဲသွားမယ် သွား၊ ကိုယ်လည်း အမွန်နဲ့အတူ လိုက်သွားချင်တယ်၊ ဒါပဲလေ၊ ဒါကို ..."





"တော်တော့ ကိုဧဦး၊ ဒီလို ရိုးရိုးကလေး ရှင်းကိုမရှင်းဘူး၊ ရှင့်ညီမကို တိုထွာမသထားနိုင်ဘူးဆိုတာ တော်ရုံပဲကောင်းတယ်၊ ရှင့်ကို ကျွန်မ ပြောပြီးပြီနော်၊ ကျွန်မရဲ့မောင်လေးဟာ ရှင် ကျွန်မကို ရည်းစားထားကာစက ကူညီရာကူညီကြောင်းလေးတွေတောင် လုပ်ပေးခဲ့ဖူးတယ်၊ ရှင့်အလှည့်ကျတော့ ရှင် ဒီလောက် ရုပ်ပျက်ဆင်းပျက်ဆတ်ဆတ်တုန် သဝန်တိုတတ်တယ် ... ဟုတ်လား ...

ရှင်ဟာ ကိုယ့်အတွက်ပဲ ကိုယ်သိတဲ့ တစ်ကိုယ်ကောင်း အတ္တသမား၊ ဘာမဟုတ်တဲ့ ဒီအဖြစ်အပျက်သေးသေးကလေးကနေ ရှင့်ရဲ့ အတုံ့အလှည့် မသိတဲ့စိတ်ဓာတ်ကို ကျွန်မ သိခွင့်ရတာပဲ၊ ကောင်းပြီလေ၊ ကျွန်မက ခုလို တားလေ ရှင်က ဘာမှမဖြစ်သလို ဘာမှ အရေးမကြီးသလို ရိုးရိုးလေး ဟန်ဆောင်ပြီး လိုက်သွားဖို့ ဇွတ်တိုးလေ၊ ဟိုတစ်ရက်က ရှင် ဝန်မခံဘဲ ဒီနေ့လောက်မှ ကောက်ကာငင်ကာနဲ့ လိုက်သွားကြရအောင်လားဟေ့ ဆိုရင် ကျွန်မလည်း ရိုးရိုးကလေးထင်ပြီး လိုက်ကောင်း လိုက်မိဦးမယ် ကိုဧဦးရဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



အခု ရှင့်မှာ ကဖျက်ယဖျက် အကြံနဲ့။ ရှင် မလွှတ်ချင်တဲ့ ကိစ္စကို ရှင့်မိဘက လွှတ်လိုက်လို့ ငါပါ အပါလိုက်မယ်ကြံတာ၊ တစ်နည်းအားဖြင့် လူရည်ချွန် ဆိုတဲ့ ကျွန်မမောင်ရဲ့ ဂုဏ်သိက္ခာကို မထေမဲ့မြင် လုပ်တာ၊ ဘယ်လောက်အောက်သလဲ၊ ခံစားရတဲ့ တစ်ဖက်သားအတွက် ဘယ်လောက် သိက္ခာကျလဲ ...

သူသူ ကိုယ်ကိုယ် ကိုယ့်နမကိုယ် တိုကြပါတယ်၊ တိုပါ၊ ရှင်လည်း တိုပါ၊ ဒါပေမဲ့ တော်ရုံသဖြင့် တော်ပြီရှင့်၊ ယောက်ဖ ရှင့်အပေါ် အင်မတန် ခင်မင်ကြည်ဖြူတဲ့ကျွန်မမောင် အပေါ် ရှင်က မကြည်ဖြူဘူး ဆိုတာ သိရတော့ အသည်းနာလှတယ်၊ ခုထိ ရှင့်စိတ်ကူးကို မဖျက်ဘူး၊ ရှင့်ဘက်က မလျှော့ဘူးပေါ့ ...

ရတယ်လေ ကိုဖေဦး၊ ရှင်ကလိုက်မယ်၊ ကျွန်မကတော့ မလိုက်ဘူး၊ ရှင့်ကိုလည်း မလိုက်သင့်ဘူးလို့ ပြောပြီးပြီနော်၊ ဒီလောက် ပြဿနာ ဖြစ်ခဲ့ပြီး ဒီကလေးနှစ်ယောက် ပျော်ရွှင်မှု ရင်းနှီးမှုလေးကို ရှင် ဖျက်ဆီးမယ်ဆိုရင် ရှင် လိုက်သွားလိုက်ပေါ့၊ ရှင့်အကြောင်း သိလိုက်ရတာပေါ့"





လူရည်ချွန်သည် တကယ့် စိတ်ရင်းမှန်နှင့်ဆို လုံးဝကို သွားချင်စိတ် ပျောက်သွားရပါသည်။ တစ်ပတ်လုံး ပျော်ရွှင်ရင်ခုန်နေသမျှ အလဟဿ ဖြစ်သွားပါပြီ။ အတော် စိတ်ညစ်စိတ်ပျက်သွားပါပြီ။ ဒါပေမဲ့ ခုမှ သူက "မသွားတော့ဘူး"လုပ်လျှင် စိတ်ကောက်ရာ သေးသိမ်ရာ လူလားမမြောက်ရာ ကျနေပါလိမ့်မည်။

ယောက်ဖကို အတော် စိတ်ပျက်လက်ပျက် ဖြစ်သွားပေမဲ့ မီးလောင်ရာလေဝင်ပင့်လို့ ကောင်းတာမဟုတ်။ ဒီလင်ဒီမယား ပြေလည်ဖို့က အရေးကြီးသည်ဖြစ်ရာ သူဟာ မျှတကြီးမြတ်ချင်သူပီပီ ဇေဦးဘက်က ရပ်လိုက်ရ၍ ...

"ဩော် ... မမတို့က ဒါကို ဒီလို ဖြစ်နေကြတာလား၊ ကျွန်တော် အစကတည်းက ကိုဇေရော မမပါ ခေါ်ဖို့စဉ်းစားသေးတယ်ဗျ၊ ပိုတောင် ပျော်စရာ ကောင်းမှာ၊ ဒါပေမဲ့လိုက်ချင်ကြပါ့မလားလို့ မပြောဖြစ်တာပါ၊ ကိုဇေ လိုက်ချင်တာ ဘာဖြစ်လဲ မမရဲ့၊ လာပါ ... မမပါလိုက်ခဲ့၊ လေးယောက်သွားမယ်လေ၊ ခရာလည်း ပိုတောင်ပျော်ဦးမယ်၊ လက်မှတ်က ဘာမှမပူရဘူး၊ ဟိုကျမှ ဂိုးရှိုးဝင်လို့ ရတာ



www.burmeseclassic.com

www.burmeseclassic.com



ပဲဟာ၊ အလကား စိတ်တွေဆိုးမနေပါနဲ့ မမရာ၊ လာပါ သွားကြရအောင်၊ ကိုဇော အသင့်ပဲ၊ မမ အဝတ်လဲလိုက်"

လူရည်ချွန်က မေရည်မွန့် လက်ဖျားကို လာဆွဲသည်တွင် မေရည်မွန်က ဆောင့်၍ ရုန်းထွက်လိုက်ပြီး ...

"သွား ... သွား ... လူလူ သွားတော့၊ မင်းက တတ်သမျှ မှတ်သမျှ လူကြီးဆန်ပြနေသလောက် လူကြီးမဆန်တဲ့သူက ငါ့ယောကျ်ားဖြစ်နေတာ ငါက ရှက်တောင် ရှက်သေးတယ်၊ လူမှုရေးသဘော အားနာပါးနာကလေးတောင် မလိုက်လျောနိုင်ဘူး ဆိုတဲ့ သူ့စိတ်ကို ငါ အတော်အံ့သြသွားပြီ လူလူရဲ့၊ သူ လိုက်ချင်လိုက် မလိုက်ချင်လည်းနေ။ ခုထက်ထိကို ဟန်ဆောင်ပန်ဆောင်တောင် အားနာကြည်ဖြူမပြတဲ့လူကို ငါ တအံ့တသြကို စိတ်ပျက်သွားပြီ"

"ဟာ ... မမတို့ကလည်းဗျာ"

ဇေဦးကတော့ ခါးထောက် ခေါင်းယမ်းရင်း ပခုံးတွန့်လိုက် ဆံပင်ဖွလိုက်။ သူလည်း အရမ်းအနေခက် မျက်နှာပူနေတာကိုတော့ လူရည်ချွန် ရိပ်မိရပါသည်။ ဒါပေမဲ့ ခုမှတော့ မလျှော့တော့တဲ့သဘော။ မိန်းမကို အရှုံးပေးလိုက်ရင် သူ့အနေ





အထားဟာ ပိုဆိုးတော့မည့် သဘောမို့သာ ခေါင်းမာမာ ခွတ်တင်းပေခံနေသည် ဖြစ်လိမ့်မည်။

အဲဒီနားလေးမှာတင် အချိန်အတော် ကြန့်ကြာသွားပါသည်။ သူ ... အာပေါက်အောင်ကို ချော့မော့ ဖေ့စပ်ပေးတာပါပဲ။ သို့ပေမဲ့ မအောင်မြင်။ မမကလည်း ခါးခါးသီးသီး။ နောက်ဆုံးမှာ လူရည်ချွန်ဟာ ဘာဆက်လုပ်ရ ပြောရမှန်း မသိတဲ့ ဇေဦးကို ကားပေါ်တင်ခေါ်ကာ ထွက်လာခဲ့ပါသည်။

အင်မတန် နောက်ကျပြီးမှ ရောက်လာ၊ ကားပေါ်မှာလည်း ဇေဦးက ပါလာ၊ ပြီးတော့ မျက်နှာကြီးက ဘာဖြစ်နေသည် မှန်းရခက်သော မျက်နှာသေကြီးနှင့် ...။ လူ့ရည်ချွန်ကသာ ဖာဖာထေးထေး သိုင်းသိုင်းဝိုင်းဝိုင်း စကားတွေ ဟိုလျှောက်ပြော ဒီလျှောက်ပြောနှင့်။ တစ်ခုခု ပြဿနာ တက်လာတာကိုလည်းကောင်း၊ ဘာဖြစ်နိုင်သည်ကိုလည်းကောင်း ဒေါ်မြမြနွယ်ပါ ရိပ်မိပါသည်။

ဒေါ်မြမြနွယ် ပင်လျှင် ဇေဦးကြောင့် စိတ်ပျက်မိပါသည်။ လုပ်ပုံကြီးက ခွကျလိုက်လေခြင်း။ အကွရာသည်လည်း သွားကိုမသွားချင်တော့တာပါ။ ဒါပေမဲ့ မသွားတော့ဘူးဆိုရင် ဒီ



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုက သူပါလို့ မသွားတော့တာဆိုပြီး ရိုဦးမှာ သေချာလေရာ အလွန်တရာ စိတ်ဆင်းရဲစွာ ကားနောက်ခန်းသို့ ဝင်ထိုင်လိုက်ရပါသည်။

ခုနေ ကိုယ် စိတ်ကောက်ရင် နှစ်ယောက်တည်း မသွားရလို့ ... လို့ပဲ ကိုကိုက အတပ်စွပ်မည် ဖြစ်ပေသည်။ အသီးသီး အီလည်လည် ညစ်နောက်နောက်နှင့် ထွက်လာခဲ့ကြကာ ပျော်ပွဲရွှင်ပွဲ တခြား ... ကိုယ်တခြား ...။ ဘာကိုမှ ပျော်ရွှင်စရာ ရှာမရဘဲ ရင်ထဲ အခုအခံ ကိုယ်စီနှင့် တိုင်းမှိုင်းအေးစက်လို့နေသည်။





# ၁၃

"ဟုတ်ကဲ့ပါ အန်တီ၊ ဟုတ်ကဲ့ ... မမ ရှိပါတယ်၊ အန်တီ ခဏလေး ကိုင်ထားပါနော်"

လူရည်ချွန်က ဖုန်းကိုအားချ၍ မလှမ်းမကမ်းက ရပ်ကြည့်နေသော မေရည်မွန့်ကို နှာခေါင်းရှုံ့ပြလိုက်ပါသည်။ ဘယ်သူလဲ ... ဟု မမက တိုးတိုးမေးလျှင် "ယောက္ခမကြီး"လို့ ပါးစပ်လှုပ်ရုံ ပြန်ဖြေလိုက်၏။

အင်း ...။ အပျက်အပျက်နှင့် ...။ "နင်နဲ့မဆိုင်ပါဘူး ... သူ့စိတ်ဓာတ်ကို မကြိုက်တာပါ"လို့ မမက ဘာလို့ပဲ ပြောပြော ဤပြဿနာကို အစပြုသူမှာ သူပဲလိုဖြစ်နေ၍ လူရည်ချွန်



www.burmeseclassic.com

www.burmeseclassic.com



မှာ ကြားက နေရထိုင်ရ ခက်လှပါသည်။ ပုံမှန်အတိုင်း စိတ်သဘောထား ပြည့်ဝအေးငြိမ်းသလောက်၊ တင်းပြီဟော့ ဆိုရင်တော့ တော်တော် ခေါင်းမာတတ်တဲ့ မမ အကြောင်း ကိုဖေဦး အလုံးစုံသိပုံမရသော်လည်း လူရည်ချွန်ကတော့ မောင်ရင်း အစ်မရင်းမို့ သိသည်။

အဲဒီညက သူတို့မှာ ဘယ်သူမှ ပျော်လိုက်သည် မရှိပါ။ လူရည်ချွန်လည်း စိတ်မသက်မသာ အီလည်လည်ဖြစ်နေ၍၊ အကွာရာကတော့ စိတ်ညစ်၍ပင် နေပုံရပါသည်။ ဖေဦးကလည်း စိတ်နဲ့လူနဲ့ မကပ်သလိုကြီး ဝေဝေဝါးဝါး ဖြစ်နေလျက်။

စကားလည်း များများပြားပြား မဆိုဖြစ်ကြ။ တီတီကြီးတွေနှင့် ပတ်ဝန်းကျင်ကလူတွေ မြူးထူးပျော်ရွှင်နေကြသည်နှင့် ဆန့်ကျင်ဘက် ဖြစ်လျက်ရှိသည်။ တကယ့်ကို စိတ်ပျက်စရာကြီး။ လူရည်ချွန်ကသာ အခြေအနေကြီးကို ဖေးဖေးမမနှင့် စကားမရှိ စကားရှာ လျှောက်၍ရှာကြံပြောဆိုနေရပါသည်။

အကွာရာကလည်း ဟက်ဟက်ပက်ပက် မတုံ့ပြန်။ သူ့အစ်ကို ဖွတ်လိုက်လာပုံကြောင့် လူရည်ချွန်ကို အားနာမျက်နှာပူနေဟန် ရှိသည်။ အိမ်မှာ ဖြစ်ပျက်ကြသမျှတွေကို အကွာရာကို





ပြောပြချင်သော်လည်း ဖေဦး တကပ်ကပ် ရှိနေ၍ ပြောလို့လည်း မရ။ ဘာဆိုဘာမှ စိတ်ကြည်လင်ချင်စရာ မရှိဘဲ ခြောက်ကပ်ကပ်ကြီးတွေနှင့် သီပ်လည်း ကြာကြာမနေဖြစ်၊ Stage show လည်း သေချာမကြည့်ဖြစ်ဘဲ ခပ်စောစော ပြန်လာခဲ့ကြပါသည်။

အိမ်ရောက်လျှင် ဖေဦးကလည်း မေရည်မွန်ကို ရင်ဆိုင်ရမှာ မျက်နှာပူနေသလို အိပ်ခန်းထဲ တန်းဝင်သွားသည်။ မမကား အိပ်ခန်းထဲ ဝင်စရာလည်း မလိုတော့ပြီ။ အံ့သြစရာ ...။ ဧည့်ခန်းထောင့်မှာ အဆင်သင့် သူထည့်သိုထားသည့် သေတ္တာကြီးကြီး နှစ်လုံးကို ဆွဲကာ ...

"လာ ... လူလူ"

"ဟာ ... မမ၊ ဘာလဲ ... ဘယ်လိုလဲ ... မလုပ်ပါနဲ့ မမရာ"

"ဒီသေတ္တာတစ်လုံးက နင် လာတုန်းက အတိုင်းပဲ၊ နင့်ပစ္စည်းတွေပါ သိမ်းထားပြီ၊ ကဲ ... ကဲ ... ကာ ပေါ်တင်"

"မမရာ... ကျွန်တော်လည်း ဘယ်ကောင်းပါ့မလဲ၊ ဒီအသဲ မဖြစ်သင့်ပါဘူးဗျာ၊ စိတ်လိုက်မာန်ပါ မလုပ်ပါနဲ့ ကိုဖေဦးက တခြားဟာတွေ မမ အပေါ် ဒီလောက်ကောင်းတာ"



www.burmeseclassic.com

www.burmeseclassic.com



"မဲလိုချင်ဘူး ... သူကလည်း ရအောင် လိုက်ဖြစ်အောင် လိုက်ချသွားပြတယ်လေ၊ ခုချိန်မှာ နင်နဲ့ဘာမှမဆိုင်တော့ဘူး လှုလှုရဲ့၊ သူနဲ့ ငါနဲ့ရဲ့ သီးသန့်ပွဲ ဖြစ်သွားပြီ၊ သူက ရအောင် စိန်ခေါ်သွားတယ်လေ၊ ငါ့ မခံနိုင်ဘူး၊ ကဲ ... တက်ပါ ကြာတယ်ဟဲ့"

"မမ သွေးပူနေတုန်း"

"ကဲ ... နင် ဘယ်လိုဖြစ်နေလဲ လှုလှု၊ ဒါဖြင့်ရင်လည်း နင်ကျန်ခဲ့၊ ငါကတော့ သွားမှာပဲ"

"ကိုဇေ့ကို အကျိုးအကြောင်း ပြောဦးပေါ့ဗျာ"

"ဒါ အကျိုးအကြောင်း ပြောနေရမဲ့ အချိန်မဟုတ်ဘူးဟဲ့"

"ဒီတိုင်းက ဘယ်ကောင်းပါ့မလဲဗျာ၊ ကျွန်တော်လည်း မကောင်းဘူးပေါ့ဗျ၊ ဒေါ်အုန်း ... သွား ... ကိုဇေ့ သွားပြော"

အနားမှာ ငူငူရပ်နေသည့် ဒေါ်အုန်းက ကိုဇေ့ ပြေးခေါ်ပါသည်။ မမကတော့ သေတ္တာတွေကို မနိုင်မနင်းနှင့်ပင် လှုရည်ချွန်နဲ့ ကားပေါ် တင်နေပြီ။ မမ ဒီက ထွက်သွားပါသည်ဆိုမှ သူက ဘယ့်နှယ်လုပ်ကျန်ရစ်ခဲ့လို့ ဖြစ်မှာလဲ။ ဇေဦး အိမ်





ရှေ့ထွက်လာချိန်တွင် မေရည်မွန်က ကားပေါ်သို့ တက်ထိုင်နေပါသည်။

ဇေဦးက မျက်နှာကြီး နီရဲကာ ...

"ဒါ ... ဒီလိုဖြေရှင်းရမဲ့ကိစ္စ မဟုတ်ဘူး အမွန်၊ ဒီလိုလုပ်စရာ ဘာလိုသလဲကွ"

"ရှင်နဲ့ဆက်ပြီး ညှိနှိုင်းမနေနိုင်ဘူး ကိုဇေဦး၊ ရှင်သိထားဖို့က ကိုယ် သူများကို မပေးနိုင်တဲ့ အရာကို သူများကလည်း ကိုယ့်ကို ပေးချင်မှာ မဟုတ်ဘူး ဆိုတာပဲ"

"ဘာမှ မဆိုင်ဘူး"

"ကဲ ... လှုလှု ... လာဆိုတာ နင် ဘာဖြစ်နေတာလဲ၊ ငါ ဟာငါ မောင်းထွက်သွားလိုက်တော့မှာနော်၊ နင့်ကိုပါ ငါ စိတ်မရှည်တော့ဘူး"

လှုရည်ချွန်သည် ဇေဦးကို မျက်နှာပူပူနှင့် တစ်ချက်ကြည့်လျက် ကားပေါ်တက်ကာ မောင်းထွက်ခဲ့ရတော့ခြင်းဖြင့် ခုတော့ သူတို့မောင်နှမ မေမေ့အိမ်မှာ ပြန်ရောက်နေကြပါသည်။

ဖြစ်ရသမျှက လှုရည်ချွန်ကြောင့်လို့ လာသက်ရောက်နေ၍ လှုရည်ချွန်သည်း စိတ်ပျက်လက်ပျက် ဖြစ်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မမ ပြောခဲ့ပုံကိုလည်းကြည့်လေ။ ကိုယ် သူများကို မပေးနိုင်တဲ့ အရာကို သူများကလည်း ကိုယ့်ကိုပေးချင်မှာ မဟုတ်ဘူးတဲ့။ လူရည်ချွန်ကို အကွရာနှင့် သဘောမတူရင် လူရည်ချွန်ကလည်း သူ့အစ်မကို ကိုဇေဦးကို မပေးနိုင်တဲ့ သဘောကြီး ရောက်မနေဘူးလား။

မနေ့မနက်က ကိုဇေဦး ဖုန်းဆက်တော့ မမက ကောင်းကောင်း စကားမပြောဘဲ အော်ဟစ်နေ၍ လူရည်ချွန်ပဲ ဖုန်းကိုယူကာ ပြောရပါသည်။

"မမ သွေးပူစိတ်ဆိုးနေလို့ပါ ကိုဇေရ၊ ကိုဇေ စိတ်အေးအေးနေပါ၊ ကျွန်တော်လည်း ရုတ်တရက် ပြောမရသေးလို့ပါ၊ ဒီတိုင်းကြီး လက်မခံပါဘူး။ မေမေတို့ သိရင်လည်း မမ ဒီလိုလုပ်လို့ ဘယ်ရပါ့မလဲ၊ ခဏပါ ... သူ စိတ်ကောက်တာပါ ကိုဇေရော၊ စိတ်မပူပါနဲ့ ...

ကျွန်တော်လည်း ကြားက အရမ်းမျက်နှာပူတာပဲဗျာ၊ တကယ်တော့ ကျွန်တော့်ကိစ္စက ဘယ်လိုရှိရှိ၊ မမနဲ့ ကိုဇေတို့နဲ့ ဘာမှလာပတ်သက်စရာ မရှိပါဘူး၊ ခုလို မမက ဆွဲစ်ပစ်တော့ ကျွန်တော့်လည်း တော်တော် စိတ်ညစ်





တယ်၊ ကိုဇေလည်း ဖုန်းဆက်ပါ၊ အိမ်ကိုလည်း လာချင်သလိုလာနော်၊ ကျွန်တော်လည်း ချော့မော့ထားပါ့မယ်"

ပြေရာပြေကြောင်းတွေ ပြောရသည်။ ဒီမနက်လည်း ကိုဇေဦး ဆက်သေးသည်။ လေသံပျော့ပျော့နှင့်ပင်။ မမက စကားမပြော။ အခုတော့ ယောက္ခမက ဆက်၍ မမ ပြောရတော့သည်။ မမ ဖုန်းချလိုက်လျှင် အကျိုးအကြောင်း မေးရပါသည်။

"ဒီလိုပဲပေါ့ဟာ၊ ချော့မော့ဖျောင်းဖျတာပေါ့၊ ကလေးနှစ်ယောက်ကိစ္စက သမီးတို့နဲ့ မဆိုင်ပါဘူးကွယ်တဲ့၊ သူတို့ဟာသူတို့ သူတို့ဆန္ဒအလျောက် ဖြစ်ရစေမှာပေါ့ တဲ့၊ ဒီလိုမလုပ်ပါနဲ့ ဘာညာပေါ့ဟာ၊ သူ့သားဟာ အဲဒီလို ပစ်ပစ်ပစ်ပစ် တစ်ယူသန် ဆိုတာ သူတို့ သိပါတယ်တဲ့၊ စိတ်လျှော့ပြီး ခွင့်လွှတ်ဖို့ပေါ့"

"ဟုတ်ပါတယ် မမရာ"

"မဟုတ်ပါဘူး၊ မုန်းကို မုန်းတယ်၊ သူ့စိတ်ချည်းပဲ ရှိရမလား၊ ငါ့စိတ်လည်း ရှိရဦးမှာပေါ့"

"ကျွန်တော်နဲ့ ပတ်သက်နေသလို ဖြစ်နေတော့ ကျွန်တော် ဘယ်ကောင်းပါ့မလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မပတ်သက်ဘူး၊ ငါ့ဆန္ဒနဲ့ငါ ဆင်းလာတာ အားလုံးသိတာပဲ"

"ဒါပေမဲ့ ကိုယ့်မောင်ကို သူ့ညီမနဲ့ သဘောမတူလို့ ဆင်းလာခဲ့ရာကျနေတာပေါ့"

"သူ သဘောတူရမှာပဲလေ၊ ငါ့မောင်က ဘာဖြစ်နေလို့လဲ၊ သူ့ညီမကကော ဘာမို့လဲ၊ ခရော့ကို ဒီလိုမပြောချင်ပါဘူး၊ ခရော့ကို ငါက ချစ်ပါတယ်၊ မနေ့ညက နင် ခရော့ဆီ ဆက်တယ်မဟုတ်လား၊ ခရော ဘာပြောသေးလဲ"

"ဟင်း ... သူကတော့ ကောင်းတယ်တဲ့"

"အဟင်း"

မေရည်မွန် မျက်နှာက ပြုံးရယ်ဖော် ရလာပါသည်။

"အင်းလေ ... ကောင်မလေးကလည်း နင့်ကို ကြိုက်ရှာတာ၊ သူ့အစ်ကို့ကို သူကိုယ်တိုင်တောင် စိတ်ပျက်မှာပဲ၊ ငါ စိတ်ပျက်တာ ဆန်းလား"

မမကတော့ စိတ်မပြေသေးပါတည်း။





"မင်း ချော့မော့ ပြန်ခေါ်ဖို့ပဲ ရှိတာပဲ သားရဲ့"

"ဘယ်လို မိန်းမလည်း မသိဘူး၊ သူ့မောင်နဲ့ ကိုယ့်ညီမကို နည်းနည်းသဝန်တိုမိတာနဲ့ပဲ ဖြစ်နေလိုက်တာ"

ဖေဦးရဲ့ စုပုပ်ပုပ် အပြောကြောင့် ဒေါ်မြမြနွယ်က ပြုံးမိသည်။

"မင့်ကလည်း မင်းပဲကိုးကွယ့်၊ လူရည်ချွန်ကို မင်းမကြိုက်တာရှိရင် အခုပြောစမ်း ... ဘာရှိလဲ"

"သူ့လူတစ်ကိုယ်ကိုတော့ မကြိုက်တာ မရှိပါဘူး"

"ဒါနဲ့များတောင် ဘာလို့ ဒီလိုလိုက် ကုပ်ကပ်ဝန်တိုနေတာလည်း သားရယ်"

"ဒါတော့ ကိုယ့်ညီမကို ပိုးတာကိုး၊ ကိုယ့်ညီမ နှမြောတာကိုး"

"မင်း ဘယ်လောက် နှမြော နှမြော တစ်နေ့ ခရာက သူ့နမ္မးစာနဲ့သူ တစ်ဦးဦးနဲ့တော့ အိမ်ထောင်ပြုသွားမှာပဲလေး



www.burmeseclassic.com

www.burmeseclassic.com



အမှန် ဖုန်းထဲကနေ မေမေ့ကို ပြောတော့ ဟုတ်သားပဲ၊ မင်းပဲ မင်းညီမကို နမြောသလား၊ သူ့အမေတွေ သူ့မောင်တွေကကော သူ့ကို မနမြောလို့ မင်းလက်ထဲ ဘတ်ခနဲ ထိုးထည့်လိုက်တာလားတဲ့၊ နမြောကြတာချည်းပဲ၊ သမီးကိုမှ သားကိုမှ မောင်ကိုမှ ညီမကိုမှ မဟုတ်ဘူး၊ ဒီလိုပဲ သင့်တော်ရင် ခွင့်ပြုရတာပဲလေ"

"သဘောမတူလွန်းလို့လည်း မဟုတ်ပါဘူး"

"ဒါဖြင့် ဘာလို့ မင်း ကတ်ဖိုးကတ်ဖဲ့ လုပ်ရလဲ"

"ဟာ ... ရှက်စရာကြီး၊ လူရည်ချွန်ကို ကိုယ့်ညီမရဲ့ရည်းစား၊ ယောကျ်ားအဖြစ် ဆက်ဆံရမှာ၊ လူရည်ချွန်မှမဟုတ် ဘယ်သူဖြစ်ဖြစ်"

"ဟင် ... မင်းလိုဖြင့်ရင် မင်းကို ဆက်ဆံဖို့ လူရည်ချွန်က ရှက်နေရတော့မှာပေါ့၊ မင်းတို့အိမ်တောင် ပျော်ပျော်ရွှင်ရွှင် လာနေနေသေးတာ၊ မေမေကတော့ ကန့်ကွက်ရမဲ့အချက် မမြင်သေးတာ အမှန်ပဲသား၊ မင်း အဖေလည်းပဲ လူရည်ချွန်ကို သဘောကျတယ်"

"သဘော်သားချင်း စကားပြောလို့ ကောင်းတာကိုး"





"တဲ့ ... ဒီလောက်နဲ့ သမီးထိုးအပ် သဘောတူပါ့မလား၊ လူကို သဘောကျတာ ပြောနေတာ၊ မသိချင်ယောင်လေး ဆောင်နေလိုက်ပြီး အချိန်တန် သူတို့ဟာသူတို့ အခြေကျသွားမဲ့ ကိစ္စကို မင်းကျမှထူးပြီး သဝန်တိုရတာ ရှက်ရတာ၊ ဖင်ကျိန်းနေရတာနဲ့ မင်းပဲ ပြဿနာတက်နေတယ်၊ ကြာတော့ ဘယ်ခံချင်မလဲ၊ အခု အမှန်ကသာ မကျေမချမ်းဖြစ်ပြီး လူရည်ချွန်ဟာ ဘာမှမဖြစ်လို့ တော်သေးတယ်၊ သူ့ကို မင်းက တိုတိုထွာထွာနဲ့ သဘောမတူချင်သလို လုပ်နေတာ သူ မခံချင် ဖြစ်မယ်ဆိုရင်လည်း ဖြစ်လောက်တဲ့ဟာပဲ"

အကွာရာသည် မလှမ်းမကမ်းက ဖြတ်လျှောက်လိုက်ရပ်လိုက်နှင့် စကားဝိုင်းကို နားစွင့်ရင်ခုန်နေသည်။ ကိုကို့ကိုပဲ ကျေးဇူးတင်ရတော့မလိုပဲ။ သူ လုပ်တာနှင့် ခရော့မှာ လူကြီးမိဘဆီကို ခရာတို့ကိစ္စ ဘာမှ တင်ပြခွင့်တောင်းမနေရဘဲ မကန့်ကွက်တဲ့ စကားတွေကို အလိုအလျောက် ရနေပါသည်။

"မင်း သဝန်တိုတယ်ဆိုတာအထိ အပြစ်မပြောဘူး၊ ဒါပေမဲ့ စိတ်ထဲပဲ ထားရောပေါ့ သားရယ်၊ အရှိအတိုင်း ဆက်ဆံဖို့



www.burmeseclassic.com

www.burmeseclassic.com



လိုတဲ့သူ ရှိသလို၊ လူမှုရေးအရ ယဉ်ကျေးမှုအရ ဆက်ဆံရမဲ့သူလည်း ရှိတယ်မဟုတ်လား၊ ခုလိုဖြစ်သွားတော့ လင်မယားကြားလည်း အဖုအထစ် ဖြစ်ရတယ်၊ မင်းကိုယ်တိုင်လည်း လူရည်ချွန် အပေါ် ခါးခါးသီးသီးလည်း မဟုတ်ဘဲနဲ့"

"နားလည်ပါပြီ မေမေရာ၊ ဘာဆက်လုပ်ရမယ် မသိတာက ခက်တယ်"

"မင်းမိန်းမ မင်းချော့၊ ဒါပဲရှိတာပဲ"

"ဖုန်းတောင် မပြောတာ၊ သူ့အိမ်သွားလို့ ဖွင့်မပေးရင် အရှက်ကွဲမှာပေါ့"

"လူရည်ချွန် ရှိရင် သူက ဖွင့်မပေးဘဲ ဘယ်နေပါ့မလဲ"

"ဒါပေမဲ့ အမွန်က စိတ်ကြီးတယ်၊ ပြောတာ လက်မခံဘဲ သူ့အခန်းထဲ ဝင်ပိတ်နေနိုင်သေးတယ်"

"ရအောင်ချော့ရမှာ မင်းတာဝန်ပဲ ဖြစ်နေပြီ သားရဲ့၊ သူတို့အမေ မရှိပေလို့ပဲ၊ ရှိရင် သူလည်း ကသိကအောက် ဖြစ်ရဦးမှာ၊ ဒီကိစ္စလောက်ကလည်း လင်မယား ကွဲရမဲ့ ကိစ္စ မဟုတ်ဘူး"





အကွာရာက အနားနား ရောက်လာရင်း …

"မမမွန်ကို ဒီခေါ်ချော့ရင် ချော့ပေါ့"

"ဟ … သူ့အိမ်တောင် ခက်နေတာ၊ ချော့မလို့ ဒီကိုလာပါခေါ်လို့ ရမလား"

"အဲလိုတော့ မခေါ်ဘူးပေါ့၊ ခရော့ ဘာသာ ရအောင်ခေါ်မှာပေါ့၊ ကိုကို့ အိမ်ကိုလည်း မဟုတ်ပါဘူး၊ ခရာတို့အိမ်ကိုပါ"

"နှင်ခေါ်လို့ ရရင်တော့ ကောင်းတာပေါ့၊ ဘယ်လိုမိန်းမမှန်း မသိဘူး၊ မဆီမဆိုင် သူက ကြားကာဝင် စိတ်လုပ်နေတယ်၊ သူ့စိတ်ပြေအောင်ပဲ ဒီက မင်းမောင်နဲ့ ငါညီမ ပေးစားပါ့မယ်ကွာလို့ ပြောရမဲ့ဘာဝကို ရောက်နေတယ်… ဟင်း … တောက်"

အကွာရာက မကြားချင်ယောင်ပြုကာ အနားမှ ထွက်ခွာသွားပါသည်။ ဖေဦး တစ်ယောက်သာ ဒေါသကလည်းဖြစ်၊ ချော့လို့မှ ရပါ့မလား စိတ်ကလည်းညစ်။ စိတ်မသက်မသာနှင့် ထိုင်ကျန်ရစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မေမေနဲ့ မေမေက ဘယ်မှာလဲ"

"မေမေနဲ့ မေမေက ဒီနေ့ အလှူတွေ ဆက်နေတာ၊ ကိုးနာရီက ဆယ့်တစ်နာရီအထိက အလှူတစ်ခု၊ ဆယ့်တစ်နာရီကနေ နေ့လယ်နှစ်နာရီအထိက မေမေ့ရဲ့ (---)မြို့နယ်အသင်း မိတ်ဆုံပွဲ"

"ဟင် ... ဒါဖြင့် မေမေနဲ့ မေမေက ခေါ်တာဆို"

"ဟုတ်ပါတယ် ... မနေ့က ခရာ ဖုန်းဆက်တော့ မေမေတောင်မှ မမမွန်ကို စကားဝင်ပြောသေးတယ် မို့လား"

"အင်းလေ ... ဒီနေ့မနက်စာတော့ လာစားပါကွယ် ဆိုပြီးတော့ ... ပြီးတော့ မေမေက မရှိဘူး၊ ခရာတော့ တမင်လုပ်ပြီထင်တယ်နော်၊ လုပ်မနေနဲ့ ခရာရေ၊ ဒီမှာ မိသားစုထမင်းဝိုင်း လာစားရမယ်ဆိုရင် ခရာ့ အစ်ကို ကိုအဏ္ဏလည်း ပါချင်ပါမှာ ဆိုတာ တွက်ထားပြီးသား၊ ပါ,ပါ၊ ပါလည်း ဂရုမစိုက်ဘူးဆိုပြီး မေမေတို့ မေမေတို့ ခေါ်နေတာကိုတော့ လေးစားသမှုနဲ့ လာကို လာမယ်ဆိုပြီး လာတာ ...





အိမ်က တစ်ယောက်ကလည်း မမ မသွားရင် ကျွန်တော်က ပိုပြီးမျက်နှာပူစရာ ဖြစ်တာပေါ့၊ ဒီပြဿနာရင်းမြစ်က ကျွန်တော့်ကြောင့်ဆိုပြီး ခရာ့မိဘတွေက စိတ်ရှိရင် ဘယ်လိုလုပ်မလဲနဲ့၊ သူ့အတွက် ထည့်တွက်ပြီး သွားလိုက်ပါဗျ၊ သွားပါဗျ၊ နားကိုပူနေတာ၊ ဘယ်ရောက်သွားပလဲ"

"ဧည့်ခန်းမှာပဲ ထိုင်နေပါတယ်ဗျာ ... မမကလည်း"

"နင်နဲ့ ခရာများ တိုင်ပင်လုပ်သလားဟယ်"

အကျွရာသည် မချိုမချဉ်လေး ပြုံးကာ ...

"မေမေလည်း သဘောဆန္ဒ ပါပါတယ် မမမွန်ရယ်၊ ဒါကြောင့် မနေ့က ဖုန်းထဲမှာ ဝင်ပြောတာပေါ့"

ခရာတို့အိမ်ဝယ် လှုရည်ချွန်တို့ ရောက်တော့ အလုပ်သမား ကောင်မလေးတွေနှင့် ခရာသာ ရှိနေသည်။ ခါတိုင်းလာလည်း ဧည့်ခန်းထဲထက် ထမင်းစားခန်းဆီ တန်းဝင်လာတတ်ကာ ထမင်းစားပွဲမှာ တစ်ခုခု စားသောက်ရင်း ထိုင်စကားပြောကြမြဲမို့ ဒီနေ့လည်း မေရှည်မွန်က ထမင်းစားခန်းထဲ တန်းဝင်လာခဲ့တာ။

ထမင်းစားပွဲမှာ ခရာနှင့် အတူထိုင်ကာ လှုရည်ချွန်ကတော့ ဧည့်ခန်းထဲ ကျန်ရစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ဒါဖြင့် ဘာလဲ၊ တို့သုံးယောက်ပဲပေါ့"

"ခရာတို့ တိုင်ပင်လုပ်သလား မမမွန် မေးလို့ မေမေ့ဆန္ဒလည်းပါပါတယ်လို့တောင် ဝန်ခံပြီးပြီဥစ္စာ မမမွန်ကလည်း၊ နှစ်ယောက်တည်း"

"ဘာနှစ်ယောက်တည်းလည်း"

"မမမွန်နဲ့ ကိုကိုပဲ နှစ်ယောက်တည်း"

"အို ... ဝေးသေးတယ်၊ ဒီအတွဲသမားနဲ့ နှစ်ယောက်တည်းတော့ ထမင်းမစားဘူး၊ သူများပန်းကန်ထဲကဟာ နှိုက်စားချင်ပြီး၊ ကိုယ့်ပန်းကန်ထဲကဟာကျ ပေးချင်မှာ မဟုတ်ဘူး"

အက္ခရာက သဘောတွေကျကာ တသောသောရယ်နေပါသည်။

"ထမင်းစားတာက နောက်မှပေါ့ မမမွန်ရယ်၊ အားလုံးတူတူစားမှာပေါ့၊ ခုက တောင်းပန်ချင်လို့ ဆိုလို့ပါ"

"ဟင် ... အတောင်းပန် မခံနိုင်ပါဘူး၊ တောင်းပန်ချင်တဲ့သူက အိမ်လာတောင်းပန်ပေါ့၊ တောင်းပန်ခံရမဲ့သူကလာအတောင်းပန်ခံရတယ် ဆိုတာ ရာဇဝင် မရှိဘူး"

"ကိုယ်လာတော့ မင်းက မောင်းထုတ်မှာစိုးလို့ပါ အမွန်ရာ"





အခန်းတစ်ခုထဲက ထွက်လာ၊ ဧည့်ခန်းကိုဖြတ်ပြီး ထမင်းစားခန်းထဲ ဝင်လာသော ဖေဦးရဲ့အသံကို ကြားလျှင် မေရည်မွန်က မျက်နှာကို တင်းလိုက်ပါသည်။ သိသားပဲ ... တော့တော့ဆိုင်ဆိုင် ဆိုရင် သူဟာ မဝံ့မရဲ ကြောက်တတ်တဲ့အကြောင်း။

လေးရက်အထိ အိမ်ရောက်မလာတာဟာ မာနတင်းခံနေတာထက် မလာရဲတာသာ ဖြစ်မည်ဆိုတာ မေရည်မွန်က မှန်းဆပြီးသားပင်။ ဒီနေ့ ဒီကိုလာလျှင် ဒီလိုကြံနိုင်သည်ကိုလည်း မှန်းဆပြီးသားပင်။ တကယ်တော့ ကိုယ်တကယ် လိုချင်တာကလည်း ဒီလူကြီးနဲ့ တကယ်ကွဲကွာဖို့ မဟုတ်ဘဲ သူ့ဘက်က တောင်းပန် လိုက်လျောလာဖို့ကိုသာပဲ မဟုတ်လား။

"ဘာပဲဖြစ်ဖြစ် ကိုယ်တောင်းပန်စရာရှိတာ ကိုယ်လာပေါ့၊ ခုလိုသဘောက ဆင့်ခေါ်ရာကျတယ်၊ စီးစီးပိုးပိုး နိုင်တယ်ဆိုတာ ရှင်သိရဲ့လား"

"ဟာ ... ဒီသဘော မဟုတ်ပါဘူးကွာ၊ မေမေကအစ ... ကဲ ... မင်း မသွားရဲရင် အမွန် ဒီရောက်တဲ့ထိတော့ လိုက်ညှိမယ် ... ဆိုပြီး"

www.burmeseclassic.com



"လူကြီးမိဘတွေပါ ဒီလောက်ထိ ဆွဲထည့်နေဖို့ကို မလိုဘူး ကိုဖေဦးရဲ့၊ တကယ်တမ်း ဒီပြဿနာက ရှင်တစ်ယောက်တည်း ကမျက်ယမျက် လုပ်နေရာက နတ်ထွက်လိုက်ရင် ရှင်းနေပြီ"

"ကိုယ်က ဘာကို နတ်ထွက်ရမှာလဲ၊ အမွှန်နဲ့ကိုယ် မကွဲနိုင်ဘူး"

"ဒါကို ပြောနေတာ မဟုတ်ဘူး၊ ရှင် ကမျက်ယမျက် နှောင့်ယှက်နေတဲ့ကိစ္စကို ပြောနေတာ"

ဖေဦး ခမျာ ခုလိုဆိုတော့လည်း မျက်နှာနီနီ ရှက်ထူထူနှင့်ပင် မေရှည်မွှန် စိတ်ပြေရာပြေနိုးကိုသာ တစ်ရှုးထိုးဦးတည်နေရှာလေရာ လှရှည်ချွန်မှာ ဒီယောက်ဖကြီးကို သနားပင် သနားလာမိပါသည်။ ဒါပေမဲ့လည်း ကောင်းတယ်၊ မမဒီလိုတင်းပေလို့။ နို့မို့ မမများ ပျော့ရင် ဒီမောင်ကြီးဟာ အပေါ်စီးက ဆင်းမည့်ယောက်ဖမဟုတ်။

လှရှည်ချွန်က ကိုယ်တော့ အနိုင်မကျင့်ရက်ပေမဲ့ မမ အနိုင်ကျင့်နေတာကိုတော့ အားရတစ်ဝက် သနားတစ်ဂက်ပေ။





"တကယ်ဆို တရားမျှတတဲ့ စိတ်ဓာတ် ရှင့်မှာရှိသင့်တယ်"

"အေး … အေး … ဟုတ်ပါပြီကွာ၊ ဟိုနေ့ကကိစ္စကလည်း ကိုယ်လုပ်ချင်ရာကို ဘယ်သူ့မှမငဲ့ ကိုယ်လုပ်လိုက်မိပါတယ်၊ အဲဒီနေ့က ကိုယ့်လုပ်ရပ်ဟာ လူကြီးမဆန်ပါဘူးကွာ၊ ဒါကို ကိုယ် တောင်းပန်ပါတယ်၊ ကဲ … ဘယ်လိုဆိုရင် အမွှန် ကျေနပ်မလဲ"

"ဘယ်လိုဆိုရင် ကျေနပ်မယ်ဆိုတာ ရှင် သိသားပဲဟာ"

မေရှည်မွှန့် လေသံလေးက ပျော့ညွတ်လာပါသည်။ ကိုယ့်မောင်အတွက် မပါဘူးဆိုရင် ဖေဦးဟာ သူမအတွက် ချစ်စရာ အင်မတန်ကောင်းသော ခင်ပွန်းယောက်ျားပဲမို့လား။

"အမွှန် ပြောလေကွာ"

ဖေဦး အသံက ဝေါင်နေပါသည်။ သနားပါတယ်၊ သူ အင်မတန် တိုထွာတဲ့ ညီမကို သူကောင့်သား တစ်ယောက်နှင့် သဘောတူပါကြောင်း ဝန်ခံရတော့မှာကို သူ့ဟာသူ နှုတ်မှ မထွက်ရှာနိုင်ပေ။ မေရှည်မွှန်မှာ ရည်လည်းရယ်ချင်ကာ အသော်လည်း သနားလာမိပါသည်။

www.burmeseclassic.com



"လူလူနဲ့ ခရာ ပြေလည်သွားမယ် ဆိုရင် ပြီးတာပဲ၊ ခွင့်လွှတ်တယ်၊ အမှန်လည်း ကျေနပ်တာပေါ့"

ဇေဦးမှာ ရှုံ့မဲ့မဲ့ အောင့်သက်သက်ရုပ်ကြီး ပေါ်လွင်မလာအောင် ကြိုးစားရင်း ...

"အင်း ... အဲ ... လူလူနဲ့ ခရာ ပြေလည်မှာပါ၊ အဲ ... ပြေလည်သွားပြီလို့ပဲ သဘောထားလိုက်ပါ"

အသံက အောင့်သက်သက် အင့်ညောင့်ညောင့်။ မေရည်မွန့် မျက်နှာက ပြုံးမြဝင်းလက်ကာ ဇေဦးကို မျက်စောင်းကလေးနှင့် ကြည့်လိုက်လျှင် ဇေဦးက မေရည်မွန့် နံဘေးခုံတွင် ဝင်ထိုင်ရဲတော့ကာ သက်ပြင်းကြီးတစ်ရှိုက်နှင့် ရင်ပေါ့သွားပုံရပြီး ခေါင်းကို တယမ်းယမ်းနှင့် နှုတ်ခမ်းကတော့ ပြုံးလေသည်။

တကယ်လည်း စိတ်လုပ်နိုင်တာမဟုတ်၊ ခွဲခွာနိုင်တာမဟုတ်သည့် မေရည်မွန်နှင့် မိန်းမကို တကယ်တမ်းတွင် ဘာမှ ဆန့်ကျင်ဘက် မပြုချင်သော ဇေဦးတို့ စုံတွဲရဲ့ ပြန်လည်ပေါင်းထုပ် ချစ်ကြည်ပွဲကို ကြည့်နေရာမှ အကွရာက ထိုင်ရာက ထရင်း ...





"ကိုလူနဲ့ ခရာ ပြေလည်သွားပြီဆိုမှ ကိုကိုတို့ချင်း ပြန်ကြည်မှာ သေချာရင်တော့ မကြည်ကြနဲ့တော့၊ တစ်သက်လုံး အပြီးခွဲနေကြတော့"

"ဟင် ... ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့လဲ ခရာရဲ့"

"ခရာက ကိုလူ့ကို ချစ်တာမှ မဟုတ်တာ၊ ခရာ ချစ်တာ တခြားမှာ၊ ကိုလူနဲ့ ခရာ ဘာမှ မဆိုင်ဘူး"

"ဟုတ်တယ် ကိုဇေ"

လူရည်ချွန်ကပါ ညော့ခန်းမှ ထရပ်လိုက်ပါသည်။ မေရည်မွန်ရော ဇေဦးပါ ရုတ်တရက် အငိုက်မိ ကြောင်တက်ငြိမ်သက်ကာ မျက်လုံးအဝိုင်းသားနှင့် ခရာကိုတစ်လှည့် လူရည်ချွန့်ကိုတစ်လှည့် ကြည့်နေမိကြသည်။

"ကျွန်တော်ကလည်း ခရာကို ခင်မင်ရင်းနှီးတာပဲ၊ ကျွန်တော့် ချစ်သူကလည်း တခြားတစ်ယောက်၊ အဲဒီတော့ ကိုဇေနဲ့ မမ ပြန်ပေါင်းသင့် မပေါင်းသင့် ပြေလည်သင့် မပြေလည်သင့် စဉ်းစားဦးပေါ့"



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



လူရည်ချွန်က အိမ်ရှေ့တံခါးမှ ခြံထဲသို့ ဆင်းသွားပါသည်။ လင်မယားတစ်စုံတွဲမှာ ပါးစပ်ဟ,ကာ အံ့အားတသင့်။ အကွာရာက မီးဖိုထဲ မယောင်မလည် ဝင်လာခဲ့ကာ နောက်ဖေး တံခါးပေါက်မှ အသံမကြားရအောင် ခြံထဲ တိတ်တိတ်ဆင်းပါသည်။

ထမင်းစားခန်း အပြင်ဘက် အိမ်ဘေးတစ်နေရာမှာ နှစ်ယောက်သား တကုန်းကုန်း ပြေးလာဆုံကာ တိုက်နံရံနံဘေး ပုထိုင်လျက် ထမင်းစားခန်းထဲက တိတ်ဆိတ်ငြိမ်သက် ကျန်ရစ်တော့တဲ့ အခြေအနေကို နှုတ်ခမ်းလေးတွေ ကိုက်ကာ ပခုံးလှုပ် ကျိတ်ရယ်နေမိကြပါသည်။

လမင်းမိုမို



BURMESE CLASSIC
www.burmeseclassic.com